# အမြိုက်နိဗ္ဗာန်

ဝိမုတ္တိ

ဉာဏ ဒဿန

ဖြန့်ချိရေး

ဦးဝင်းဆွေ-ဒေါ်ခင်စန်းရီ

ဓမ္မဂုဏ်ရည် ပိဋကတစာပေ

၃၉၊ ရွှေတိဂုံတောင်ဘက်မုခ် ဈေးတော်ရုံ

ဒဂုံစာတိုက်၊ ရန်ကုန်။

ဘာသာရေးဆိုင်ရာ ခွင့်ပြုချက်အမှတ် ( ၁၁၇၇ )
မျက်နှာဖုံး ခွင့်ပြုချက် အမှတ် ( ၅ )

၁၆၇၂၆

# အမြိုက်နိဗ္ဗာန်



## အရှင်အာစိဏ္ဏ

ပထမအကြိမ်

| | |
|---|---|
| ထုတ်ဝေသည့်လ | ၁၉၇၄-ခု၊ မတ်လ |
| အုပ်ရေ | ၂၀၀၀ |
| အဖုံးပန်းချီ | မောင်အေးမြင့်<br>(မြန်မာ့ရိုးရာ ဒီဇိုင်းပညာရှင်) |
| ဘလောက် | အဝင်း |
| အဖုံးရိုက် | ကာလာ ကြည်သိန်း |
| ပုံနှိပ်သူ | ဒေါ်ခင်လှ(၀၁၅၇၀)<br>စာပေလောကပုံနှိပ်တိုက်၊<br>၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | ဦးလှကြိုင်(၀၂၃၃)<br>လောကစာပေ၊<br>၃၊ ကင်းဘဲလ်လမ်း၊ ရန်ကုန်မြို့။ |

# အရှင်အာစိဏ္ဏ၏ ကျမ်းစာအုပ်များ

## ထွက်ပြီး

| | | | |
|---|---|---|---|
| ၁။ | ပဋိစ္စသမုပ္ပါဒ်အဖွင့် | ပထမအကြိမ် | ၁၉၆၇ |
| | | ဒုတိယအကြိမ် | ၁၉၆၉ |
| ၂။ | သစ္စာတရားနှင့် မဇ္ဈိမလမ်းစဉ် | | ၁၉၆၈ |
| ၃။ | ဗုဒ္ဓဝါဒိဒဿန | | ၁၉၈၃ |
| ၄။ | အမြိုက်နိဗ္ဗာန် | | ၁၉၈၄ |

## ထွက်လတ္တံ့

၅။ မဇ္ဈိမပဋိပဒါ (များမကြာမီထွက်မည်)

၆။ ဒီဃနိကာယ်

၇။ မဇ္ဈိမနိကာယ်

၈။ အခြေခံဗုဒ္ဓယဉ်ကျေးမှု

# မာတိကာ


၁။ နိဒါန်း ....
၂။ နိဗ္ဗာန်ရှိသလား ....
၃။ မြတ်ဗုဒ္ဓ၏ ဆိုလိုရင်း ....
၄။ အာဠာဝိကာဘိက္ခုနီနှင့် မာရ်နတ် ....
၅။ နိဗ္ဗာန်ဘယ်မှာရှိသလဲ ....
၆။ သင်္ခတတရားနှင့် အသင်္ခတတရားတို့ ခြားနားချက်
၇။ နှင်းဆီပန်းတပွင့်နှင့် ကလေးငယ်တယောက် ....
၈။ နာရီတလုံးက ဟောပြသောတရား ....
၉။ နိဗ္ဗာန် ဘာနှင့်တူသလဲ ....
၁၀။ နိဗ္ဗာန်မှာ ဘာတွေရှိသလဲ ....
၁၁။ သန္တိသုခကို မှန်းဆနိုင်မည့် နမူနာ ....
၁၂။ အဘယ်မှာ နိဗ္ဗာန်တည်မှီနေသလဲ ....
၁၃။ နိဗ္ဗာန်မှာ ဖွားသေစာရင်း မတိုင်ရ ....
၁၄။ ရဟန္တာတို့၏ မရဏာသန္နဇောစောချိန်အခြေအနေ
၁၅။ အရှင်မြတ် သဒ္ဓမ္မပါလ မထေရ်၏အကြောင်း ....
၁၆။ မိုးနှင့်ရေ၊ အပူနှင့်အအေး ....

၁၇။ စိတ်မှန်းထဲက နိဗ္ဗာန်သော်မှ အအေးဓာတ်ကို
ပေးအပ်နိုင်၏ .... ၈၉
၁၈။ ကိလေသာ ပယ်တတ်သော မဂ်နှင့် ပယ်ကြောင်း
ဖြစ်သော နိဗ္ဗာန် .... ၉၂
၁၉။ မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့နှင့် ဗိုလ်မောင်ဉာဏ် .... ၉၇
၂၀။ ကိလေသာပယ်သောတရား ၂-မျိုး .... ၁၀၈
၂၁။ ကိလေသာ ၃-မျိုး .... ၁၁၀
၂၂။ ဝီတိက္ကမ ပရိယုဋ္ဌာနတို့၏ အကြောင်းရင်း .... ၁၁၅
၂၃။ အနုသယ၏ အကြောင်းရင်း .... ၁၁၇
၂၄။ ဉာဏ်ထက်မြက်နည်း .... ၁၂၀
၂၅။ စိတ်နှင့်ရွှေ .... ၁၂၂
၂၆။ အပူအပုပ်နှင့် အညာ .... ၁၂၅
၂၇။ အနုသယကိလေသာ လောဘ .... ၁၂၈
၂၈။ အကြောင်းရင်းက အတိတ်, အဇ္ဈတ္တတရား၊
ထော်ကူအကြောင်းက ပစ္စုပ္ပန်, ဗဟိဒ္ဓတရား ၁၃၄
၂၉။ အကြောင်းဟောင်းကို အကြောင်းသစ်ဖြင့်ပယ်၊
အတိတ်ကို ပစ္စုပ္ပန်ဖြင့် သတ်။ .... ၁၃၇
၃၀။ ဉာဏ ပညာက အညာ မောဟကိုပယ် .... ၁၄၁
၃၁။ မဂ်ခဏ .... ၁၄၆
၃၂။ မဂ္ဂဝီထိတွင် သိ မသိ .... ၁၅၉
၃၃။ အစမကောင်း၍ အနှောင်းမသော့ချာ .... ၁၆၃
၃၄။ အထူးသိပါသည် .... ၁၆၅
၃၅။ အသိ ၃-ဆင့် .... ၁၇၃
၃၆။ နိဗ္ဗာန်ဟော ပရိယာယ်ပုဒ်များ .... ၁၈၁
၃၇။ နိဂုံး .... ၂၂၂

## နိဒါန်း

## အမြိုက် နိဗ္ဗာန်

'အမြိုက်နိဗ္ဗာန်' ဟူသည်မှာ 'မသေရာဟူသောနိဗ္ဗာန်။ မသေရာသည်ပင်လျှင် နိဗ္ဗာန်။ နိဗ္ဗာန်သည်ပင်လျှင် မသေရာ' ဟူ၍ဆိုလို၏။

'အမြိုက်' ဟူသောစကားသည် 'မသေရာ' ဟူသော အနက်အဓိပ္ပာယ်ရှိ၏။ မှန်ပါသည်။ 'အမြိုက်'ဟူသော ပါဠိသက်ဝေါဟာရသည် 'အမတ'ဟူသော ပါဠိဝေါဟာရမှ ဆင်းသက်လာ၏။ အကြောင်းမူ– 'အမတ'ဟူသော ဝေါဟာရမှ 'အမရတ'၊ ယင်းအမရတမှ 'အမရိတ'။ ယင်းအမရိတမှ 'အမြိတ'။ ယင်းအမြိတမှ 'အမြိုတ်'။ ယင်းအမြိုတ်မှ 'အမြိုက်'။ ယင်းသို့လျှင် အမတ=အမရတ=အမရိတ= အမြိတ= အမြိုတ်= အမြိုက် ဟူ၍ အဆင့်ဆင့် ဆင်းသက်လာကြောင်း လေ့လာသိရှိရသောကြောင့်ပင်ဖြစ်၏။

ဤသို့လျှင် 'အမတ' မှ ဆင်းသက်လာသော 'အမြိုက်'သည် 'မသေရာ'ဟူသော အနက်အဓိပ္ပါယ်ကို ဟော၏။ ဤမသေရာ အနက်ဟော 'အမြိုက်'နှင့် 'နိဗ္ဗာန်'တို့သည် ဆိုလိုချက်ချင်းတူညီသော အရပ္ပပရိယာယ်ပုဒ်များဖြစ်ကြ၏။ ဤသည်နှင့် ပတ်သက်ပြီး တိုးတက် သိရှိရဦးမည့် အဓိပ္ပာယ်ကို ဤကျမ်း၏နောက်ပိုင်း နိဗ္ဗာန်ဟော ပရိယာယ်ပုဒ် အခန်းတွင် လေ့လာတွေ့ရှိကြရပါဦးမည်။

ကခါ 'အမြိုက်နိဗ္ဗာန်' ဟူသော ဤကျမ်းသည် နိုင်ငံရေး နယ်ပယ်တွင် တွေ့ရတတ်သည့် 'လောကနိဗ္ဗာန်'နှင့် မပတ်သက်၊ ဗုဒ္ဓဘာသာမှတပါး အခြားဘာသာရေး နယ်ပယ်တွင် တွေ့ရတတ်သည့် 'ဒိဋ္ဌဓမ္မနိဗ္ဗာန်' စသည်တို့နှင့်လည်း မပတ်သက်ပဲ ဗုဒ္ဓဝါဒီတို့၏ အဆုံးသတ် ရည်မှန်းချက်ဖြစ်သည့် 'မသေရာဟူသော နိဗ္ဗာန်' နှင့်သာလျှင် ပတ်သက်ပြီး ရေးသားထားသော စာစုဖြစ်၏။ ဤသည်ကို သိရှိစေလို၍ 'နိဗ္ဗာန်'ဟူသောဝိသေသျပုဒ်ကို 'အမြိုက်' ဟူသော ဝိသေသနပုဒ်ဖြင့် အထူးပြုကာ 'အမြိုက်နိဗ္ဗာန်'ဟု ဆိုထားပါသည်။

— * —

## ထာဝရအသက်မရှိ

ဤ 'အမတ' ဟူသောပုဒ်သည် နိဗ္ဗာနဓာတ်ဟော ပရိယာယ်ပုဒ်ပေါင်း ရှစ်ဆယ်ကျော် ရှိသည့်အနက်၊ မြတ်ဗုဒ္ဓ၏ နှုတ်တော်မှ စစဦး ပေါ်ထွက်လာသော ပုဒ်ဖြစ်၏။ ဤအတွက် 'ဝိနယပိဋ္ဋက မဟာဝဂ္ဂပါဠိ ပဉ္စဝဂ္ဂိယ ကထာလာ 'အမတမဓိဂတံ' ဟူသောစကားကို အထောက်အထားပြုနိုင်ပါသည်။ ဤသည်ကို

ထောက်ဆပါက ဗုဒ္ဓဝါဒီတို့၏ အဆုံးသတ် ရည်မှန်းချက်ဖြစ်သည့် နိဗ္ဗာနဓာတ်၏ သဘောသဘာဝကို ဖော်ထုတ်ဟောကြားရာတွင် အမတသည် ဗုဒ္ဓအတွက် ထူးခြားလေးနက်သော အဓိပ္ပာယ်ရှိသည်ဟု ယူဆသိမြင်နိုင်ပါသည်။

မှန်ပါသည်။ 'မသေရာ=အမတ' ဟူသည်မှာ မြတ်ဗုဒ္ဓ၏ ပဓာနတွေ့ရှိချက်ဖြစ်ပါသည်။ ဤမသေရာ အမတကို တွေ့ရှိဖို့အတွက် လေးသင်္ချေနှင့် ကမ္ဘာတသိန်းတိုင်တိုင် ကြိုးစားရှာဖွေတော်မူခဲ့ရပါသည်။ ဤမျှကြိုးစားပါမှ ဤအမတကို ရရှိလာခဲ့၏။ တနည်းဆိုသော် 'မသေရာအမတကို ငါရလာပြီ=အမတ မဓိဂတံ'ဟူသော စကားတခွန်းကို ရဲရဲဝံ့ဝံ့ မှန်မှန်ကန်ကန် ဖော်ထုတ်ကြွေးကြော်နိုင်ဖို့အတွက် လေးသင်္ချေနှင့် ကမ္ဘာတသိန်းတိုင်ကြာမြင့်အောင် ကြိုးစားတော်မူခဲ့ရပါသည်။

ဤအတွက် 'ငါသည် သန္ဓေတည်နေရခြင်း, ရင့်ရော်အိုမင်းဖျားနာရခြင်းသဘောရှိ၏။ [ထို့ကြောင့်] မအိုမနာ, ဘေးကင်းငြိမ်းချမ်းသော မသေရာ အမတကို ရှာဖွေအံ့ဟူ၍ ထိုသုမေဓာရှင်ရသေ့ဘဝကပင် ကြံစည်ရင်းရှိတော်မူခဲ့၏' *ဟူသော ကျမ်းစကားအလာကို အထောက်အထားပြုနိုင်ပါသည်။

ဤမသေရာ အမတနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သော လက်ခံယုံကြည်မှုကား 'ထာဝရရှင်သန်မှုခေါ် ထာဝရအသက်' ပင်ဖြစ်၏။ ဤထာဝရရှင်သန်မှုသည် ထေရဝါဒ ဗုဒ္ဓဝါဒမှ

---

* ဇာတိဓမ္မော ဇရာဓမ္မော၊ ဗျာဓိဓမ္မောသဟံ တဒါ။
အဇရံ အမတံ ခေမံ၊ ပရိယေသိဿာမိ နိဗ္ဗုတိံ၊ —ဗုဒ္ဓဝံသ ပါဠိ။

တပါးအခြားဘာသာတရားအားလုံး၏အဆုံးသတ်ရည်မှန်းချက် ဖြစ်နေကြောင်း တွေ့ရှိနိုင်ပါသည်။ အခေါ်အဝေါ် အမည်နာမနှင့် အကျင့်အကြံအားဖြင့်သာ ကွဲပြားကောင်း ကွဲပြားကြမည်ဖြစ်၏။ အဆုံးသတ် အနှစ်သာရအားဖြင့်မူ ထာဝရရှင်သန်ရေးကို ကိုယ်နည်းနှင့်ကိုယ် ဦးတည်နေကြသည်ချည်း ဖြစ်ပါသည်။

ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာဝင်တို့အနက် မဟာယာနတို့သည် ဗုဒ္ဓဓမ္မကို ခေတ်နှင့်အညီ လိုက်၍ ပြုပြင်ပြောင်းလဲ တတ်သော ခေတ်မီသူများ၊ ထေရဝါဒီတို့ကား ဗုဒ္ဓဓမ္မကို မပြောင်းမလဲ မူရင်းအတိုင်း လက်ခံကျင့်သုံးသူ ရှေးရိုးသမားများ ဖြစ်ကြသည်ဟု ပညာရှင်များက သတ်မှတ်ထားကြ၏။*

ခေတ်မီသူတို့၏ မူနှင့် ရှေးရိုးသမားတို့၏မူဟူ၍ နှစ်မူရှိသည့်အနက်၊ အဘယ်မူက မူရင်းပိုကျမည်ကို အလွယ်တကူ အကဲဖြတ်နိုင်ကြပါသည်။

မှန်ပါသည်။ မြတ်ဗုဒ္ဓ အဆို အမိန့် အရ† နေဝသညာနာသညာယတန အရူပ ဗြဟ္မာကြီးတို့သည် မဟာကပ်ပေါင်း ရှစ်သောင်း လေးထောင်အထိ အလွန်အလွန် ရှည်လျားကြာညောင်းစွာ တမေ့တမောကြီးမသေမပျောက် ရှင်သန်တည်ရှိကြ၏။ ထို့နောက်တွင်မူ သေပျောက်သွားကြရသည်ချည်း ဖြစ်ကြ၏။

---

* ဤသည်နှင့် ပတ်သက်၍ ပါမောက္ခ E. A. Butt ၏ The Teaching of The Compossionate Buddha မှ

† စာမျက်နှာ ၇၃-ပါအကြောင်းအရာ စသည်တို့ကိုရှု။ စာရေးသူ။ အဘိဓမ္မပိဋက။ ဝိဘင်္ဂပါဠိ။ နှာ ၄၄၁။

ထို့အတွက်ပင်လျှင် 'ဗြဟ္မာ့ပြည်မှာ တဝင်းဝင်း၊ ဝက်စားကျင်းမှာ တရှုံ့ရှုံ့' ဟူသော ဆိုရိုးစကားတရပ် ဖြစ်ပေါ်လာရခြင်းဖြစ်ပါသည်။ ဤသို့သေပျောက်မသွားပဲ၊ ထာဝရရှင်သန်နေသည်ဟု မိန့်ဟောထားသည့် ဗုဒ္ဓဓမ္မ တတိုတစကိုမျှ တွေ့ရှိကြရမည်မဟုတ်ပါ။ သို့အတွက် အဘယ်ရှင်သန်မှုမျိုးမဆို သေပျောက်ခြင်းဖြင့်သာ အဆုံးသတ်ကြရသည်ချည်းဖြစ်ကြောင်း ကောင်းစွာသိရှိနိုင်ပါသည်။

သိဒ္ဓတ္ထမင်းသားဘဝမှ ရသေ့ရဟန်းဘဝ ကူးပြောင်းပြီး၊ မသေတတ်သောတရား အရှာထွက်ခဲ့သည့် ဗုဒ္ဓလောင်းလျာသည် အာဠာရ, ဥဒကရသေ့တို့ထံ တပည့်ခံ၍ ကျင့်ကြံအားထုတ်ခဲ့စဉ်ကပင်၊ ထာဝရရှင်သန်မှုဟု ယိုးမှားနေကြသည့် ဤရှည်လျားကြာညောင်းသော ရှင်သန်မှုကို တွေ့ရှိတော်မူခဲ့၏။

'ဤရှင်သန်မှုသည်လည်း သေရသောတရား, သေဘတ်သောသဘောပင်ဖြစ်၏။ မသေဘတ်သော တရားသဘောမဟုတ်။ မသေဘတ်သော တရားသဘောကို ရရှိဖို့အတွက် ဤရသေ့များကို ဆရာတင်နေ၍ မျှော်လင့်ချက်မရှိ။ ကိုယ့်အားကိုယ်ကိုးကိုယ့်ဟာကိုရှာမှသာ ရရှိနိုင်မည်' ဟု အလောင်းတော်က သိမြင်တော်မူခဲ့၏။ သို့ဖြင့် ထိုဆရာရသေ့ကြီးတို့ထံမှ ထွက်ခွာခဲ့၏။ ခြောက်နှစ်တိုင်တိုင် အမှားသံသရာလည်ခဲ့၏။ ထို့နောက်မှသာ အမှန်တရားကို ရရှိသိမြင်လာတော်မူခဲ့၏။ မသေရသောတရားသဘောကို တွေ့ရှိလာတော်မူခဲ့၏။ သည်တော့မှသာ 'မသေရာအမတကို ငါရလာပြီ' ဟု ပဉ္စဝဂ္ဂီ မထေရ်ငါးဦးတို့မှ တဆင့်ကမ္ဘာလောကကြီးသို့ ထုတ်ဖော်ကြေငြာလာနိုင်၏။

'မသေရာအမတ' ဟူ၍သာ မြတ်ဗုဒ္ဓကမိန့်ဆိုတော်မူခဲ့ပါသည်။ 'ရှင်သန်ရာ' ဟု ဟောတော်မမူခဲ့ပါ။ ဤသည်ကို သတိပြုကြရပါမည်။ အကြောင်းမူ— 'ရှင်သန်ခြင်းသည် သေပျက်ရခြင်းအကြောင်းရင်းဖြစ်၏။ ရှင်သန်ခြင်းသည် ဆင်းရဲ၏။ ဆင်းရဲဒုက္ခခံစားရ၏။ ဆင်းရဲဒုက္ခခံစားရသည်မှာ ရှင်သန်နေ၍ ဖြစ်၏။ ဆင်းရဲဒုက္ခမခံစားရဖို့ မရှင်သန်ဖို့လိုအပ်၏။ မရှင်သန်ဖို့အတွက် မသေဖို့လို၏။ မသေရမှ မရှင်ရ၊ ဒုက္ခမခံရပဲ၊ ဒုက္ခခပ်သိမ်း ကင်းပြတ်ငြိမ်းပြီး၊ အအေးဓာတ်ကိန်းကာ သန္တိသုခ အမတနိဗ္ဗာန် ကေန်ပေါ်လာမည် ဖြစ်သောကြောင့်ဖြစ်၏။

— * —

## ငြိမ်းချမ်းရေး

**မသေရာအမြိုက်တရား** ကဲ့သို့ပင် အငြိမ်းဓာတ် နိဗ္ဗာန်သည်လည်း ဗုဒ္ဓဝါဒီတို့၏ ဝိသေသထူးသော အဆုံးသတ်ရည်မှန်းချက် ဖြစ်၏။

နိဗ္ဗာနဟူသော ပါဠိမှ ဆင်းသက်လာသည့် 'နိဗ္ဗာန်' သည် 'အငြိမ်းဓာတ်' ဟူသော အနက်အဓိပ္ပာယ်ရှိ၏။ အငြိမ်းဓာတ်ဖြစ်၍ မဆူ၊ မပူ၊ ငြိမ်းအေး၊ ချမ်းမြေ့၏။ လှုပ်လှုပ်ရှားရှား မရှိ၊ ပကတိငြိမ်သက်၏။

ငြိမ်းအေးချမ်းမြေ့ပြီး ငြိမ်သက်သည့် အငြိမ်းဓာတ်နိဗ္ဗာန်၏ သြဇာ လွှမ်းမိုးရာ စိတ်နှလုံးသည် ငြိမ်း အေး၊ ချမ်း မြေ့၊ ငြိမ်သက်၏။ စိတ်နှလုံးက ငြိမ်အေးချမ်းမြေ့ ငြိမ်သက်လျှင် အပြုအမူရော အပြော အဆိုပါ ငြိမ်အေး ချမ်းမြေ့ ငြိမ်သက်လာပါသည်။

နိဗ္ဗာနဓာတ်၏ ဩဇာသက်ရောက်လွှမ်းမိုးမှုနည်းပါးနေသေးသော် စိတ်နှလုံးရော အပြုအမူအပြောအဆိုပါ ငြိမ်းအေးချမ်းမြေ့ငြိမ်သက်မှုနည်းပါးနေသေး၏။ နည်းနည်းသာ ငြိမ်းအေးချမ်းမြေ့ငြိမ်သက်၏။ နိဗ္ဗာနဓာတ်၏ ဩဇာလွှမ်းမိုးသက်ရောက်မှုတိုးပွားလာသော် စိတ်နှလုံးရော အပြုအမူ အပြောအဆိုပါ ငြိမ်းအေးချမ်းမြေ့ ငြိမ်သက်မှု တိုးပွားလာ၏။ များများကြီး ငြိမ်းအေးချမ်းမြေ့ ငြိမ်သက်လာ၏။

သို့ဖြစ်၍ ဗုဒ္ဓဓမ္မကို ဘဝလမ်းညွှန်အဖြစ် ခံယူကျင့်သုံးလာသူ ဗုဒ္ဓဝါဒီတို့၏ စိတ်နေသဘောထားနှင့် ပြောဆိုပြုမူပုံများသည် အခြားသူတို့ထက် ပို၍ငြိမ်းအေးချမ်းမြေ့၏။ ပို၍ငြိမ်သက်သိမ်မွေ့ယဉ်ကျေး၏။ ပို၍ပိုးပိုးပိပိရှိ၏။ ဤသည်ကိုခွဲခြားသိမြင်တတ်သည့် ဉာဏ်မျက်စိတို့ကား အသိအမှတ်ပြုထားကြ၊ ဝန်ခံထားကြ၏။ ဉာဏ်မျက်စိဖြင့် ကွဲပြားအောင် ခွဲခြားရှုမြင် သုံးသပ်ပါလျှင်၊ ဤအတိုင်းပင် အသိအမှတ်ပြုလာကြ၊ ဝန်ခံလာကြရမည်သာ ဖြစ်ပါသည်။

ဤသည်နှင့်ပတ်သက်၍ တရားဓမ္မကျင့်ကြံအားထုတ်ထားသူ တဦးနှင့် အားမထုတ်ရသေးသူတယောက်ကို နှိုင်းယှဉ်၍ လေ့လာစူးစမ်းကြည့်ပါ။ အလွန်သိသာ ကွဲပြားကြောင်းတွေ့ရှိဝန်ခံကြရမည်သာဖြစ်ပါသည်။ အကြောင်းမူ တရား အားမထုတ်သူ တဦး၏စိတ်နှလုံးကို အငြိမ်းဓာတ်နိဗ္ဗာန်၏ ဩဇာ လွှမ်းမိုးသက်ရောက်မှုက နည်းပါးနေပြီး တရားအားထုတ်ထားသူ တဦး၏ စိတ်နှလုံးကိုမူ အငြိမ်းဓာတ် နိဗ္ဗာန်၏ ဩဇာလွှမ်းမိုး သက်ရောက်မှုက ပိုများနေသောကြောင့် ဖြစ်ပါသည်။

မည်သို့ပင်ရှိစေ။ ဤမြန်မာနိုင်ငံသည် အငြိမ်းဓာတ်နိဗ္ဗာန်၏ ဩဇာသက်ရောက်လွှမ်းမိုးရာလူ့ဘောင်အဖွဲ့အစည်းတရပ်ဖြစ်၏။ ထို့ကြောင့် အနိစ္စဓမ္မနိယာမအရ၊ လောကီမှုနယ်ပယ်တွင် နိုင်ငံရေးအပြောင်းအလဲများ မလွှဲမကင်းသာရှိလာရသည့်တိုင် ဖွံ့ဖြိုးဆဲအခြားနိုင်ငံတကာတို့နှင့် နှိုင်းစာလျှင် ထိုအပြောင်းအလဲများသည် ရက်စက်ကြမ်းကြုတ်မှု အလွန်နည်းပါးပြီး ပြောင်းလဲမှုတိုင်းလိုလို သိမ်မွေ့ညင်သာခဲ့ခြင်းတို့သာ များခဲ့ပါသည်။

ဤသည်မှာ လူသား ထုတ်လုပ်ရေးကိုလည်း အားမပေး၊ သတ်ပစ်ရေးကိုလည်း မလှုံ့ဆော်သည့် ဗုဒ္ဓဝါဒ၏ ငြိမ်းချမ်းရေးကို မြတ်နိုးသော အကျိုးသက်ရောက်မှုတရပ်ပင် ဖြစ်ပါသည်။ မှန်ပါသည်။ ငြိမ်းချမ်းရေးကို လိုလားမြတ်နိုးရာတွင် ဗုဒ္ဓဝါဒနှင့်တူသော အခြားဘာသာဝါဒတစုံတခုကိုတွေ့ရှိရန်မလွယ်ပါ။ အကြောင်းမူ ဗဟိဒ္ဓ ဆူပူသောင်းကျန်းမှုတို့ ကင်းမဲ့ရုံမျှမက အဇ္ဈတ္တအပူအလောင်တို့ပါ ကင်းရှင်းသည့် အငြိမ်းဓာတ်နိဗ္ဗာန်ရရှိမျက်မှောက်ပြုရေးသည် ဗုဒ္ဓဝါဒ၏ အဆုံးသတ်ရည်မှန်းချက်ဖြစ်နေသည့်အတွက်ကြောင့်ပင် ဖြစ်၏။ ဝါ-ဗုဒ္ဓဝါဒ၏ အဆုံးသတ်ရည်မှန်းချက်က ပြီးပြည့်စုံသော ငြိမ်းချမ်းရေးဟု ဆိုအပ်သည့် နိဗ္ဗာန်ဖြစ်နေသောကြောင့်ဖြစ်၏။

— * —

## လွတ်လပ်ရေး

ပဟာရာဒအသူရိန်၊ မဟာသမုဒ္ဒရာသည် ငန်သောအရသာဟု ဆိုအပ်သည့် တခုတည်းသောအရသာ ရှိဘိသကဲ့သို့၊ ဤဓမ္မဝိနယ

သည်လည်း လွတ်မြောက်မှုဝိမုတ္တိဟု ဆိုအပ်သည့် တခုတည်းသော အရသာရှိ၏။ —ဗုဒ္ဓ။*

မြတ်စွာဘုရားသည် အတုမရှိ မြင့်မြတ်သော အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ထိုးထွင်းသိမြင်တော်မူသည်မှ အစ အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်မပြုမီအထိ ကြားကာလ လေးဆယ့်ငါးဝါ ကာလပတ်လုံး လူနတ်နဂါး ဗြဟ္မာစသူတို့ကို ဆုံးမတော်မူသောအားဖြင့်လည်းကောင်း၊ ဆင်ခြင်တော်မူသောအားဖြင့် သည်းကောင်း ဟောကြား အပ်သော တရားဓမ္မအားလုံးသည် တခုတည်းသော အရသာရှိ၏။ လွတ်မြောက်မှုဝိမုတ္တိရသပင်တည်း။ —အရှင်မဟာဗုဒ္ဓဃောသ။‡

အထက်ပါ မြတ်ဗုဒ္ဓနှင့် အရှင်မဟာဗုဒ္ဓဃောသတို့၏အဟောအမိန့်တို့ကိုကြည့်လျှင် ဗုဒ္ဓဓမ္မက ဖော်ဆောင်သည့် ဗုဒ္ဓဝါဒသည် လွတ်မြောက်မှု ဝိမုတ္တိတွင် ဦးဆိုက်နေသည်။ လွတ်မြောက်မှု ဝိမုတ္တိသည် ဗုဒ္ဓဝါဒ၏ ဦးတည်ချက် ဖြစ်သည်။ ဗုဒ္ဓဝါဒ၏ ဦးတည်ချက်သည် လွတ်မြောက်မှုဝိမုတ္တိဖြစ်သည်ကို ရှင်းလင်းစွာ သိမြင်နိုင်ပါသည်။

ထို့ကြောင့် 'မသေရာအငြိမ်းဓာတ်' သည် ဗုဒ္ဓဝါဒ၏ အဆုံးသတ်ရည်မှန်းချက်ဖြစ်သကဲ့သို့ 'လွတ်မြောက်မှုဝိမုတ္တိ'သည်လည်း ဗုဒ္ဓဝါဒ၏ အဆုံးသတ် ရည်မှန်းချက်ဖြစ်၏။

---

* အင်္ဂုတ္တရနိကာယ အဋ္ဌကနိပါတ မဟာဝဂ္ဂ ပဟာရာဒသုတ်၊

‡ ပါရာဇိကကဏ္ဍ အဋ္ဌကထာ၊ ဗာဟိရနိဒါနကထာ။ ။

မှန်ပါသည်။ မသေရာအငြိမ်းဓာတ်တည်းဟူသော အမြိုက်နိဗ္ဗာန်ကို ရရှိမျက်မှောက်ပြုလာသည်နှင့်တပြိုင်နက်၊ သံယောဇဉ်ဆယ်ပါးအပါအဝင် သခ်ီဘ တရားအားလုံးမှ လွတ်မြောက်လာ၏။ ယင်းတို့၏ စက်ကွင်းမှ လွတ်ကင်းလာ၏။ ယင်းတို့၏ အနှောင်အဖွဲ့မှ လွတ်သပ်လာခဲ့၏။

မလွတ်သပ်အောင် နှောင်ဖွဲ့တတ်သောတရား(=သံယောဇဉ်) ဆယ်ပါးရှိသည့် အနက် သက္ကာယဒိဋ္ဌိ သံယောဇဉ်, ဝိစိကိစ္ဆာ သံယောဇဉ်နှင့်သီလဗ္ဗတပရာမာသ သံယောဇဉ်ဟူသော သံယောဇဉ်နှောင်ကြိုး သုံးမျိုးတို့ကို ဖြည်ချတ်လာနိုင်သူသည် သောတာပန်အရိယာ သူတော်စင်ဟူ၍ ဖြစ်လာ၏။ ငရဲ တိရစ္ဆာန် ပြိတ္တာနှင့် အသူရကာယ် ဟူသော အပါယ်လေးဘုံတို့မှ လွတ်မြောက်လာ၏။ သုံးဆယ့်တဘုံ အနက် လေးဘုံမှ လွတ်၏။ နှစ်ဆယ့်ခုနှစ်ဘုံ၌ ငြိတွယ်ကျင်လည်၏။

ကာမရာဂသံယောဇဉ်နှင့် ဗျာပါဒ သံယောဇဉ်နှောင်ကြိုး နှစ်မျိုးတို့ကို ထပ်မံဖြည်ချတ်လာနိုင်သူသည် အနာဂါမ်အရိယာ သူတော်စင်ဟူ၍ ဖြစ်လာ၏။ အပါယ်လေးဘုံအပြင် ကာမ သုဂတိခုနစ်ဘုံတို့မှပါ လွတ်မြောက်လာ၏။ သို့ဖြင့် ကာမဆယ့်တဘုံတို့မှ လွတ်၏။ ဗြဟ္မာ့ဘုံနှစ်ဆယ်တို့၌သာ ငြိတွယ်ကျင်လည်၏။

အထက်ပါ သံယောဇဉ်နှောင်ကြိုး ငါးမျိုးတို့အပြင် ကြွင်း သံယောဇဉ်နှောင်ကြိုး ငါးမျိုးတို့ကိုပါဖြည်ချတ်လာနိုင်သူကား ရဟန္တာသူတော်စင်ဟူ၍ ဖြစ်လာ၏။ ကာမ ဆယ့်တဘုံအပြင်

ပြဟ္မာနှစ်ဆယ်မှပါ လွတ်မြောက်လာ၏။ သို့ဖြင့် သုံးဆယ့်တဘုံမှ လွတ်သွားတော့၏။

ထိုအခါ ရဟန္တာသူတော်စင်ဟု ဆိုအပ်သော ဗုဒ္ဓဝါဒီသူတော်စင်သည် လုံးဝလွတ်လပ်သူတဦး ဖြစ်လာပါပြီ။ နှလုံးသားအနှောင်အဖွဲ့ဟုဆိုနိုင်သည့် သံယောဇဉ်နှောင်ကြိုး တမျှင်တကြိုးမျှ မရှိတော့ပါပြီ။ နှလုံးသားလွတ်လပ်မှု အပြည့်အဝရရှိလာပါပြီ။ နိုင်ငံရေးလွတ်လပ်မှု၊ စီးပွားရေးလွတ်လပ်မှုစသည်တို့ကိုမူ ထည့်ပြောစရာပင် မလိုတော့ပါ။ ‘ပြီးပြည့်စုံသော အကြွင်းမဲ့လွတ်လပ်ရေးရရှိလာသူ’ဟု အချုပ်ဆိုနိုင်၏။

ထို့ကြောင့် ဗုဒ္ဓဝါဒသည် ငြိမ်းချမ်းရေးလိုလားမြတ်နိုးရာတွင် တံခွန်စိုက် ပြိုင်ဘက်ကင်းသကဲ့သို့ လွတ်လပ်ရေး မြတ်နိုးရာတွင်လည်း အထွတ်သရဖူဆောင်းနေခြင်း ဖြစ်၏။

ဤသို့လျှင် ဗုဒ္ဓဝါဒ၏ အဆုံးသတ်ရည်မှန်းချက် ပန်းတိုင်သည် အများနှင့်မတူ တမူထူးသော ဝိသေသလက္ခဏာ ရှိ၏။ ဤသို့ ဝိသေသထူးသည့် ဗုဒ္ဓဝါဒကို သက်ဝင်ယုံကြည်သူ အမိအဖနှစ်ပါးတို့မှ တဆင့်၊ မိမွေ ဖမွေအဖြစ်ဖြင့် ဗုဒ္ဓဝါဒကို စာရေးသူ လက်ခံရရှိလာ၏။

ထိုမှတဆင့် သာသနာ့ဝန်ထမ်း ရှင်ရဟန်းဟူ၍ ဖြစ်လာခဲ့၏။ ချမ်းမြေ့သော ဗုဒ္ဓသာသနာရိပ်ကို ခိုလှုံခွင့် ရလာခဲ့၏။ ဗုဒ္ဓစာပေကို လေ့လာသင်ကြား လာခဲ့၏။ ဗုဒ္ဓမွေ၏ ချိုမြိန်သော အရသာကို ခံစားမိလာခဲ့၏။ ဗုဒ္ဓဝါဒ၏ အနှစ်သာရကို စူးစမ်းလာခဲ့၏။ ဗုဒ္ဓဝါဒ၏ အဆုံးသတ်ရည်မှန်းချက်ကို ရှာဖွေလာခဲ့၏။ ယင်း၏ အနက်အဓိပ္ပာယ် အနှစ်သာရများကို စောကြောလာခဲ့၏။ စောကြောလာခဲ့သည့် အနက်အဓိပ္ပာယ် အနှစ်သာရများ

ကို ထောက်မှီ သိရှိနိုင်ရေးအတွက် စာတွေသာမက လက်တွေ့ပါ ကြိုးစားလာခဲ့ရ၏။

ဇွဲခတ်ခဲ့ရ၏၊ နွားပိန်တွယ် တွယ်ခဲ့ရ၏။ ဒဏ်ရာဒဏ်ချက်များ ရလာခဲ့၏။ ဤအချိန်တွင် ဤမျှလောက် အခြေအနေကောင်းနေရသေးသည်မှာ အသက်ကို ဉာဏ်စောင့်သောကုစားမှုတို့၏ ကျေးဇူးပင် ဖြစ်၏။ သူဖုန်းစားလို ကျင့်ခဲ့ရသည်များလည်း ရှိခဲ့၏။ ဤသို့ ဇွဲကြီးခဲ့ရ၏။

ကံကောင်း ထောက်မသည်ဟု ဆိုရပါမည်။ ထိုက်တန်သလောက် စိတ်ကျေနပ်မှု ရသည်ဟု ဆိုနိုင်ခြေရှိလာပါသည်။ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်ခွင့်ရတန်သလောက် ရလာပါသည်။ မိမိအတွက် ရောင့်ရဲလိုက ရောင့်ရဲ နိုင်ပါလိမ့်မည်။ ကြောင့်ကြမဲ့ နေလိုက နေနိုင်ပါလိမ့်မည်။ နေလည်း နေလိုခဲ့ပါသည်။

သို့သော် မနေနိုင်ခဲ့ပါ။ တပါးသူတို့၏ တိုက်တွန်းတောင်းပန်မှုတို့ကြောင့်ကား မဟုတ်ပါချေ။ မိမိကိုယ် မိမိစေခိုင်းမှု၊ မိမိအသိက မိမိကို တိုက်တွန်းမှုတို့ကြောင်သာ ကြောင့်ကြမဲ့ မနေနိုင်ခဲ့ခြင်းပါ။

မှန်ပါသည်။ တနေ့သောအခါတွင် စာရေးသူသည် သေပျောက်သွားရမည်သာ ဖြစ်၏။ ထိုအခါ မိမိလေ့လာသိရှိထားချက်များသည် မိမိနှင့်အတူ ကမ္ဘာလောကကြီးမှ ပျောက်ပျက်သွားမည်သာ ဖြစ်၏။ သို့ဖြစ်လျှင် မိမိ၏ အပင်ပန်းခံ ကြိုးစားမှုအတွက် မိမိမှတပါး အခြားမည်သူ တဦးတယောက်မျှ အကျိုးခံစားခွင့်ရနိုင်တော့မည် မဟုတ်ပါ။ အများချမ်းသာရေး ပညာပေးအလုပ်ကို အားသန်ရာဘက်မှ တလျှောက်လုံး လုပ်ဆောင်

လာသည့် မိမိ၏ အသိဉာဏ်က ဤအဖြစ်မျိုးကို လက်မခံပါ။ တခါ ဤအကြောင်းအရာမျိုးကို ကိုင်တွယ်ရေးသားမှု ပြုသင့် မပြုသင့်ဟူ၍လည်း အတော်ပင် ချီတုံချတုံ ဖြစ်ခဲ့ရပြန်ပါသည်။ နောက်ဆုံးတွင်မူ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး အစရှိသူတို့၏ ထုံးကို နှလုံးမူကာ ရေးသားဖို့ ဆုံးဖြတ်လိုက်ပါသည်။

ဆုံးဖြတ်ချက်အရ လက်တွေ့ရေးသားသောအခါ ထင်သည်ထက် ပိုခက်ပါသည်။ မှန်းသည်ထက် ပိုပင်ပန်းပါသည်။ ပိုကြာမြင့်ပါသည်။ တညလျှင် တနာရီအချိန်ယူ၍ပြောဟောပါလျှင် ဤစာအုပ်ပါ အကြောင်းအရာများကို လေးညအပြင် ငါးညထက်ပို၍ ပြောဟောရမည် မဟုတ်ပါ။

ယခုမူ တနှစ် ကျော်ကျော်ကြီး ကြာမြင့်လာခဲ့ပါသည်။ ဤစာမူကို စတင်ရေးသားသည်မှအစ ပြီးဆုံးလာချိန်အထိ တချိန်လုံးမှာပင် ကျန်းမာရေးက အတော်ကလေး ညံ့နေခဲ့ပါသည်။ တခြားအနှောင့်အယှက်များကလည်း အတော်ဝင်ပါသည်။ ထို့ကြောင့် ဤမျှသော အချိန်ကာလအတွင်း ပြီးစီးအောင် အတော်ကြီးကို အားခဲယူရပါသည်။ ပြောဟောမှုထက် ရေးသားမှုက အများကြီးပို၍ သိမ်မွေ့နက်နဲသည်။ ပို၍ခက်ခဲသည်ဟူသော အတွေ့အကြုံတရပ်ကိုလည်း ရရှိလာခဲ့ပါသည်။

မည်သို့ပင်ရှိစေ၊ ယခုမူ ကြိုးစားမှု၏အသီးအပွင့် တရပ်အဖြစ်ဖြင့် ‘အမြိုက်နိဗ္ဗာန်’ ဟူသော ဤစာမူသည် ပီပီပြင်ပြင်ပြီးမြောက်အောင်မြင်လာခဲ့ပါပြီ။ ဤအတွက် ဝမ်းသာရ၏။

မိမိအတွက် ဝမ်းသာရသည်ထက် အများချမ်းသာရေးအတွက် ဝမ်းသာရသည်က ပိုပါသည်။ အကြောင်းမူ မိမိအပင်ပန်းခံထားမှုသည် အများချမ်းသာမှုအတွက် တဘက်တလမ်း တထောင့် တကွေ့မှ ကျေးဇူး များလာနိုင်သည်ဟု ယုံကြည်ရသောကြောင့် ဖြစ်ပါသည်။

ဤယုံကြည်ချက်အတိုင်း 'စာရေးသူ၏ အပင်ပန်းခံမှုသည် စာရှုသူတို့၏ ချမ်းသာရာချမ်းသာကြောင်းဖြစ်ပါစေ။ ချမ်းသာမှုတို့၏ အထွတ်အထိပ် အမြိုက်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရာပြုနိုင်ကြောင်း အထောက်အပံ့ ကောင်း တရပ် ဖြစ်ပါစေ'ဟု ဆန္ဒပြုပါသတည်း။

၁၃၄၅၊ ဝါဆိုလဆုတ် ၂ ရက်။ **အရှင်အာစိဏ္ဏ**
၂၆၊ ၇၊ ၈၃။ အင်္ဂါနေ့။

– ○ –



နမော တေ ဗုဒ္ဓ ဝီရတ္ထု၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။

အရှင်အာစိဏ္ဏ

# အမြိုက်နိဗ္ဗာန်

## နိဗ္ဗာန် ရှိသလား

၁။ 'ယုန်ချို၊ လိပ်မွေး၊ ပုစွန်သွေး'ဟူသော 'စကား သဒ္ဒါ' ဟူသည်ရှိ၏။ သို့သော် အနက်ကား မရှိပါ။ အကြောင်းမူ ယုန်မှာ ဦးချိုမရှိ။ လိပ်မှာ အမွေးမရှိ။ ပုစွန်မှာ သွေးမရှိ သောကြောင့်ပင်။ အကယ်၍ သဒ္ဒါရှိသလိုအနက်ပါရှိအံ့။ ယုန်၏ ဦးခေါင်းပေါ်တွင် နွားချိုကဲ့သို့ ချိုပေါက်နေခဲ့ရာ၏။ လိပ်၏ ကိုယ်ပေါ်တွင် သိုးမွေးကဲ့သို့ အမွေးပေါက်နေခဲ့ရာ၏။ ပုစွန်၏ အသားထည်းတွင် လူသွေးကဲ့သို့ အသွေးများ ရှိနေခဲ့ရာ၏။

ယခုမူ ယုန်တွင် ချိုမရှိ။ လိပ်တွင် အမွေးမရှိ။ ပုစွန်တွင် အသွေးမရှိပါ။ ထို့ကြောင့် 'ယုန်ချို၊ လိပ်မွေး၊ ပုစွန်သွေး' ဟူသည်ကို အဘာဝပညတ်ဟု ဆိုရ၏။ စကား သဒ္ဒါအနေ အားဖြင့်သာ ရှိပြီး အနက်ကား မရှိဟု ဆိုလိုပါသည်။

ထို့အတူ 'နိဗ္ဗာန်'ဟူသည်မှာလည်း သဒ္ဒါသာရှိပြီး အနက်ကား ရှိမှရှိပါလေစ။ အဘာဝ ပညတ်များလေလော။ ဤသို့သော သံသယ မေးခွန်းများ ပေါ်ထွက်လာငြားအံ့။

'နိဗ္ဗာန်သည် သဒ္ဒါသာ ရှိရုံမျှမက အနက်ပါရှိ၏။ အဘာဝ ပညတ် မဟုတ်။ ပရမတ္ထတရားအစစ် ဖြစ်ဘိ၏' ဟူ၍ မြတ်ဗုဒ္ဓ ကိုယ်စား ဤနေရာမှနေ၍ အချုပ်ဖြေကြားလိုက်ပါသည်။

—*—

## နိဗ္ဗာန်သည် အရှိတရား

၂။ ဤပြဿနာအတွက် မြတ်ဗုဒ္ဓကိုယ်တော်တိုင် ဖြေကြားတော်မူခဲ့ပါသည်။

"ရဟန်းတို့ [ပဋိသန္ဓေနေသောအားဖြင့်] မဖြစ်ရသော သဘောတရား၊ [လူကောင် နတ်ကောင်စသော အကောင်အထည်အားဖြင့်] အထင်အရှား မဖြစ်ရသော သဘောတရား၊ [တစုံတခုသော အကြောင်းတရားက] မပြုအပ်သော သဘောတရား၊ [ကံ စိတ် ဥတု အာဟာရတည်းဟူသော] အကြောင်းတရား လေးပါးတို့က ပေါင်းစု၍ မပြုအပ်သော သဘောတရားဟု ဆိုအပ်သည့် နိဗ္ဗာန်ဟူသည် အမှန်တကယ်ရှိ၏။

"ရဟန်းတို့၊အကယ်၍ထိုနိဗ္ဗာန်တရားတည်းဟူသောသဘောတရားသည် မရှိခဲ့လေငြားအံ့၊ ဤသာသနာတော်တွင်[ပဋိသန္ဓေနေသောအားဖြင့်] ဖြစ်ရသော သဘောတရား၊ [လူကောင်

နုတ်ကောင်စသော အကောင်အထည်အားဖြင့်] ဖြစ်ရသော သင်္ခတတရား၊ [တစုံတခုသောအကြောင်းတရားက]ပြုအပ်သောသင်္ခတတရား၊[ကံ စိတ် ဥတု အာဟာရ ဟူသော] အကြောင်းတရား လေးပါးတို့က ပေါင်းစု၍ ပြုအပ်သော သင်္ခတတရားဟုဆိုအပ်သည့်သင်္ခတတရားမှ [အရိယာတို့၏ မဂ်စိတ် ဖိုလ်စိတ်များ] လွတ်မြောက်နေခြင်းကို မတွေ့မြင်ရပေရာ။

"ယခုမှု [ငြင်းသန္ဓေအားဖြင့်] မဖြစ်ရသော သင်္ခတတရား၊ ပ၊ အကြောင်းတရားလေးပါးတို့က ပေါင်းစု၍ မပြုအပ်သော သင်္ခတတရားဟုဆိုအပ်သည့် နိဗ္ဗာန်ဟူသည် အမှန်တကယ်ရှိ၏။

"ယင်းသို့ နိဗ္ဗာန်ဟုဆိုအပ်သည့် သင်္ခတတရားက အမှန်တကယ်အထင်အရှား ရှိနေသောကြောင့်သာလျှင် ၊ပ၊ အကြောင်းတရား လေးပါးတို့က ပေါင်းစု၍ ပြုအပ်သောသင်္ခတတရားဟုဆိုအပ်သည့် သင်္ခတတရားမှ [အရိယာတို့၏ မဂ်စိတ် ဖိုလ်စိတ်များ] လွတ်မြောက်နေခြင်းကို တွေ့ရှိရပေသည် ရဟန်းတို့။"*

ဤသည်မှာ 'နိဗ္ဗာန်သည် အရှိတရား' ဖြစ်ကြောင်း မြတ်ဗုဒ္ဓကိုယ်တော်တိုင် ဖြေကြား မိန့်ဆိုထားသော ဒေသနာတော်

---

* ဥဒါန်းပါဠိတော်၊ ပါဋလိဂါမိယဝဂ်၊ တတိယနိဗ္ဗာန ပဋိသံယုတ္တသုတ်။

တရပ် ဖြစ်ပါသည်။ ဤသည်ကို အကြိမ်ကြိမ်အထပ်ထပ် ဖတ်ရှုပါလေ။ ဖတ်ရှုယင်း ဆင်ခြင် သုံးသပ်ပါလေ။ ဆင်ခြင်သုံးသပ်ယင်း ဖတ်ရှုပါလေ။ သိလာ မြင်လာ သဘောပေါက်လာသော အရာများ ထွက်ပေါ် လာပါလိမ့်မည်။

## မြတ်ဗုဒ္ဓ၏ ဆိုလိုရင်း

၃။ ။ဤသုတ္တန်ရှိ မြတ်ဗုဒ္ဓ၏အဆိုအမိန့်များကို ကြည့်၍ အောက်ပါအတိုင်း သိမြင်သဘောပေါက်နိုင်ပါသည်—

"အရိယာတို့၏ မဂ်စိတ် ဖိုလ်စိတ်များသည် သင်္ခတ တရားမှ လွတ်မြောက်နေသည်ကို တွေ့ရ၏။ ယင်းသို့ မဂ်စိတ်ဖိုလ်စိတ်များသင်္ခတတရားမှလွတ်မြောက်နေသည် ကိုတွေ့ရှိရခြင်းပင်လျှင် 'လွတ်မြောက်စေသောတရား = လွတ်မြောက်ရာလွတ်မြောက်ကြောင်း=ဝိမုတ္တိ=နိဗ္ဗာန်=' ရှိနေခြင်း၏ သက်သေခံ အထောက် အထား ဖြစ်၏။"

ဤသည်မှာ အများနားလည်နိုင်မည့် မြတ်ဗုဒ္ဓ၏ဆိုလိုရင်း ဖြစ်ပါသည်။

## စိတ်နှင့် အာရုံ

၄။ ။'စိတ်နှင့်အာရုံ'ဟူသော ပါဠိသက် ဝေါဟာရကို မြန်မာပီသအောင်သုံးနှုန်းပါက၊ 'အသိနှင့် သိစရာအသိခံ'ဟူ၏။

"အသိ=စိတ်"သည် "သိစရာ=အသိခံ= အာရုံ"နှင့် မကင်း နိုင်၊ ကင်း၍မဖြစ်နိုင်ပါ။ သိစရာအာရုံနှင့် ကင်းကွာနေပါက အသိ

စိတ်သည် မဖြစ်နိုင်။ မရှိနိုင်။ မရပ်တည်နိုင်။ စိတ်မရှိနိုင်။စိတ် မဖြစ်နိုင်ပါ။

သိစရာ အသိခံအာရုံနှင့် မကင်းမကွာ ရှိနေပါမှ အသိစိတ် တည်ရှိနိုင်၏။ သိစရာအသိခံကိုသိနေရမှအသိကရှင်သန်နိုင်သည်။ အာရုံတခုခုကို အာရုံပြုနေရပါမှ စိတ်သည် တည်ရှိနိုင်၏။

ထို့ကြောင့် "အသိစိတ်သည် မသန်မစွမ်းသူနှင့် တူသည်။ သိစရာ အသိခံအာရုံက တောင်ဝှေး ချိုင်းထောက်နှင့် တူသည်" ဟု ဆိုကြရ၏။ မသန်မစွမ်းသူသည် တောင်ဝှေးကိုဖြစ်စေ, ချိုင်းထောက်ကိုဖြစ်စေ အားပြု၊ မှီခို၊ ကိုင်စွဲရပါမှ ရပ်တည် နိုင်၏။ထို့အတူ၊ အသိစိတ်သည် သိစရာအာရုံ တခုခုကို အာရုံပြု သောအားဖြင့် ကိုင်စွဲရပါမှ ဖြစ်ပေါ်၊တည်ရှိ၊ ရှင်သန်နိုင်၏။

## အာရုံ ၆ ပါး

၅။ အသိစိတ်တို့ ဖြစ်ပေါ်တည်ရှိရှင်သန်ရာ ရှင်သန်ကြောင်း ဖြစ်သော သိစရာ အသိခံအာရုံ ၆ ပါးရှိ၏—

၁။ ။မြင်သိစိတ် စက္ခုဝိညာဏ် ဖြစ်ပေါ်တည်ရှိရှင်သန်ရာ ရှင် သန် ကြောင်းဖြစ်သော အဆင်းခေါ် မြင်စရာ ရူပါရုံ၊

၂။ ။ကြားသိစိတ်သောတဝိညာဏ်.... အသံခေါ်ကြားစရာ သဒ္ဒါရုံ၊

၃။ ။နံသိစိတ် ဃာနဝိညာဏ်.... အနံ့ခေါ် နံ့ရှူစရာ ဂန္ဓာရုံ၊

၄။ ။စားသိစိတ် ဇိဝှာဝိညာဏ်.... အရသာခေါ် စားသောက်စရာ ရသာရုံ၊

၅။ ။ထိသိစိတ် ကာယဝိညာဏ်....အထိတွေ့ခေါ် တွေ့စရာ ဖောဋ္ဌဗ္ဗာရုံ၊

၆။ ။အသိစိတ် မနောဝိညာဏ်— သဘောခေါ် သိစရာ ဓမ္မာရုံ၊

မြင်စရာ ရူပါရုံကို အာရုံပြု၍ သိနေသော 'မြင်သိစိတ် စက္ခုဝိညာဏ်'သည် မြင်စရာ ရူပါရုံကိုသာ အာရုံပြုနေ၏။ ရူပါရုံကိုသာ သိနေ၏။ ရူပါရုံနှင့်သာ ယှဉ်တွဲဆက်စပ်နေ၏။ သဒ္ဒါရုံစသော ကျန်အာရုံများကို အာရုံမပြု၊ မသိ၊ မယှဉ်တွဲ၊ မဆက်စပ်။ ကင်းကွာနေ၏။ လွတ်မြောက်နေ၏။

ထို့အတူ ကြားသိစိတ် သောတဝိညာဏ်သည် သဒ္ဒါရုံနှင့် ယှဉ်တွဲဆက်စပ်နေ၏။ ကျန်အာရုံများနှင့် မဆက်စပ်၊ ကင်းကွာ၊ လွတ်မြောက်နေ၏။ နံသိစိတ် ဃာနဝိညာဏ်သည် ဂန္ဓာရုံနှင့်၊ စားသိစိတ် ဇိဝှာဝိညာဏ်သည် ရသာရုံနှင့်၊ ထိသိစိတ် ကာယဝိညာဏ်သည် ဖောဋ္ဌဗ္ဗာရုံနှင့်သာယှဉ်တွဲ ဆက်စပ်နေ၏။ ကျန်အာရုံများနှင့် မယှဉ်တွဲ၊ မဆက်စပ်၊ ကင်းကွာ၊ လွတ်မြောက်နေ၏။

သိသိစိတ် မနောဝိညာဉ်သည် သဘောတရားခေါ် သိစရာ ဓမ္မာရုံကိုသာ 'အာရုံပြုနေ၏။ ဓမ္မာရုံကိုသာ သိနေ၏။ ဓမ္မာရုံနှင့်သာ ယှဉ်တွဲဆက်စပ်နေ၏။ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဟူသော ကျန်အာရုံတို့ကို အာရုံမပြု။ မသိ။ မယှဉ်တွဲ။ မဆက်စပ်။ ယင်းတို့မှ ကင်းကွာနေ၏။ လွတ်မြောက်နေ၏။

— * —

## လွတ်၊ မလွတ်သောစိတ်များ

၆။ ။ပသာဒရုပ်, သုခုမရုပ်, စိတ်, စေတသိက်, ပညတ်, နိဗ္ဗာန်ဟူ၍ ဓမ္မာရုံ ၆-မျိုး ရှိ၏။*

ဤ ၆-မျိုးတို့အနက် နိဗ္ဗာန်ဟူသော ဓမ္မာရုံသည်သာလျှင် 'အကြောင်းတရားတို့ ပေါင်းစပ်၍ မပြုအပ်သောတရား = အသင်္ခတဓမ္မ' ဖြစ်၏။ အကြွင်း ပညတ်, စေတသိက်, စိတ်, သုခုမရုပ်, ပသာဒရုပ်တို့ကား "အကြောင်းတရားတို့ ပေါင်းစု၍ ပြုအပ်သောတရား = သင်္ခတဓမ္မ" ဖြစ်၏။

မြင်သိစိတ် စက္ခုဝိညာဏ်က ရူပါရုံကို အာရုံပြုနေ သိနေသောအခါ ထိုမြင်သိစိတ်သည် ကြွင်းသင်္ခတ အာရုံများမှ လွတ်မြောက်နေသည်ကား မှန်၏။ သို့သော် ရူပါရုံဟူသော သင်္ခတအာရုံမှကား မလွတ်မြောက်၊ ငြိနေ ဆက်စပ်နေ၏။ ထို့ကြောင့် မြင်သိစိတ်သည် သင်္ခတတရားမှ မလွတ်၊ လွတ်နေသည်ကို မတွေ့ရ။ မလွတ်မကင်း ငြိနေသည်ကိုသာ တွေ့ကြရ၏။

ထို့အတူ ကြားသိစိတ်က သဒ္ဒါရုံ၊ နံသိစိတ်က ဂန္ဓာရုံ၊ စားသိစိတ်က ရသာရုံ၊ ထိသိစိတ်က ဖောဋ္ဌဗ္ဗာရုံ၊ မင်္ဂစိတ် ဖိုလ်စိတ်မှ တပါးသော အသိသိစိတ်က ပသာဒရုပ်, သုခုမရုပ်, စိတ်, စေတသိက်, ပညတ်ဓမ္မာရုံတို့ကို အသီးသီး အာရုံပြုနေကြ,

* ဓမ္မာရမ္မဏံ ပန ပသာဒသုခုမရူပစိတ္တ စေတသိကနိဗ္ဗာနပညတ္တိ ဝသေန ဆဓာ သင်္ဂယှတိ။ — အဘိဓမ္မတ္ထ ပကိဏ္ဏက အာလမ္ဗနသင်္ဂဟ။

သိနေကြသောအခါများတွင်လည်း ထိုစိတ်တို့သည် ကြွင်းသင်္ခတ တရားတို့မှ လွတ်ကင်းနေကြသည်ကား အမှန်ဖြစ်၏။ သို့သော် မိမိတို့ အာရုံပြုနေသော အာရုံဟု ဆိုအပ်သည့် သင်္ခတတရား များမှကား မလွတ်မြောက်ကြ၊ ငြိနေကြ၏။ ဆက်စပ်နေကြ၏။ ထို့ကြောင့် ထိုစိတ်တို့သည် သင်္ခတတရားမှ မလွတ်မြောက်ကြ၊ လွတ်မြောက်နေကြသည်ကို မတွေ့ကြရ။ မလွတ်မကင်း ငြိနေကြ သည်ကိုသာ တွေ့ကြရ၏။

မဂ်စိတ် ဖိုလ်စိတ် ဟူသော အသိသိစိတ် မနောဝိညာဉ်က နိဗ္ဗာန်ဟူသော ဓမ္မာရုံကို အာရုံပြုနေ သိနေသောအခါတွင်မူ ကား ထိုမဂ်စိတ် ဖိုလ်စိတ်တို့သည် ရုပ်ရေ အစပညတ်အထိ ရှိရှိ သမျှသော သင်္ခတတရားတို့မှ တခုမကျန် လွတ်မြောက်နေသည် လည်း မှန်၏။ မလွတ်ပဲ ငြိနေသည်ဟု ဆိုရမည့် နိဗ္ဗာန် အာရုံက လည်း အသင်္ခတတရားဖြစ်၏။ ထို့ကြောင့် သင်္ခတတရားနှင့် ငြိနေ သည်ဟု မဆိုနိုင်။ သင်္ခတတရားနှင့် မငြိပဲ လွတ်နေသည်ဟုသာ ဆိုရ၏။ လွတ်နေသည်ကိုသာ တွေ့ရ၏။

ယင်းသို့လျှင် မဂ်စိတ် ဖိုလ်စိတ်တို့သည် တစုံတခုသော သင်္ခတ ဓမ္မနှင့်မျှ ငြိကပ် ဆက်စပ်မနေပဲ မငြိမကပ် မဆက်မစပ် လွတ် နေသောကြောင့် 'လွတ်စေသော တရား = လွတ်မြောက်ရာ လွတ်မြောက်ကြောင်း = ဝိမုတ္တိ = နိဗ္ဗာန်' ဟူသည်မှာ 'အရှိ တရား'စင်စစ် ဖြစ်တို၏။

ဥပမာ — မြင်သိစိတ်သည် သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ တို့အပြင် နိဗ္ဗာန်မှ တပါးသော ဓမ္မာရုံတို့နှင့် ငြိကပ် ဆက်စပ် မနေပဲ မငြိမကပ် မဆက်မစပ် လွတ်နေသောကြောင့် **ယင်းတို့မှ**

‘လွတ်စေသောတရား ( ရူပါရုံ)’ ဟူသည်မှာ အရှိတရား စင်စင်ဖြစ်သည်နှင့် တူ၏။

မကန်းမကွယ် မျက်စိကောင်းသည့် ပကတိမျက်စိ မံသစက္ခု ရှိသူ မှန်သမျှတို့က ရူပါရုံသည် အရှိတရားဖြစ်ကြောင်း ကောင်းကောင်းကြီး အသိအမှတ် ပြုထားကြ၏။ မံသစက္ခုသော်မှ ပါရှိမလာသူ ဝမ်းတွင်းကန်းအဖို့သော်ကား ‘ရူပါရုံသည် အရှိတရား’ ဟူသည်မှာ မယုံချင်စရာ ပုံပြင်ပမာသာ ဖြစ်နေပါလိမ့်မည်။

ထို့အတူ မံသစက္ခု ပါရှိလာသော်လည်း ဓမ္မစက္ခု ပါသော သောတာပတ္တိ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရရှိမထားသူ ပုထုဇဉ်တို့ အဖို့သော်ကား ‘နိဗ္ဗာန်သည် အရှိတရား’ ဟူသည်မှာ ယုံရခက်ခက်၊ မယုံရခက်ခက် ဖြစ်နေကြရပါလိမ့်မည်။

သို့သော် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရရှိထားသူ အရိယာတို့ အဖို့ကား နိဗ္ဗာန်သည် အရှိတရားဖြစ်ကြောင်း ကောင်းကောင်းကြီး အသိအမှတ် ပြုထားကြ၏။ အကြောင်းမူ သူတို့၏ ဓမ္မစက္ခုဖြင့် အထင်အရှား တွေ့မြင်နေကြရသောကြောင့် ဖြစ်၏။

— * —

## အာဠဝိကာဘိက္ခုနီနှင့် မာရ်နတ်

၇။ ။သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတိုက်တွင် မြတ်ဗုဒ္ဓ သီတင်းသုံးနေတော်မူစဉ် အခါက ဖြစ်ပါသည်။ တနေ့ မနက်တွင် အာဠဝိကာဘိက္ခုနီသည် သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံဝင်၊ ဆွမ်းစားအပြီး အေးဆေးတိတ်ဆိတ်စွာ နေလို၍ အန္ဓဝန်

တောတွင်းသို့ ဝင်ရောက်လာခဲ့၏။ ထိုအခါ မာရ်နတ်ယုတ်က ထိုဘိက္ခုနီမကို ခြောက်လှန့်ပြီး အေးဆေး တိတ်ဆိတ်စွာ နေထိုင်နေမှုကို ဖျက်လိုဖျက်ဆီး ပြုလိုသည့်အတွက် ထိုအရှင်မထံသို့ ချဉ်းကပ်ပြီး ဤသို့ ဆိုလိုက်၏—

"ကမ္ဘာလောကကြီးမှာ လွတ်မြောက်ရာ မရှိပါ။ တိတ်ဆိတ် အေးဆေးစွာ နေထိုင်ခြင်းဖြင့် ဘာအကျိုး ရှိပါအံ့နည်း။ ကာမဂုဏ် တည်းဟူသော မွေ့လျော် နှစ်သက်ဖွယ်များကို ခံစား စံစားပါလော့။ နောက်မှ နောင်တရကာ ပူပန်သောက ရောက်မနေပါလင့်"

"ဘာသံများပါလိမ့်။ လူသံလော။ လူမဟုတ်သူတို့၏အသံလော" ဟု အာဠဝိကာဘိက္ခုနီမက ဆင်ခြင်ကြည့်လိုက်သည်။ မာရ်နတ်လက်ချက်မှန်း သိသွား၏။ နောက် ဤသို့ တုံ့ပြန်လိုက်၏—

"ဟယ်၊ အမေ့အလျော့မျိုး၊ မာရ်နတ်ယုတ်။ ကမ္ဘာလောကကြီးမှာလွတ်မြောက်ရာရှိ၏။ မဂ်ပညာဖိုလ်ပညာဖြင့် ငါထိတွေ့ထား၏။ မဂ်ပညာဖိုလ်ပညာဖြင့် သိရှိထိတွေ့ရောက်ရှိအပ်သော ထိုအငြိမ်းဓာတ် မြတ်သော နိဗ္ဗာန်ကို သင်ကဲ့သို့မေ့လျော့ပေါ့ဘန်နေသူလူယုတ်မာက မသိနိုင်၊ မမြင်နိုင်ပါချေ။

"ကာမဂုဏ်တို့သည် လှံသွား၊ တံကျင်များနှင့် တူကြ၏။ ခန္ဓာကိုယ်သည် ယင်းတို့၏ ခုတ်စင်းရာ စဉ်းနှီးတုံးကြီးနှင့်တူ၏။ မွေ့လျော်ဖွယ်ဟု သင်ဆိုထားသော ကာမဂုဏ်တရားသည် ငါ့အဖို့ ပျင်းရိငြီးငွေ့ဖွယ်ကြီး ဖြစ်နေ၏။"

မာရ်နတ်သည် "ငါ့ကို သူသိသွားပြီ" ဟုကိုယ်စိတ်နှစ်ပါး မချမ်းမသာဖြစ်ကာ၊ ထိုနေရာမှာပင် ပျောက်ကွယ်သွားလေ၏။*

ဂ။ ။ဤသုတ္တန်တွင် ဤအဓိပ္ပာယ်များ ပါရှိနေပါသည်—

ဘုရားမေ့ တရားမေ့ဖြင့် မေ့လျော့ပေါ့တန်ပြီး၊ ကာမဂုဏ်တရား၌ မွေ့လျော်ပျော်ပိုက်နေသော အောက်တန်းစား စိတ်ဓာတ်သည် လွတ်မြောက်ရာ ဝိမုတ္တိကို မသိ၊ မမြင်၊ မရောက်ရှိ၊ မကျက်စားနိုင်ပါ။ ထိုစိတ်ဓာတ်အဖို့ လွတ်မြောက်ရာ ဝိမုတ္တိနိဗ္ဗာန်သည် အရှိတရားမဟုတ်။ မရှိတရားဖြစ်နေ၏။

ဘုရားလည်း မမေ့ တရားလည်း မမေ့ပဲ အမြဲသတိရနေပြီး၊ ကာမဂုဏ်ကို ငြီးငွေ့စက်ဆုပ်နေသော အထက်တန်းစား စိတ်ဓာတ်ကား လွတ်မြောက်ရာ ဝိမုတ္တိနိဗ္ဗာန်ကို သိနိုင်၊ မြင်နိုင်၊ ရောက်ရှိကျက်စားနိုင်၏။ ထိုစိတ်ဓာတ်အဖို့ လွတ်မြောက်ရာ ဝိမုတ္တိနိဗ္ဗာန်သည် အရှိတရားဖြစ်၏။ မရှိတရားမဟုတ်။

ဝိမုတ္တိနိဗ္ဗာန် အရှိတရားမဟုတ်သော စိတ်ဓာတ်အဖို့၊ ကာမဂုဏ်သည် မွေ့လျော်ပျော်ပိုက်စရာဖြစ်၏။ ပျော်ပိုက်နေ၏။ ဘုရားလည်း သတိမရ၊ တရားလည်းသတိမရ ဖြစ်နေ၏။

ဝိမုတ္တိနိဗ္ဗာန် အရှိတရား ဖြစ်သော စိတ်ဓာတ် အဖို့ကား၊ ကာမဂုဏ်သည် ငြီးငွေ့ဖွယ်ဖြစ်၏။ ကာမဂုဏ်ကို ငြီးငွေ့နေ၏။ ဘုရားလည်း သတိရ၊ တရားလည်း သတိရနေ၏။

---

* သဂါထာဝဂ္ဂ၊ ဘိက္ခုနီသံယုတ္တ၊ အာဠဝိကာသုတ္တ။

—သတိရှိသော် ဝိမုတ္တိနိဗ္ဗာန်သည် အရှိတရား။
—သတိမရှိသော် ဝိမုတ္တိနိဗ္ဗာန်သည် မရှိတရား။

ဝိမုတ္တိနိဗ္ဗာန် ရှိမရှိဟူသည်မှာ သတိရှိမရှိ၊ သတိပြဋ္ဌာန်း, မပြဋ္ဌာန်း၊ သတိပြဋ္ဌာန်းသော အကျင့် သတိပဋ္ဌာန်လုပ်ငန်း ကြိုးပမ်းခြင်း ရှိမှုမရှိမှုအပေါ်တွင် မူတည်နေ၏။

## ပေါ်လွင်၊ မပေါ်လွင်သော အရှိတရားများ

၉။ ။ဤသို့လျှင် နိဗ္ဗာန်သည် ပရမတ္ထအားဖြင့် အထင်အရှားရှိသော "အရှိတရား" ဖြစ်ကြောင်း မြတ်ဗုဒ္ဓ ကိုယ်တော်တိုင် ဤသုတ္တန်တွင် ဟောကြားမိန့်ဆိုတော် မူခဲ့၏။ ပထမနိဗ္ဗာနပဋိသံယုတ္တသုတ္တ စသော ထိုထိုသုတ်ပေါင်း များစွာတို့တွင်လည်း နည်းပရိယာယ်အမျိုးမျိုးသုံးကာ ဟောကြားမိန့်ဆိုတော်မူခဲ့၏။

ထို့ပြင်၊ အရှင်သာရိပုတ္တရာ, အရှင်မဟာ မောဂ္ဂလာန်စသော အဂ္ဂသာဝက မဟာသာဝက ရဟန္တာမထေရ်ကြီးများ, ရှင်မအာဋ္ဌဝိကာ, ရှင်မဝဇီရာ စသော ရဟန္တာမကြီးများကလည်း နိဗ္ဗာန်သည် အရှိတရားဖြစ်ကြောင်း မြတ်ဗုဒ္ဓကို ထောက်ခံ ဟောကြားတော်မူခဲ့ကြ၏။

အရှင်မဟာဗုဒ္ဓဃောသ, အရှင်အနုရုဒ္ဓါ, အရှင်နာဂသေနမှ အစပြုကာ ယနေ့အထိ ရှိရှိသမျှသော ဗုဒ္ဓဝါဒီ ပညာရှင်တို့ကလည်း နိဗ္ဗာန်သည် အရှိတရားဖြစ်ကြောင်း လက်ခံ၊ ဟောကြား၊ ဖွင့်ဆိုတော်မူခဲ့ကြ၏။

မှန်ပါသည်။ ဗုဒ္ဓဝါဒီပညာရှင် မှန်သမျှတို့သည် "စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်" ဟူ၍ နိဗ္ဗာန်အပါအဝင် ပရမတ္ထတရား ၄ - ပါးရှိကြောင်း အငြင်းမပွားပဲ၊ လက်ခံထားကြ၏။ ယင်းသို့ လက်မခံ၍လည်းမဖြစ်။ လက်ခံကြရ၏။ တကယ့်တကယ် စိစစ်ကြည့်သောအခါ၊ ယင်းတို့သည် အဆုံးသတ်အမှန်တရားများအဖြစ်ဖြင့် တကယ်ပင် တည်ရှိနေကြသောကြောင့် ဖြစ်၏။

၁၀။ ။လောက တည်းဟူသော ဤခန္ဓာကိုယ်တွင် * ရုပ်တရားသည် အထင်အရှား ရှိနေသည့် အရှိတရားဖြစ်ကြောင်း လူတိုင်း သိမြင် လက်ခံထားသောအရာ ဖြစ်၏။

စိတ်စေတသိက်ဟူသော နာမ်တရားသည်လည်း အရှိတရား ဖြစ်ကြောင်း လူတိုင်းက သိမြင်လက်ခံခြင်း ရှိချင်မှ ရှိမည် ဖြစ်သော်လည်း၊ အတွေးအမြင် ရှိသူတိုင်းကား သိမြင် လက်ခံထားကြသောအရာ ဖြစ်၏။

ထို့အတူ၊ နိဗ္ဗာန်သည်လည်း အရှိတရားဖြစ်ကြောင်း လူတိုင်းကား သိမြင်လက်ခံမည်မဟုတ်။ အတွေးအမြင် ရှိသူတို့ အနက်သော်မှ၊ အစွဲမကင်း ဖြစ်စဉ်ကိုက် မယူဆတတ်သူတို့ သိမြင်လက်ခံနိုင်မည်မဟုတ်။ အစွဲလည်းကင်း၊ ဖြစ်စဉ်ကိုက်လည်း သိမြင်ယူဆတတ်သူသာ "အမှန်းအဆ=အနုမာနသိဒ္ဓိ" အားဖြင့် သိမြင်လက်ခံကြပါလိမ့်မည်။ 'တိုက်ရိုက်သိ=ပစ္စက္ခသိဒ္ဓိ' အားဖြင့် သိမြင်လက်ခံနိုင်သူတို့ကား အတွေးအမြင် အဆင်အခြင်ရှိရုံတွင်

---

* ရောဟိတဿသုတ်ကို ထောက်။

မက၊ လက်တွေ့ကျင့်ကြံအားထုတ်ထား၍ ပေါက်ရောက် ထားသူတို့သာ ဖြစ်ပါလိမ့်မည်။

၁၁။ ။တခါ အရှိတရားဖြစ်သော ရုပ်သည် အကောင်အထည်အားဖြင့်လည်းရှိ၊ သဘောတရား အနေအားဖြင့်လည်း ရှိ၍ ထင်ရှား၏။ ပေါ်လွင်၏။

အရှိတရားဖြစ်သော နာမ်တရားသည် အကောင်အထည်အားဖြင့်မှု မရှိ။ သဘောတရား အနေအားဖြင့်သာရှိ၏။ မထင်ရှား၊ မပေါ်လွင်၊ သိမ်မွေ့၏။

အရှိတရားဖြစ်သော နိဗ္ဗာန်သည်လည်း အကောင်အထည်အားဖြင့်မှု မရှိ။ သဘောတရား အနေအားဖြင့်သာ ရှိ၏။ နာမ်တရားထက်ပင် ပို၍ သိမ်မွေ့၏။ ပို၍ နက်နဲလျှို့ဝှက် အသိရခက်၏။

ဤသည်ကို ထုတ်ဖော် သိမြင်တော်မူခဲ့သော မြတ်ဗုဒ္ဓက 'ရဟန်းတို့၊ ရုပ်ဓာတ်, နာမ်ဓာတ်, နိရောဓနိဗ္ဗာနဓာတ် ဟူ၍ ဓာတ်သုံးမျိုးရှိ၏'* ဟူ၍ ဟောကြားတော်မူပြီး 'ရုပ်ဓာတ်ထက် နာမ်ဓာတ်က ပို၍ သိမ်မွေ့၏။ နာမ်ဓာတ်ထက် နိဗ္ဗာနနိရောဓ ဓာတ်က ပို၍ သိမ်မွေ့ပြန်ပေသည်'§ ဟု မိန့်ဆိုတော်မူခဲ့ပါသည်။

— * —

* ဣတိဝုတ္တက၊ တိကနိပါတ၊ ပထမဝဂ္ဂ၊ ဓာတုသုတ္တ။

§ ဣတိဝုတ္တက၊ တိကနိပါတ၊ တတိယဝဂ္ဂ၊ သန္တတရသုတ္တ။

## နိဗ္ဗာန် ဘယ်မှာ ရှိသနည်း

၁၂။ ။'အမှတ် သညာလည်းရှိ၊ အသိစိတ်လည်း ရှိသော ဤတလံမျှလောက်သောကိုယ်ကောင်၌ပင်လျှင်၊ လောကကိုလည်း ငါဘုရား ပညတ်တော်မူ၏။ လောကဖြစ်ကြောင်းကိုလည်း ငါဘုရား ပညတ်တော်မူ၏။ လောကချုပ်ရာ ( = နိရောဓသစ္စာ = နိဗ္ဗာန်)ကိုလည်း ငါဘုရား ပညတ်တော်မူ၏။ လောကချုပ်ကြောင်း အကျင့်ကောင်းကိုလည်း ငါဘုရား ပညတ်တော်မူ၏'* ဟူသော ဒေသနာတော်ကို ထောက်ဆလျှင် 'နိဗ္ဗာန်သည် ဤခန္ဓာကိုယ်၌ ရှိသည်'ဟု သိသာ၏။

၁၃။ ။'အဇ္ဈတ္တိကာ ဓမ္မာ၊ ဗာဟိရာ ဓမ္မာ'‡ ဟူသော ဒုက်ပုဒ်ကို အရကောက်သောအခါ နိဗ္ဗာန်ကို ဗာဟိရာ ဓမ္မာ အရ၌ ထည့်သွင်း၍ ကောက်ရသောကြောင့် 'နိဗ္ဗာန်သည် ဤခန္ဓာကိုယ် အတွင်း၌ကား မရှိ။ ခန္ဓာကိုယ် အပြင်မှာသာ ရှိ၏' ဟု သိမြင်နိုင်၏။

၁၄။ ။'သန္တိကေ နဝိဇာနန္တိ၊ မဂ္ဂ ဓမ္မဿ အကောဝိဒါ = သဘောတရားကို မကျွမ်းကျင်သူတို့သည် အနီး၌ [နိဗ္ဗာန် ရှိသော်လည်း] မသိကြကုန်'ဟူသော ပါဠိတော်နှင့်၊ ယင်း၏ အဖွင့် 'မိမိကိုယ်တွင် လည်းကောင်း၊ဆံပင်တွင်လည်းကောင်း၊မွေးညှင်းစသည်တို့တွင် လည်းကောင်း တခုခုသော ကောဋ္ဌာသကို ပိုင်းခြား၍ အခြားမဲ့၌သာလျှင် ရရှိအပ်သောကြောင့်၊ တနည်း

---

* စတုက္ကင်္ဂုတ္တရ၊ ပထမ ပဏ္ဏာသက၊ ရောဟိတဿဝဂ်၊ ရောဟိတဿသုတ္တ။

‡ အဘိဓမ္မာပိဋက၊ ဓမ္မသင်္ဂဏီဒုကပါဠိတော်။

အားဖြင့် နိဗ္ဗာန်ရောခမဂ္ဂသစ္စာအားဖြင့် မိမိခန္ဓာတို့၏အနီး၌ အကြင်နိဗ္ဗာန်သည် ရှိ၏။ ထိုနိဗ္ဗာန်သည် ဤသို့အနီးတွင်ရှိသော်လည်း မဂ်လမ်းစဉ် ဟုတ်မဟုတ်ဟူသော သဘောတရားကို ဖြစ်စေ၊ သစ္စာလေးပါးအမှန်တရားကိုဖြစ်စေ မကျွမ်းကျင်သူတို့ မသိရှိကြလေကုန်"* ဟူသော အဋ္ဌကထာတို့ကို ထောက်ဆသော် 'နိဗ္ဗာန်သည် ခန္ဓာကိုယ်၏အပြင်၌ ရှိရာတွင် ဟိုအဝေးကြီးမှာရှိသည်မဟုတ်။ ခန္ဓာကိုယ်၏ အနီးကလေးမှာပင် ရှိသည်' ဟူ၍ သိမြင်သဘောပေါက်နိုင်ပါသည်။

၁၅။ ။ခန္ဓာတို့က "တည်ရာမှီရာကဲ့သို့ ပြုအပ်သောကြောင့် 'နိဗ္ဗာန်သည်လည်းခန္ဓာနှင့်ဆက်စပ်နေသည်သာဖြစ်၏' ဟု ဆိုကြကုန်၏။‡ ဟူသော ဋီကာဆရာ၏ အဆိုကို ထောက်သော် 'နိဗ္ဗာန်သည် ခန္ဓာကိုယ်၏ အပြင်ဘက်တွင် ခန္ဓာနှင့်တစပ်တည်း အနီးကပ် တည်ရှိနေသည်' ဟု သိမြင်နိုင်ပါသည်။

—*—

## နိဗ္ဗာန်၏ သဘောသဘာဝများ

## သင်္ခတနှင့်အသင်္ခတတရားတို့၏ ခြားနားချက်

၁၅။ ။(က)။ ။'ရဟန်းတို့၊ နိဗ္ဗာန် တည်းဟူသော အသင်္ခတတရား၏ အသင်္ခတလက္ခဏာတို့ကား ဤ ၃- ပါးတို့တည်း။ အဘယ် ၃—ပါးတို့နည်းဟူမူ—

---

* သမ္မောဟဝိနောဒနီ၊ ဓာတုဝိဘင်္ဂ၊ ရူပါရုမသုတ်ရှိ ဒုတိယဂါထာ၏ အပရဒ္ဓ ပါဠိတော်နှင့် ယင်း၏ အဋ္ဌကထာ။

‡ နိဗ္ဗာနမ္ပိ ခန္ဓပဋိဗဒ္ဓမေဝ၊ ခန္ဓေဟိ ဝိသယီကတတ္တာ။--ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ။

'ဖြစ်ပေါ်လာပုံသည် မထင်၊
'ပျောက်ပျက်သွားပုံသည် မထင်၊
'တည်ရှိနေခြင်း၏ တမျိုးတမည် ဖောက်လွဲ ဖောက်ပြန် ပြောင်းလဲသွားပုံသည် မထင်။
'ဤသည်တို့ကား နိဗ္ဗာန်တည်းဟူသော အသင်္ခတတရား၏ အမှတ်သက္ခဏာ ၃=ပါးတို့တည်း။' *

(ခ)။ ။'ဒုက္ခသစ္စာ၏ ဖြစ်ပေါ် လာပုံသည် ထင်၏။ ပျောက်ပျက်သွားပုံသည် ထင်၏။ တည်ရှိနေခြင်း၏ တမျိုးတမည် ဖောက်လွဲဖောက်ပြန် ပြောင်းလဲသွားသည့် အဖြစ်သည် ထင်၏။

'သမုဒယသစ္စာ၏ ဖြစ်ပေါ်လာပုံသည် ထင်၏။ ပ။ ပြောင်းလဲသွားသည့် အဖြစ်သည် ထင်၏။

'မဂ္ဂသစ္စာ၏ ဖြစ်ပေါ်လာပုံသည် ထင်၏။ ပ။ ပြောင်းလဲသွားသည့် အဖြစ်သည် ထင်၏'

'နိရောဓသစ္စာ(=ဘည်းဟူသော အသင်္ခတနိဗ္ဗာန်) ၏ ဖြစ်ပေါ်လာပုံသည် မထင်။ ပျောက်ပျက်သွား ပုံသည် မထင်။ တည်ရှိနေခြင်း၏ တမျိုးဘမည်ဖောက်လွဲဖောက်ပြန် ပြောင်းလဲသွားသည့် အဖြစ်သည် မထင်' †

(ဂ)။ ။အထက်ပါ စာပိုဒ်နှစ်ခု တို့တွင် ဤသို့သော ဆိုလိုချက် အဓိပ္ပာယ်များ ပါရှိနေပါသည်—

---

* တိကင်္ဂုတ္တရ၊ အသင်္ခတလက္ခဏာသုတ္တ။

† ပဋိသမ္ဘိဒါမဂ္ဂပါဠိ၊ သစ္စကထာ။ ပထမသုတ္တန္တနိဒ္ဒေသ။ ပဒ၁၂။

ဒုက္ခသစ္စာ, သမုဒယသစ္စာ, မဂ္ဂသစ္စာဟူသော အသင်္ခတ တရားတို့၏ ဖြစ်ပေါ်လာပုံကိုလည်း တွေ့မြင်ရ၏။ ပျောက်ပျက်သွားပုံကိုလည်း တွေ့မြင်ရ၏။ တည်ရှိနေခြင်း၏ တမျိုးတဖုံ ပြောင်းလဲသွားပုံကိုလည်း တွေ့မြင်ရ၏။

နိရောဓသစ္စာဟူသော အသင်္ခတတရားကား ယင်းတို့နှင့် ဆန့်ကျင်၏။ ထိုနိရောဓသစ္စာဟူသော အသင်္ခတနိဗ္ဗာန်၏ ဖြစ်ပေါ်လာပုံကို မတွေ့ရ။ ပျောက်ပျက်သွားပုံကို မတွေ့ရ။ တည်ရှိနေခြင်း၏ တမျိုးတဖုံပြောင်းလဲသွားပုံကို မတွေ့ရ။ ဝါ- ပြောင်းလဲမသွားသော တည်ရှိနေပုံ၊ မပြောင်းမလဲ တမျိုး တစားတည်း တည်ရှိနေပုံကိုသာ တွေ့ရ၏။

၁၇။ ။ယင်းကို ဤသို့ခွဲ၍ထွင်၍လေ့လာသိရှိနိုင်ပါသည်။-

(က)။ ။ကမ္ဘာလောက ထဲတွင် ဒုက္ခသစ္စာ ဖြစ်သော ဤခန္ဓာကိုယ်ကြီး တည်ရှိဖြစ်ပေါ်လာသောအခါ၊ ဖြစ်ပေါ်လာခြင်းကို တွေ့မြင်ကြရ၏။ ကမ္ဘာလောကထဲမှ ပျောက်ပျက်သွားသောအခါ၊ ပျောက်ပျက် သွားခြင်းကို တွေ့ကြရ၏။ ဖြစ်ပေါ်လာပြီးနောက် ပျောက်ပျက်မသွားမီ တည်ရှိနေစဉ်မှာလည်း တမျိုးတစားတည်းမဟုတ်။ တမျိုးပြီးတမျိုး ဖြစ်ပေါ် ပြောင်းလဲနေ၏။ အသက်အရွယ်အားဖြင့် ငယ်ရွယ်နုပျိုခြင်းသည် မပြောင်းမလဲ တမျိုးတစားတည်း ဖြစ်မနေပါ။ အစဉ်အမြဲ နုပျိုမနေပါ။ နုပျိုရာမှ အိုမင်းရင့်ရော်လာ၏။ တမျိုးပြီး တမျိုးဖြစ်လာ၏။ တမျိုးတဖုံဖြစ်သွား၏။ ဤသို့တမျိုးတဖုံဖြစ်သွားသည်ကို တွေ့ကြရ၏။

(ခ)။ ။စိတ်ထဲရင်ထဲ နှလုံးသားထဲတွင် သမုဒယသစ္စာ ဖြစ်သော အလိုလောဘ တည်ရှိဖြစ်ပေါ်လာသောအခါ၊ ဖြစ်

စဉ်ကိုက် ရှုမြင်သူ အဖို့ ဖြစ်ပေါ်လာခြင်းကို အထင်အရှား တွေ့ရ၏။ စိတ်ထဲ ရင်ထဲမှ ပျောက်သွားသောအခါ ဖြစ်စဉ်ကိုက် ရှုမြင်သူအဖို့ ပျောက်သွားခြင်းကို အထင်အရှားတွေ့ရ၏။ ဖြစ်ပေါ်လာပြီးနောက် ပျောက်ပျက်မသွားမီ၊ တည်ရှိနေစဉ်မှာလည်း သတိပြု၍ ကြည့်ရှုလေ့လာသုံးသပ်ပါက၊ တမျိုးတစားတည်း မဟုတ်ပါ။ တမျိုးပြီးတမျိုး ပြောင်းလဲနေခြင်းကို တွေ့မြင်ကြရ၏။

ယင်းသို့လျှင်၊ ဒုက္ခ သမုဒယ မဂ္ဂသစ္စာတည်းဟူသော သင်္ခတတရားများ ဖြစ်ပေါ်လာသည်ကိုလည်း တွေ့ရ၏။ ပျောက်ပျက်သွားသည်ကိုလည်းတွေ့ရ၏။ ဖြစ်ပေါ်လာပြီးပျောက်ပျက်မသွားမီ တည်ရှိနေခြင်း၏ တမျိုးတမည်ဖြစ်နေသည်ကိုလည်း တွေ့ရ၏။

(ဃ)။ ။သို့သော်၊ အသင်္ခတတရားဖြစ်သော နိဗ္ဗာန်ကား ယင်းသို့ မဟုတ်ပါ။ ယင်းတို့နှင့် ဆန့်ကျင်၏။ အရိယာသခင်သူတော်စင်များက နိဗ္ဗာန်ကို မျက်မှောက်ပြု နေသောအခါ၊ ဝါ–ဖလသမာပတ် ဝင်စားနေသောအခါ၊ ဝါ- နိဗ္ဗာန်ကို ဉာဏ်မျက်စိဖြင့် ကြည့်နေသောအခါ နိဗ္ဗာန်ကို မြင်နေကြရ၏။ ယင်းသို့မြင်နေရသည့် နိဗ္ဗာန်၏ တည်ရှိနေပုံသည် တမျိုးတမည် ပြောင်းလဲမသွားပါ။ တမျိုးတစားတည်း ဖြစ်နေ၏။

မြင်စ မြင်လယ် မြင်ဆုံး မြင်နေရသည့် တချိန်လုံးရှိ နိဗ္ဗာန်၏ သွင်ပြင်သည် တမျိုးတစားတည်းရှိနေ၏။ မြင်စရှိနိဗ္ဗာန်သည် မြင်လယ် မြင်ဆုံးရှိ နိဗ္ဗာန်နှင့် ကွဲလွဲခြားနားမှု လုံးဝမရှိ။ မြင်လယ်ရှိ နိဗ္ဗာန်သည် မြင်စမြင်ဆုံးရှိ နိဗ္ဗာန်နှင့် ကွဲလွဲခြားနားမှု လုံးဝမရှိ။ မြင်ဆုံးရှိ နိဗ္ဗာန်သည် မြင်စ မြင်လယ်ရှိ နိဗ္ဗာန်နှင့် ကွဲလွဲခြားနားမှု လုံးဝမရှိပါချေ။

ယင်းသို့လျှင်၊ နိဗ္ဗာန်ကို ကြည့်ချင်သည့်အခါ ကြည့်ပါ။ ဘယ်အခါမှာပင်ကြည့်ကြည့်၊ကြည့်တိုင်းမြင်နေရသည့် နိဗ္ဗာန်၏ တည်ရှိနေပုံသည် ဘယ်သောအခါမှ ပြောင်းလဲ မသွားပါ။ မပြောင်းမလဲ တမျိုးတစားတည်းသာ တည်ရှိနေသည်ကို တွေ့နေကြပါသည်။

သင်္ခတတရားဖြစ်သော ရုပ်နာမ်တို့ကား ယင်းသို့ မဟုတ်ကြပါ။ မြင်စတွင်တမျိုး။ မြင်လယ်တွင် တမျိုး။ မြင်ဆုံးတွင် တမျိုး။ ဤသို့လျှင် တမျိုးပြီးတမျိုး ဖြစ်နေ၏။ တမျိုးတစားတည်း မဟုတ်ပါ။ မြင်စရှိ ရုပ်နာမ်သည် မြင်လယ်မြင်ဆုံးရှိ ရုပ်နာမ်နှင့် ကွဲလွဲခြားနားသွား၏။ တူညီမှုမရှိတော့ပါ။ တမျိုးတဖုံပြောင်းလဲသွား၏။ ဖြူရာမှသည် မည်းရာသို့ဖြစ်စေ ပြောင်းလဲသွား၏။ ငယ်ရာမှသည် ကြီးရာသို့ဖြစ်စေ ပြောင်းလဲသွား၏။ နူရာမှသည် ရင့်ရာသို့ဖြစ်စေ ပြောင်းလဲသွား၏။ ထင်ရှားရာမှသည် မထင်ရှားရာသို့ဖြစ်စေ ရောက်ရှိသွား၏။ မြင်နေရသည်မှ မမြင်ရသည်သို့ဖြစ်စေ ရောက်ရှိသွား၏။ ဤသို့လျှင် အခါနှင့်အမျှ ပြောင်းလဲနေသည်ကိုသာ တွေ့ကြရပါသည်။

## နှင်းဆီပန်းတပွင့်နှင့် ကလေးငယ်တယောက်

(င)။ ။တနည်းဆိုသော်၊ အခါနှင့်အမျှ ပြောင်းလဲနေသောကြောင့် သင်္ခတတရားတို့၏ တည်ရှိပုံသည တခါနှင့်တခါ မတူပါ။

ဥပမာ၊ နှင်းဆီပင်ပေါ်ရှိ နှင်းဆီပန်းတပွင့်ကို ကြည့်ပါ။ နံနက်တခါ နေ့လယ်တခါ ညနေတခါအားဖြင့် တနေ့သုံးခါ

ကြည့်ပါ။ ကြည့်သည့်အခါတိုင်း မြင်ရသည့် အသွင်အပြင် အနေအထားကို အသေအချာမှတ်ထားပါ။ နောက်ပြန်လည် နှိုင်းယှဉ်ကြည့်ပါ။ တခါနှင့်တခါ တွေ့မြင်ရပုံချင်း တူညီမည် မဟုတ်ပါ။

ဆိုကြပါစို့။ နံနက်အခါက တွေ့မြင်ရသည့် နှင်းဆီပန်း ကလေးသည် ပွင့်လန်းခါစဖြစ်၏။ နေ့လယ်အခါ တွေ့ရသည့် နှင်းဆီပန်းကလေးသည် ပွင့်ကားနေမည်ဖြစ်၏။ ညနေအခါ တွေ့မြင်ရသည့် နှင်းဆီပန်းကလေးကား ပွင့်အာနေမည် ဖြစ် ပါသည်။ ထိုမှတဆင့် ဇရာ မရဏ သဘောကို မလွန်ဆန်နိုင်သော နှင်းဆီပန်းကလေးသည် လန်းဆန်းနေရာမှ ညှိုးရော်လာပါလိမ့် မည်။ နွမ်းခြောက်လာပါလိမ့်မည်။ နောက် မြေခကြွေကျကာ ကမ္ဘာလောကကြီးမှ ပျောက်ကွယ်ပျက်စီးသွားပါလိမ့်မည်။

တခါ၊ ရက်သားအရွယ် ကလေးငယ်တယောက်ကို ကြည့် ပါဦး။ ပထမဆုံးအကြိမ် မြင်ရသည့် အသွင်အပြင်ကို အသေ အချာမှတ်ထားပါ။ နောက်တနှစ်လောက် ကြာလာသောအခါ တခါထပ်ကြည့်ပါ။ ဤအကြိမ်တွင် မြင်ရသည့် အသွင်အပြင်နှင့် ယခင်တခါက မြင်ရသည့် အသွင်အပြင်တို့ကို နှိုင်းယှဉ်ကြည့်ပါ။ မြင်ရသည့်အသွင်အပြင်ချင်း တူညီပါဦးမည်လော။ မတူညီ နိုင်တော့ပါ။ ကွဲလွဲသွားပါပြီ။ တမျိုးဖြစ်သွားပါပြီ။ နိုတာရဲ ကလေးမှသည် ယခုလောက် ကြီးထွားလာအောင် အရွယ်အား ဖြင့် ပြောင်းလဲလာ၏။ ခြေကားယား လက်ကားယားဖြင့် ငက် လက်ကလေးရှိနေရာမှ ယက်ကန်ယက်ကန်ဖြင့် ဝမ်းလျားမှောက် နိုင်ရုံမက၊ လဲကထူ လဲကထဖြင့် လမ်းလျှောက် လေ့ကျင့်လာသည် အထိ အမူအရာအားဖြင့်လည်း ပြောင်းလဲလာပါပြီ။

ဤသို့လျှင်၊ အရပ်ရပ် အခြေအနေများပြောင်းလဲသွား၏။ တမျိုးတဖုံဖြစ်သွား၏ ရှေးရှေးအချိန်ကာလ ( = ရက်လနှာရီ) များရှိ အခြေအနေတို့နှင့် နောက် နောက် အချိန်ကာလ ( = ရက်လနှာရီ)များရှိ အခြေအနေတို့ မတူညီ ကြတော့ပါ။ ကွဲလွဲ လာကြ၏။ တမျိုးတည်း မဟုတ်။ တမျိုးစီ ဖြစ်သွားကြ၏။

(စ)။ ။ရက်လနှစ်များဟုဆိုအပ်သည့် အခွန့်ကာလအချိန်ခရီးရှည်ကြီးကို ဖြတ်သန်းလာကြရသည့် လူသတ္တဝါ မှန်သမျှ ပက်လက်အရွယ်, ဝမ်းလျားမှောက်အရွယ်, လမ်းလျှောက် တတ်စအရွယ်, ပြေးလွှား ဆော့ကစားသော အရွယ်, ပျိုမြစ် နုနယ်သော လူငယ်ဘဝ, ကြီးထွားရင့်ကျက်လာသော လူလတ် ပိုင်းဘဝ, ကြီးရင့်အိုမင်းလာသော လူကြီးဘဝများကို တွေ့ကြုံခဲ့ကြရ၏။ ကျော်လွှားခဲ့ကြရ၏။ ကျော်လွှားပြီးနောက်သေခြင်း တရားဆီသို့ ဆိုက်ရောက်ကာ ကမ္ဘာလောကကြီးမှ ပျောက်ကွယ် ပျက်စီးသွားကြရ၏။

ကောင်းကယ်တော့၊ နှင်းဆီပန်းကလေးတပွင့်၏ ဘဝဖြစ်စဉ်နှင့် လူသတ္တဝါတဦး၏ ဘဝဖြစ်စဉ်တို့သည် တူညီကြ၏။ " ဖြစ် တည်ပျက် = ဥပါဒ်ဌီဘင် " ဟူသော ဖြစ်စဉ်ကို တွေ့ကြုံ ရင်ဆိုင် ကြရသည်ချည်းဖြစ်ပါသည်။ သက်တမ်းတိုသည်နှင့် သက်တမ်း ရှည်သည်မျှသာ ခြားနားကြပါသည်။

ဖြစ်ပေါ်လာပြီး ပျောက်ပျက်မသွားမီ တည်ရှိနေစဉ် သက်တမ်းကာလအတွင်း အချိန်နှင့် အမျှ အခြေအနေတို့က ပြောင်းလဲနေကြ၏။ လနှစ်ဟူ၍ အချိန်ကာလ ရှည်လျားလျှင် အခြေအနေပြောင်းလဲပုံ သိသာ ထင်ရှား၏။ ပကတိ မျက်စိဖြင့်

ပင် သိမြင် လက်ခံနိုင်၏။ နာရီ၊ မိနစ်၊ စက္ကန့် ဟူ၍ အချိန်ကာလ တိုတောင်းလာလျှင် အခြေအနေ ပြောင်းလဲပုံ မသိသာ မထင်ရှားတော့ပါ။ ပကတိ မျက်စိဖြင့် မသိနိုင်၊ မမြင်နိုင်တော့ပါ။ ဉာဏ်မျက်စိဖြင့်သာ သိမြင် လက်ခံရတော့၏။

(ဆ)။ ။ဉာဏ်မျက်စိဖြင့် ကြည့်သော် အရာရာသည် စက္ကန့်နှင့် အမျှ အခြေအနေ ပြောင်းလဲနေသည်ကို တွေ့ရ၏။ နံနက်ပိုင်းက တွေ့ရသော နှင်းဆီပန်း ကလေး၏ အခြေအနေနှင့် ညနေပိုင်းတွင် တွေ့ရသော နှင်းဆီပန်း ကလေး၏ အခြေအနေသည် မတူတော့ပြီကို ပကတိ မျက်စိဖြင့်ပင် သိမြင် လက်ခံနိုင်၏။ ဤသို့ မတူညီခြင်း၊ ပြောင်းလဲခြင်း၊ တမျိုးတမည် ဖြစ်သွားခြင်းသည် ညနေပိုင်းရောက်မှ ရုတ်ခြည်း, ဆတ်ကနဲ၊ ဖြတ်ကနဲ ဖြစ်ပေါ်လာသည် မဟုတ်ပါ။ နံနက်ပိုင်းမှ ညနေပိုင်းသို့ ရောက်လာစေသည့် စက္ကန့်ပိုင်းမျှသော အချိန်တို ကလေးများ အတွင်းမှာပင် ဖြစ်မှန်းမသိ ဖြစ်ပေါ် ပြောင်းလဲ လာခဲ့ပါသည်။ ဉာဏ်မျက်စိဖြင့် ဤသို့ သိမြင်နိုင်ပါသည်။

## နာရီတလုံးက ဟောပြသော တရား

(ဇ)။ ။ဥပမာ၊ နာရီတလုံးကို ကြည့်ပါ။ ဒိုင်ခွက်ထဲတွင် စက္ကန့်တံ၊ မိနစ်တံ၊ နာရီတံ ဟူ၍ လက်တံ သုံးခု တွေ့ရ၏။ စက္ကန့်တံ၏ ရွေ့ရှားပြောင်းလဲခြင်း ဟူသော တမျိုးတဖုံ ဖြစ်သွားခြင်းသည် သိသာ၏။ ထင်ရှား၏။ ပကတိ မျက်စိဖြင့်ပင် သိမြင်နိုင်၏။ မိနစ်တံ၊ နာရီတံတို့၏ ရွေ့ရှားပြောင်းလဲခြင်း ဟူသော တမျိုးတဖုံ ဖြစ်သွားခြင်းကား မသိသာ မထင်ရှား

တော့ပါ။ ပကတိ မျက်စိဖြင့် မသိမြင်နိုင်တော့ပါ။ ဉာဏ် မျက်စိ ဖြင့်သာ သိမြင်နိုင်တော့၏။ ဉာဏ်မျက်စိက ဤသို့ သိ၏။ "၁-ဂဏန်းပေါ် ရောက်နေသော နာရီလက်တံသည် တနာရီ ကြာသော အခါ၊ ထို ၁-ဂဏန်းပေါ်တွင် မရှိတော့ပါ။ ၂-ဂဏန်းပေါ်သို့ ရောက်ရှိနေတော့၏။ ဤသို့ ရောက်ရှိလာ ခြင်းမှာ ထိုလက်တံသည် ၁-မှ ၂-သို့ ဆတ်ကနဲ ခုန်ကူးသွား သည် မဟုတ်ပါ။ အလွန်အလွန် သိမ်မွေ့နှေးကန်သော အမူ အရာဖြင့် ပြောင်းလဲ ရွေ့ရှားပြီး ရောက်ရှိလာခြင်းသာ ဖြစ်၏။ ဤသို့ ၁-မှ ၂-သို့ ပြောင်းလဲ ရောက်ရှိလာခြင်းကပင်လျှင် ထိုလက်တံသည် တနေရာတည်းမှာ ရပ်တည်မနေ။ တမျိုးတည်း ဖြစ်မနေ။ တနေရာမှ တနေရာသို့ ပြောင်းရွေ့နေ၏။ တမျိုးပြီး တမျိုး ဖြစ်နေ၏။ တမျိုးတဖုံ ဖြစ်ဖြစ် သွားနေ၏" ဤသို့ ဉာဏ် မျက်စိက သံသယကင်းစွာ သိမြင် လက်ခံနိုင်၏။

(၈)။ ။ဤသို့လျှင် နှင်းဆီပန်း အစရှိသော သက်မဲ့အရာ ဝတ္ထု၊ လူ အစရှိသော သက်ရှိ သတ္တဝါဟူ၍ ရှိရှိသမျှသော သင်္ခါရတရား မှန်သမျှတို့သည် အချိန်နှင့် အမျှ ရွေ့ရှားနေကြ ပါသည်။ ပြောင်းလဲနေကြပါသည်။ တမျိုးတဖုံဖြစ်ဖြစ် နေကြ ပါသည်။ ဤသို့ ရွေ့ရှားပြောင်းလဲပြီး တမျိုးတဖုံ ဖြစ်ဖြစ်နေ သည်ကို ပကတိ မျက်စိဖြင့် ဖြစ်စေ၊ ဉာဏ်မျက်စိဖြင့် ဖြစ်စေ တွေ့ရှိ သိမြင်နေကြရပါသည်။

ဤသို့ ယထာဘူတကျကျ စိစစ်ကြည့်သောအခါ "သင်္ခါ တရားတို့၏ ဖြစ်ပေါ်လာပုံကိုလည်း တွေ့ရ၏။ ပျောက်ပျက်

သွားပုံကိုလည်း တွေ့ရ၏။ တည်ရှိနေခြင်း၏ တမျိုးတဖုံဖြစ်ဖြစ် သွားပုံကိုလည်း တွေ့ရ၏"ဟူသည်မှာ ဖြစ်စဉ်ကိုက် အမှန်တရား ဖြစ်ကြောင်း အသိအမှတ် ပြုကြရပါသည်။

ထို့အတူပင် "အသင်္ခတနိဗ္ဗာန်၏ ဖြစ်ပေါ်လာပုံကိုလည်း မတွေ့ရ။ ပျောက်ပျက်သွားပုံကိုလည်း မတွေ့ရ။ တည်ရှိနေခြင်း၏ တမျိုးတဖုံဖြစ်ဖြစ် သွားပုံကိုလည်း မတွေ့ရ။ ဝါ-တွေ့ရသည်မှာ တမျိုးတဖုံ ဖြစ်မသွားသည့် တည်ရှိနေပုံသာ ဖြစ်၏" ဟူသည်မှာလည်း အရိယာသခင် သူတော်စင်တို့နှင့် တကွ ယထာဘူတဆိုက်အောင် တွေးမြင်သူတို့က သိမြင်လက်ခံထားကြသော အမှန်တရားတရပ် ဖြစ်ပါသည်။

(ည)။ ။ဤစိစစ်ချက်များမှ ဤသို့လည်း တဆက်တည်း သိရှိကြရပါဦးမည်။

အသင်္ခတနိဗ္ဗာန်သည် အရှိတရားသာ ဖြစ်၏။ အဖြစ်တရား မဟုတ်။ အဖြစ်တရား မဟုတ်သောကြောင့် မဖြစ်ရ၊ မဖြစ်ရ၍ မပျက်ရပါ။ ဖြစ်ရလျှင် ပျက်ရ၏။ အဖြစ်အပျက်သည် လောက။ "လောက"ဟူသည်မှာ "ဖြစ်ပျက်"၊ "ဥတ္တရ" ဟူသည်မှာ "လွန်မြောက်ခြင်း"၊ "လောက + ဥတ္တရ = လောကုတ္တရ = ဖြစ်ပျက်မှု + လွန်မြောက်ခြင်း = ဖြစ်ပျက်လွန် = မဖြစ်မပျက်နယ်"။

ဖြစ်ပျက်နယ်သည် သင်္ခတလောကီ။ မဖြစ်မပျက်နယ်ကား အသင်္ခတ လောကုတ္တရာဖြစ်၏။ သင်္ခတလောကီနယ်တွင် ဖြစ်ပြီး ပျက်ရသော သဘောတရားများ ( = စိတ်စေတသိက်ရုပ်)ရှိ၏။

အသင်္ခတ လောကုတ္တရာ နယ်တွင်မူ မဖြစ်မပျက်ရသော သဘော တရား ( = နိဗ္ဗာန်)ရှိ၏။ အရိယာ ပရမတ္ထ လေးပါးတို့အနက် စိတ်စေတသိက်ရုပ်တို့က ဖြစ်တတ် ပျက်တတ်၏။ နိဗ္ဗာန်ကား မဖြစ်ဘတ်၊ မပျက်ဘတ်။ ဖြစ်ပျက် သဘောတရား ရှိသကဲ့သို့ မဖြစ်မပျက် သဘောတရားရှိ၏။ မဖြစ်မပျက် သဘောတရား ရှိသလို ဖြစ်ပျက် သဘောတရားရှိ၏။ အပူရှိသကဲ့သို့ အအေး ရှိ၏။ အအေးရှိသလို အပူရှိ၏။ ဖြစ်ပျက်ကား အပူဓာတ်၊ မဖြစ် မပျက်ကား အအေးဓာတ်သာတည်း။ ထို့ကြောင့် နိဗ္ဗာန်သည် ငြိမ်းအေးခြင်း သန္တိလက္ခဏာရှိ၏။

- * —

## နိဗ္ဗာန် ဘာနှင့် တူသနည်း

(၁၇)။ ။(က)။ ။"သိမြင်နိုင်ခဲသော ဤနိဗ္ဗာန် သဘော တရားကို ရှုမြင်ကြလော့။ ဤသဘောတရား၌ မိုက်မဲသူတို့ တွေဝေကြ၏။ ကိလေသာ နီဝရဏတို့ဖြင့် ပိတ်ဆို့ မြှေးယှက်နေပြီး မမြင်ရသူ လူမိုက်များအဖို့ မှောင်မိုက် နေ၏။ —၁။

—"ယင်းနိဗ္ဗာန်သဘောတရားကိုပညာအမြင်ဖြင့်တွေ့မြင် ရသူ အရိယာသခင် သူတော်စင်တို့ အဖို့သော်ကား နိဗ္ဗာန်သည် ဟင်းလင်းပွင့်နေ၏။ အလင်းရောင်နှင့် တူ၏။ —၂။

—"ထိုနိဗ္ဗာန်သည် အနီး၌ရှိသော်လည်း မဂ်လမ်းစဉ်ဟုတ်မဟုတ်ကိုဖြစ်စေ၊ သစ္စာလေးပါး အမှန်တရားကိုဖြစ်စေ မကျွမ်းကျင်သူတို့ကား မသိကြ၊ မမြင်ကြပါပေ။"* —၃။

(ခ)။ ။အထက်ပါတို့သည် မြတ်ဗုဒ္ဓ၏ နှုတ်တော်ထွက်သာမုက္ကံသိက ဒေသနာတော်များဖြစ်ကြ၏။ ယင်းတို့အနက် အပိုဒ်ခွဲ ၂—ကို ကြည့်ပါ။ ဤသို့သောအဓိပ္ပာယ်များပါရှိသည်။

"နိဗ္ဗာန်ကို တွေ့မြင်ရသူသည် အလင်းရောင်ကိုတွေ့မြင်ရသည်နှင့်တူ၏။ အလင်းရောင်သည် ဟင်းလင်းပွင့်နေသကဲ့သို့ နိဗ္ဗာန်သည်လည်း ဟင်းလင်းပွင့်နေ၏၊ ပကတိမျက်စိကောင်းသူသည် ဟင်းလင်းပွင့်နေသော အလင်းရောင်ကို တွေ့မြင်ရ၏။ ထို့အတူ ဓမ္မစက္ခုဟူသော တရားမျက်စိရရှိလာသူသည် ဟင်းလင်းပွင့်နေသော နိဗ္ဗာန်ကို တွေ့မြင်နိုင်၏။"

ဤစကားအရ 'နိဗ္ဗာန်သည် အလင်းရောင်နှင့် တူသည်'ဟု သိသာ၏။ 'အလင်းရောင်နှင့်သာတူသည်။ အလင်းရောင်ကား မဟုတ်'ဟူသောအချက်ကိုလည်း သတိရှိကြရပါမည်။

အကယ်၍ "အလင်းရောင်နှင့်တူသော တရားမျှသာ မဟုတ်သေး။ အလင်းရောင်တမျိုးလည်း ဖြစ်သည်" ဟု ယူဆပါက 'အာလောကပညတ်' ဖြစ်သွားရာ၏။ နိဗ္ဗာန်သည် ပညတ်မဟုတ်။ ပရမတ္ထတရားသာ ဖြစ်ပါသည်။

---

* သဋ္ဌာယတနသံယုတ်၊ ဒေဝဒဟဝဂ္ဂ ရူပါ ရာမသုတ်ရှိ ဂါထာ၂ခုတို့ကိုအဋ္ဌကထာနှင့်အညီပြန်ဆိုထားပါသည်။

## အလင်းရောင်နှင့်နိဗ္ဗာန်

(ဂ)။ ။အာလောကပညတ် တည်းဟူသော အလင်းရောင်သည်ပကတိအမိုက်မှောင်ကို ပယ်ဖျောက်၏။နိဗ္ဗာန်ကား မောဟအမှောင်ကို ပယ်ဖျောက်၏။ ထို့ကြောင့် 'ရာဂ ဒေါသ မောဟ ပယ်သောတရားဟူသည်မှာ နိဗ္ဗာန်၏ အမည်တမျိုးဖြစ်သည်'* ဟူ၍ မြတ်ဗုဒ္ဓမိန့်ဆိုတော်မူခဲ့ခြင်းဖြစ်ပါသည်။

အလင်းရောင် ကြည့်နေသူ၏ ပကတိမျက်စိ အမြင်သည် မမှောင်ပဲ လင်းနေ၏။ ထို့အတူ ဖလသမာပတ်ဝင်စားသော အားဖြင့် နိဗ္ဗာန်ကြည့်နေသည့် အရိယာ၏ ဉာဏ်မျက်စိသည် မမှောင်ပဲ လင်းနေ၏။ စိတ်အစဉ်ကလည်း မနောက်ကျုပေ။ ကြည်လင်နေ၏။ စိတ်အစဉ်က ကြည်လင်ပြီး၊ ဉာဏ်အမြင်က တွန်းလင်းနေသည့်အတွက် 'အာလောကော ဥဒပါဒိ = အလင်းရောင် ဖြစ်ပေါ်လာပြီ'ဟု မြတ်ဗုဒ္ဓက ထုတ်ဖော်ကျူးရင့်တော်မူခဲ့သော ဥဒါန်းစကားကို တရားဦးဓမ္မစကြာတွင် သံဂါယနာတင်လားတော်မူကြပါသည်။

တခါ၊ နိဗ္ဗာန်၏အမည်များစွာရှိသည့်တို့အနက်'ဒီပ'ဟူသော အမည်တခုပါရှိ၏။ ဒီပဟူသည်မှာ 'ဆီမီး'ဟူ၏။ အကြောင်းမူ 'အရိယာတို့၏ဉာဏ်မျက်စိကိုသာလျှင် ထွန်းပြတတ်သောကြောင့် 'ဒီပ = ဆီမီး'မည်၏။ §

---

* မဟာဝဂ္ဂသံယုတ်၊ ဒုတိယ အညတရဘိက္ခုသုတ်။

§ အဘိဓာနပ္ပဒီပိကာသူစိ။

ထို့ကြောင့် 'ပကတိမျက်စိခေါ် မံသစက္ခုကို အလင်းခတ်ပေးသော အာလောက ပညတ်ရှိသကဲ့သို့၊ ဉာဏ်မျက်စိခေါ် ဉာဏစက္ခုကိုအလင်းခတ်ပေးသော နိဗ္ဗာန်ပရမတ်သည် ရှိသည်သာ'ဟူ၍ သန္နိဋ္ဌာန်ကျ မှတ်သားအပ်၏။

(ဃ)။ ။ယင်းသို့လျှင် နိဗ္ဗာန်သည် ဉာဏ်မျက်စိကို အလင်းခတ်ပေး၏။လင်းစေ၏။ အမှောင်ပယ်ခွင်းပစ်၏။ပယ်ပစ်သော အမှောင်ကား အခြားမဟုတ်။ မောဟသာတည်း။ မောဟ အပယ်ခံရသောအခါ မောဟ၏ နောက်လိုက် နောက်ပါများဖြစ်ကြသည့် လောဘ ဒေါသတို့လည်း မောဟနှင့်အတူ လွင့်ပျောက်ပျက်စီးသွားကြ၏။ ထို့ကြောင့် နိဗ္ဗာန်ကို အာရုံပြုနေ၊ ကြည့်နေသောအားဖြင့် ဖလသမာပတ်ဝင်စားနေသည့်အရိယာ အရှင်မြတ်တို့၏ စိတ်အစဉ်တွင် လောဘ ဒေါသ မောဟများ ကင်းစင်နေ၏။ စိတ်ကြည်လင်၏။ စိတ်ချမ်းသာ၏။ စိတ်မဆင်းရဲ။ စိတ်ဆင်းရဲစေသောအရာ၊ ဝါ- ဥပဒ်ဘေးများ ကင်းမဲ့နေ၏။ဥပဒ်ကင်းမဲ့ခြင်းကို နိရုပဒ်ဟုခေါ်၏။ ထို့ကြောင့် နိရုပဒ်ဟူ၍ နိဗ္ဗာန်၏ ဂုဏ်ပုဒ်ဘာမျိုးရှိနေခြင်း ဖြစ်ပါသည်။

## စိတ်ကိုခြယ်လှယ်သောအာရုံ

(င) တဆက်တည်းမှာလည်း ဤသို့သိရှိနိုင်ပါသည်—

— နိဗ္ဗာန်အစရှိသော စိတ်ချမ်းသာစေသည့်အာရုံ၊

— မချစ်မနှစ်သက်သူစသော စိတ်ဆင်းရဲစေသည့် အာရုံ၊

— မိမိနှင့်မပတ်သက် မိမိကလည်း မသိကျွမ်းဖူးသူ စသော စိတ်မဆင်းရဲ မချမ်းသာစေသည့်အာရုံ၊

ဤသို့လျှင် စိတ်ကို ချမ်းသာ ဆင်းရဲစေသည့် အစွမ်းသတ္တိအားဖြင့် အာရုံ ၃ မျိုးရှိပါသည်။

မှန်ပါသည်။ ဤသည်နှင့် ပတ်သက်၍ သောတာပန်ဘယောက်၏အဖြစ်ကို လေ့လာသိရှိနိုင်ပါသည်။

မြေးမကလေးသေ၍ ချုံးပွဲချငိုကြွေးသည့် သောတာပန်ကျောင်းအမကြီးဝိသာခါသည် နိဗ္ဗာန်ကိုရရှိထားသည့်သောတာပန်ဖြစ်ပါလျက် နိဗ္ဗာန်ကို အာရုံမပြုပဲ စိတ်ဆင်းရဲစေသည့်အာရုံကို အာရုံပြုမိသောအခါ စိတ်ဆင်းရဲရ၏။

ယင်းသို့လျှင်၊ စိတ်ဆင်းရဲနေသော သောတာပန်များက၊ မိမိတို့စိတ်ဆင်းရဲမှုကို ပြေပျောက်စေလို၍၊ နိဗ္ဗာန်ကို လှမ်းအာရုံပြုလိုက်သည်နှင့် တပြိုင်နက်၊ စိတ်ဆင်းရဲမှုများ ကြက်ပျောက်ငှက်ပျောက်ပျောက်သွားကြ၏။ အမှန်တကယ်ပင် စိတ်ချမ်းသာလာကြ၏။

ထိုမှတဖန်၊ သာမန်အာရုံများကို ပြန်လည်အာရုံပြုကြသောအခါ၊ စိတ်သည် ဆင်းလည်းမဆင်းရဲ၊ ချမ်းလည်းမချမ်းသာပဲ၊ သာမန်အနေအထားမျိုး ပြန်ဖြစ်သွား၏။

ထို့ကြောင့် အာရုံသည် စိတ်ကို ချမ်းသာဆင်းရဲ စေသည့် အစွမ်းသတ္တိ ရှိ၏။ အသိခံသည် အသိကို ချမ်းသာဆင်းရဲအောင် ပြုနိုင်စွမ်းသတ္တိရှိ၏။ အသိစိတ်သည် သိစရာ အသိခံ အာရုံက ပြုသမျှ နရတတ်၏။ သိစရာ အသိခံအာရုံက ပြုသမျှ နရသည့် စိတ်သည် နု၏။ မရင့်ကျက်သေး။ ရင့်ကျက်သော စိတ်ကား

အာရုံတို့က ပြုသမျှ မနေရတော့ပေ။ အာရုံတို့က ချောက်ချားသော်လည်း မလှုပ်ရှားတော့ပါ။ တည်ငြိမ်နေ၏။ ရပ်တည်ချက်မရွေ့ရှား။ မပြောင်းလဲ။ တမျိုးပြီးတမျိုး မဖြစ်တော့ပါ။ တမျိုးတစားတည်းသာဖြစ်၏။စိတ်ထားမှန်သွားပြီဖြစ်၏။ ယင်းသို့သော စိတ်ဓာတ်မျိုးကို "တာဒိဂုဏ်နှင့် ပြည့်စုံသောစိတ်ဓာတ်" ဟု ဆိုရ၏။ ဘုရား ရဟန္တာအရှင်မြတ်များ၏ စိတ်ဓာတ်များပင် ဖြစ်၏။

မှန်ပါသည်။ တာဒိဂုဏ်ရှင် ဘုရားရဟန္တာဟူသော အဓိပတိသူတော်စင်ကြီးများကား မည်သည့်အာရုံနှင့် တွေ့တွေ့၊ တွေ့လာသမျှသော အာရုံသည်တုန်လှုပ်ခြင်းမှုမရှိတော့ပါပြီ။ အတူတူပင်ဖြစ်၏။ "မတည်မြဲသောတရား၊ ဆင်းရဲသောတရား၊ အစိုးမရအနှစ်သာရမရှိသောတရားတွေချည်းသာ ဖြစ်သည်" ဟူသော အမြင်မှာ ကြည်လင်ပြတ်သားနေ၏။

"ဝမ်းသာစရာလည်း ဖြစ်ပြီး ပျက်တဲ့ ဖြစ်ပျက်။ ဝမ်းနည်းစရာလည်း ဖြစ်ပြီး ပျက်တဲ့ ဖြစ်ပျက်။ အားလုံး ဖြစ်ပျက်တွေချည်းသာ" ဟူသော ယထာဘူတဉာဏ် အမြင် ကြီးစိုးလွှမ်းမိုးနေသည့် သူတို့၏ စိတ်ဓာတ်ကို အာရုံတို့က အရူးလုပ်၍ မရတော့ပါ။ အရူးတွေမဟုတ်တော့ပါ။ မရူးတော့ပါ။ မရူးတော့၍ ငိုလိုက်ရယ်လိုက်၊ ဝမ်းသာလိုက် ဝမ်းနည်းလိုက်ဖြင့် ကလေးမဆန်တော့ပါ။ ကလေးမဟုတ်တော့ပါ။ လူကြီးဖြစ်နေကြပါပြီ။ ရင့်ကျက်နေကြပါပြီ။ တည်ကြည်နေကြပါပြီ။

"ကလေးနှင့် သူရူးတို့သာ ငိုကြ၊ ရယ်ကြ၏။ လူကြီးနှင့် လူကောင်းတို့ကား မငိုကြ၊ မရယ်ကြတော့ပါ။ မငိုမရယ်သူ လူကြီးနှင့်လူကောင်းတို့ကား အရိယာမျိုး။ ငိုရယ်သူကလေးနှင့်

သူရှူးတို့ကား ပုထုဇဉ်မျိုး။ ထို့ကြောင့် "ပုထုဇ္ဇနော ဥမ္မတ္တကော=ပုထုဇဉ်ဟူသည် အရူး" ဟူသော အမြင်ကား အရိယာတို့က ပုထုဇဉ်များအပေါ် ရှုမြင်သော အကြည့်အမြင် ဖြစ်ပါသည်။

"ကလေးလေးတယောက် ငိုနေလိုက်တာ၊ သနားစရာပါပဲ" ဟု လူကြီးတွေကဆိုတတ်ကြ၏။ ထို့အတူ အရိယာတို့ကလည်း ဤသို့ ဆိုကြပေလိမ့်မည်— "ဩော်...ပုထုဇဉ်တွေ၊ ငိုနေလိုက်ကြတာ။ သနားစရာ ကောင်းပါဘိတော့လေ။"

အသက်ကကြီးသော်လည်း အသိဉာဏ်မကြီးသူသည် လူအိုသာ ဟုတ်၏။ လူကြီးမဟုတ်။ လူငယ်သာဖြစ်၏။ လူငယ်အရာမှာသာ နေရ၏။ အသက်ကငယ်သော်လည်း အသိဉာဏ်ကြီးသူကား ကလေးလူငယ်မဟုတ်။ လူကြီးဖြစ်၏။ လူကြီးအရာမှာ နေရ၏။ လူကြီးဟု အသိအမှတ် ပြုကြရ၏။

လူကြီးလူကောင်းဖြစ်ဖို့ အသိဉာဏ်ကြီးမားရင့်ကျက်အောင် ကျောင်းနေကြရ၏။ ထိန်းကျောင်းပေးကြရ၏။ လေ့ကျင့်ပေးကြရ၏။ ကျင့်ကြံကြိုးကုတ် အားထုတ်ကြရ၏။ ကျင့်ကြံကြိုးကုတ်အားထုတ်ပေးမည်၊ ထိန်းကျောင်းပေးမည်ဆိုပါက နုသော အသိဉာဏ်သည် ရင့်ကျက်လာ၏။ ငယ်သော အသိဉာဏ်သည် ကြီးထွားလာ၏။

(စ)။ ။အထက်ပါတို့ကိုသဘောပေါက်လာပါက၊ အောက်ပါဒေသနာတော်ကိုလည်း သိမြင်နိုင်ပါပြီ။

"[နိဗ္ဗာန်ကို မဂ်စိတ် ဖိုလ်စိတ်ဟု ဆိုအပ်သည့်] မနောဝိညာဏ် ထူးဖြင့်သာ သိအပ်၊ သိနိုင်၏။ စက္ခုဝိညာဏ်ဖြင့် မမြင်အပ်၊ မမြင်နိုင်၊ မမြင်စကောင်းပါ။

[ကောင်းကင်သည် အဆုံးအစမရှိ အနန္တဖြစ်ဘိသကဲ့သို့ နိဗ္ဗာန်သည်လည်း] အဆုံးအစမရှိ၊ အနန္တဖြစ်ဘိ၏။ အလုံးစုံမှ [ကိလေသာအမှောင်၊ ဝင်းပြောင်ကင်းစင်၍ အလင်းရောင်အသွင်] ကြည်လင်တောက်ပ၏။"*

— * —

## နိဗ္ဗာန်မှာ ဘာတွေရှိသနည်း

၁၉။၊ (က)။ ။နိဗ္ဗာန်မှာ ပထဝီဓာတ် အာပေါဓာတ် တေဇောဓာတ် ဝါယောဓာတ်မရှိ၊ ဆောက်တည်ရာမရ။ —၁။**

— သောကြာကြယ်တို့မတောက်ပ။ နေမလင်း။ လမသာ။ သို့သော် အမှောင်မရှိ။ —၂။¶

— [နိဗ္ဗာန်သည်] ဤလောက မဟုတ်။ တမလွန်လောက မဟုတ်။ —၃။×

— နိဗ္ဗာန်၌ အတိုအရှည်၊ အကြီးအငယ်၊ အထူအပါး။ လှမလှ ချုပ်၏။မရှိ။ —၄။§

---

* သီလက္ခန္ဓဝဂ္ဂ ကေဝဋ္ဋသုတ်လာ ၂ဂါထာတို့အနက်ပထမဂါထာ၏ ပုဗ္ဗဒ္ဓ။

** ဥဒါန်းပါဠိတော် ဗောဓိဝဂ္ဂ ဗာဟိယသုတ်၊ ပါဋလိဂါမိယဝဂ္ဂ ပထမ နိဗ္ဗာနပဋိသံယုတ္တသုတ်နှင့် ဒီဃနိကာယ် သီလက္ခန္ဓဝဂ္ဂ ကေဝဋ္ဋသုတ်တို့။

¶ ဗာဟိယသုတ်နှင့် ပထမနိဗ္ဗာနပဋိသံယုတ္တသုတ်တို့။

× ပထမနိဗ္ဗာနပဋိသံယုတ္တသုတ်။ § ကေဝဋ္ဋသုတ်။

(ခ)။ ။အထက်ပါအတိုင်း ဟောကြားတော်မူခဲ့သည့် မြတ်ဗုဒ္ဓ၏ အမြင်ဖြင့် ကြည့်သော်—

— "နိဗ္ဗာန်၌ ရုပ်ထူး ဝိသေသရှိသည်" ဟူသော အယူအဆ။

— "နိဗ္ဗာန်ဘုံ၌ ရွှေရောင် ငွေရောင်တို့ဖြင့် တပြောင်ပြောင် တဝင်းဝင်း တောင့်ပတင့်တယ်နေကြသော သုခဘုံ နန်းဗိမာန်များ ရွှေသီး ငွေသီးတို့ဖြင့် ရှုမငြီးအောင် လှပတင့်တယ်သော သစ်ပင် သစ်သီးများ၊ ရွှေရည် ငွေရည်များဖြင့် တသွင်သွင် တငြိမ့်ငြိမ့်နှင့် တသိမ့်သိမ့် ကခုန် စီးဆင်းနေသော ရွှေမြစ် ငွေမြစ်များ ရှိသည်" ဟူသော အယူအဆ။

"ဤအယူအဆများသည် လုံးဝ မှားယွင်းကြ၏။ ငါဘုရား၏ အယူအဆများ မဟုတ်ကုန်။ ငါဘုရား၏ အသိအမြင်နှင့် လုံးဝ ဆန့်ကျင် ကွဲလွဲကုန်၏။ ငါဘုရားကို မဟုတ်မမှန် လုပ်ကြံ စွပ်စွဲချက်များသာ ဖြစ်ကုန်ဘိ၏" ဟူ၍ မြတ်ဗုဒ္ဓက ယတိပြတ် ပယ်ချတော်မူကြောင်း ကောင်းကောင်းကြီး သိမြင်နိုင်ကြပါသည်။

## နိဗ္ဗာန်၌ ရုပ်တရား လုံးဝ မရှိ

(ဂ)။ ။မှန်ပါသည်။ ရုပ်ထူးပင် ဖြစ်စေ၊ ဘုံဗိမာန်ပင် ဖြစ်စေ ဤသည်တို့မှာ ပထဝီ အာပေါ တေဇော ဝါယောဟူသော ဓာတ်ကြီးလေးပါးတို့၏ အပေါင်းအစု အဖွဲ့အစည်းများပင် ဖြစ်၏။ပေါင်းစု ဖွဲ့စည်းရာ ဖွဲ့စည်းကြောင်းဖြစ်သည့် ဤဓာတ်ကြီးလေးပါး မရှိဟု ဆိုကာတည်းက အပေါင်းအစု အဖွဲ့အစည်း

ဖြစ်လာမည့် ရုပ်ထူး ဝိသေသရော ဘုံဗိမာန်ပါ ဘယ်နည်းနှင့်ကမှ မရှိနိုင်ကြောင်း ကောင်းကောင်းကြီး သိသာထင်ရှားလှပါသည်။ ဥပမာ—စုစည်းရာ စုစည်းကြောင်းဖြစ်သည့် ထင်းတချောင်းကမှ မရှိပါဟု ဆိုကတည်းက အစုအစည်း ဖြစ်လာမည့် ထင်းစည်း ဟူသည်မှာ ဘယ်နည်းနှင့်ကမှ ရှိမလာနိုင်သည်နှင့် အတူတူပင် ဖြစ်ပါသည်။

တနည်းဆိုသော် "အစိတ်မရှိ" ဟုဆိုခြင်းဖြင့် "အပေါင်းမရှိ" ဟု ဆိုခြင်းကိစ္စမှာ အလိုလို ပြီးသွား၏။ ဥပမာ— "ထုပ်လျှောက် ဒိုင်းများ စသော အစိတ်အပိုင်းများ မရှိ" ဟု ဆိုခြင်းဖြင့် "အိမ် ဟူသော အပေါင်းမရှိ" ဟူ၍ ဆိုခြင်း ကိစ္စမှာ အလိုလို ပြီးသွားသည်နှင့် တူပါသည်။

ဤတွင်လည်း "ပထဝီ အာပေါ တေဇော ဝါယော ဟူသော အစိတ်အင်္ဂါရုပ်တို့ မရှိ" ဟု ဆိုထားပြီ ဖြစ်သဖြင့် "ရုပ်ထူး ဝိသေသနှင့် ဘုံဗိမာန် စသော အပေါင်း ကိုယ်ထည်ရုပ်များ မရှိ" ဟု အထူးတလည် ထပ်မံ၍ ဆိုနေစရာ မလိုအပ်တော့ပဲ ဤသည်တို့ မရှိကြောင်းကို နားလည်ထားပြီး ဖြစ်ရပါမည်။

သို့ပါလျက် "ရုပ်ထူး ဝိသေသရှိသည်။ ဘုံဗိမာန်ရှိသည်" ဟု ဆိုခြင်းဖြင့် "အပေါင်း ရုပ်ရှိသည်။ အပေါင်း၏ အစိတ်ဖြစ်သည့် ပထဝီ အာပေါတေဇောဝါယော ရုပ်များလည်း ရှိသည်" ဟု ဆိုပြီးသား ဖြစ်သွားတော့၏။

ဤအဆိုသည် "အပေါင်းရုပ်များ ရှိဖို့မဆိုထားနှင့်၊ အစိတ် ရုပ်များဖြစ်သည့် ပထဝီ အာပေါ တေဇော ဝါယောရုပ်များ

သော်မှ နိဗ္ဗာန်မှာမရှိ”ဟူသော မြတ်ဗုဒ္ဓ၏အဆိုနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေပါပြီ။

သည်တော့၊ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသည့် ဤအဆိုနှစ်ခုတို့အနက်၊ တခုကမှား၍ တခုကမှန်ရပေတော့မည်။ အဘယ်ကမှား၍၊ အဘယ်ကမှန်ပါမည်နည်း။

အမှန်အားဖြင့်၊ အပေါင်းဖြစ်စေ၊ အစိတ်ဖြစ်စေ၊ အထူးဖြစ်စေ၊ သာမန်ဖြစ်စေ တစုံတခုသောရုပ်သည် နိဗ္ဗာန်မှာရှိသည်ဟူ၍ ယူဆပြောဟောခြင်းသည် ဖော်ပြပါဘုရားဟောဖော်သာ မုတ္တသိက ဒေသနာတော်ကို မကြည့်ဖူး၊ မတွေ့ဖူးသည့်အတွက်ကြောင့်သာ ယူဆပြောဟောခြင်း ဖြစ်ခဲ့လေရာ၏။

သို့မဟုတ်၊ ကြည့်ဖူး၊ တွေ့ဖူးသည့်တိုင်၊ ဘုရားဟောဖော်ပါဠိတော်၏အာဘော်ကို ယထာဘူတဆိုက်အောင် ဖော်ထုတ်သိမြင်နိုင်သည်အထိ၊ လေးနက်ရင့်ကျက်သည့် အသိအမြင်များ အားနည်းချို့တဲ့နေသည်မှာကား သိသာထင်ရှားလှပါသည်။

၂၀။ ။ကောင်းကင်သည် အဆုံးမရှိ၊ အစမဲ့။ အနန္တဖြစ်ဘိ၏။ နိဗ္ဗာန်သည်လည်း အဆုံးမရှိ၊ အစမရှိ။ အနန္တဖြစ်ဘိ၏။ ကောင်းကင်တွင် နေလ နက္ခတ် တာရာ ကြယ်တကာတို့ရှိကုန်၏။ နိဗ္ဗာန်တွင်မူ နေလနက္ခတ်တာရာ ကြယ်တကာတို့မရှိကြ။ ကောင်းကင်သည် လင်းချည်တခါ၊ မှောင်ချည်တလှည့်ဖြစ်၏။ နိဗ္ဗာန်ကား လင်းချည်တခါ၊ မှောင်ချည်တလှည့်မဟုတ်။ အခါခပ်သိမ်း ထွန်းလင်းနေ၏။

ယင်းသို့လျှင်၊ နိဗ္ဗာန်တွင် သင်္ခါရတရားနှင့်စပ်သမျှ ဘာဆိုဘာကမှမရှိပါ။ ထို့ကြောင့် “သုညတနိဗ္ဗာန်=သင်္ခါရအားလုံးဆိတ်သုဉ်းသည့် အငြိမ်းဓါတ်”ဟု ဆိုရ၏။

အတို, အရှည်၊ အထူ, အပါး၊ အကြီး, အငယ်၊ လှ, မလှ၊ တင့်တယ်, မတင့်တယ် စသည်တို့သည် သင်္ခါရတရားတို့၏ အရိပ် နိမိတ်များဖြစ်ကြ၏။ သင်္ခါရရှိလျှင် ယင်းတို့ရှိကြ၏။ သင်္ခါရမရှိလျှင် ယင်းတို့မရှိကြ။ သင်္ခါရအားလုံး ကင်းမဲ့ဆိတ်သုဉ်းနေသည့် နိဗ္ဗာန်တွင် သင်္ခါရနိမိတ်ဖြစ်သည့် ယင်းအတိုအရှည်စသည်တို့လုံးဝ ကိုမရှိပါ။ ထို့ကြောင့်–'အနိမိတ္တနိဗ္ဗာန်= သင်္ခါရနိမိတ်မရှိသော အငြိမ်းဓာတ်'ဟု ဆိုရ၏။ ဤအနိမိတ္တဟူသောစကားဖြင့်"နိဗ္ဗာန်တွင် သင်္ခါရတရားများက အကောင်အထည်အားဖြင့် ရှိဖို့နေနေသာသာ၊ ယင်းတို့၏ အရိပ်နိမိတ်အရိပ်အရောင်ကိုသော်မှ မတွေ့ရ၊ မမြင်ရပါ။ ဘုန်းကြီးနှင့်ဘိုး(=ဖြိုး)ဘယ်နည်းနှင့်ကမှ မအပ်စပ်သကဲ့သို့၊ နိဗ္ဗာန်နှင့် သင်္ခါရသည် ဘယ်လိုမှဆက်စပ်မှုမရှိ" ဟူသော အဓိပ္ပာယ်ကို သိရှိနိုင်ပါသည်။

— * —

## နိဗ္ဗာန်၌ နာမ်တရားလုံးဝမရှိ

၂၁။ ။(က)။ ။ "နိဗ္ဗာန်၌ အာကာသာနဉ္စာယတန စျာန်စိတ်မရှိ။ ဝိညာဏဉ္စာယတနစျာန်စိတ်မရှိ။ အာကိဉ္စညာယတန စျာန်စိတ်မရှိ။ နေဝသညာနာသညာယတန စျာန်စိတ် မရှိ။" –၁။*

---

[၁] ဥဒါန်းပါဠိတော်၊ပါဋလိဂါမိယဝဂ်၊ပဌမနိဗ္ဗာနပဋိသံယုတ္တသုတ်။

—"နိဗ္ဗာန်၌ နာမ်တရားရော ရုပ်တရားပါ အကြွင်းမဲ့ ချုပ်၏။ အဘိသင်္ခါရဝိညာဏ်ချုပ်ခြင်းကြောင့် ယင်း [နာမ်ရုပ်တရား]တို့ အားလုံး ချုပ်ငြိမ်းသွားကြ၏။"
—၂။*

(၁)။ ။အာကာသာနဉ္စာယတန စျာန်စိတ်စသော စိတ်၄-မျိုးကို အရူပစိတ်များခေါ်၏။ ယင်းတို့သည် လောကီစိတ်များ အနက် အဆင့်အတန်းအမြင့်ဆုံးဖြစ်၏။ အသိမ်မွေ့ဆုံးဖြစ်၏။ ဤစိတ်နာမ်တရားများသော်မှ နိဗ္ဗာန်၌မရှိပါ။ နိဗ္ဗာန်ကိုအာရုံ မပြုနိုင်ကြပါ။

ယင်းတို့လောက်မှ အဆင့်မမြင့်, မသိမ်မွေ့သောစိတ်များ ကား နိဗ္ဗာန်၌ ရှိဖို့,အာရုံပြုနိုင်ဖို့ အရေးကား ဝေးစွ့ခြောက် ပါး။ လားလားမျှမဆိုင်ပါ။ ထို့ကြောင့်— 'နိဗ္ဗာန်၌ နာမ် တရား ရုပ်တရားဟူသော သင်္ခါရတရားဆိုပါလျှင်၊ မည်သည့် အသွင်အပြင်ဖြင့်ကမျှ မရှိ'ဟု ယတိပြတ်မှတ်သားရပါမည်။

သို့ပါလျက် "နိဗ္ဗာန်၌ နာမ်ထူးဝိသေသရှိသည်"ဟူ၍လည်း ကောင်း၊ "သုခဘုံနန်းဗိမာန်၌ နိဗ္ဗာန်ချမ်းသာကို အေးချမ်းငြိမ် သက်စွာခံစားနေကြသော ရဟန္တာသူတော်စင်ကြီးများရှိသည်" ဟူ၍လည်းကောင်း ယူဆပြောဟောကြသော ဤအယူအပြော အဟောများသည် မြတ်စွာဘုရား၏ အလိုတော်နှင့် နီးစပ်မှုလုံးဝ မရှိကြောင်း၊ ဖော်ပြပါဒေသနာတော်များကို ကြည့်လျှင်သိသာ လှပါသည်။

---

* သီလက္ခန္ဓဝဂ်၊ ကေဝဋ္ဋသုတ်။

မှန်ပါသည်။ ဤအယူအဆများသည် လေးစားလောက်သည့် ပညာဂုဏ်ကားမရှိရာ၊ ကြည်ညိုလောက်သည့် သီလဂုဏ်၊ သမာဓိဂုဏ်တို့လောက်သာ ရှိကြမည်ဖြစ်သူတို့၏ ဝေဒယိတသုခအစွဲမကင်းသော အတွေးအကြံနှင့် နိဗ္ဗာန်၏ အပ္ပဏိဟိတသဘာဝကို စိုးစဉ်းမျှမရိပ်မိသော အသိအမြင် အားနည်းခြင်းတို့မှ ပေါက်ဖွားလာခြင်းသာ ဖြစ်ခဲ့လေရာ၏။

သာမာန်လူသား ပုထုဇဉ်များက "နိဗ္ဗာန်တွင် ယခုခံစားနေကြရသော ဒုက္ခများမရှိ။ ယခုခံစားနေကြရသည့် သုခဝေဒနာထက် အဆပေါင်းများစွာပိုသော ချမ်းသာသုခများရှိသည်"ဟု ထင်မြင်ယူဆထားကြသောကြောင့်သာ နိဗ္ဗာန်ကိုလိုချင်နေကြသည်က များ၏။ "နိဗ္ဗာန်တွင် ယခုချမ်းသာခြင်းမျိုး (=ဝေဒယိတသုခ)မရှိ။ ဤချမ်းသာခြင်းမျိုးကို လုံးဝမခံစားရ"ဟုဆိုပါလျှင် "ဒီလိုဆိုယင် နိဗ္ဗာန်ကို ဘာလုပ်ရမှာလဲ။ ပျင်းစရာကြီး။ ဒါမျိုးတော့ မလိုချင်ပါဘူး" ဟု ဆိုလာသူတို့သာ များနေပါလိမ့်မည်။

ဤသို့လျှင် တဏှာအစွဲကလည်းမကင်း၊ ပညာအမြင်ကလည်း အားနည်းသော အတွေးအကြံဖြင့် "နိဗ္ဗာန်တွင် ယခုထက်အဆပေါင်းများစွာ သာလွန်မြင့်မြတ်သော သုခရှိသည်" ဟူသော အပြောအဟောများကို တလွဲအဓိပ္ပာယ်ကောက်ရာမှ "ဤရုပ်ဤနာမ်ဖြင့်ခံစားရသော သုခမျိုးမဟုတ်။ ရုပ်ထူးဝိသေသ၊ နာမ်ထူး ဝိသေသဖြင့်သာ စံစားရသော သုခထူးဝိသေသသာ ဖြစ်၏။ ထိုသုခထူး ဝိသေသကိုစံစားနေရသည့် ရုပ်ထူးနာမ်ထူး ပုဂ္ဂိုလ်ထူးဝိသေသများ နိဗ္ဗာန်တွင်ရှိရမည်။ ရှိသည်"ဟူသော အယူ

အကြည့်, အယူအဆ, အပြော အဟောများ ပေါ်ပေါက်လာခဲ့ခြင်းသာ ဖြစ်တန်ရာ၏။

ဤသည်မှာ တပ်မက်ခြင်း တဏှာပစ္စဝိအရင်းခံ နေသည့် အတွေးအကြံ့ဝိတက်၏ သက်သေခံ အမှတ်တံဆိပ်သာ ဖြစ်၏။ ယထာဘူတဆိုက်အောင် စူးယူထက်မြက်သည့် ပညာအမြင်၏ လက္ခဏာကား မဟုတ်ပါချေ။

တကယ်တော့ ဤအတွေးအကြံရှင်တို့ ထင်မြင်ယူဆထားသည့် သုခထူးဝိသေသများ နိဗ္ဗာန်၌ လုံးဝမရှိ။ ဤသုခထူး ဒုက္ခထူးများမရှိ ကင်းမဲ့နေခြင်းကိုပင်လျှင် “ချမ်းသာသည်”ဟု ဆိုရ၏။ ထို့ကြောင့်“ဧတဒေဝ ခွေတ္ထ အာဝုသော သုခံ၊ ယဒေတ္ထ နတ္ထိ ဝေဒယိတံ=ငါ့ရှင်ဥဒါယီ၊ နိဗ္ဗာန်၌ ခံစားအပ်သော ဝေဒယိတသုခဒုက္ခဟူ၍မရှိ။ ဤခံစားအပ်သောဝေဒယိတ သုခဒုက္ခမရှိခြင်းသည်ပင် ချမ်းသာ၏”* ဟူ၍ ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာမထေရ်မြတ်က မိန့်ဆိုတော်မူခဲ့ပါသည်။

သို့ဖြစ်ရကား နိဗ္ဗာန်ချမ်းသာဟူသည်မှာ ပုထုဇဉ်တို့ အနေဖြင့် မက်မောလောက်သည့် ချမ်းသာမဟုတ်။ ကိလေသာရှိသူတို့ မမက်မောသည့် ချမ်းသာမျိုးဖြစ်၏။ ကိလေသာ မရှိသူတို့ တန်ဖိုးထားသည့်ချမ်းသာ၊ အဆင့်အတန်းမြင့်သော ချမ်းသာ၊ အပြစ်ကင်းသော ချမ်းသာ၊ သန္တိသုခသာ ဖြစ်ပါချေသည်။

— * —

---

* မဟာပဏ္ဏာသ်ယုတ္တ၊ နိဗ္ဗာနသုခသုတ္တ။

## သန္တတိသုခကိုမှန်းဆနိုင်မည့် နမူနာ

(၂၂)။ ။ဤသည်ကို အနီးကပ် မှန်းဆနိုင်မည့် ဖြစ်စဉ်ဘခုကို ထုတ်နုတ်၍ လေ့လာကြည့်နိုင်ပါသည်။

ယခုခေတ်တွင် အသံလည်းကြား၊ အရုပ်လည်း မြင်ရသည့် ရုပ်ရှင်, ရုပ်မြင်သံကြား,ဗီဒီယိုများ ပေါ်နေပါပြီ။ ယင်းတို့အနက် ဗီဒီယိုတိတ်ခွေများသည်ကက်ဆက်တိတ်ခွေများကဲ့သို့ပင် မိမိနေရာမှာ ထပ်တလဲလဲဖွင့်၍ အလွယ်တကူ ကြည့်ရှုနားထောင်နိုင်ကြပါသည်။

သည်တော့ မိမိ ႏွကြိုက်ဆုံးဇာတ်လမ်းပါရှိသည့် ဗီဒီယို တိတ်ခွေတခုကို ရွေးထုတ်လိုက်ပါ။ နောက် ဖွင့်လိုက်ပါ။ အသံကိုလည်းကြား၊ အရုပ်များကိုလည်း မြင်နေရပါပြီ။ ထိုအခါ အလွန်သဘောကျနေပါသည်။ စိတ်ထဲတွင် အလွန်ပျော်ရွှင်ချမ်းမြေ့နေပါသည်။ ပတ်ဝန်းကျင်ကို သတိမရ၊ လောကကြီးကို မေ့နေပါပြီ။ အားရကျေနပ်ပြီး အပျော်ကြီး ပျော်မွေ့ကြည်နူးနေပြီဖြစ်ပါသည်။

ဤသို့သော ပျော်မွေ့ကြည်နူးခြင်းကိုသာ ခံစားနေနိုင်ရန် ထိုဇာတ်လမ်းဆုံးသွားသောအခါ ပြန်ဖွင့်ပါ။ ပြန်လည်၍ ကြည့်ရှုနားထောင်ပါ။ ဆုံးသွားတိုင်း ပြန်ဖွင့်ပါ။ ဆုံးလိုက် ဖွင့်လိုက်ဖြင့် ကြည့်ရှုနားထောင်နေပါ။

ဤသို့ ဖွင့်ဖန်များ၍ ကြည့်ရှုနားထောင်ရသည်မှာ ကြာမြင့်လာသောအခါ အဘယ်သို့များ ဖြစ်လာပါမည်နည်း။

ကြာလာသောအခါ ကြည့်ရှုနားထောင်ရသည်မှာ ဝလာ၊ အီလာ၏။ မျက်စိကလည်း ကျိန်းစပ်၊ နားကလည်း ညည်းလာ၊ ပူလာပြီဖြစ်၏။ မကြည့်ချင်၊ မရှုချင်၊ နားမထောင်ချင်တော့ပါ။ ကြည့်ချင် ရှုချင် နားထောင်ချင်စိတ်များ ကုန်ခန်းလာပါပြီ။ စိတ်ဆင်းရဲလာပါပြီ။ နားမထောင်ချင်တော့ပါ။ နားအေးချင် လာပါပြီ။

သို့ဖြစ်၍ စက်ကို ပိတ်လိုက်သည်။ မျက်စိကို မှိတ်လိုက်သည်။ အသံကလည်း တိတ်သွား၏။ ထိုအခါ မိမိတွယ်တာ နှစ်သက်ခဲ့သည့် ချမ်းသာမှု သုခရော ဆင်းရဲမှုဒုက္ခပါ ချုပ်ပျောက်သွား၏။ ဤသုခ ဒုက္ခများ ချုပ်ပျောက်သွား၍ ဆင်းရဲသွားပါသလား။ ဆင်းရဲသွားမည်မဟုတ်ပါ။ ချမ်းသာလာပါလိမ့်မည်။ 'အမယ်လေး၊ ခုမှပဲ နားအေးသွားတော့တယ်'' ဟု ဆိုရလောက်အောင် ချမ်းသာလာပါလိမ့်မည်။

ဤချမ်းသာမှုတွင် စောစောက တွယ်တာတပ်မက်ခဲ့သည့် သုခဒုက္ခများ လုံးဝမပါရှိပါချေ။ စောစောကတွယ်တာ တပ်မက်ခဲ့သည့် သုခဒုက္ခများအပေါ် ငြီးငွေ့စိတ်ကုန်ပါမှ ချမ်းသာမှု ပေါ်လာ၏။ ဤချမ်းသာမှု ပေါ်လာဖို့အတွက် သုခ ဒုက္ခများ အပေါ် ငြီးငွေ့ စိတ်ကုန်ရပါမည်။ ငြီးငွေ့စိတ်ကုန်မှုကို 'နိဗ္ဗိန္ဒ' ဟု ခေါ်၏။ ဝိပဿနာအရာတွင် 'နိဗ္ဗိန္ဒဉာဏ်' ဟု ခေါ်ပါသည်။

သည်တော့ သုခ ဒုက္ခတို့ကို ငြီးငွေ့စိတ်ကုန်ခြင်းဖြင့် ရရှိနိုင် သောအရာ၊ ဝါ—နိဗ္ဗိန္ဒဉာဏ်ဖြင့် ရရှိနိုင်သောအရာ၊ ဝါ—သန္တိသုခနိဗ္ဗာန ဟူသည်မှာ တကယ့်အရှိတရား ဖြစ်သည်ကိုလည်း

သဘောပေါက်နိုင်လောက်ပါပြီ။ ထိုသန္တိသုခတွင် လက်ရှိခံစား စံစားနေကြသည့် သုခဒုက္ခများ လားလားမျှမရှိဟူသောအချက်ကိုလည်း မှန်းဆနိုင်လောက်ရာပါပြီ။

ထိုသန္တိသုခကို တပ်မက်မှု တဏှာပဏိဓိဖြင့် ဘယ်သောအခါမျှမရနိုင်ပါ။ မတပ်မက်မှု (ဝိရာဂ=နိဗ္ဗိန္ဒ= အပ္ပဏိဟိတ)ဖြင့်သာ ရရှိနိုင်သော အငြိမ်းဓာတ်ဖြစ်၏။ ထို့ကြောင့် 'အပ္ပဏိဟိတနိဗ္ဗာန်=တဏှာပဏိဓိဖြင့် မတောင့်တအပ်သော အငြိမ်းဓာတ်'ဟု ဆိုရ၏။ သို့ဖြစ်၍ သန္တိသုခနိဗ္ဗာနကို မျက်မှောက်ပြုရရှိရေးတွင် သုခဒုက္ခတည်းဟူသော လောကီတရားများကိုငြီးငွေ့စိတ်ကုန်သည့် နိဗ္ဗိန္ဒဉာဏ်ရှိရေးမှာ မရှိမဖြစ်အမှန်တကယ်လိုအပ်ကြောင်းကိုလည်း သဘောပေါက် နိုင်ကြပါလိမ့်မည်။

— * —

## အဘယ်မှာ နိဗ္ဗာန် တည်မှီ နေပါသနည်း

၂၃။ ။(က)။ ။"နိဗ္ဗာန်သည် တည်ရာမလိုအပ်သော တရားဖြစ်၏။ ဖြစ်ခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သောတရား၊ တစုံ တခုသော စွဲမှီစရာ မလိုအပ်သော တရားဖြစ်၏။ ဤသည်ပင်လျှင် ဆင်းရဲခြင်းဒုက္ခ၏ ဆုံးခန်းတိုင်ခြင်းဖြစ်၏။"*

(ခ)။ ။အိုးအိမ်တိုက်တာ စသော ရုပ်ဝတ္ထုအဆောက်အအုံများသည် ပထဝီမြေကြီးပေါ်တွင်တည်ရှိကြရ၏။ ဤ"တည်ရာ"

---

* ဥဒါန်းပါဠိတော်၊ပါဋလိဂါမိယဝဂ်၊ ပထမနိဗ္ဗာနပဋိသံယုတ္တသုတ်။

များကို "ဘူမိဋ္ဌာန" စသည်ဖြင့် ခေါ်ဆိုကြ၏။ မြင်သိစိတ် စသော စေတသိက်များကား စက္ခုပသာဒ စသော ဝတ္ထုရုပ် များ ပေါ်တွင်တည်ကြရ၏။ ဤ"တည်ရာ"များကိုမူ "ဝတ္ထု၊ အာယတန"ဟူ၍ ခေါ်ဆိုအပ်၏။

ဘူမိဋ္ဌာန စသော တည်ရာများကိုရရှိမှသာ ရုပ်တရားများ သည် တည်ရှိနိုင်ကြ၏။ မရသော် မတည်နိုင်၊ မရှိနိုင်ကြပါ။ ဝတ္ထု၊အာယတနဟူသော တည်မှီရာကိုရရှိမှသာ စိတ် စေတသိက် ဟူသော နာမ်တရားသည် တည်ရှိနိုင်၏။ မရသော် မတည် နိုင်၊ မရှိနိုင်ပါ။

နိဗ္ဗာန်ကား ယင်းရုပ်နာမ်တို့နှင့် ဆန့်ကျင်၏။ ယင်းတို့နှင့် မတူ ရုပ်နာမ်ကဲ့သို့ တည်မှီရာ ဘူမိဋ္ဌာန ဝတ္ထု၊အာယတနတို့ကို ရရှိမှသာ တည်ရှိနိုင်သော တရားမဟုတ်ပါ။ မရပဲ တည်ရှိနိုင် သော တရား ဖြစ်၏။ ထို့ကြောင့် တည်ရှိနိုင်ဖို့ အတွက် နိဗ္ဗာန်သည် "တည်ရာ မလိုအပ်သော တရား = အပ္ပတိဋ္ဌမ္မ" ဖြစ်၏။

ရုပ်တည်နိုင်ဖို့အတွက် အခြားတပါးကို မှီခိုဖို့မလို။ ကိုယ့် ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်သော သဘော၊ ကိုယ့်ဟာ ကိုယ် သီးသီးသန့်သန့် တည်ရှိနိုင်သော တရားဖြစ်၏။

(၈)။ ။ဖြစ်ပြီးလျှင် ပျက်၏။ ပျက်ပြီးလျှင် ဖြစ်ပြန်၏။ ဖြစ်ခြင်းဟူသော အသီးထဲတွင် ပျက်ခြင်း ဟူသော မျိုးစေ့က တပါတည်း ကိန်းအောင်းပါရှိလာ၏။ ပျက်ခြင်းဟူသော အသီး ထဲတွင်လည်းဖြစ်ခြင်းဟူသောမျိုးစေ့ကတပါတည်းကိန်းအောင်း

ပါရှိလာ၏။ ထို့ကြောင့် "အဖြစ်သည် အပျက်၏ မျိုးစေ့။ အပျက်သည် အဖြစ်၏ မျိုးစေ့"ဟု ဆိုနိုင်ပါသည်။

စိတ်စေတသိက် ဟူသော ရုပ်နာမ်ဓမ္မ သခ်ါရများတွင် ဖြစ်ပျက်မျိုးစေ့ ကိန်းအောင်းနေ၏။ ဖြစ်ရ ပျက်ရ၏။

နိဗ္ဗာန်ဟူသော အသင်္ခတတရားတွင်မူ ဖြစ်ပျက်မျိုးစေ့ မကိန်းအောင်း၊ မဖြစ်ရ၊ မပျက်ရပါ။ မဖြစ်ရလျှင် မပျက်ရပါ။ မပျက်ရဖို့ မဖြစ်ရပါ။ အဖြစ်တရား မဟုတ်ရပါ။ အဖြစ်တရားနှင့် မဆီလျော်ရပါ။ အဖြစ်တရားနှင့် ဆန့်ကျင်ရ၏။ ဆန့်ကျင်ဘက် ဖြစ်ရ၏။ ဆန့်ကျင်ဘက်ဖြစ်မှ မဖြစ်ရပါ။ မဖြစ်ရသော တရားခေါ် အသင်္ခတ နိဗ္ဗာန်သည် "ဖြစ်ခြင်း၏ ဆန့်ကျင်ဘက်=အပဝတ္တဓမ္မ"ဖြစ်၏။ ဖြစ်ခြင်း၏ ဆန့်ကျင်ဘက် မဖြစ်ရသော တရားမှသာ မပျက်ရပါ။ မပျက်ရသော တရားခေါ် အသင်္ခတ နိဗ္ဗာန်သည် "ပျက်ခြင်း၏ ဆန့်ကျင်ဘက်=အပလောကိတဓမ္မ"လည်း ဖြစ်၏။ ထို့ကြောင့် အသင်္ခတ နိဗ္ဗာန်သည် မဖြစ် မပျက်ရသော တရား၊ ဖြစ်ခြင်း ပျက်ခြင်းတို့၏ ဆန့်ကျင်ဘက် ဖြစ်သောတရား၊ ဝါ-အပဝတ္တ အပလောကိတဓမ္မဖြစ်၏။

(ဃ)။ ။ရုပ်တည်ရာနှင့် စွဲမှီရာကို အစွဲပြုရပါမှ စိတ်ဟူ၍ ဖြစ်ပေါ် တည်ရှိနိုင်ပါသည်။ ရုပ်တည်ရာကို ဝတ္ထုဟု ခေါ်၏။ စက္ခုဝတ္ထု, သောတဝတ္ထု, ဃာနဝတ္ထု, ဇိဝှာဝတ္ထု, ကာယဝတ္ထု,ဟဒယဝတ္ထု ဟူ၍ တည်ရာဝတ္ထု ခြောက်မျိုးရှိ၏။ စွဲမှီရာကိုမူ အာရုံဟု ခေါ်၏။ ရူပါရုံ, သဒ္ဒါရုံ ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ ဟူ၍ မှီရာ အာရုံ ခြောက်မျိုးရှိ၏။

ယင်းတို့အနက် စက္ခုဝတ္ထုပေါ်တွင် ရပ်တည်ပြီး၊ ရူပါရုံကို အာရုံပြုသောအားဖြင့် စွဲမှီရပါမှ စက္ခုဝိညာဏ်ဟူ၍ ဖြစ်ပေါ်၊ တည်ရှိလာနိုင်ပါသည်။ ထို့အတူ ဟဒယဝတ္ထုပေါ်တွင် ရပ်တည်ပြီး၊ ဓမ္မာရုံကို အာရုံပြုသောအားဖြင့် စွဲမှီရပါမှ မနောဝိညာဏ်ဟူ၍ ဖြစ်ပေါ်၊ တည်ရှိလာနိုင်ပါသည်။

ယင်းသို့လျှင် ရုပ်သည် ဘူမိဌာနပေါ်တွင် ရပ်တည်ရပါမှ ဖြစ်ပေါ် တည်ရှိနိုင်၏။ စိတ်စေတသိက် ဟူသော နာမ်သည်လည်း ဝတ္ထုပေါ်တည်ပြီး အာရုံကို မှီရပါမှ ဖြစ်ပေါ်၊ တည်ရှိနိုင်၏။

စိတ်စေတသိက် ရုပ်တို့မှတပါး နိဗ္ဗာန်ဟူသော စတုတ္ထပရမတ်ကား တည်ရာ ဘူမိဝတ္ထုတို့ကို မလိုအပ်သည့် အပြင်၊ စွဲမှီရာ အာရုံကိုပါမလိုအပ်ပဲ တသီးတခြား လွတ်လွတ်လပ်လပ် တည်ရှိနိုင်၏။ ထို့ကြောင့် နိဗ္ဗာန်သည် "စွဲမှီရာ မလိုအပ်သော တရား=အနာရမ္မဏဓမ္မ" ဖြစ်၏။

တနည်းဆိုသော် နိဗ္ဗာန်သည် "အာရုံ မပြုသော တရား=အနာရမ္မဏဓမ္မ" ဖြစ်၏။ မှန်ပါသည်။ နိဗ္ဗာန်သည် "အာရုံ မပြုသည့် တရား ဖြစ်သောကြောင့် မညွတ်ရ။ မကိုင်းရ။ မလားရ။ မလာရပါ။ နာမ်သည် အာရုံ ပြုတတ်သောကြောင့် ညွတ်ရ။ ကိုင်းရ။ လားရ။ လာရ၏။ အကြောင်းမူ အာရုံပြုခြင်းသည် ညွတ်ခြင်း,ကိုင်းခြင်း,လားခြင်း,လာခြင်း ဖြစ်သောကြောင့်ပင်။ဤသည်ကို ရှေ့တွင် ဆက်လက်တွေ့ရှိ ကြရပါမည်။

— * —

## နိဗ္ဗာန်မှာ ဖွားသေစရင်း မတိုင်ရ

၂၄။ ။(က)။ ။"ရဟန်းတို့၊ ငါဘုရားသည်ထိုနိဗ္ဗာန်၌ လားရောက်တတ်သော သဘောမရှိဟု ဆို၏။ လာတတ်သော သဘော မရှိ၊ တော တောင် စသည်တို့ ကဲ့သို့ တည်ရာသဘော မရှိ၊ ရွေ့လျောတတ်သော သဘော မရှိ၊ ကပ်ရောက်တတ်သောသဘော မရှိဟု ငါဘုရား ဆို၏။ —၁။*

—"မှီတတ်သောတရားအား တုန်လှုပ်၏။ မမှီတတ်သော တရားအား တုန်လှုပ်ခြင်းမရှိ။ မတုန်လှုပ်သော် ငြိမ်းအေး၏။ ငြိမ်းအေးသော် ညွတ်ခြင်း, ကိုင်းခြင်း မရှိ။ ညွတ်ခြင်း,ကိုင်းခြင်း မရှိသော် ရွေ့ရှားခြင်း, ကပ်ရောက် ပဋိသန္ဓေနေခြင်း မရှိ။ ရွေ့ရှားခြင်း, ကပ် ရောက် ပဋိသန္ဓေနေခြင်း မရှိသော် ဤမှာလည်း မဖြစ်ရ၊ ဟိုမှာ လည်း မဖြစ်ရ၊ ဤနှင့်ဟို နှစ်ပါးစုံတို့၏ အကြားမှာ လည်း မဖြစ်ရ။ ဤသည်ပင်လျှင် ဆင်းရဲခြင်းဒုက္ခ၏ ဆုံးခန်းတိုင်ခြင်းဖြစ်၏။ —၂။*‡

---

* ဥဒါန်းပါဠိတော် ပါဋလိဂါမိယဝဂ်၊ ပဌမနိဗ္ဗာန ပဋိသံယုတ္တသုတ်။

‡ ယင်း၏ စတုတ္ထနိဗ္ဗာနပဋိသံယုတ္တသုတ်နှင့် နေတ္တိပါဠိတော် ၄ ပဋိနိဒ္ဒေသဝါ ၊ ၁၂ ဩတရဏဟာရဝိဘင်္ဂ။

(ခ)။ ။အထက်ပါ ဒေသနာတော်နှစ်ရပ်က "နိဗ္ဗာန်တွင် ပဋိသန္ဓေနေရသည့်သတ္တဝါမရှိ" ဟူသော အချက်နှင့် ပတ်သက်သော အခြင်းအရာတို့ကို ဟောကြား မိန့်ဆိုထား၏။

လေ့လာသိရှိသွားကြသည့်အတိုင်း သေခါနီးအခါ ဖြစ်ပေါ်လာသည့် မရဏာသန္နဇောစိတ်က ပဋိသန္ဓေနေရမှု, မနေရမှုကို အဆုံးအဖြတ် ပေး၏။*

(ဂ)။ ။မရဏာသန္နဇောစိတ်က တဏှာမကင်းသေးပါလျှင် တဏှာ၏အစွမ်းဖြင့် ကံစသော ထိုထိုအာရုံသို့ညွတ်၏။ ညွတ်လျှင် လားရောက်ခြင်း (=ဂတိ)ဟူ၍ ဖြစ်ပေါ်လာ၏။ ထိုမှတဆင့် ဘဝဟူ၍ ဖြစ်ပေါ်လာ၏။ တဏှာကလည်း ဘုရားရဟန္တာကျမှ ကင်း၏။ သာမန်ပုထုဇဉ်များကို မဆိုထားနှင့်၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်တို့၏ သန္တာန်မှာသော်မှ တဏှာက သူ့ပမာဏနှင့်သူ ရှိနေ၏။ ထို့ကြောင့် သောတာပန် ဖြစ်သွားပြီးသည့် နောက်မှာ ၇-ဘဝတိုင်တိုင် သံသရာကျင်လည်ရသေး၏။ ၇-ဘဝထက် ပို၍ သံသရာလည်စေနိုင်အောင်ကား သောတာပန် သန္တာန်ရှိ တဏှာက အစွမ်းမထက်တော့ပါ။ ယင်းသို့ အစွမ်း မထက်တော့သည်မှာ သောတပတ္တိမဂ်ဉာဏ်, ဖိုလ်ဉာဏ် ဟူသော ပညာ၏ အစွမ်းသတ္တိကြောင့် ဖြစ်၏။

---

* ဤသည်နှင့် ပတ်သက်၍ ဗုဒ္ဓဝါဒီဒဿနတွင် အသေးစိတ် တင်ပြထားပါသည်။

"အရိယာတို့၏ မဂ်ဖိုလ် ပညာတို့က တဏှာကို သတ်သည်၊ ဘဏှာသေသည်။ တဏှာသေ၍ မညွတ်၊ မကိုင်း၊ မလားရောက်၊ ဂတိမရှိ၊ ဘဝမရှိ" ဟူ၍ ဆိုလို၏။ သောတာပတ္တိ မဂ်ဖိုလ် ပညာက ၇-ဘဝဖြင့် တဏှာကို အသေသတ်၏။ သောတာပန် အဖို့ ရှစ်ခုမြောက်အဌမဘဝ ဟူ၍ မရှိတော့ပါပြီ။ ရဟန္တာ၏ အရဟတ္တမဂ်ဖိုလ်ပညာကား တဘဝတည်းဖြင့် အကြွင်းမဲ့ အသေသတ်၏။ ထို့ကြောင့် ရဟန္တာအဖို့ ဒုတိယဘဝ ဟူ၍ မရှိနိုင်ပါပြီ။ ယခုလက်ရှိဘဝကား သူ့အတွက်နောက်ဆုံးဘဝဖြစ်၏။ "အယမန္တိမာဇာတိ = ဤသည်ကား နောက်ဆုံးဘဝပေတည်း" ဟူ၍ ဥဒါန်းကျူးရင့်လာနိုင်ကြပြီဖြစ်၏။

— * —

## ရဟန္တာတို့၏ မရဏာသန္နဇော စေခါန်အခြေအနေ

(ဃ)*။ ။အရဟတ္တမဂ်အရဟတ္တဖိုလ်ပညာရလာပြီး ရဟန္တာဖြစ်လာချိန်မှစ၍ စုတိစိတ်မကျမီအထိ ဖြစ်ရှိနေသည့်စိတ်အစဉ်တွင် တဏှာဒိဋ္ဌိဟူ၍ လုံးဝမရှိတော့ပါပြီ။ ရင့်ကျက်ပြည့်ဝနေပြီဖြစ်သော ထိုအရှင်မြတ်၏ အမြင်တွင် တွယ်တာတပ်မက်စရာဟူ၍ ရှာမတွေ့ရတော့ပါပြီ မတွယ်တာ မတပ်မက် တော့ပါပြီ။ စိတ်အစဉ်တွင် တဏှာမှီရာမရှိတော့ပါပြီဟုဆိုလို၏။ အရာရာကို

---

* ဤ စာပိုဒ် အမှတ် (ဃ) အတွက်၊ ဩဘာရဏာဟာရဝိဘင်နေတ္တိပါဠိတော်, ပရိနိဗ္ဗာနသုတ္တန်ကထာ ပရိနိဗ္ဗာနဝိထိများနှင့် ညှိယူထားပါသည်။ — စာရေးသူ။

ပညာအမြင်ဖြင့်သာ မြင်နေပြီဖြစ်၍ အမြင်မှား မိစ္ဆာဒိဋ္ဌိဟူ၍လည်း မရှိတော့ပါပြီ။ စိတ်အစဉ်တွင် ဒိဋ္ဌိမှိုရာမရှိတော့ပါပြီဟု ဆိုလို၏။

ပုထုဇဉ်တို့၏စိတ်သည် တဏှာဒိဋ္ဌိဟူသော မှိုရာအစွမ်းဖြင့် ဟိုအာရုံရောက်လိုက် သည်အာရုံ ရောက်လိုက်၊ ဟိုသို့ယူလိုက် သည်သို့ယူလိုက်ဖြင့် မတည်မငြိမ်၊ လှုပ်ရှားချောက်ချားနေ၏။ တဏှာဒိဋ္ဌိဟူသောမှိုရာမရှိတော့သည့် ရဟန္တာအရှင် သူမြတ်တို့၏ စိတ်အစဉ်ကား လှုပ်ရှားမှုမရှိတော့ပါပြီ။ မလှုပ်ရှားတော့၍ အေးငြိမ်နေပါပြီ။ ငြိမ်သက်နေပါပြီ။ ငြိမ်နေပါပြီ။ မရွေ့ရှားတော့၊ မကိုင်းညွတ်တော့ပါ။ ဟိုဘက်အသွား ဒီဘက်အလာမရှိတော့ပါပြီ။ ဟိုဘက်မသွား၍ဟိုမှာလည်းမဖြစ်ရ။ ဒီဘက်မလာ၍ ဒီမှာလည်းမဖြစ်ရ။ ဟိုနှင့်သည်တို့၏အကြားမှာလည်းမဖြစ်ရ။ ဘယ်မှာမှမဖြစ်ရပါပြီ။ မဖြစ်ရ၍မပျက်ရပါပြီ။ မဖြစ်ရမပျက်ရသော သဘောတရား၌ ရောက်ရှိ လွတ်မြောက်နေတော့၏။

ဤသဘောသဘာဝရှိသည့် ရဟန္တာတို့၏ စိတ်သည် ကျန်းကျန်းမာမာဖြင့် အသက်ရှင်နေစဉ်အခါမှာရော ပရိနိဗ္ဗာန်ပြုရမည့် စုတိစိတ်ကျခါနီး မရဏာသန္နဇောစောချိန်မှာပါ ကာမကြိယာဇော စောသည်ဖြစ်စေ၊ မဟဂ္ဂုတ်ဈာန်ဇော စောသည်ဖြစ်စေ၊ တဏှာဒိဋ္ဌိဟူသော မှိုရာမရှိတော့သည့်အတွက်၊ချောက်ချားလှုပ်ရှားမှုမရှိ၊ ပကတိတည်ငြိမ်နေ၏။ တဏှာ၏အစွမ်းဖြင့် ကံစသော ထိုထိုအာရုံသို့လည်း မညွတ်ကိုင်း၊ မရောက်ရှိ။ ဒိဋ္ဌိ၏ အစွမ်းဖြင့် ရုပ်နာမ်ဓမ္မကိုအတ္တဟူ၍လည်းမမြင်။ အနတ္တဟူ၍သာ မြင်နေသည့် ပညာအမြင်က ကြင်လင်နေ၏။

ဤသို့ပညာအမြင်ဖြင့် ကြည်လင်နေသောစိတ်အစဉ်က မလှုပ်ရှား၊ မကိုင်းညွတ်၊ အသွားမရှိ၊ အလာမရှိ၊ ဟိုမှာလည်းမဖြစ်၊ သည်မှာလည်း မဖြစ်၊ ဟိုနှင့် သည်တို့၏ အကြားမှာလည်း မဖြစ်ပဲ၊ ရှိနေသည့်စိတ်၏ အဆုံးသတ် ဖြစ်ပေါ်ချုပ်ပျက်သွားသည့် နောက်တွင်မူ၊ မည်သည့် အရာမျှ ဖြစ်ပေါ်လာသည်ဟူ၍ မရှိတော့ပါပြီ။ အဖြစ်အပျက်လုံးဝငြိမ်းသွားပါပြီ။ အဖြစ်အပျက်လုံးဝငြိမ်းသွားခြင်းကိုပင်လျှင် ပရိနိဗ္ဗာန်ပြုသည်ဟု ဆိုရ၏။ မှန်ပါသည်။ "ပရိနိဗ္ဗာန်" ဟူသည်မှာ "အဘက်ဘက်မှ လုံးဝချုပ်ငြိမ်းခြင်း" ဟူသော အဓိပ္ပာယ်ရှိပါသည်။

ဤသည်ကို ပို၍သဘောပေါက်အောင် အောက်ပါဒေသနာတော်က အထောက်အကူများစွာ ပေးပါလိမ့်မည်။

(င)။ ။ "ရဟန္တာအရှင်များအဖို့ အတိတ်ကံဟောင်းကလည်း ကုန်ခန်းခဲ့လေပြီ။ ပစ္စုပ္ပန် ကံသစ်ကလည်း ဖြစ်ပေါ်လာခြင်းမရှိတော့ပါပြီ။ ဘဝသစ်ကို လိုလားသော (= ဘဝတဏှာ)စိတ်ကလည်းကင်းမဲ့သွားပေပြီ။ ဘဝသစ်မျိုးစေ့ကလည်း ကုန်ခန်းသွားပေပြီ။ ဘဝသစ်ဆက်လက် ဖြစ်ပေါ်ကာ စည်ပင် ပြန့်ပွားစေလိုသော စိတ်ဆန္ဒကလည်း မရှိတော့ပြီဖြစ်ရကား ရဟန္တာ အရှင်သူမြတ်တို့သည် ဆီမီးငြိမ်းသလို ငြိမ်းအေးသွားတော်မူကြလေသည်။"*

---

* သုတ္တနိပါတ ရတနသုတ္တ။

(စ)။ ။အထက်ပါ ဒေသနာတော်က ရဟန္တာအရှင် သူမြတ်တို့အား ဘဝသစ်မရှိရခြင်း အကြောင်းရင်း အချက်အလက် အင်္ဂါရပ်များကို ထုတ်နုတ် တင်ပြထား ပါသည်။ ယင်းကို အောက်ပါအတိုင်း ခွဲထုတ်၍ သိမြင်နိုင်ပါသည်။

ရဟန္တာအရှင်သူမြတ်များ၏ သန္တာန်တွင်—

—အရာရာကို ပြုလုပ်ဖန်ဆင်းသူအစစ်ဖြစ်သော ကံတရား တို့၏ ပဋိသန္ဓေကျိုးပေးနိုင်စွမ်းသတ္တိများကို အရဟတ္တ မဂ်ပညာဖြင့် အကြွင်းမဲ့ အစတုံး ပယ်သတ် ပစ်လိုက်ပြီ ဖြစ်၍၊ အတိတ်ကံဟောင်းများကလည်း အစွမ်းသတ္တိ ကုန်ခန်းသွားလေပြီ။ —၁။

—သက်ရှိ ပစ္စုပ္ပန်ဘဝတွင်၊ စေတီယ ဝတ်ပြုခြင်း၊တရား ဟောခြင်း စသော ကောင်းမှုများကို ပြုသော်လည်း ဘဝကောင်းစားရေး ရှေးရှုမှုမရှိ၍၊ ယင်းပြုလုပ်မှုများ သည် ကြိယာအဆင့်မျှသာရှိပြီး၊ ကံအဆင့်သို့ မရောက် သောကြောင့် ကံသစ်များကလည်း ဖြစ်ပေါ်လာခြင်း မရှိတော့ပါပြီ။

ဤကံဟောင်းကံသစ်တို့သည်ဘဝတခုခု၏ ရေခံမြေခံ များဖြစ်သောကြောင့် "ကံသည် လယ်မြေနှင့်တူ၏"* ဟူ၍ ဗုဒ္ဓကမိန့်ဆိုထား၏။ —၂။

* ကမ္မံ ခေတ္တံ၊ ဝိညာဏံ ဗီဇံ၊ တဏှာ သ္နေဟော။ — တိကင်္ဂုတ္တရ ဒုတိယ ပဏ္ဏာသက၊ အာနန္ဒဝဂ္ဂ ပဌမဘဝသုတ္တ။

— အလှန်ရိုပ်ငြိမ် ချမ်းသာပါသည်ဟုဆိုသော လူမင်း နတ်မင်း ဗြဟ္မာမင်းတို့၏ စည်းစိမ်များကို ခံစား စံစား နိုင်ရေးအတွက်၊ လူနတ်ဗြဟ္မာ ဘဝတို့ကို ရရှိလိုစိတ် ဘဝတဏှာကလည်း ကင်းမဲ့သွားပေပြီ။

ယင်းဘဝတဏှာသည် ဘဝသစ်ပင်ပေါက်ရောက်ရှင် သန်ရေးအတွက် အစိုဓာတ်ပေးသောကြောင့် "တဏှာ သည် အစိုဓာတ်ရေနှင့်တူ၏"* ဟု ဗုဒ္ဓကမိန့်ဆိုထား၏။ — ၃။

—သုခ ဒုက္ခများ သီးပွင့်လာမည့် ဘဝပင်စည် ပေါက် ရောက်လာရေးအတွက် "ပဋိသန္ဓေဝိညာဏ်မျိုးစေ့" * ကလည်း ရဟန္တာစုတိ၏ နောက်တွင် ဖြစ်ပေါ်လာခြင်း မရှိတော့ပဲ၊ ကုန်ခန်းခဲ့လေပြီ။ —၄။

—ကျွတ်ထိုက်သူ ဝေနေယျများတို့၏ အကျိုးစီးပွား ကို သယ်ပိုးလိုသော သမ္မာဆန္ဒများရှိသော်လည်း၊ ဘဝ ဖြစ်ပေါ် ကောင်းစားလိုသော ဆန္ဒရာဂတို့ စည်ပင် တိုးပွားလာခြင်းကား မရှိတော့ပါပြီ။ —၅။

ယင်းသို့လျှင်၊စိုက်မျိုးစရာလယ်မြေကလည်းမရှိ,သွန်းလောင်း စရာရေကလည်းမရှိ,ပျိုးဖောက်စရာမျိုးစေ့ကလည်းနတ္ထိဖြစ်နေသူ တဦးတယောက်အား အဘယ်မည်သော အပင်ကများပေါက် ရောက်လာပါဦးမည်နည်း။ ဘဝပင်ကမှ ပေါက်ရောက်မလာနိုင် တော့ပါပြီ။

---

* တိကင်္ဂုတ္တရ ဒုတိယပဏ္ဏာသက၊ အာနန္ဒဝဂ္ဂ ပထမဘဝသုတ္တ။

ထို့အတူ ဘဝတခုခု ဖြစ်ပေါ်စည်ပင်ရေးအတွက်၊ မရှိမဖြစ်လိုအပ်သော ကုသိုလ်ကံ အကုသိုလ်ကံ သင်္ခါရ, တဏှာလောဘ သမုဒယ, ပဋိသန္ဓေဝိညာဏ်နှင့်, ဆန္ဒရာဂများ လုံးဝကုန်ခန်းသွားပြီဖြစ်သည့် ရဟန္တာအရှင်သူမြတ်တို့အား အဘယ်မည်သော ဘဝ(=အဖြစ်)ကများ ဖြစ်ပေါ်လာပါဦးမည်နည်း။ မည်သည့်အဖြစ်ဘဝကမှ မဖြစ်ပေါ်နိုင်ပါပြီ။ ဘာကမှ မဖြစ်ရတော့ပါပြီ။ မဖြစ်ရ၍ မပျက်ရတော့ပါပြီ။ မဖြစ်မပျက်ရခြင်းသည် ပင်လျှင် အပြစ်ကင်း၍ မြင့်မြတ်သော ချမ်းသာခြင်းအစစ် သန္တိသုခနိဗ္ဗာန် ဖြစ်ပါချေသည်။

—*—

## ရာဂ ဒေါသ မောဟ ကုန်ခန်း နိဗ္ဗာန်နန်း

၁၅။ ။(က)။ ။"မြတ်စွာဘုရား၊ ရာဂပယ်သောတရား, ဒေါသပယ်သောတရား, မောဟပယ်သောတရားဟူသည်မှာ အဘယ်၏အမည် ဖြစ်ပါသနည်းဘုရား။"

"ရဟန်း၊ ရာဂပယ်သောတရား, ဒေါသပယ်သောတရား, မောဟပယ်သောတရားဟူသည်မှာ နိဗ္ဗာနဓာတ်၏ အမည်ပင် ဖြစ်ပေသည်။

"အရဟတ္တဖိုလ်တည်းဟူသော အာသဝက္ခယဉာဏ်ကို ထိုအမည်ဖြင့်လည်း ခေါ်ဆိုအပ်ပေသည်။" —၁။*

* မဟာဝဂ္ဂသံယုတ် ဒုတိယ အညတရဘိက္ခုသုတ်။

(ခ)။ ။"အရှင်သာရိပုတ္တရာဘုရား၊ အဘယ်တရားကို နိဗ္ဗာန်ဟု ဆိုပါသနည်းဘုရား။"

"ငါ့ရှင် ဇမ္ဗုခါဒက၊ ရာဂကုန်ရာ ကုန်ကြောင်း, ဒေါသကုန်ရာကုန်ကြောင်း, မောဟကုန်ရာကုန်ကြောင်း တရားကို နိဗ္ဗာန်ဟုဆိုပေသည် ငါ့ရှင်။" —၂။*

(ဂ)။ ။အထက်ပါ ဒေသနာတော်နှစ်ရပ်၏ ဆိုလိုချက် အဓိပ္ပာယ်ချုပ်မှာ ဤသို့ဖြစ်၏—

"နိဗ္ဗာန်သည် ရာဂဒေါသမောဟတို့ကို ပယ်ကြောင်း တရားဖြစ်၏။ —၁။

"အရဟတ္တဖိုလ် ပညာဟူသော အာသဝက္ခယဉာဏ် ကား ရာဂ ဒေါသ မောဟတို့ကို ပယ်သတ်တတ်သော တရားဖြစ်၏။ —၂။

"နိဗ္ဗာန်သည် ရာဂ ဒေါသ မောဟတို့ ကုန်ရာကုန် ကြောင်းတရားဖြစ်၏။ —၃။

—*—

## အရှင်မြတ် သဒ္ဓမ္မပါလမထေရ်၏ အကြောင်း

၂၆။ ။(က)။ ။မြတ်စွာဘုရား၏ တရားတော်များကိုကြား နာရ၍ အိမ်ရာတည်ထောင် လူတို့ဘောင်မှ ထွက်လာပြီး၊ ဆံ မုတ်ဆိတ်များကို ပယ်ကာ ရဟန်းဖြစ်လာသူ အရှင်သဒ္ဓမ္မပါလ

---

* သဠာယတနဇမ္ဗုခါဒကသံယုတ် နိဗ္ဗာနပဉှာသုတ်။

မကြေရှိသည် ကမ္မဋ္ဌာန်းတရားဆိုင်ရာများကို လေ့လာကျက်မှတ်လျက်ရှိ၏။ နောက် လူသံ သူသံနှင့်ဆူညံတာတွေ တိတ်ဆိတ်သည့် တောရပ် တောင်ရိပ်သို့ ဝင်ရောက်ခိုလှုံကာ နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိသည်ဖြစ်လျက်၊ ရဟန်းတရား ကမ္မဋ္ဌာန်းအားထုတ်လျက်ရှိ၏။ မိမိ၏ အဇ္ဈတ္တသန္တာန်တွင် ဖြစ်ပေါ်လာလျက်ရှိသော ရုပ်တရား နာမ်တရားများကို ဖြစ်ပေါ်လာလျှင် ဖြစ်ပေါ်လာမှန်းသိ၊ ပျောက်ပျက်သွားလျှင်လည်း ပျောက်ပျက်သွားမှန်းသိသောအသိအမြင်(=ဉာဏဒဿန)များ တိုးသည်ထက် တိုးပွားလာအောင် ကြိုးစား၏။ ရင့်သည်ထက်ရင့်ကျက် ထက်မြက်လာအောင် အားထုတ်၏။

ဤသို့ ကြိုးစားအားထုတ်လာရာ အတော်ကြာလာသော တနေ့တွင် အရှင်မြတ်၏စိတ်ဓာတ်က အခြေအနေတမျိုးပြောင်းလဲလာ၏။ ဤသို့ ပြောင်းလဲလာသည်ကို အရှင်မြတ်ကလည်း ကောင်းစွာ သိရှိလိုက်၏။ ထို့အတွက် "အင်း....ထူးတော့ ထူးလာပြီ။ ဘယ်လိုများ ဖြစ်ပျက်လာမှာလဲ။ ဖြစ်ပျက်လာသမျှ မသိမရှိ၊ သိရလေအောင်ဂရုပြုပေးမှုဖြစ်မယ်" ဟုသတိမူလိုက်၏။ နောက် မပေါ့မပြင်း သန်သန်မာမာကြီး ဆက်လက်ကြိုးစားအားထုတ်၏။

တနေ့မနက် အရုဏ်တက်ချိန်၊ အိပ်ရာထပြီး အထိုင်အားထုတ်သောအကြိမ်တွင်ဖြစ်၏။ သူ၏စိတ်ဓာတ်က အခြေအနေပိုထူးလာသည်ဟု ထင်ရ၏။ ရုပ်နာမ်တို့၏ အဖြစ် အပျက်ကို ရှုနေသောစိတ်က ဖြစ်ခြင်း ပျက်ခြင်းများကို မသိချင်၊ မရှုချင် မကြည့်ချင်မှုတို့ကပိုလွန်လာသည်ဟု သတိပြုမိ၏။ သို့ဖြင့်သူသည် ခန္ဓာကိုယ်အပြင်ဘက်သို့စိတ်ကိုစေလွှတ်ကြည့်၏။ ဤသို့စေလွှတ်·

ပြန်တော့သည်း၊ မည်သည့်သိစရာအပြင်အာရုံကိုမှ စိတ်ကသွားရောက်တွယ်တာငြိကပ်နေခြင်းမရှိပဲ၊ ခန္ဓာကိုယ်ထွင်းသို့ပြန်လှည့်လာ၏။ ထိုအခါ ခန္ဓာကိုယ်တွင်းမှ နာမ်ရုပ်တို့၏ ဖြစ်ခြင်းပျက်ခြင်းများကို သိမြင်နေအောင် စိတ်ခတ် မြှင့်ပေးလိုက်၏။ ဤတွင်လည်း ယခင်အခါများကလို သိလိုမြင်လိုစိတ်များမပြင်းပြပဲ၊ ရှိနေ၏။ ဤသို့လျှင် သူ၏စိတ်သည် ဟိုမရောက်, သည်မရောက်ဖြင့် တွယ်ရာမဲ့သူ တွယ်ရာရှာနေသကဲ့သို့ ဖြစ်နေ၏။

(ခ)။ ။"ဘယ်လိုများ ဖြစ်နေပါလိမ့်"သူက ဤသို့ဆင်ခြင်ကြည့်လိုက်၏။ ထိုအခါဘုရားဟော ဥပမာတခုကပေါ်လာ၏-

ရှေးအခါက သမုဒ္ဒရာခရီးသွားတို့သည် ကမ်းကြည့်ငှက်များကို ယူဆောင်သွားတတ်ကြ၏။ လေမိုးပြင်းထန်၍ ကမ်းခြေရှိရာကို မမှန်းဆနိုင်သောအခြေအနေသို့ ရောက်ရှိနေသည့်အခါ၊ ထိုကမ်းကြည့်ငှက်ကိုလှောင်အိမ်ထဲမှထုတ်ပြီးလွှတ်လိုက်ကြ၏။ ငှက်သည် အရှေ့ဘက်သို့လည်း ပျံသန်း၏။ အနောက်ဘက်သို့လည်း ပျံသန်း၏။ မြောက်ဘက်သို့လည်း ပျံသန်း၏။ တောင်ဘက်သို့လည်း ပျံသန်း၏။ ကမ်းခြေကိုမတွေ့ရသောအခါ လှေသင်္ဘောပေါ်ရှိ လင်းယဉ်တိုင်ပေါ်သို့ ပြန်နားနေ၏။ ကမ်းခြေကိုတွေ့ရလျှင် ပြန်မလာတော့ပဲ၊ ကမ်းခြေရှိရာသို့ ဟိုဟုန်ထိုး ပျံသန်းသွားကြ၏။ ထိုငှက်၏ ပျံသန်းရာဘက်ကို မှတ်သားထားသူတို့အဖို့၊ ကမ်းခြေရှိရာကို သိရှိလာနိုင်ကြ၏။

---

¶ ဆက္ကအင်္ဂုတ္တရ၊ ပထမပဏ္ဏာသက၊ ဓမ္မိကဝဂ္ဂ၊ ဓမ္မိကသုတ္တ။

ထို့နောက်၊ အရှင်မဟာဗုဒ္ဓဃောသ၏ အဆိုတခုကိုလည်း ဆက်လက်ပြီးသတိရလာ၏—"ထိုကမ်းကြည့်ငှက်ကဲ့သို့ပင်၊ သင်္ခါရုပေက္ခာဉာဏ် ( = သင်္ခါရတရားတို့ကို တပ်လည်း မတပ်မက်၊ မြက်သည်းမမြက်ပဲ၊ အလယ်အလတ် အညီအမျှ သဘောထားကာ ရှုမြင်သောအသိဉာဏ်)က ငြိမ်းအေးရာနိဗ္ဗာန်ကို မတွေ့ရသေးလျှင် သင်္ခါရတရားတို့ကို ပြန်လည်သုံးသပ်နေပြီး နိဗ္ဗာန်ကို တွေ့ရလျှင် နိဗ္ဗာန်သို့သာ ပြေးဝင်သွားလေ၏။"*

ထိုအခါ၊ အရှင်မြတ်သဒ္ဓမ္မပါလက ဤသို့ သဘောပေါက်လာ၏—"ဟာ၊ တယ်ကောင်းတဲ့ဥပမာ၊ တယ်ကောင်းတဲ့ အဆိုပေပဲ။ လင်းယဉ်တိုင်က ရုပ်နာမ်ဓမ္မသင်္ခါရအာရုံ၊ ကမ်းကြည့်ငှက်က စိတ်နဲ့တူနေတာကို။ ကမ်းခြေနဲ့တူတဲ့ အသင်္ခတ နိဗ္ဗာန်အာရုံကိုမတွေ့ရသေးလို့ လင်းယဉ်တိုင်သင်္ခါရအာရုံပေါ် ပြန်နားနေရတဲ့ ကမ်းကြည့်ငှက်စိတ်ဟာ သင်္ခါရအာရုံကို ခွဲခွာလိုပြီဖြစ်တဲ့အတွက်၊ ချစ်နှစ်သက်မှုမရှိ။ ခွဲခွာလို့မရသေးပဲတွယ်မှီနေရသေးတဲ့အတွက်မုန်းတီးမှုမရှိ။ မမုန်းမချစ် အညီအမျှ (=လျစ်လျူ) ရှုနေတဲ့ သဘောနဲ့ စွဲမှီနေရတာမို့၊ ယခုလိုအသိခံသင်္ခါရအာရုံကိုမသိချင်၊ မရှုချင်၊ မမှီချင်သလိုဖြစ်နေပြီး၊ မှီရာအာရုံသစ်ကို ရှာနေတာပါကလား။"

ဤသို့သဘောပေါက်လာ၍ တအားတက်လာသည့် သူ၏နားထဲတွင်—"နာမ်ရုပ်အပေါင်းမျှသာ ရှိ၏ဟူ၍သတ်ကရှေး ရှုထင်

---

* ဝိသုဒ္ဓိမဂ်၊ ဒုတိယအုပ် ၂၉၅။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ သင်္ခါရုပေက္ခာဉာဏကထာ။

နေ၏။ ထင်နေပါစေ။ အလွန်ဆုံးသိရုံမျှထောမ်သတိရရုံမျှတဏှာ ဒိဋ္ဌိတို့ဖြင့်မမှီပဲနေ၏။ နေပါ။ ဥပါဒါနက္ခန္ဓာ တည်းဟူသော အဖြစ်အပျက်ကလာကကို မစွဲလမ်းသင့်''* ဟူသော မဟာသတိ ပဋ္ဌာနသုတ်လာ ဒေသနာတော်ကိုကြားယောင်နေမိ၏။မြတ်စွာ ဘုရားက သူ့အနာတွင် အနီးကပ် ညွှန်ကြားနေဘိသကဲ့သို့ ထင်မြင်လာ၏။ သို့အတွက်ပို၍အားတက်လာ၏။ ''တရားထူး ရခါနီးပြီ''ဟု သူ့စိတ်ထဲတွင်ဖြစ်ပေါ်ခံစားလာမိ၏။ သို့အတွက် သူသည် ထိုညွှန်ကြားချက်အတိုင်း အတိအကျ လိုက်နာသော အားဖြင့်၊ ရုပ်တရားနာမ်တရားမျှသာဖြစ်သော အရှုခံတရားများ က ရှုဉာဏ်အောက်ရှိ ရှုကွက် အတွင်း၌ ဖြစ်ပေါ်လာလျှင် ဖြစ်ပေါ်လာမှန်းသိ၊ ပျောက်ပျက်သွားလျှင် ပျောက်ပျက် သွားမှန်းသိ–သိနေသောအသိနှင့်၊ ယင်းတို့၏ မတည်မြဲ ဆင်းရဲ အစိုးမရပုံများကို မြင်–မြင်နေသော အမြင်များကို သာသာ ကလေး ထိန်းထားလိုက်၏။

သူ၏ထိန်းထားပုံမှာ အားစိုက်ရသော သဘောလည်း မပါ၊ ပေါက်လွှတ်ပဲစား ပစ်ထားသော သဘောလည်း မပါပေ။ မြေမျက်နှာပြင်ကလည်း ညီ၊ နွားတွေကလည်း ကောင်းပြီ၊ ခြေသန့်စင်ဖြင့် မှန်မှန်ကလေး ပြေးနေသော အခါတွင်၊

---

* အတ္တိကာနေယာတိ ဝါ ပနဿ သတိပစ္စုပဋ္ဌိတာ ဟောတိ။ ယာဝ ဒေဝ ဉာဏမတ္တာယ ပဋိဿတိ မတ္တာယ၊ အနိဿိတောစ ဝိဟရတိ။ နစကိဉ္စိလောကေ ဥပါဒိယတိ။–မဟာသတိပဋ္ဌာန သုတ် အာနာပါနပဗ္ဗစသည်တို့၏ အဆုံးပိုင်းရှိ ညွှန်ကြားချက် ပါဠိတော်။

နွားအမြောင်းကျမ်းကျင်သော လှည်းသမားက ကိုင်ကြိုးနှစ်ချောင်းကို လွှတ်လည်းမပစ်၊ ဆွဲလားငင်လား အော်လား ဟစ်လားလည်း မလုပ်ရပဲ၊ အသာကလေး ထိန်းကိုင်ထားသည်နှင့် တူနေသည်ကို သွားသတိရမိ၏။

ယင်းသို့လျှင်၊ သူ၏အသိနှင့် အမြင်များကို အသာကလေး ထိန်းထား၏။ ဖြစ်ပေါ်လာအောင်လည်း မစေ့ဆော်၊ ပျောက်ပျက်သွားအောင်လည်း ကြောင့်ကြမစိုက်၊ လွှတ်လည်း မပစ်၊ ဆွဲလည်းမထားပဲ၊ သိရုံမြင်ရုံကလေး ထိန်းထား၏။

(ဂ)။ ။ဤသို့ထိန်းထားရသည်မှာ သူ့အဖို့များစွာ မကြာမြင့်လိုက်ပါ။ တအောင့်လောက် အချိန်ကုန်လွန်သွားသောအခါတွင်၊ သူ၏ အသိစိတ်တို့က ဖြစ်လာလိုက်, ပျက်သွားလိုက်၊ ပေါ်လာလိုက်, ပျောက်သွားလိုက်ဖြင့် ဖြစ်နေသော သဘောတရားတို့ကို သိမြင်နေရာမှ၊ ထိုဖြစ်ပေါ် ပျောက်ပျက်ခြင်းများ ဖြတ်ကနဲ ပျောက်အသွား၊ ရင်ထဲတွင် ငြိမ့်ကနဲ သိမ့်ကနဲဖြစ်အလာတွင်၊ ဖြစ်ခြင်း ပျက်ခြင်းမရှိသော သဘောတရားတခုက ဘွားကနဲပေါ်လာသည်ကို သိမြင်လျက်သား ဖြစ်နေ၏။

ဤအခိုက်တွင်—

— မှောက်ထားသောအရာကို လှစ်ပြလိုက်သောအခါ၊ ပိတ်ထားသောအရာကို ဖွင့်ပြသောအခါ၊ ရှာနေသောအရာကိုတွေ့လာသောအခါတို့တွင် ရုတ်ခြည်း ပေါ်လာသောစိတ်ဆန္ဒပြည့်ဝမှု၊

— တောထဲ တောင်ထဲ ခရီးခဲတွင် မျက်စိလည် လမ်းမှား၍စမ်းတဝါးဝါး ဖြစ်နေသူအား၊ မျက်စိအလည်ပျောက်၍ လမ်းမပေါ်ရောက်လာသောအခါ ဖြစ်ပေါ်လာသော လုံခြုံစိတ်ချမှု၊

—အန္တရာယ်ပြွမ်းသော ရေစီးကြောင်းတွင် အသက်ဘေးအတွက် အလုအယက် ကူးခပ်နေရာမှ၊ အန္တရာယ်ကင်းသော ရေစီးကြောထဲသို့ လျှောကနဲဝင်ရောက်သွားသောအခါ တွေ့ကြုံလာရသည့် သက်သာရာရမှု။
—အနှစ်နှစ်အလလ အချိန်ကြာမြင့်စွာ စိတ်ရောကိုယ်ပါ ကျဉ်းကျပ်နေရသည့် အကျဉ်းထောင်မှ ရှောင်တခင် လွတ်မြောက်လာပြီး၊ အပြင်လောကသို့ ချက်ချင်းရောက်ရှိလာသောအခါ ခံစားလာရသည့် လွတ်လပ်မှု။

—သတိဝီရိယ ကြိုးစွာဖြင့် အနိုင်နိုင် သယ်ပိုးထမ်းဆောင်လာရသည့် ဝန်ထုပ်ဝန်ပိုးကြီးတခု ပြုံးကနဲကျသွားသောအခါ ဖြစ်ပေါ်လာသော ဝန်ပေါ့သွားမှု။

— နွေလများ၏ နေ့လယ်ချိန် ခြစ်ခြစ်တောက်နေပူရှိန်အောက်တွင်၊ ခရောင်းတောကိုဖြတ်လျက် ချွေးဒီးဒီးကျအောင် ပင်ပန်းကြီးစွာ ခရီးသွားနေရာမှ၊ တောစပ်သို့အဝင် အရိပ်ထဲသို့ အရောက်တွင်၊ အပူဓာတ် ရုတ်ခြည်းပျောက်၍၊ ဖြတ်ကနဲ ဖြစ်ပေါ်ခံစားလာရသည့် စိမ့်စိမ့်ကလေး အေးချမ်းမှု၊

—အမှောင်ထဲတွင် စမ်းစမ်း, စမ်းစမ်းဖြင့် လျှောက်သွား
နေရသည်မှ အလင်းထဲသို့ ရုတ်ခြည်းရောက်လာသော
အခါ၊ စိတ်ထဲတွင် ဖြစ်ပေါ်လာသော ကြည်လင်မှု,
ရှင်ပြမှု, လန်းဆန်းမှု, နှစ်သိမ့်မှု, နူးညံ့မှု,ကြည်သာမှု။

ဤသို့သော စိတ်အလိုပြည့်ဝမှု, လုံခြုံစိတ်ချမှု, သက်သာရာရမှု, လွတ်လပ်မှု, ဝန်ပေါ့မှု,ငြိမ်းအေးမှု, ချမ်းမြေ့မှု, ကြည်လင်မှု, ရှင်ပျမှု, လန်းဆန်းမှု, နှစ်သိမ့်မှု, နူးညံ့မှုနှင့် ကြည်သာမှုစသည်တို့က ရင်ထဲစိတ်ထဲနှလုံးသားထဲထွင် တပြိုက်နက်ဖြစ်ပေါ်လာကြသည်ကို အထင်အရှား သိရှိခံစားရ၏။

"နိဗ္ဗာန်ဆိုတာ ဒါပဲ" ဟူသော ယုံကြည် ဆုံးဖြတ်ချက်ကလည်း အလိုအလျောက်ကျလာ၏။ ဤဆုံးဖြတ်ချက်ကိုလည်း "မှန်တယ်"ဟူ၍ သိမြင်လက်ခံထားလျက်သားဖြစ်နေ၏။

(ဿ)။ ။ဤယုံကြည်မှုသဒ္ဓါ, သိမြင်မှုပညာတို့ဖြင့် အရှင်မြတ်၏ ကိုယ်စိတ်နှစ်ပါးတို့သည် ပေါ့ပါးနူးညံ့နေ၏။ နောက်သူသည် အထိုင်ကိုဖျက်လိုက်သည်။ နေရာမှထလိုက်သည်။ ကိုယ်လက်သုတ်သင်သည်။ ပြီး မိုးလင်းနေပြီဖြစ်၍ ကျောင်းသခ်မ်းကလေးမှ သပိတ်ပိုက်ထွက်လာခဲ့၏။ ရွာထဲသို့ ဆွမ်းခံမဝင်မီ၊ ပရိယတ်ပဋိပတ်ဒရေးရာတို့တွင် အပြန်အလှန်လေးစားမှု ရှိကြရသည့် သီတင်းသုံးဖော် တပါးထံသို့ ဝင်ခဲ့၏။ ယနေ့နံက်တွေ့ကြုံလာရသည့် အဖြစ်ထူးနှင့်ပတ်သက်ပြီး ပြောပြ၍ဆွေးနွေးကြ၏။

သီတင်းသုံးဖော်ကဆို၏— မှန်ပေသည်အရှင်ဘုရား။ အရှင်ပြောပြသည့်အတိုင်းသာ အမှန်ဖြစ်ပါလျှင်၊ အရှင်၏အတွေ့

သည် တရားထူးကို တွေ့ရှိခြင်းပင်ဖြစ်ပါသည်။ အကြောင်းမှု—"ထိုယောဂီ၏ ထိုဝိပဿနာရှုစိတ်က တနေပြီးတခုသော သင်္ခါရတရားကို နှလုံးသွင်း ရှုမြင်သုံးသပ်နေစဉ် အဖြစ်အပျက်ကို လွန်မြောက်သွားပြီး၊ မ ဖြစ် မ ပျက် သို့ သက်ရောက်သွား၏။ မင်းမြတ်၊ မဖြစ်မပျက်သို့ အစဉ်ရောက်ရှိလာသော် ကောင်းစွာကျင့်ကြံအားထုတ်သူကို 'နိဗ္ဗာန်ကို မျက်မှောက်ပြု၏' ဟုဆိုအပ်ပေသည်"* ဟူ၍ အရှင်နာဂသေနက မိလိန္ဒမင်းကြီး အား ဖြေကြားထားသည့် ဒေသနာတော်တရပ် ရှိနေသောကြောင့် ဖြစ်ပါသည်အရှင်။

"အရှင်ဘုရား၊ ယခုကဲ့သို့တရားထူးရရှိလာသည့်အရှင့်အတွက် တပည့်တော် အလွန်ဝမ်းသာပါသည်" ဟု သီတင်းသုံးဖော်က ဆက်လက်မိန့်ကြားနေပါသည် "ကြည်နူးစွာလည်း သာဓုခေါ်ပါသည်။ သာဓုပါအရှင်ဘုရား၊ သာဓု၊ သာဓု။ အရှင်ကဲ့သို့သော သီတင်းသုံးဖော် တဦးရှိလာသည့် တပည့်တော်အဖို့လည်း ဂုဏ်ယူစရာဖြစ်လာရပါသည်။ တပည့်တော်အတွက် အရှင်က ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်နိုင်ဖို့သာ တပည့်တော်တိုးမြှင့်အားထုတ်ရပါဦးမည်ဘုရား။"

"ဝမ်းသာလှပါသည် အရှင်ဘုရား" ဟု အရှင်မြတ် သဒ္ဓမ္မပါလကတုန့်ပြန်၍ ဤသို့ပြောကြား၏ "ဤစကားကိုပင်ကြားလိုရပါသည်အရှင်ဘုရား။ သာဓုခေါ်ရမည့်အချိန်သာ အမြန်ဆုံး

---

* မိလိန္ဒပဥှာ၊ ၃၁၁။ နိဗ္ဗာနသစ္ဆိကရဏပဥှာ နောက်ဆုံးစာပိုဒ်။

ရောက်လာပါစေဟု ဆန္ဒပြုဆုတောင်းကာ မေတ္တာပို့သနေပါမည်။ မြတ်ဗုဒ္ဓသာသနာရိပ်ကို ခိုလှုံလာကြသည့် တပည့်တော်များ၏ ရည်မှန်းချက် ပန်းတိုင်ကလည်း ဤသည်ပင် မဟုတ်ပါလား ဘုရား။"

ဤသို့သော သမ္မောဒနီယ သာရဏီကထာများ ပြောကြားကြပြီးနောက် အရှင်မြတ်သဒ္ဓမ္မပါလသည် ရွာထဲသို့ ဆွမ်းခံဝင်လာခဲ့၏။

"ငါ့ကျေးဇူးရှင် ဆွမ်းဒကာ ဆွမ်းအမများ ကိုယ်စိတ်နှစ်ဖြာကျန်းမာလို့ ချမ်းသာကြပါစေ"ဟု မေတ္တာပို့ယင်း၊ အိမ်စဉ်ရပ်ဆွမ်းခံပြီးနောက်၊ ကျောင်းသခ်မ်းလေးသို့ ပြန်အရောက်၊ ကိုယ်လက်သုတ်သင်၍၊ ဆွမ်းကိစ္စအပြီးတွင် တခဏတာမျှအနားယူလိုက်ပါသည်။

(c)။ ။ ထို့နောက်၊ မထေရ်သဒ္ဓမ္မပါလသည် သမာဓိကိုထူထောင်လိုက်ပြီး တွေ့ရှိလာသည့် အငြိမ်းဓာတ်ဆီသို့ စိတ်ကိုပို့ဆောင်ကာ၊ အာရုံပြုသောအားဖြင့် ဖလသမာပတ် ဝင်စားနေလိုက်၏။ အတော်ကြီး ကြာသွားသောအခါ၊ သမာပတ်မှထလိုက်သည်။ နောက်သမာပတ်အတွင်း ဖြစ်ပေါ်နေခဲ့သည့်စိတ်ဓာတ်၏အခြေအနေ အရပ်ရပ်ကို ပြန်လည်ဆင်ခြင် သုံးသပ်နေ၏။ အဘယ်သို့သော သဘော သဘာဝများ ရှိနေပါသနည်း။

ဤသို့ဆင်ခြင်ယင်း ဆင်ခြင်ယင်း ယင်းတို့၏သဘောသဘာဝများကို ဖော်ထုတ်စိစစ်လျက်ရှိရာမှ၊ ဘုရားဟော ဒေသနာတော်တရပ်က ဘွားကနဲ ပေါ်လာခဲ့၏။ ထိုဒေသနာတော်ကို တွေ့ရှိခဲ့စဉ်က "ထူးသည်၊ စိတ်ဝင်စားဖွယ်ကောင်းသည်"ဟု သဘော

ရရှိသော ကောက်နုတ်ကျက်မှတ်ထားခဲ့၏။ အမိအရကောင်းစွာ ကျက်မှတ်ထားခဲ့သည်ကားမဟုတ်။ ဒေသနာတော်၏ ဆိုလိုချက်များကို သူသိပ်သဘောမပေါက်ခဲ့သောကြောင့်ဖြစ်၏။ ယခုမူထိုဒေသနာတော်က မခေါ်ပင့်ချေ ပြန်ပေါ်လာခဲ့၏။ နုတ်တက်အာဂုံကောင်းစွာ ရရှိ မထားခဲ့သောကြောင့် ပေါ်လာ မလိုလိုနှင့်ပျောက်သွားလိုက်၊ ပျောက်သွားမလိုလိုနှင့် ပေါ်လာလိုက်ဖြစ်နေ၏။ သို့အတွက် ထိုစာပိုဒ်ကို လုံးစေ့ပတ်စေ့ရအောင် ပြန်လည် ကြိုးစားရသည်က သူ့အဖို့အတော်ကလေး အချိန်ကုန်လူပန်း ဖြစ်သွား၏။

(စ)။ ။သို့သော်၊ ပြန်ရလာသောစာနှင့် ပေါ်လာသောအဓိပ္ပာယ်တို့ကြောင့် အချိန်ကုန် လူပန်း ဖြစ်ရကျိုးနပ်သည်ဟုကောင်းကောင်းကြီး သူသဘောပေါက်လာရပါသည်။

မှန်ပါသည်။ ဖလသမာပတ်ဝင်စားသည်ဟုစာပေသုံးရှိသောအငြိမ်းဓာတ်ကြည့်နေစဉ် တချိန်လုံးတွင်—

— ကာယသင်္ခါရခေါ်သော ထွက်လေဝင်လေများငြိမ်းနေပါသည်။ အသက်ရှူသည်ဟု မဆိုနိုင်တော့သောက်အောင်၊ ထွက်လေ ဝင်လေများ ငြိမ်းနေပါသည်။ အလွန်ငြိမ်သက်နေပါသည်။ တချိတချိတွင် တကယ်ပင် ထွက်လေဝင်လေမရှိတော့ပါ။ နှလုံးခုန်မှု၊ သွေးလည်ပတ်မှုများလည်း ရှိသည်ဟုဆိုနိုင်ရုံမျှအထိ ငြိမ်ကျသွားသည်ကို သူသတိပြုမိ၏။

—ဝစီသင်္ခါရဟုခေါ်သော တွေးကြံမှု၊ သုံးသပ်မှု၊ မှတ်သားမှု၊ ဆင်ခြင်သုံးသပ်မှုများလည်း မရှိတော့ပါပြီ။ အငြိမ်းဓာတ်ကိုကြည့်မြင်နေမှု သိနေမှု၊ တည်ငြိမ်နေမှုဟူသော နာမ် သဘောတရားသုံးခုတို့သာ ပေါ်လွင်ထင်ရှားနေ၏။

ဤသို့သော ဖြစ်ရပ်များကို ရည်ညွှန်းပြီး “သဗ္ဗသင်္ခါရ သမထော=အားလုံးသောကာယဝစီ စိတ္တသင်္ခါရတို့ငြိမ်းနေသည့် သဘောတရား” ဟု မြတ်ဗုဒ္ဓ ဟောတော်မူခဲ့ကြောင်း သဘော ပေါက် လာပါသည်။ — ၁။

—စိတ်ဆင်းရဲမှုမရှိ၊ စိတ်ဆင်းရဲစေသောအကြောင်း, စိတ်ဆင်းရဲရာများမရှိ၊ စိတ်ချမ်းသာနေ၏။ ချမ်းမြေ့နေ၏။ ရုပ်ခန္ဓာဆင်းရဲမှု အကြီးစားများသော်မှ လျော့နည်း တိမ်ငုပ်နေ၏။ အငယ်စားများ ပျောက်ကင်းနေ၏။ ချမ်းသာနေ၏။ ခန္ဓာကိုယ်အနေအထား ခွေလျော့မနေ၊ မတ်နေ၏။ ဣရိယာပုထ်ခိုင်နေ၏။ ဤသဘောတရားများကြောင့် “သဗ္ဗုပဓိပဋိနိဿဂ္ဂေါ= ဆင်းရဲရာ ဆင်းရဲကြောင်း ဥပဓိများကို တဖန် စွန့်လွှတ်ရာ စွန့်လွှတ်ကြောင်း သဘောတရား”ဟု မြတ်ဗုဒ္ဓ ဟောတော်မူကြောင်း သူသိမြင်လိုက်၏။ —၂။

—တခုခုကို လိုချင်တောင့်တမှု, တွယ်တာတပ်မက်မှုများကင်းရှင်းနေ၏။ ယခုလောလောဆယ် ကြည့်မြင်နေသည့် ဤသဘောတရားမှာပင်လျှင် တွယ်တာမှုမရှိ။ မတွယ်တာ။ မတပ်မက်။ ဤလိုချင်တပ်မက်မှု, တွယ်တာကပ်ငြိမှုများ ကင်းမဲ့နေခြင်းသည်ပင်လျှင် “တဏှက္ခယော ဝိရာဂေါ”၏ အဓိပ္ပာယ်ဖြစ်သည်ဟု သူသဘောပေါက်လာ၏။ —၃။

—ကြည့်မြင်နေရသည့် ဤသဘောတရားတွင် ဖြစ်ခြင်းပျက်ခြင်းများကို မတွေ့ရ။ ဖြစ်ခြင်းပျက်ခြင်းမရှိ။ ဖြစ်ခြင်း ပျက်ခြင်းချုပ်နေ၏။ မဖြစ်မပျက် တည်ရှိနေသည်ကိုသာ တွေ့ရ၏။

ဤသဘောတရားကို ကြည့်မြင်နေသည့်စိတ်မှာကိုပင်လျှင် အဖြစ်အပျက်များ မထင်ရှားတော့ပါ။ မဖြစ်မပျက်သကဲ့သို့ ထင်မြင်ရ၏။ ဤသည်ပင်လျှင် "နိရောဓ"၏ အဓိပ္ပာယ်ဟု ယူဆလိုက်၏။ —၄။

—အရှုခံ၊ အကြည့်ခံ၊ အသိခံ၊ သိစရာ၊ အာရုံဖြစ်သည့် ဤကြည့်မြင်နေရသည့် သဘောတရားသည် ဖြစ်ခြင်း ပျက်ခြင်းဟူသော မီးတောက်မီးလျှံများ ဇာတ်သိမ်း၍ ငြိမ်းနေသော အငြိမ်းဓာတ်ဖြစ်၏။ အပူအလောင်ကင်းမဲ့သော အအေးဓာတ်၊ အဆူ အပူ အလှုပ် အရှားမရှိ ပကတိငြိမ်သက်နေသော အငြိမ်းဓာတ်ဖြစ်၏။ ပင်ကိုယ်သဘာဝအားဖြင့် ဤ ငြိမ်း၊ အေး၊ ငြိမ်သက်နေသော သဘောတရားသည်ပင်လျှင် "နိဗ္ဗာန" ဖြစ်တော့သည်ဟု သူသိမြင်လာ၏။ —၅။

(ဆ)။ ။ဤသဘောတရားများကို ခိုင်မြဲအောင် သုံးနှုန်းပါက "သန္တ၊ ပဏီတ" ဟူသော စကားနှစ်လုံးကို အသုံးပြုရပါမည်။

"ငြိမ်သက်၊ အေးမြသည်" ဟူသည်မှာ "သန္တ" ၏အဓိပ္ပာယ်၊ "မြင့်မြတ်သည်၊ မြင့်မြတ်စေသည်" ဟူသည်မှာကား "ပဏီတ" ၏ အဓိပ္ပာယ်ဖြစ်၏။

"ငြိမ်သက်၊ အေးမြသည်" ဟူသော "သန္တ" ၏ အဓိပ္ပာယ်ကို "ငြိမ်း၊ အေး၊ ငြိမ်သက်သည်" ဟူသော "နိဗ္ဗာန" ၏ အဓိပ္ပာယ်နှင့် အတူတူဟု ယူ။

"ပဏ္ဍိတ" ဟူသည်ကား "မြင့်မြတ်သည်၊ မြတ်မြင့်စေသည်" ဟူ၏။ မှန်၏။ ဤသဘောတရား ကိုယ်နှိုက်ကပင်လျှင် အဆင့်အတန်း နိမ့်ကျသောအရာမဟုတ်။ အဆင့်အတန်းမြင့်သောအရာ ဖြစ်၏။ ယုတ်ညံ့သော အရာမဟုတ်။ မြင့်မြတ်သောအရာဖြစ်၏။

ဤသဘောတရားသည် မိမိကို အာရုံပြုလာသောအားဖြင့် မှီဝဲလာပါက တိုက်ရိုက်အာရုံပြုလာသူကို မဆိုထားနှင့်၊ မှန်းဆ အာရုံပြုလာသူကိုသော်မှ မြင့်မားသောအဆင့်သို့ ဆွဲတင်ပြီး၊ ကြီးမြတ်သော ဂုဏ်ရည်များ တည်ရှိလာစေနိုင်သည့် စွမ်းရည် သတ္တိရှိ၏။

နိဗ္ဗာန်ကို မှန်းဆအာရုံပြုလာသူသည် ယုတ်နိမ့်သော အန္ဓပုထုဇဉ်ဘဝမှ မြင့်မြတ်သော ကလျာဏပုထုဇဉ်ဘဝသို့ မြင့်တက်လာတော့၏။ ထိုမှတဆင့် သောတာပန် အရိယာသူတော်စင်ဘဝသို့ ရောက်ရှိလာနိုင်၏။ နိဗ္ဗာန်ကို တိုက်ရိုက်အာရုံပြုလာနိုင်သည့် သောတာပန် အရိယာကား တဆင့်ထက် တဆင့်ပို၍ အဆင့်အတန်းမြင့်သော သကဒါဂါမ်၊ အနာဂါမ်နှင့် ရဟန္တာဘဝသို့ မြင့်တက်သွားနိုင်၏။ ထို့ကြောင့် "နိဗ္ဗာန်တွင် မြင့်မြတ်စေသော စွမ်းရည်သတ္တိများရှိသည်" ဟု မှတ်ပါ။

ယင်းသို့ မြတ်နိုးနှစ်သက်ဖွယ်ရာ ဂုဏ်ထူးသတ္တိ ဝိသေသစွမ်းရည်များနှင့် ကုံလုံပြည့်ဝနေသည့် ဤသဘောတရား ရတနာကို မော်ကွန်းထိုး မှတ်တမ်းတင်ထားရာ ဤဒေသနာတော်မြတ်ကို သူ၏နှလုံးသား ရွှေကြုတ်ထဲတွင် တယုတယသိမ်း သိမ်းဆည်း ထားလိုက်၏။ နောက်မကြာမကြာထုတ်ကြည့်နေမိ၏။ စစ်ဆေး

ကြည့်၏။ စစ်ဆေးကြည့်သည့် အကြိမ်တိုင်း အကြိမ်တိုင်း နှစ်လို အားရစိတ်များက ထပ်မံ၍ တဖွားဖွား ဖြစ်ထွန်းပွားများလျက် ရှိ၏။ ယင်းနှစ်လိုအားရစိတ်များ၏ လှုံ့ဆော်မှုကြောင့်၊ သူသည် ဤသို့ မကြာခဏ ထုတ်ဆိုသီမြူး ဥဒါန်းကျူး နေမိပါတော့ သည်–"စေတံ သန္တံ၊ စေတံ ပဏီတံ။ ယဒိဒံ သဗ္ဗသင်္ခါရသမထော၊ သဗ္ဗူပဓိပဋိနိဿဂ္ဂေါ၊ တဏှက္ခယော၊ ဝိရာဂေါ၊ နိရောဓော၊ နိဗ္ဗာနန္တိ။"*

(၉)။ ။ထို့နောက်၊ ထိုနေ့တာ ကာလအတွက် ကျန်ရှိနေ သောအချိန်တွင် စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြင့် လွတ်လွတ် လပ်လပ်အနားယူလိုက်၏။ ဤသို့အားဖြင့် ဆက်လက်ကြိုးစား အားထုတ်ဖို့အတွက် အားမွေးလိုက်၏။

သို့ဖြင့်၊ နောက်တနေ့မနက် အရုဏ်တက်ချိန်မှစ၍၊ ရုပ်နာမ် ဓမ္မသင်္ခါရများ၏ အဖြစ်အပျက်များကို ထပ်မံ၍ ရှုမြင် ဆင်ခြင် နေပြန်၏။ ဤသို့ ရှုမြင်ဆင်ခြင်၍၊ စိတ်ပင်ပန်း လူပင်ပန်းဖြစ် လာသောအခါ၊ အငြိမ်းဓာတ်ကို ကြည့်နေသောအားဖြင့် သူသည် ဖလသမာပတ်ဝင်စားကာ မပေါ့မပြင်း နားနားနေနေ အားထုတ်နေပါသည်။

ယင်းသို့လျှင်၊ ဖြစ်ပျက်အမြင် ဥဒယဗ္ဗယဉာဏ်ကို အခြေခံ ကာ၊ ဝိပဿနာ ဉာဏ်အမြင် ရင့်သထက်ရင့်ကျက်ပြီး၊ ထက်

---

* ဇောဒသကင်္ဂုတ္တရ၊ နိဿယဝဂ္ဂ၊ ပထမသညာသုတ်။ နဝင်္ဂုတ္တရ၊ စတုတ္ထဝဂ္ဂ၊ ပဌမဈာနသုတ်၊ ပဉ္စကင်္ဂုတ္တရ၊ တတိယ ပဏ္ဏာသက၊ တတိယရာဇဝဂ္ဂ သောတသုတ် အစရှိသည့် သုတ်များ။

သထက် ထက်မြက်လာအောင် ဆက်လက်၍ ကြိုးစားအားထုတ်၏။ စိတ်ပန်းလူပန်းဖြစ်လာသည်ဟု ထင်ရသောအခါ ဖလသမာပတ်ဝင်စားနေလိုက်၏။ ဤသို့အားထုတ်လာရာ၊ နောက်ဆုံးတွင် ကိလေသာ အာသဝေါတို့ ကုန်ခန်းကာ၊ မြတ်ဗုဒ္ဓသာသနာတော်တွင် ရဟန္တာဇာရင်းဝင် အရှင်သူမြတ် တပါးအဖြစ်သို့ ရောက်ရှိလာခဲ့ပါသတည်း။

(၅)။ ။ဤသည်မှာ ထေရိထေရာ ရဟန္တာအရှင်မြတ်များ၏ဓုတ္တသမ်းစဉ်ကို ထင်ဟပ်ဖော်ပြသော ယေဘုယျဇာတ်လမ်းတချို့ဖြစ်ပါသည်။ ဤဗုဒ္ဓသာသနာတော်တွင် "အရှင်သဒ္ဓမ္မပါလ" စသော အမည်ပညတ်များဖြင့် ခေါ်ခေါ်သတ်မှတ်သိရှိအပ်သူ ရဟန္တာပေါင်းမြောက်များစွာရှိကြ၏။ ယင်းတို့၏ ဘဝဖြစ်စဉ်များကို ထေရိထေရာပေါ်နိုင်သည်တို့၌ မှတ်တမ်းတင်ထားကြ၏။ ယင်းတို့၏ ကျင့်စဉ်ပဋိပတ်များကိုလည်း တသီးတသန့် အသေးစိတ်၍ သဘောတရားရေး အသွင်ဖြင့် တင်ပြထားကြ၏။ ဤတွင်မူ လူများစု သိရှိနားလည်ရေးအတွက်၊ ဘဝဖြစ်စဉ်၏အကြားတွင် ကျင့်စဉ်ကိုပါ အကျဉ်းမျှထည့်သွင်းဖော်ပြထားပါသည်။

သို့ဖြစ်၍၊ ဆက်လက်ဖော်ပြသွားမည့် သဘောတရားများကို လေ့လာမှ သိမြင်နိုင်ရေးအတွက်၊ ဤသည်က အထောက်အကူများစွာပေးနိုင်လိမ့်မည်ဟု မျှော်လင့်ထားပါသည်။

## မီးနှင့်ရေ အပူနှင့်အအေး

၂၇။ ။(က)။ ။"ဝါနသံခါတာ ယ တဏှာ ယ နိက္ခန္တတ္တာ၊ နိဗ္ဗာတိ ဝေတေန ရာဂဂ္ဂိအာဒိတောတိ နိဗ္ဗာနံ=ဝါန ဟု ဆိုအပ်သော တဏှာမှ ထွက်မြောက်တတ်သော ကြောင့်၊ နိဗ္ဗာန်ဟူသည်မှာ ရာဂမီးစသည်တို့မှ ငြိမ်း ကြောင်းတရားဖြစ်၏။"*

(ခ)။ ။မီး ၁၁ ပါး။ ။ပါဠိဘာသာအားဖြင့် ရာဂ, ဒေါသ, မောဟ၊ ဇာတိ, ဇရာ, မရဏ၊ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသဟု ခေါ်ဝေါ်ပြီး၊ မြန်မာဘာသာအား ဖြင့်မူ တပ်မက်ခြင်း, မျက်ရှခြင်း, တွေဝေခြင်း၊ သန္ဓေတည်မွေး ဖွားခြင်း, အိုမင်းရင့်ရော်ခြင်း, သေဆုံးခြင်း၊ စိုးရိမ်ခြင်း, ငိုကြွေး ခြင်း, ကိုယ်ဆင်းရဲခြင်း, စိတ်ဆင်းရဲခြင်း, ပူဆွေးခြင်းဟု ခေါ် သော ဤသဘောတရား ၁၁-မျိုးတို့သည် မီးများဖြစ်၏။ ပူလောင်တတ်သော သဘောရှိသောကြောင့် ဖြစ်၏။

မှန်ပါသည်။ တပ်မက်ခြင်း ရာဂ, မျက်ရှခြင်း ဒေါသ, တွေဝေခြင်းမောဟ စိုးရိမ်ခြင်းသောကနှင့် စိတ်ဆင်းရဲခြင်း ဒေါမနဿဟူသော ဤ ၅-မျိုးတို့ကို "နာမ်မီး"ဟု ဆိုနိုင်၏။ ယင်းတို့သည် ပဓာနအားဖြင့် စိတ်နာမ်ကို ပူပန်စေတတ်သော ကြောင့်ဖြစ်၏။ ချစ်ခင်တပ်မက်ခြင်း ရာဂဖြစ်ပေါ်လာသော် စိတ်နှလုံးထဲတွင် ပူလောင်လာရသည်ကိုနမူနာအဖြစ် ထုတ်နှုတ်၍

---

* အဘိဓာနပ္ပဒီပိကာ။

လေ့လာ စိစစ်ကြည့်ပါ။ ဟုတ်မှန်ကြောင်း သိရှိရပါမည်။ အကြွင်းတို့လည်း ထိုနည်းတူပင်။ —၁။

သန္ဓေတည် မွေးဖွားခြင်း ဇာတိ, ရင့်ရော်ခြင်း ဇရာ, သေဆုံးခြင်းမရဏနှင့် ကိုယ်ဆင်းရဲခြင်း ဒုက္ခဟူသော ဤ ၅-မျိုးတို့ကိုမူ "ရုပ်မီး" ဟု ဆိုသင့်၏။ ယင်းတို့သည် ပဓာနအားဖြင့် ရုပ်ခန္ဓာကို လောင်ကျွမ်းစေမှု ထင်ရှားသောကြောင့်ဖြစ်၏။ ဇီရဏတေဇောဟုခေါ်သော ရင့်ရော်မှု ဇရာမီးလောင်ကျွမ်းမှုကြောင့် နှုရာမှရင့်, ပျိုရာမှ အို, စိုပြည်ရာမှ ခြောက်ကပ်လာရပုံကို နမူနာအဖြစ် ထုတ်နုတ်၍ လေ့လာသိရှိနိုင်ပါသည်။ အကြွင်းတို့လည်း သူ့အတိုင်းအတာနှင့်သူ, သူ့အတွာနှင့်သူ လောင်ကျွမ်းစေတတ်သော အစွမ်းသတ္တိရှိကြသည်သာ ဖြစ်၏။ —၂။

ငိုကြွေးခြင်း ပရိဒေဝနှင့် ပူဆွေးခြင်း ဥပါယာသဟူသော ဤသဘောတရားနှစ်ခုတို့ကိုမူ "နာမ်ရုပ်မီး" ဟု ဆိုသင့်၏။ ငိုကြွေးပူဆွေးမှုတို့ကြောင့် နာမ်ရောရုပ်ပါ အထင်အရှား ပူပန်ဆင်းရဲရသည်တို့ကို တွေ့ရှိနိုင်ပါသည်။ —၃။

(ဂ)။ ။ခေါင်းဆောင်နှင့် နောက်လိုက်။ ။ဤဆယ့်တပါးတို့အနက်၊ ဇာတိမီးသည် ပဋိသန္ဓေတည်နေချိန်က ပူလောင်ခဲ့ပြီဖြစ်၏။ ယခုမပူလောင်တော့ပါ။ မရဏမီးကလည်း သေချိန်ရောက်မှ ပူလောင်လာမည်ဖြစ်၏။ ယခု မပူလောင် သေးပါ။ ဇရာမီးကား သန္ဓေတည်နေပြီးနောက် သေဆုံးချိန် မရောက်မီ ယခုလို အသက်ရှင်နေစဉ် တလျှောက်လုံးမှာ ပူလောင်မှန်း သိသည်ဖြစ်စေ, မသိသည်ဖြစ်စေ ပူလောင်နေပါသည်။

မောဟက နောက်ကွယ်မှ အားပေးအားမြှောက် ပြုပြီး၊ လောဘနှင့် ဒေါသတို့က ဦးဆောင်လျက် နောက်လိုက် ငါးပါး စီတို့က တလှည့်စီ မကြာမကြာ ပူလောင်နေကြပါသည်။

လောဘ ဦးဆောင်လာသောအခါ၊ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿနှင့် ဥပါယာသတို့ပါ လိုက်ပါ လောင်ကျွမ်းကြ၏။ နှစ်သက်မှု, တပ်မက်မှု, ချစ်ခင်မှု, လိုချင်မှု ဟူသော တဏှာ ရာဂ လောဘ ဖြစ်လာသောအခါ၊ စိုးရိမ်မှုသောက, ငိုကြွေးမှု ပရိဒေဝ, ကိုယ်စိတ်ဆင်းရဲမှု ဒုက္ခ ဒေါမနဿနှင့် ပူဆွေးမှု ဥပါယာသတို့လည်း နောက်လိုက်နောက်ပါများ အဖြစ်ဖြင့် ဖြစ်ပေါ် ပူလောင်လာကြသည်ဟု ဆိုလို၏။

ဒေါသ ဦးဆောင်လာသောအခါတွင်လည်း၊ သောကစသည် တို့ပါ လိုက်ပါလောင်ကျွမ်းကြ၏။ စိတ်ဆိုးမှု, စိတ်မျက်မှု, အမျက်ထွက်မှု ဒေါသဖြစ်လာသောအခါတွင်လည်း ကျွန်ုပ်တို့ တစ်စည်းပါအဖြစ်ဖြင့် စိုးရိမ်ကြ၊ ငိုကြွေးကြ၊ ကိုယ်စိတ်ဆင်းရဲကြ၊ ပူဆွေးကြရသည်ဟု ဆိုလို၏။

လောဘ ဦးဆောင်လာသောအခါ ဒေါသက ဦးမဆောင်။ ဒေါသ ဦးဆောင်သောအခါ လောဘက ဦးမဆောင်ပါ။ သို့သော် မောဟကား လောဘကိုရော ဒေါသကိုပါ နောက် ကွယ်မှနေပြီး ကြိုးကိုင်ခြယ်လှယ်ကာ အားပေးအားမြှောက် ပြုနေ၏။ သို့အတွက်သူကား အမှောင်ထဲက ခေါင်းဆောင်၊ ကြောက်စရာအကောင်းဆုံးသောရန်သူ၊ အပူဆုံးသော မီးဖြစ် နေပါသည်။ အခါပေး ဦးပူညပါပေ။

မှန်ပါသည်။ မောဟကြောင့် လောဘဖြစ်ရ၏။ ဝါ—မသိ၍ သာ ချစ်ခင်ကြ၊ လိုချင်ကြ၊ တပ်မက်ကြ၏။ အကောင်းထင် နေကြ၏။ "မသိလို့သာ ကောင်းကြတာပေါ့။ သိပါလျှင် အဘယ်မှာ ကောင်းနိုင်လိမ့်။"

မောဟကြောင့်ဒေါသဖြစ်ရ၏။ ဝါ—မသိ၍ ခွင့်မလွှတ်နိုင်။ ခွင့်မလွှတ်နိုင်၍ စိတ်ဆိုးကြ၏။ အမျက်ရှ ဒေါသထွက်ကြ၏။ သိလျှင် ခွင့်လွှတ်နိုင်၏။ စိတ်မဆိုး။ ဒေါသမထွက်။ "အကြောင်းစုံသိလျှင်၊ ခွင့်လွှတ်ချင်၏။" ကိုယ့်ကိုယ်ကိုယ် ခွင့်လွှတ်နိုင်ကြ၊ စိတ်မဆိုးနိုင်ကြသည်မှာ တခုခု ပြုလုပ်ရသည့် ကိုယ့် အကြောင်း ကိုယ်အကုန်သိ၊ အစဉ်းသိ၊ ဘုရားသိ သိနေကြသော ကြောင့် မဟုတ်ပါလား။

ဤသို့လျှင်၊ မောဟသည် လောဘနှင့်တွဲ၏။ ယှဉ်၏။ အတူဖြစ်၏။ မောဟသည် ဒေါသနှင့်တွဲ၏။ ယှဉ်၏။ အတူ ဖြစ်၏။ လောဘနှင့် ဒေါသတို့ကား အတူမတွဲ၊ မယှဉ်၊ တကွ- မဖြစ်။ လောဘက အနု။ ဒေါသက အကြမ်း။ အနုနှင့်အကြမ်း အတူတကွ ဖြစ်ရိုးထုံးစံ မရှိပါချေ။

လောဘ ဒေါသတို့၏ ခေါင်းဆောင်ဆရာကား မောဟသာ တည်း။ လောဘ, ဒေါသ, မောဟဟူသော ဤဆရာတပည့် တို့ကြောင့်ပင်လျှင် ဇာတိ, ဇရာ မရဏနှင့် သောကမီး စသည်တို့ တရံမစဲ အမြဲလောင်ကျွမ်းနေကြ၏။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံမှ အစပြုကာ သံသရာ လည်ကြရ၏။ သည်တော့ သံသရာလည်ပြီး မီးအလောင်မခံရဖို့ ရာဂလောဘ,

ဒေါသ, မောဟဟူသော ပင်မမီးများကို ငြိမ်းသတ်ကြရပါမည်။ မီးကားအပူ။ အပူကိုနိုင်သည်မှာ အအေး။ အအေးကား နိဗ္ဗာန်သာတည်း။

— * —

## စိတ်မှန်းထဲက နိဗ္ဗာန်သော်မှ အအေးဓာတ်ကို ပေးအပ်နိုင်၏။

၂၀။ ။(က)။ ။အရှင်သဒ္ဓမ္မပါလ အစရှိသူတို့သည် အရိယာမဖြစ်ခင် ကလျာဏ ပုထုဇဉ် ဘဝကပင် မီးကိုကြောက်ခဲ့ကြ၏။ ရင်မှာလောင်သော မီးဒဏ်ကို မခံနိုင်ခဲ့ကြ။ ခံရမှာကို လန့်ခဲ့ကြ၏။ နှစ်သက်ရ, တပ်မက်ရ, ချစ်ရခင်ရ ကြင်နာရပြီး လိုချင်ရမှာကို တွေးကြောက်ခဲ့ကြ၏။ မသိရ, မမြင်ရ, ကန်းကွယ်ကြရမှာကို တွေး၍ တွေး၍ သေးလန့်ခဲ့ကြ၏။

သန္ဓေတည်ရ, မွေးဖွားရ, အိုရ, နာရ, သေရမှာကို ကြောက်ခဲ့ကြ၏။ စိုးရိမ်ရ, ငိုကြွေးရ, ကိုယ်စိတ်ဆင်းရဲရ, ပူဆွေးရမှာကို ကြောက်ခဲ့ကြ၏။

သူတို့သည် ပုထုဇဉ်ဘဝက ဤအပူဒဏ်များကို ခံခဲ့ကြရ၏။ ကြောက်ခဲ့ကြ၏။ ကြောက်ရမှန်း သိခဲ့ကြ၏။ သိခဲ့ကြသော ဤအသိဉာဏ်ကလေးဖြင့်ကိုးကွယ်အားထားစရာဖြစ်မည်ဟုယုံကြည်ရသည့်ငြိမ်သက်အေးချမ်းသော နိဗ္ဗာနဓာတ်ကို ရယူလိုခဲ့ကြ၏။ အငြိမ်းဓာတ်နိဗ္ဗာန်ကို အမှန်းအဆဖြင့် အာရုံပြုခဲ့ကြ၏။ယင်းသို့ အာရုံ ပြုနေလျှက်က၊ နိဗ္ဗာန် ရောက်ကြောင်း အကျင့်

ကောင်းများကို ရှာကြံ၊ လက်ခံ၊ ကျင့်သုံးလာကြ၏။ ဤသို့ ကျင့်သုံးယင်း နိဗ္ဗာန်သို့ စေလွှတ်ထားသော စိတ်ဓာတ်တွင်၊ ဝါ— အမှန်း အဆဖြင့် အာရုံပြုနေသည့် မိမိတို့၏ စိတ်ဇစဉ်တွင်၊ ငြိမ်းအေး ချမ်းသာမှုကို အတော်ကြီး ရရှိလာကြသည်ကို တွေ့ရှိကြရ၏။

ထို့ကြောင့် "နိဗ္ဗာန်သည် တိုက်ရိုက် မျက်မှောက်ပြုနေသူအား မဆိုထားနှင့်၊ အမှန်း အဆဖြင့် အာရုံပြုနေသူအား သော်မှ အအေးဓာတ်ကို ပေးအပ်နိုင်စွမ်း သတ္တိရှိသည်" ဟု သိသာ၏၊ အမှန်းအဆဖြင့် အာရုံပြုနေသူ ကလျာဏ ပုထုဇဉ် ဖြစ်ကြသည့် မိမိတို့အား သော်မှ အအေးဓာတ်ကို ထင်ဟပ် ပေးအပ်နိုင်စွမ်း ရှိပါလျှင်၊ တိုက်ရိုက် မျက်မှောက် ပြုနေနိုင်သူ အရိယာသခင် သူတော်စင်တို့အားကား အအေး ဓာတ်ကို ပေးအပ်နိုင်မည်မှာ သံသယဖြစ်သင့်သော အရာမဟုတ်ပါချေ။ အမှန်တကယ် ပေးအပ်နိုင်စွမ်း သတ္တိ ရှိနေပါသည်။

(ခ)။ ။နိဗ္ဗာန်ကို မျက်မှောက် ပြုလိုက်သည်နှင့် တပြိုင်နက်၊ ဝါ— အအေးဓာတ်ကို ကိုယ်တွေ့မျက်မြင် တွေ့ကြုံလာသည်နှင့် တချက်တည်း၊ ထိုသူသည်—

— နိဗ္ဗာန်တည်းဟူသော အအေးဓာတ်သို့ ဆိုက်ရောက် ရရှိရေးအတွက်၊ မဇ္ဈိမပဋိပဒါကျအောင် ကျင့်သုံးပုံ ကျင့်သုံးနည်းကို လက်တွေ့ကျကျ မှန်မှန်ကန်ကန် သိမြင်လာပါပြီ။ အသိမှန် အမြင်မှန်ခေါ် သမ္မာဒိဋ္ဌိ ဉာဏ်အမြင်ကို ဆုပ်ဆုပ် ပိုင်ပိုင် ရရှိထားပါပြီ။ အသိမှား အမြင်မှားခေါ် မိစ္ဆာဒိဋ္ဌိ

မရှိတော့ပါပြီ။ “ ဒိဋ္ဌိကိလေသာကို ပယ်သတ်သည်”ဟု ဆိုနိုင်ပါပြီ။

– “ဤသို့ ကျင့်ကြံ အားထုတ်လျှင် ဤသို့ဖြစ်သည်” ဟူသော အချက်နှင့် ပတ်သက်၍ ယောင်ဝါးခြင်း, သံသယ ဖြစ်ခြင်း မရှိတော့ပါပြီ။ “ဝိစိကိစ္ဆာ ကိလေသာကို ပယ်သတ်သည်”ဟု ဆိုနိုင်ပါပြီ။

(ဂ)။ ။ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတို့သည် ကိလေသာများ ဖြစ်ကြ၏။ ကိလေသာသည် ထကြွ သောင်းကျန်း တတ်၏။ သောင်းကျန်းလျှင် ဆူပူ၏။ မအေးချမ်းတော့ပေ။ အေးချမ်းဖို့ အတွက် မဆူပူ၊ မသောင်းကျန်း၊ မသကြွဖို့ လိုအပ်၏။ မထကြွဖို့ မရှိရန် လိုအပ်၏။ မရှိဖို့ ပယ်သတ်ရန် လိုအပ်၏။

ပယ်သတ်ပစ်ဖို့ လိုအပ်သည့် ကိလေသာ ဆယ်ပါးရှိ၏။ ယင်းတို့အနက် သောတာ ပတ္တိမဂ်က ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာဟူသော ကိလေသာနှစ်ပါးကို သမုစ္ဆေဒ ပဟာန်အားဖြင့် ယတိပြတ် ပယ်သတ်လိုက်ပြီးဖြစ်၏။ ရှစ်ပါးသာ ကျန်ရှိတော့၏။

ဆူပူ သောင်းကျန်းမှုအင်အား ဆယ်ပုံနှစ်ပုံ၊ ဝါ–ငါးပုံ တပုံ လျော့နည်း သွား ပြီ ဖြစ် ၏။ ယင်းသည့်အားလျော်စွာ ငြိမ်သက် အေးချမ်းမှုအင်အားက ငါးပုံတပုံဖြစ်ပေ ါ်တိုးတက် လာ၏။ အပူဓာတ်အဘယ်မျှ လျော့နည်းသွားမည်ကို ခန့်မှန်း နိုင်၏။ ဤသည်မှာ တဘာဝတာ အတွက်သာ ဖြစ်၏။

တသံသရာလုံးအတွက်ဆိုပါက "သောတာပန်အား ချုပ်ငြိမ်းသွားသော ဝဋ္ဋဒုက္ခများမှာ ဤမဟာပထဝီမြေကြီးပေါ်ရှိ မြေမှုန့်တို့၏ ထုထည်ပမာဏမျှရှိ၏။ ကျန်ရှိသော ခုနစ်ဘဝသာအတွက် ဝဋ္ဋဒုက္ခတို့ကား လက်သည်းခွံပေါ်ရှိ မြေမှုန့်တို့၏ ထုထည်ပမာဏမျှသာရှိ၏။ ဓမ္မစက္ခုတည်းဟူသော သောတာပတ္တိမဂ်ဉာဏ်ကို ရရှိလာခြင်းသည် ဤမျှလောက်ပင် တန်ခိုးအာနုဘော်ကြီးမားလှပါဘိ၏"* ဟူ၍ မိန့်ဆိုတော်မူခဲ့သည့် မြတ်ဗုဒ္ဓစကားတော်ကို ထောက်ဆ၍ သိရှိနိုင်ပါသည်။

— * —

## ကိလေသာ ပယ်တတ်သောမဂ်နှင့် ပယ်ကြောင်းဖြစ်သောနိဗ္ဗာန်

၂၉။ ။(က)။ ။ဤမျှလောက်သော ဝဋ္ဋဒုက္ခအပူမီးများ လျော့နည်းသွားလောက်အောင် သောတာပတ္တိမဂ်က အပူမီးကိလေသာများကို ပယ်သတ်ရာတွင်၊ သူ့ချည်းသတ်သတ် ပယ်သတ်နိုင်သည် မဟုတ်ပါ။ ပယ်သတ်နိုင်ဖို့အတွက် နိဗ္ဗာန်ကို တွယ်မှီစရာအဖြစ် ရရှိလာသောကြောင့်၊ ဝါ-နိဗ္ဗာန်ကို အာရုံပြုလာနိုင်သည့်အတွက်ကြောင့်၊ ဝါ—နိဗ္ဗာန်ကို ကိုယ်တွေ့မျက်မြင် မျက်မှောက်ပြုလာနိုင်သောကြောင့်သာလျှင် ပယ်သတ်နိုင်ခြင်း ဖြစ်၏။

---

* နိဒါနဝဂ္ဂ သံယုတ်ပါဠိတော် အဘိသမယဝဂ်ရှိ ပထမသုတ်၏ လိုရင်းအဆိုအမိန့်။ —စာရေးသူ။

"လူသည် ထင်းကို ဓားဖြင့် ခုတ်ဖြတ်၏"ဟူသော စကားရပ်တွင်၊ လူက ထင်းကိုခုတ်ဖြတ်ရာတွင် ဓားမပါပဲ လက်ချည်းသက်သက်ဖြင့် ထင်းကိုမဖြတ်နိုင်ပါ။ ဓားပါရှိပါမှ ဓားဖြင့်ခုတ်ဖြတ်နိုင်၏။ ထို့ကြောင့် ဓားသည် ထင်းကို ခုတ်ဖြတ်ရာတွင် မပါလျှင်မပြီး အရေးကြီးသော လက်နက် ကိရိယာဖြစ်၏။

ထို့အတူ သောတာပတ္တိမဂ်က ကိလေသာတို့ကို ပယ်သတ်ရာတွင်၊ သူ့ချည်းသတ်သတ် မပယ်သတ်နိုင်ပါ။ နိဗ္ဗာန်ကို အာရုံပြုရပါမှ၊ ဝါ—နိဗ္ဗာန်တည်းဟူသောဓားကို ကိုင်စွဲရပါမှ ကိလေသာများကို ပယ်သတ်နိုင်၏။ ထို့ကြောင့် သောတာပတ္တိမဂ်က ကိလေသာများကို ပယ်သတ်ရာတွင် နိဗ္ဗာန်သည် မပါလျှင်မပြီး၊ အရေးကြီးသော လက်နက်ကိရိယာကောင်း သဖွယ်ဖြစ်နေ၏။ ဤသို့လျှင် မပါလျှင်မပြီး အရေးကြီးသော အရာများကို "ကရိုဏ်း"ဟု သဒ္ဒါအရာတွင် ဆိုကြရ၏။ "ဖြင့်" ဝိဘတ်သက်ရ၏။ "နိဗ္ဗာန်ဖြင့် အပူမီး ကိလေသာကို သောတာပတ္တိမဂ်က ပယ်သတ်သည်"ဟု ဆိုလို၏။

ကိလေသာသည် အပယ်အသတ်ခံရသောသဘော၊ ပယ်သတ်အပ်သော သဘောရှိ၏။ ယင်းသဘောကို ကမ္မသတ္တိဟု ဆိုရ၏။ မဂ်ဉာဏ်ကား ပယ်သတ်တတ်သော သဘောရှိ၏။ ယင်းသဘောကို ကတ္တုသတ္တိဟု ဆိုရ၏။ နိဗ္ဗာန်ကား ပယ်သတ်ရာ ပယ်သတ်ကြောင်းဖြစ်သော သဘောရှိ၏။ ယင်းသဘောကို အဓိကရဏသတ္တိနှင့် ကရဏသတ္တိဟုဆိုရ၏။

ကမ္မသတ္တိရှိသောပုဒ်ကို "အပ်"၊ ကတ္တုသတ္တိရှိသောပုဒ်ကို "တတ်"၊ အဓိကရဏသတ္တိရှိသော ပုဒ်ကို "ရာ"၊ ကရဏသတ္တိ

ရှိသောပုဒ်ကိုမူ "ကြောင်း"ဟူသော သတ္တိဇောတက ပုဒ်များဖြင့် ကာရကသတ္တိများကို ခွဲခြားသတ်မှတ်ကြ၏။ ကရဏသတ္တိရှိသော ကာရကသည် အဓိကရဏသတ္တိလည်း ရှိတတ်၏။

ထို့ကြောင့် ကမ္မသတ္တိရှိသော ကိလေသာကို "ပယ်သတ်အပ်သောတရား"၊ ကတ္တုသတ္တိရှိသော မဂ်ဉာဏ်ကို "ပယ်သတ်တတ်သောတရား"၊ အဓိကရဏနှင့် ကရဏသတ္တိရှိသော နိဗ္ဗာန်ကိုမူ "ပယ်သတ်ရာ ပယ်သတ်ကြောင်းတရား"ဟုဆိုရ၏။

အပယ်အသတ်ခံရသော တရားကား တမျိုး၊ ယင်းကား အပူမီး ကိလေသာများ ဖြစ်၏။ ပယ်သတ်သော တရားကား နှစ်မျိုး။ ယင်းတို့ကား မဂ်ဉာဏ်နှင့်နိဗ္ဗာန်တို့တည်း။

သို့ဖြစ်၍ "ရာဂ ဒေါသ မောဟစသည့် ကိလေသာများကို ပယ်သတ်သောတရားကား အဘယ်နည်း"ဟူသော မေးခွန်းကို "ကိလေသာပယ်သောတရားကားမဂ်ဉာဏ်ဖြစ်သည်"ဟူ၍လည်း ဖြေဆိုနိုင်၏။ "ကိလေသာပယ်သောတရားကားနိဗ္ဗာန်ဖြစ်သည်" ဟူ၍လည်း ဖြေဆိုနိုင်၏။

သို့ဖြစ်၍ "ကိလေသာပယ်သောတရားမှာ အဘယ်ကြောင့် နှစ်မျိုး ဖြစ်နေရသနည်း"ဟူ၍ ထပ်ဆင့် မေးမြန်းလာသော် "မဂ်ဉာဏ်က ကတ္တုသတ္တိဖြင့်ပယ်၏။ နိဗ္ဗာန်က ကရဏသတ္တိဖြင့် ပယ်၏။ ဤသို့ပယ်နိုင်သည့် သတ္တိချင်းမတူ၊ ကွဲလွဲခြားနားသောကြောင့် ကိလေသာပယ်သောတရားမှာတမျိုးတည်းမဟုတ်ပဲ နှစ်မျိုးဖြစ်ရသည်"ဟု ဖြေဆိုအပ်၏။

မဂ်ဉာဏ်သည် အသိခေတ်၊ သဘောတရား။ နိဗ္ဗာန်ကား အငြိမ်းခေတ်၊ သဘောတရား။ ကိလေသာမှုကား အပူခေတ်၊ သဘောတရားဖြစ်၏။ အသိနှင့်အငြိမ်းခေတ်ဟူသော ခေတ်သတ္တိ သဘောတရားနှစ်ခုတို့က အပူခေတ်ဟူသောခေတ်သတ္တိသဘော တရား တခုကို ပယ်သတ်ကြ၏။ ခေတ်သတ္တိသဘောတရားတို့က ခေတ်သတ္တိသဘောတရားကို ပယ်သတ်ခြင်း, သဘောတရားက သဘောတရားကို ပယ်သတ်ခြင်းဖြစ်၏။ ဤသည်မှာ အဆုံး သတ်အမှန် ပရမတ္ထသစ္စာ ဆိုက်သော အမြင်ဖြစ်၏။ ပုဂ္ဂိုလ် သတ္တဝါက ပုဂ္ဂိုလ်သတ္တဝါကို ပယ်သတ်သည်ဟူသောအထင်, အမြင်, အယူ, အဆကား ပရမတ်သို့ မရောက်သေးပါ။ ပညတ်မှာသာ သောင်တင် နေပါသေးသည်။ အရာရာတွင် ပညတ်မှာသာ သောင်တင်မနေပဲ၊ ပရမတ်ဆိုက်သည်အထိ သိမြင် ရလေအောင် ကြိုးစားကြရပါမည်။

(ခ)။ ။ယင်းသို့လျှင်၊ ပင်မခေါင်းဆောင် ကိလေသာများ ဖြစ်ကြသော ရာဂ, ဒေါသ, မောဟတို့ကို ပယ်သတ်သော သဘောတရား နှစ်မျိုးရှိ၏။ မဂ်ဉာဏ်နှင့်နိဗ္ဗာန်တည်း။ မဂ်ဉာဏ် ကို ရည်ညွှန်းသော် မဂ်ဉာဏ်၏ ကတ္တုပေါ်လွင်အောင် "မဂ်ဉာဏ်သည် ကိလေသာတို့ကို ပယ်သတ်တတ်သော သဘော တရား" ဟူ၍ "တတ်" ဟူသော သတ္တိဇောတကပုဒ်ဖြင့်ဆိုရ၏။ နိဗ္ဗာန်ကို ရည်ညွှန်းပါမူ နိဗ္ဗာန်၏ အဓိကရဏ သတ္တိနှင့် ကရဏ သတ္တိ ပေါ်လွင်အောင် "နိဗ္ဗာန်သည် ကိလေသာတို့ကို ပယ် သတ်ရာ ပယ်သတ်ကြောင်းဖြစ်သော သဘောတရား" ဟူ၍ "ရာ၊ ကြောင်း" ဟူသော သတ္တိဇောတကပုဒ်ဖြင့် ဆိုရ၏။

ဤသည်မှာ သက်ဆိုင်ရာ သတ္တိများ ပေါ်လွင်အောင် သဒ္ဒါ စည်းကမ်းနှင့် အညီ ကွဲကွဲပြားပြား တိတိကျကျ သိရှိရမည့် အရာဖြစ်၏။ သာမန်အားဖြင့်မူ "ရာဂ ဒေါသ မောဟကိလေသာ များကို ပယ်သော တရားကား မဂ်ဉာဏ်ဖြစ်သည်"ဟူ၍လည်း ဖြေဆိုနိုင်၏။ "ရာဂ ဒေါသ မောဟကိလေသာများကို ပယ် သော တရားကား နိဗ္ဗာန်ဖြစ်သည်"ဟူ၍လည်း ဖြေဆိုနိုင်၏။

ထို့ကြောင့် "ရာဂ ဒေါသ မောဟတို့ကို ပယ်သော တရား ဟူသည်မှာ အဘယ်၏ အမည် ဖြစ်ပါသနည်း ဘုရား"ဟူသော ရဟန်း တပါး၏ အမေးကို—

—"ရာဂ ဒေါသ မောဟ ပယ်သောတရား ဟူသည်မှာ နိဗ္ဗာနဓာတ်၏ အမည် ဖြစ်ပေသည်"ဟူ၍ နိဗ္ဗာန်ကို ရည်ညွှန်း ဖြေဆိုတော်မူခဲ့၏။

—"အရဟတ္တဖိုလ် တည်းဟူသော အာသဝက္ခယ ဉာဏ်ကို လည်း ရာဂ ဒေါသ မောဟ ပယ်သော တရားအမည်ဖြင့် ဆိုအပ်ပေသည်"ဟူ၍ အရဟတ္တဖိုလ် ဉာဏ်ကို ရည်ညွှန်း၍ ထပ်ဆင့် ဖြေကြားတော်မူခြင်း ဖြစ်၏။

ဤတွင် ရာဂ ဒေါသ မောဟ ပယ်သော တရားမှာ "နိဗ္ဗာန် နှင့် မဂ်ဉာဏ်"ဟု မဆိုပဲ "နိဗ္ဗာန်နှင့် ဖိုလ်ဉာဏ်"ဟု မဂ်ဉာဏ်၏ နေရာတွင် ဖိုလ်ဉာဏ်ကို ဆိုထားတော်မူရခြင်း အကြောင်းရင်း ကား ဤသို့ ပါတည်း။

မဂ်ဉာဏ်သည် စိတ္တက္ခဏ တကြိမ်သာ ဖြစ်ပေါ် ဥပါဒ်လာ ပြီး ထပ်မံ၍ ဖြစ်ပေါ် မလာတော့ပါ။ မဂ်ဉာဏ်၏ နောက်ပိုင်းတွင်မူ ရည်တူ သွေးတူဖြစ်သော ဖိုလ်ဉာဏ်ကား ပရိနိဗ္ဗာန စုတိ မကျမီ ကြားကာလအတွင်း အကြိမ်ပေါင်း မရေမတွက်နိုင်အောင် ထပ်မံ၍ ဖြစ်ပွားနိုင်၏။ ဖြစ်တည်ပျက်ဟူသော ခဏတ္တယ အနေအားဖြင့် ဆက်လက် တည်ရှိနေ၏။ ယင်းသို့ ဆက်လက် တည်ရှိနေသောကြောင့် ယင်းအရဟတ္တဖိုလ်ဉာဏ်ကို "ရာဂ ဒေါသ မောဟ ပယ်သောတရား" အဖြစ်ဖြင့် မြတ်ဗုဒ္ဓက ညွှန်ပြ၊ရည်ညွှန်းတော် မူခဲ့ပါသည်။

ထို့ကြောင့် "အရဟတ္တဖိုလ်ဉာဏ် တည်း ဟူ သော အာသဝက္ခယ ဉာဏ်ကိုလည်း ရာဂ ဒေါသ မောဟ ပယ်သော တရား အမည်ဖြင့် ဆိုအပ်ပေသည်" ဟူ၍ မြတ်ဗုဒ္ဓက ဖြေကြားတော် မူခဲ့ခြင်း ဖြစ်လေသည်။

— * —

## မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့နှင့် ဖိုလ်မောင်ဉာဏ်

၃၀။ ။(က)။ ။အထက်ပါ သဘောတရားကို ပို၍ ရှင်းလင်းစွာ သဘောပေါက်နိုင်ရေးအတွက် အောက်ပါ ဥပမာကို သေချာစွာ ဖတ်ရှုပါ။

ဆိုကြပါစို့။ တခုသော နိုင်ငံတွင် ဆယ်ယောက်သော လူဆိုးကြီးတို့က မင်းမှုစီးမိုးနေကြ၏။ ခြယ်လှယ် လွှမ်းမိုးနေကြ၏။ ထင်ရာစိုင်း၍ အရိုင်းဇာတ် ခင်းနေကြ၏။ အမှတ်စဉ်အရ တတိယဖြစ်သူ ဗိုလ်မိုက်ခဲက ကိုးကိုင် ခြယ်လှယ်နေ၏။ ထို့ကြောင့် နိုင်ငံတော်အတွင်း ငြိမ်းချမ်းရေး မရှိ။ ထကြွ ဆူပူသောင်းကျန်းလျက်ရှိ၏။ ပြည်သူတို့မှာ အတိဒုက္ခရောက်လျက် ရှိကြ၏။ နှလုံးစိတ်ဝမ်း မချမ်းမမြေ့နိုင်ပဲ ရှိနေကြ၏။

ဤသို့ ဖြစ်နေသည်ကို ပြည်သူတို့က မခံမရပ်နိုင် ဖြစ်လာကြသည်။ သူတို့က ငြိမ်းချမ်းရေးကို အလိုရှိကြ၏။ ငြိမ်ဝပ်ပိပြားရေးကို မြတ်နိုးကြ၏။ အေးအေးချမ်းချမ်း နေထိုင်လိုကြ၏။ သူတို့အနက် မောင်ဉာဏ် ဆိုသူကား အမြော်အမြင် ကြီးမား၏။ သို့အတွက် သူ့ကို ခေါင်းဆောင်အဖြစ် တင်မြှောက်ကြ၏။ လူဆိုးဗိုလ်တို့ကို ခုခံ တော်လှန်ကြ၏။

ပထမဦးဆုံး တိုက်ပွဲတွင် အမှတ်စဉ်အရ ပဥ္စမနှင့် ဆဋ္ဌမ လူဆိုးဗိုလ် နှစ်ယောက်နှင့် အတူ နောက်လိုက် နောက်ပါ အတော်များများကို ကျဆုံးသွားအောင် သုတ်သင်ပစ်နိုင်ကြ၏။ သို့အတွက် သူ့ကို သာမန် ခေါင်းဆောင်အဖြစ်မှ တဆင့် တက်၍၊ ဒုတိယ ဗိုလ်ကလေးတယောက်အဖြစ် အသိအမှတ် ပြုလာကြ၏။ —၁။

တဖန် ကျဆုံးသွားသော ပဥ္စမနှင့် ဆဋ္ဌမ လူဆိုး ဗိုလ်များ မင်းမှုခဲ့ရာ နယ်မြေကို ခြေကုတ်စခန်းအဖြစ် တပ်စွဲကာ ငြိမ်းချမ်း

ရေးနှင့် တရားဥပဒေ စိုးမိုးရေး အာဏာ သက်ရောက်စေရန် မောင်ညာဏ်ကပင် တာဝန်ယူရ၏။ သို့အတွက် ဒုတိယ ဗိုလ်ကလေး တယောက် အဖြစ်မှ တဆင့်တက်၍ "ဗိုလ်မောင်ညာဏ်" အဖြစ် အသိအမှတ် ပြုလာကြရ၏။ ၂—။

ဤအခြေအနေ ဤအဆင့်အတန်းသို့ မရောက်မီ သာမန် ခေါင်းဆောင် ဘဝက မောင်ညာဏ်မှာ အားထားစိတ်ချရသော လက်ထောက်လေးယောက် ရှိခဲ့၏။ သို့ဖြစ်၍ သောင်းကျန်း သူများကို ခုခံ တော်လှန်ကြရာတွင် သေတူရှင်ဖက် သွေးသောက် ရဲဘော်ဟူ၍ မိမိ အပါအဝင် ငါးယောက်သာ ခဲ့ရှိ၏။ အခြား သုံးယောက်တို့ကား သေတူရှင်ဖက်များ မဟုတ်ခဲ့ကြ။ အားပေး ထောက်ခံသူများအဖြစ်လောက်သာ ရှိခဲ့၏။ သို့သော် လူဆိုးဗိုလ် နှစ်ယောက်တို့ကို သုတ်သင်နိုင်ခဲ့ချိန်မှ စ၍ သေတူရှင်ဖက် သွေးသောက် ရဲဘော်များအဖြစ် ပါဝင် ပူးပေါင်းလုပ်ဆောင် သွားကြမည်ဟု သစ္စာခံလာကြ၏။ သို့အတွက် ယခု အခါတွင် ရှစ်ယောက်ရှိလာပြီ ဖြစ်သော ဗိုလ်မောင်ညာဏ်တို့ အုပ်စုတွင် အားထားလောက်သည့် အခြား ဘက်တော်သားများနှင့်ပါ ဆိုလျှင် စုစုပေါင်း လူအင်အား ၃၇ ယောက်အထိ တိုးတက်၊ ကြီးမား၊ သိပ်သည်း၊ ခိုင်မာလာပြီ ဖြစ်၏။

အင်အား တောင့်တင်းခိုင်မာလာသော ဗိုလ်မောင်ညာဏ် တို့က၊ ဒုတိယအကြိမ် တိုက်ခိုက်ပြန်၏။ ဤအကြိမ်တွင် မည် သည့် လူဆိုးဗိုလ်မျှ ကျဆုံးအောင် မသုတ်သင် နိုင်ခဲ့ကြပါ။ သို့သော် ပထမနှင့် ဒုတိယ လူဆိုးဗိုလ်နှစ်ယောက်တို့ကို ဒဏ်ရာ

ရစေနိုင်ခဲ့ကြ၏။ သူ့ကိုလည်း ဗိုလ်ကြီးဟု အသိအမှတ် ပြုလာကြ၏။ ၃—။

တခါ၊ မိမိနယ်မြေတွင် ငြိမ်းချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးအာဏာသက်ရောက်ဖို့ ထမ်းဆောင်ရသည့် တာဝန်များ အပြင်၊ ရန်သူ့နယ်မြေသို့ ထိုးဖောက်စည်းရုံးရေး တာဝန်များ ကိုပါ ထမ်းဆောင်လာရသဖြင့် ဗိုလ်မှူးမောင်ဉာဏ် ဟူသော အဆင့်သို့ တက်ရောက်လာ၏။ —၄။

ရန်သူ့နယ်မြေသို့ ထိုးဖောက်စည်းရုံးလာနိုင်သော ဗိုလ်မှူး မောင်ဉာဏ်က တတိယအကြိမ် ထိုးစစ်ဆင် တိုက်ခိုက်ပြန်၏။ ဤအကြိမ်တွင်မူ ပထမ လူဆိုးဗိုလ်ကို ထပ်မံဒဏ်ရာရစေပြီး၊ ဒုတိယလူဆိုးဗိုလ်ကိုမူကျဆုံးစေနိုင်ခဲ့၏။ ဗိုလ်မှူးကြီး မောင်ဉာဏ် ဟူသော အဆင့်သို့ တက်ရောက်လာ၏။ —၅။

ကျဆုံးသွားသော လူဆိုးဗိုလ်တို့၏ ကြီးစိုးခဲ့ရာ နယ်မြေ များကို တိုးချဲ့သိမ်းပိုက်ပြီး၊ အုပ်ချုပ်ရေး အာဏာသက်ရောက် အောင် ဆောင်ရွက်၏။ သို့အတွက် ဗိုလ်မှူးချုပ် မောင်ဉာဏ် ဟူ၍ ဖြစ်လာ၏။ —၆။

ယခုအချိန်တွင်၊ သောင်းကျန်းသူ လူဆိုးဗိုလ် ၁၀—ယောက် တို့အနက် ဗိုလ်မှူးချုပ် မောင်ဉာဏ်တို့၏ လက်ချက်ဖြင့် ၃— ယောက် ကျဆုံးသွားပြီဖြစ်၏။ ကျန်ရှိသူတို့ အထဲတွင်လည်း၊ ဒဏ်ရာရသူရ၊ စိတ်ဓာတ်ကျသူကျနေကြပြီး၊ သူ့အပြစ်ဖို့ ငါ

အပြစ်ဖို့ဖြင့် အချင်းချင်းလည်း စိတ်ဝမ်းကွဲနေကြ၏။ ပြည်သူ လူထုကလည်းသူတို့အပေါ်မခန့်ညားတော့ပါ။ နယ်မြေကလည်း ကျဉ်းမြောင်းလာ၏။ ဗိုလ်မှူးချုပ်မောင်ဘကျော်တို့ကား ဩဇာ သက်ရောက်ရာနယ်မြေ ကျယ်ပြန့်လာ၏။ စည်းရုံးရေး ပို၍ ထိ ရောက်သာ၏။ လူထုထောက်ခံမှုပို၍ရလာကြ၏။ ပို၍ သွေးစည်း လာကြ၏။ စိတ်ဓာတ်ပို၍ တက်ကြွနေကြ၏။ ယုံကြည်ချက်ပို၍ ခိုင်မာလာကြ၏။ စစ်ရေးစွမ်းရည်လည်း ပို၍ ထက်မြက်လာ ကြ၏။ ဤသို့သော ရန်သူ့အားနည်းချက်၊ မိမိအားကောင်း ချက်များကို သိမြင်ထားသော ဗိုလ်မှူးချုပ်မောင်ဘကျော်က အခါ ကောင်းကို စောင့်ကြည့်လျက်ရှိ၏။ အခါကောင်း ရောက်လာ သည်နှင့် တပြိုင်နက်၊ ထိုအခွင့်အရေးလက်လွတ်မခံပဲ၊ အရယူကာ ရန်သူများကို အလုံးအရင်းဖြင့် ရတ်ခြည်းမီးကုန်ယမ်းကုန် ဝင် တိုက်ကြ၏။ အငိုက်မိသွားသော ရန်သူများ တယောက်မကျန် အားလုံး ကျဆုံးသွားကြ၏။ ဗိုလ်ချုပ်မောင်ဘကျော် ဟူ၍လည်း အဆင့်အတန်းတိုးကာ ရာထူးတက်သွား၏။ —၇။

ယခုအခါ နိုင်ငံတော်သည် သောင်းကျန်းသူတို့၏ ဘေး အန္တရာယ်အသွယ်သွယ်မှ လွတ်မြောက်သောနယ်မြေ ဖြစ်လာ ပါပြီ။ ငြိမ်းချမ်းသာယာ ငြိမ်ဝပ်ပိပြားသော တိုင်းပြည်ဟူ၍ အထင်ကရ ဖြစ်ပေါ်တည်ရှိလာပါပြီ။ ထို့ကြောင့်နိုင်ငံတော်က လည်း ဗိုလ်ချုပ်မောင်ဘကျော်ကို အလေးမြတ်ဆုံး ဂုဏ်ပြုသော အားဖြင့် "ဗိုလ်ချုပ်ကြီး မောင်ဘကျော်" ဟူ၍ အမြင့်ဆုံး ဘွဲ့ထူး ဂုဏ်ထူးဖြင့် ချီးမြှင့် မြှောက်စားလေသည်။

—၈။

(ခ)။ ။တနေ့သောအခါ တယောက်သောသူက ဤသို့မေးမြန်းစုံစမ်းလာ၏။

ဒီနိုင်ငံတော်မှာခုလိုငြိမ်းချမ်းနေအောင် သူပုန်သူကန်တွေကို ဘယ်သူက သုတ်သင်ပစ်သလဲ။

ကျုပ်တို့ရဲ့ ဗိုလ်ချုပ်ကြီး မောင်ညာဏ်ပေါ့ဗျာ။ တယောက်သောသူက ဤသို့ပြန်ဖြေ၏။

ထိုသူက ဆက်လက်၍ စုံစမ်းပြန်လေသည်။ မဟုတ်သေးဘူးလေ။ ခင်ဗျားတို့ရဲ့ ဗိုလ်ချုပ်ကြီးက တိုင်းပြည်အေးချမ်းနေတဲ့ ခုအခါမှာ ရှိနေတဲ့စစ်ဗိုလ်ကြီးကို ဆိုလိုတာမဟုတ်လား။ ကျုပ်သိချင်တာက ခုလို တိုင်းပြည် မအေးချမ်း သေးခင်၊ ဟိုအခါကသူပုန်သူကန်တွေကို သုတ်သင်နှိမ်နင်းခဲ့သူကို သိချင်နေတာပါ။

ဟုတ်ပါတယ်။ ဟိုတုန်းက သူပုန်သူကန်တွေကို ကိုယ်တိုင်ကိုယ်ကျသုတ်သင်ခဲ့တဲ့ ဒုတိယဗိုလ်မောင်ညာဏ်၊ ဗိုလ်မောင်ညာဏ်၊ ဗိုလ်ကြီး မောင်ညာဏ်၊ ဗိုလ်မှူး မောင်ညာဏ်၊ ဗိုလ်မှူးကြီး မောင်ညာဏ်၊ ဗိုလ်မှူးချုပ် မောင်ညာဏ်၊ ဗိုလ်ချုပ် မောင်ညာဏ် ဆိုသူတွေနဲ့ သုတ်သင်ရမယ့် သူပုန်သူကန်တွေ မရှိတော့ သူ လက်ရှိဗိုလ်ချုပ်ကြီး မောင်ညာဏ်ဆိုသူ ပုဂ္ဂိုလ်တို့ဟာ အတူတူပါပဲ။ တယောက်တည်းပါ။ ယေနာမည် မောင်ညာဏ်ဆိုသူချင်း အတူတူပါပဲ။

ယေနာမည်မောင်ညာဏ်ဆိုတဲ့ ပုဂ္ဂိုလ်ကတယောက်တည်းပါ။ ဒါပေမယ့်၊ ပြောင်းလဲလာတဲ့ အချိန့်ကာလနဲ့အမျှ အောင်မြင်

အောင် လုပ်ဆောင်လာခဲ့တဲ့ လုပ်ငန်းတာဝန်တွေက တမျိုးစီ။ အဲဒီလို လုပ်ငန်းတာဝန်တမျိုးစီကို ပြီးမြောက်စေခဲ့တဲ့ စွမ်းရည်သတ္တိ အရည်အချင်းတွေကလည်း တမျိုးနဲ့တမျိုးမတူ၊ တမျိုးစီဖြစ်ပြီး၊ အဲဒီအရည်အချင်းအားလျော်စွာရရှိလာခဲ့တဲ့ ဂုဏ်ထူးတွေကလည်း တမျိုးနဲ့တမျိုးမတူ၊ တမျိုးစီဖြစ်နေလို့ တယောက်တည်းမဟုတ်ပဲ၊ တယောက်စီ တခြားစီ ဖြစ်နေတယ်လို့ ထင်ရတာပါ။ တကယ်တော့ တယောက်စီ၊ တခြားစီ မဟုတ်ပါ။ တယောက်တည်းပါ။ လူပုဂ္ဂိုလ်ဆိုတဲ့ ဒြပ်က တခုတည်း၊ တယောက်တည်းပါ။ ဒြပ်ရဲ့ဂုဏ် ( =အရည်အသွေး = စွမ်းရည်သတ္တိ=အမည်နာမ) တွေကသာ တခြားစီ ဖြစ်နေတာပါ။

ဪ၊ ဒီလိုလား။ ဒီလိုဆိုယင် စွမ်းရည်သတ္တိ, အရည်အသွေး, ဂုဏ်ထူး အမည်နာမတွေက တမျိုးစီ ဖြစ်နေလို့ တယောက်စီဖြစ်နေတယ်လို့ ထင်ရပေမယ့်၊ ဒီဂုဏ်ရဲ့ဒြပ်ဖြစ်တဲ့ လူပုဂ္ဂိုလ်က တယောက်စီမဟုတ်ပဲ၊ တယောက်တည်းသာဖြစ်တယ်။ ဒါကြောင့် ခု ရှိနေတဲ့ ဗိုလ်ချုပ်ကြီး မောင်ဉာဏ်နဲ့ ဟိုတုန်းက ရှိလာခဲ့တဲ့ ဗိုလ်ချုပ်မောင်ဉာဏ်, ဗိုလ်မှူးချုပ်မောင်ဉာဏ်, ဗိုလ်မှူးကြီးမောင်ဉာဏ်, ဗိုလ်မှူးမောင်ဉာဏ်, ဗိုလ်ကြီးမောင်ဉာဏ်, ဗိုလ်မောင်ဉာဏ်, ဒုတိယဗိုလ်မောင်ဉာဏ်နဲ့မောင်ဉာဏ်ဆိုသူတို့ဟာ တယောက်စီ မဟုတ်ပဲ တယောက်တည်းလို့ဆိုလိုတာလားဗျာ။

ဟုတ်ပါတယ်ဗျား၊ ဟုတ်ပါတယ်။

(ဂ)။ ။ထိုအတူပင် ဖြစ်ပါသည်။ သောတာပတ္တိမဂ်ဖိုလ်
သကဒါဂါမိမဂ်ဖိုလ်, အနာဂါမိမဂ်ဖိုလ်, အရဟတ္တမဂ်ဖိုလ်,
ဟူသည်တို့မှာ ဂေါတြဘူ(=ဂုဏ်) ၏ အမည်များ ဖြစ်ကြ၏။ ဉာဏ်ဟူသည်ကား
ဂုဏ်၏ဘည်ရာ (=ဂုဏ္ဍောေး=ဒြဗ်)ဖြစ်သော ပညာစေတသိက်၏
အမည် ဖြစ်ပါသည်။

မှန်ပါသည်။အရှင်သဒ္ဓမ္မပါလစသော ထေရီထေရာ ရဟန္တာ
သခင် သူတော်စင်အရိယာတို့သည် အရိယာမဖြစ်ခင်က ပုထုဇဉ်
ဖြစ်ခဲ့ကြရသည်ချည်း ဖြစ်ပါသည်။ ပုထုဇဉ်သော်မှ ကလျာဏ
ပုထုဇဉ်မဖြစ်ခင်က အန္ဓပုထုဇဉ် ဖြစ်ခဲ့ကြရပါသေးသည်။

ထိုအန္ဓပုထုဇဉ်တို့၏ သမာဓိဉာဏ်သည်ပင်လျှင် ကြိုးစားအား
ထုတ်မှုကြောင့် စွမ်းရည်သတ္တိအရည် အသွေးထက်မြက်လာသည့်,
ရုပ်တရား နာမ်တရားနှင့် ထိုရုပ် ထိုနာမ်တို့၏ အဖြစ်
အပျက်များကို သိမြင်နိုင်စွမ်း ရှိလာသည်ဆိုသောအခါ အဆင့်
အတန်းမြင့်လာ၏။ သာမန်ထက်ထူးကဲလာ၏။ ယင်းသည့်အား
လျော်စွာ "ဝိပဿနာ" ဟူသော ဂုဏ်ပုဒ်ဖြင့် အထူးပြုလာရ၏။
ဝိသေသန မ—လာ၏။ "ဝိပဿနာ+ဉာဏ်" ဟု ဆိုလာကြရ၏။

ထိုဝိပဿနာဉာဏ်သည်ပင်လျှင် အရည်အသွေးပို၍ထက်မြက်
လာသည်။ နိဗ္ဗာနဓာတ်ကိုလည်း မြင်, ဒိဋ္ဌိဝိစိကိစ္ဆာကိုလည်း
ပယ်သတ်နိုင်စွမ်းရှိလာသည် ဆိုပါက ပယ်သတ်သည့် အခိုက်
အတန့်တွင် ဖြစ်ပေါ်တည်ရှိလာသော ဉာဏ်ကို သောတာပတ္တိ
မဂ်ဉာဏ်ဟု ဆိုရ၏။

—ထို့နောက် ဆက်လက်ဖြစ်ပေါ်တည်ရှိနေပြီး မည်သည့် ကိလေသာကိုမှ ထ မံ၍ မပယ်သတ်နိုင်သေးသည့် ဉာဏ်ကိုမူ "သောတာပတ္တိဖိုလ်ဉာဏ်" ဟု ဆိုရ၏။ —၂။

—ထို့နောက် ထိုသောတာပတ္တိဖိုလ်ဉာဏ်သည်ပင်လျှင်၊ ကာမ ရာဂနှင့် ဗျာပါဒတို့ကို ခေါင်းပါးစေနိုင်စွမ်း သတ္တိရှိလာပါက ကာမရာဂ ဗျာပါဒတို့ ထူပြောနေရာမှ ခေါင်းပါးသွားအောင် ပြုနိုင်စွမ်းသည့် အခိုက်အတန့်အခါ ဖြစ်ပေါ် တည်ရှိလာသော ဉာဏ်ကို "သကဒါဂါမိမဂ်ဉာဏ်" ဟု ဆိုရ၏။ —၃။

—ထို့နောက် ဆက်လက်ဖြစ်ပေါ်တည်ရှိနေပြီး မည်သည့် ကိလေသာကိုမှ ထပ်မံ၍ မပယ်သတ်နိုင်သေးသည့် ဉာဏ်ကိုမူ "သကဒါဂါမိဖိုလ်ဉာဏ်" ဟု ဆိုရ၏။ —၄။

—ထိုသဒါဂါမိဖိုလ်ဉာဏ်သည်ပင်လျှင် ကာမ ရာဂဟူသော လောဘ တစိတ်တဒေသနှင့် ဒေါသဗျာပါဒတို့ကို ပယ်သတ်နိုင် စွမ်းရှိလာပါက ပယ်သတ်ခိုက်ရှိဉာဏ်ကို "အနာဂါမိမဂ်ဉာဏ်" ဟု ဆိုရ၏။ —၅။

—ထို့နောက် ဆတ်လက်ဖြစ်ပေါ်တည်ရှိနေပြီး မည်သည့် ကိလေသာကိုမှ ထပ်မံ၍ မပယ်သတ်နိုင်သေးသည့် ဉာဏ်ကိုမူ "အနာဂါမိဖိုလ်ဉာဏ်" ဟု ဆိုရ၏။ —၆။

—ထိုအနာဂါမိဖိုလ်ဉာဏ်သည်ပင်လျှင် ရူပရာဂ အရူပရာဂ ဟူသော လောဘတစိတ်တဒေသနှင့် မောဟ, မာန, ထိန, အဟိ

ရိက, အနောတ္တပ္ပ ကိလေသာတို့ကိုပါ ပယ်သတ်နိုင်သည့်အထိ အစွမ်းသတ္တိထက်မြက်လာသောအခါ ၎င်းကိလေသာတို့ကို ပယ်သတ်ခိုက်တွင် ဖြစ်ပေါ်တည်ရှိလာသော ဉာဏ်ကို "အရဟတ္တမဂ်ဉာဏ်"ဟု ဆိုရ၏။ —၇။

—သို့နောက် ပယ်သတ်စရာ ကိလေသာမရှိတော့ပဲ ပရိနိဗ္ဗာန စုတိစိတ်ကျချိန်အထိ ဆက်လက်ဖြစ်ပေါ်တည်ရှိနေသော ဉာဏ်ကိုမူ "အရဟတ္တဖိုလ်ဉာဏ်"ဟု ဆိုရလေသည်။ —၈။

## ဥပမာနှင့် ဥပမေယျ

(ဃ)။ ။၎င်းတွင် "ပဌမနှင့် ဆဌမအဆင့်ရှိသူ လူဆိုးနှစ်ယောက်"ဟူသည်မှာ "ပဌမနှင့် ဆဌမ ကိလေသာများဖြစ်ကြသည့် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ကိလေသာများ"ဟုဆိုလို၏။ ဒုတိယဗိုလ်ကလေးမောင်ဉာဏ်ကား သောတာပတ္တိမဂ်ဉာဏ်၊ ဗိုလ်မောင်ဉာဏ်ကား သောတာပတ္တိ ဖိုလ်ဉာဏ် ဟူ၍ အသီးသီးဆိုလို၏။ —၁၊ ၂။

"လက်တောက်သွေးသောက် လေးယောက်" ဟူသည်မှာ "သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတိနှင့် သမ္မာသမာဓိ" တို့ကိုဆိုလို၏။ "ပထမအကြိမ်ရန်သူတို့ကို သုတ်သင်လိုက်ပြီးသောအချိန်ကျမှသာ သစ္စာခံလာသူ နောက်ထပ် သွေးသောက်သုံးယောက်" ဟူသည်မှာ "သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝဟူသောသီလမဂ္ဂင် သုံးပါး"တို့ကိုဆိုလို၏။ "ဘက်တော်

သွား သုံးဆယ့်ခုနစ်ယောက်”ဟူသည်မှာကား “ဗောဓိပက္ခိယ တရား သုံးဆယ့်ခုနစ်ပါး”ကို ဆိုလို၏။

“ပထမနှင့် ဒုတိယ လူဆိုးဗိုလ်နှစ်ယောက်တို့ကို ဒဏ်ရာရစေခဲ့သည်” ဟူသည်မှာ “ကာမရာဂဟူသော လောဘ တစိတ်တဒေသနှင့် ဗျာပါဒဟူသောဒေါသတို့ကို ခေါင်းပါးစေသည်” ဟု ဆိုလို၏။ ဗိုလ်ကြီးမောင်ဉာဏ်ကား သကဒါဂါမိမဂ်၊ ဗိုလ်မှူးမောင်ဉာဏ်ကား သကဒါဂါမိ ဖိုလ်ဟု ဆိုလို၏။ —၃၊ ၄။

“ပထမလူဆိုး ဗိုလ်ကို ထပ်မံဒဏ်ရာရစေပြီး၊ ဒုတိယလူဆိုးဗိုလ်ကို ကျဆုံးစေနိုင်ခဲ့သည်”ဟူသည်မှာ “ကာမရာဂ ဟူသော လောဘတစိတ်တဒေသနှင့် ဗျာပါဒ ဒေါသတို့ကို ပယ်သတ်နိုင်သည်”ဟု ဆိုလို၏။ ဗိုလ်မှူးကြီးမောင်ဉာဏ်သည် အနာဂါမိမဂ်၊ ဗိုလ်မှူးချုပ်မောင်ဉာဏ်ကား အနာဂါမိဖိုလ်ဟု ဆိုလို၏။
—၅၊ ၆။

“ကျဆုံးသွားပြီဖြစ်သော လူဆိုးဗိုလ်သုံးယောက်”ဟူသည်မှာ “အနာဂါမိ ဖိုလ်အထိ ပယ်သတ်ခဲ့သော ဒိဋ္ဌိ၊ ဝိစိကိစ္ဆာနှင့် ဒေါသ ကိလေသာ သုံးပါး”ဟု ဆိုလို၏။

“ရန်သူများ တယောက်မကျန်ကျဆုံးသွား၏” ဟူသည်မှာ “ကိလေသာများတပါးမျှ မကျန်အောင် အပယ်အသတ် ခံသွားရပြီ”ဟု ဆိုလို၏။

ဗိုလ်ချုပ်မောင်ဉာဏ်သည် အရဟတ္တမဂ်ဉာဏ်၊ ဗိုလ်ချုပ်ကြီး မောင်ဉာဏ်ကား အရဟတ္တဖိုလ်ဉာဏ်ဟု ဆိုလို၏။ -၇၊ ၈။

—*—

## ကိလေသာ ပယ်သော တရား ၂-မျိုး

၃၁။ ။"သူပုန် သူကန် သောင်းကျန်းသူများကို သုတ်သင် နှိမ်နင်း ပစ်သူသည် အဘယ်သူနည်း"ဟု မေးမြန်းလာကြသော အခါ "သူပုန်သူကန် သောင်းကျန်းသူများကိုသုတ်သင်နှိမ်နင်းပစ် သူသည်ဗိုလ်ချုပ်ကြီးမောင်ဉာဏ်ဖြစ်သည်"ဟု လက်ရှိဗိုလ်ချုပ် ကြီး မောင်ဉာဏ်ကိုလက်ညှိုးထိုး၊ ညွှန်ပြ၊ ရည်ညွှန်း ကြရ၏။

ထို့အတူ "ရာဂ ဒေါသ မောဟ ကိလေသာများကို ပယ်သော တရားဟူသည်မှာ အဘယ်၏ အမည် ဖြစ်ပါသနည်း။ ဝါ- ကိလေသာ ပယ်သောတရားကား အဘယ်ပါနည်း" ဟူ၍ မေးမြန်း စုံစမ်းလာသော ရဟန်းအား "ကိလေသာပယ်သော တရားကား= အရဟတ္တဖိုလ်ဉာဏ်=အာသဝါနံ ခယော တေန ဝုစ္စတိ"ဟူ၍ လက်ရှိ ဖြစ်ပေါ် တည်ရှိနေသော အရဟတ္တဖိုလ် ဉာဏ်ကို ကိလေသာပယ်သတ်သော တရားအဖြစ်ဖြင့် ဗုဒ္ဓက လက်ညှိုးထိုး၊ ညွှန်ပြ၊ ရည်ညွှန်း၊ ဖြေကြားတော် မူခဲ့ခြင်း ဖြစ်ပါသည်။

-၁။

အရဟတ္တဖိုလ်ဉာဏ်ခေါ် အာသဝက္ခယဉာဏ်သည် ပညာဝိမုတ္တိ တည်းဟူသော၊ နာမ်တရားဖြစ်၏။ စိတ်စေတသိက် ရုပ်နိဗ္ဗာန်ဟူ၍ ပရမတ်တရား လေးပါးရှိသည်အနက်၊ ဒုတိယ ပရမတ်တရား ဖြစ်၏။ ကိလေသာများကို ကတ္တုသတ္တိဖြင့် ပယ်သတ်၏။ ထင်းခုတ်သမားနှင့် တူ၏။

နိဗ္ဗာန်ကား စတုတ္ထပရမတ် တရားဖြစ်၏။ ကိလေသာ များကို ကရဏသတ္တိဖြင့် ပယ်သတ်၏။ ထင်းခုတ်ဓားနှင့် တူ၏။

ရာဂဒေါသ မောဟကိလေသာတို့ကား ဒုတိယ ပရမတ် များ ဖြစ်ကြ၏။ အပယ် အသတ်ခံရသောတရား ကမ္မသတ္တိများ ဖြစ်ကြ၏။ အခုတ်ခံ ထင်းနှင့်တူ၏။ ၂—။

"နိဗ္ဗာန်သည် ကိလေသာ ပယ်သောတရား" ဟု ဆိုသော် ကရဏသတ္တိဖြင့် ကိလေသာ ပယ်သောတရားကို ရည်ညွှန်းခြင်း ဖြစ်၏။ "အရဟတ္တဖိုလ်ဉာဏ်ခေါ် အာသဝက္ခယ ဉာဏ်သည် ကိလေသာ ပတ်သောတရား" ဟု ဆိုသော် ကတ္တုသတ္တိဖြင့် ကိလေသာ ပယ်တတ်သောတရားကို ရည်ညွှန်းခြင်း ဖြစ်၏။

ကရဏသတ္တိဖြင့် ကိလေသာ ပယ်သောတရားကိုရော ကတ္တုသတ္တိဖြင့် ကိလေသာ ပယ်သောတရားကိုပါ မြတ်ဗုဒ္ဓက ရည်ညွှန်း၍ "ရဟန်း၊ ရာဂ ဒေါသ မောဟ ပယ်သော တရား ဟူသည်မှာ နိဗ္ဗာန်နှစ်ခု၏ အမည်ဖြစ်ပေသည်။ အရဟတ္တဖိုလ် တည်းဟူသော အာသဝက္ခယ ဉာဏ်ကိုလည်း [ရာဂ ဒေါသ

မောဟ ပယ်သည့် တရားဟူသော] အမည်ဖြင့် ခေါ်ဆိုအပ်၏”
ဟူ၍ ဖြေကြားတော် မူခဲ့ခြင်းဖြစ်ပါသည်။

—၃။

## ကိလေသာ ၃ —မျိုး

၃၂။ ။(က)။ ။ဝီတိက္ကမ ကိလေသာ, ပရိယုဋ္ဌာန ကိလေသာ, အနုသယ ကိလေသာဟူ၍ ကိလေသာ ၃—မျိုးရှိ၏။

ဝီတိက္ကမဟူသည် လွန်ကျူးခြင်း၊ ပရိယုဋ္ဌာနဟူသည် ထကြွခြင်း၊ အနုသယဟူသည် ကိန်းဝပ်ခြင်းဟူသော အဓိပ္ပာယ်ရှိ၏။ ကိလေသာ ဟူသည်ကား အညစ်အကြေး ဟူသော အဓိပ္ပာယ်ရှိ၏။

မှန်ပါသည်။ ကိလေသာတွင် ပူလောင်စေတတ်သော သတ္တိရှိသကဲ့သို့ “ကိုယ်တိုင်ကလည်း ညစ်ပေ၊ ယှဉ်ဘက်တရား တို့ကိုလည်း ညစ်ပေစေတတ်”*သော သဘောရှိ၏။ ကိုယ်တိုင်ကလည်း ညစ်ပေ, ယှဉ်တွဲ ပူးကပ်လာသော အရာကိုလည်း ညစ်ပေ စေတတ်သည့်အရာမှာ အညစ်အကြေးပင် ဖြစ်၏။

---

* ကိလေသာတိ သယံ သံကိလိဋ္ဌတ္တာ, သမ္ပယုတ္တဓမ္မာနဉ္စ သံကိလေသိကတ္တာ ၊ပ၊ ဣမေ ဒသ ဓမ္မာ။—ဝိသုဒ္ဓိမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိပဋိနိဒ္ဒေသ ပဟာတဗ္ဗပဟာန ကထာ။

သို့ဖြစ်၍ "ကိလေသာဟူသည်မှာ စိတ်ဓာတ်၏ အညစ်အကြေး။ ဝါ—စိတ်ချေးညှော်(=စိတ်ချေး)ဖြစ်သည်"ဟူ၍ မှတ်။

ထို့ကြောင့်၊ အောက်ပါအတိုင်း မြန်မာပီပီပြင်ပြင် ပြန်ဆို သုံးနှုန်း နိုင်ပါသည်—

—အနုသယကိလေသာ=ကိန်းဝပ်နေသော စိတ်ချေးညှော်။ ဝါ—အနယ် ထိုင်နေသော စိတ်ချေး။

—ပရိယုဋ္ဌာန ကိလေသာ = ထကြွလာသော စိတ်ချေးညှော်။ ဝါ—လှုပ်ရှားလာသော စိတ်ချေး။

—ဝီတိက္ကမ ကိလေသာ=လွန်ကျူးလာသောစိတ်ချေးညှော်။

(ခ)။ ။ဘာ့ကြောင့် စိတ်ချေးညှော် တက်ရပါသနည်း။ စိတ်ကိုယ်တိုင်က သန့်စင်မှုအားနည်း နေသေးသည့် အတွက် ကြောင့် လည်းကောင်း၊ အဆင့်အဘန်းနိမ့်သည့် စိတ်ဖြစ်နေ သေးသည့် အတွက်ကြောင့် လည်းကောင်း စိတ်ချေး တက်ရ ပါသည်။ ဥပမာအားဖြင့်၊ သံစိမ်းသည် ကိုယ်တိုင်က သန့်စင်မှု အားနည်းနေသေးသည့် အတွက်ကြောင့် လည်းကောင်း၊ အဆင့် အတန်း နိမ့်သည့် ဓာတ်သတ္တု ဖြစ်နေသေးသည့် အတွက်ကြောင့် လည်းကောင်း သံချေး တတ်ရသည်နှင့် ပုံပါသည်။

စိတ်ကိုယ်တိုင်က သန့်စင်ကြည်လင်မှု အားကြီးလာသည်နှင့်အမျှ ဝါ–တချိန်ထက် တချိန် အဆင့်အတန်း မြင့်=မြင့်တက်လာသည့် စိတ်ဖြစ်လာသည်နှင့်အမျှ စိတ်ချေး အတက် လျော့နည်းလာ၏။ စိတ်အသန့်စင် အကြည်လင်ဆုံး ဖြစ်လာသောအခါ၊ ဝါ–အဆင့်အတန်း အမြင့်ဆုံးဖြစ်လာသော အခါတွင်မူ စိတ်ချေး မတက်တော့ပါ။ ဥပမာအားဖြင့်၊ ရွှေနှင့်တူပါသည်။ အဆင့်အတန်း အမြင့်ဆုံး စာတ်စင်သတ္တု ဖြစ်သည့် ရွှေသည် ချေးတက်သည်ဟူ၍ မရှိတော့ပါ။ မိမိကိုယ်တိုင်က သန့်စင် နေသောကြောင့် ဖြစ်ပါသည်။

(၈)။ ။အနုသယကိလေသာ ဟူသည်မှာ အိပ်ခန်းထဲရှိ အိပ်ရာပေါ်တွင် အိပ်ပျော် နေသူနှင့် တူ၏။ ထိုသူသည် ထိုအခါတွင် ထကြွမှုမရှိပဲ၊ ငြိမ်သက်နေ၏။ လှုပ်ရှားမှုမရှိပဲ၊ ငြိမ်ဝပ်နေ၏။ ရှိမှန်းသော်မှ မသိရပါ။

ထို့အတူပင်၊ အောက်ခြေ အောက်လွှာတွင် ဘဝင် စိတ်အဖြစ်ဖြင့် ရှိနေသော စိတ်သည် မလှုပ်ရှားပဲ၊ ငြိမ်ဝပ်နေ၏။ ထို မထကြွ မလှုပ်ရှားပဲ ငြိမ်ဝပ်နေသော စိတ်တွင် အဆင့်အတန်းမမြင့်၊ မသန့်စင်သေးသည့် အတွက်ကြောင့် အပြစ်အနာအဆာ ချေးညှော်များ ရှိနေသေး၏။

ရှိနေသော ထိုချေး ညှော်သည်လည်း၊ မှီရာ ဘဝင်စိတ်က မထကြွ မလှုပ်ရှားပဲ ငြိမ်ဝပ်နေသဖြင့်၊ သူလည်း မထကြွ မလှုပ်ရှားပဲ ငြိမ်ဝပ်နေ၏။ ဤသို့ ငြိမ်ဝပ်နေသော စိတ်ချေး

ညှော်ကို "အနုသယကိလေသာ"ဟု ပါဠိဘာသာ အခေါ်ရှိ၏။ ထို့ကြောင့် "အနုသယ ကိလေသာ ဟူသည်မှာ ကိန်းအောင်း ငြိမ်ဝပ်နေသော စိတ်ချေးညှော်"ဟု ဆိုရ၏။

(ဿ)။ ။ပရိယုဋ္ဌာန ကိလေသာ ဟူသည်မှာ အိပ်ခန်းထဲရှိ အိပ်ရာပေါ်တွင် အိပ်ပျော်နေရာမှ နိုးထလာသူနှင့် တူ၏။ ထိုသူသည် ထိုအခါတွင် လဲလျောင်း အိပ်စက်မနေတော့ပဲ ထလာ၏။ ငြိမ်သက် မနေတော့ပဲ လှုပ်ရှားလာ၏။

ထိုအတူပင် အောက်ခြေ အောက်လွှာမှ အထက်လွှာသို့ တက်လာသော စိတ်သည် ဘဝင်စိတ်ကဲ့သို့ ငြိမ်ဝပ်မနေတော့ပဲ ထကြွ လှုပ်ရှားလာ၏။ ထိုထကြွ လှုပ်ရှားလာသော စိတ်တွင် အဆင့်အတန်းမမြင့် မသန့်စင်သေးသည့်အတွက် အပြစ် အနာအဆာ ချေးညှော်များ ရှိနေ၏။

ရှိနေသော ထိုချေးညှော်သည်လည်း မှိုရာစိတ်က လှုပ်ရှားလာသဖြင့် သူလည်း ငြိမ်ဝပ်မနေတော့ပဲ ထကြွ လှုပ်ရှားလာ၏။ ဤထကြွ လှုပ်ရှားလာသော စိတ်ချေးညှော်ကို "ပရိယုဋ္ဌာန ကိလေသာ"ဟု ပါဠိဘာသာ အခေါ်ရှိ၏။ ထို့ကြောင့် "ပရိယုဋ္ဌာန ကိလေသာဟူသည်မှာ ထကြွလှုပ်ရှားလာသော စိတ်ချေးညှော်"ဟု ဆိုရ၏။

ဤသို့လျှင် အနုသယ ကိလေသာနှင့် ပရိယုဋ္ဌာန ကိလေသာတို့သည် စိတ်ထဲမှာ ဖြစ်ပေါ်တည်ရှိနေ၏။ စိတ်၏ အမူအရာ၊ စိတ်၏ အလုပ်များ ဖြစ်ကြ၏။ မနောကံများ ဖြစ်ကြ၏။ ကာယကံ,ဝစီကံများ မဟုတ်ကြ။ ကိုယ်အမူအရာ,နှုတ်အမူအရာ

များ မဟုတ်ကြ။ ကိုယ်နှုတ် အမူအရာနှင့် အလုပ်များကား ဝီတိက္ကမ ကိလေသာ၏ အရာဖြစ်၏။

(င)။ ။ဝီတိက္ကမ ကိလေသာ ဟူသည်ကား နိုးထလှုပ်ရှားပြီး တစုံတခု ပြုလုပ်ပြောဆိုလာသည်နှင့် တူ၏။ ထိုသူသည် ထိုအခါ တွင် ကိုယ်လက်အင်္ဂါဖြင့် ဖြစ်စေ၊ တစုံတခု ပြုလုပ်ဆောင်ရွက်၏။ နှုတ်ပါးစပ်ဖြင့် ဖြစ်စေ တစုံတခု ပြောဆို၏။

ထို့အတူပင် ထကြွလှုပ်ရှားလာသော စိတ်၏ စေ့ဆော် တိုက်တွန်းမှုကြောင့် ပါးစပ်က မပြောရ မနေနိုင်၊ ပြောလာ ဆိုလာ၏။ နှုတ်ပါးစပ်က အလုပ်လုပ်လာ၏။ ဝစီကံ ဖြစ်လာ၏။ ကိုယ်လက်အင်္ဂါက မပြုရ မနေနိုင်၊ ပြုလုပ်ဆောင်ရွက်လာ၏။ ကိုယ်လက်အင်္ဂါက အလုပ်လုပ်လာ၏။ ကာယကံ ဖြစ်လာ၏။

ပြုလုပ်ပြောဆိုမှုများအနက် အချို့က သန့်စင် ပြည့်ဝမှု မရှိသေးသည့်အတွက် စောင့်စည်းအပ်သည့် စည်းကမ်းကိုဖောက် ဖျက်ပြီး၊ မကျူးကျော်အပ်သည့်ဘောင်ကို ကျူးလွန်ကျော်နင်း မိသည်များရှိ၏။ ဤဖောက်ဖျက် ကျူးလွန်မှု ကာယကံဝစီကံ များကို ပြုလုပ်ပြောဆိုစေသည့် အကြောင်းအရင်းအဆော အညစ် အကြေးများကိုမူ "ဝီတိက္ကမကိလေသာ" ဟု ပါဠိဘာသာ အခေါ်ရှိ၏။ ထို့ကြောင့် "ဝီတိက္ကမကိလေသာ ဟူသည်မှာ လွန် ကျူးဖောက်ဖျက်လာသော စိတ်ချေးညှော်"ဟုဆိုရ၏။

## ဝိတိက္ကမ ပရိယုဋ္ဌာနတို့၏ အကြောင်းရင်း

၃၃။ ။အထက်ပါဖြစ်စဉ်ကို လေ့လာကြည့်လျှင် ဤသို့ သိမြင်နိုင်ပါသည်။ ဝိတိက္ကမကိလေသာခေါ် လွန်ကျူးဖောက်ဖျက်သော စိတ်ချေးညှော်ဟူ၍ ဖြစ်ပေါ်တည်ရှိ လာရသည်မှာ ပရိယုဋ္ဌာနကိလေသာခေါ် ထကြွလှုပ်ရှားလာသော စိတ်ချေးညှော် ဖြစ်ပေါ်တည်ရှိလာသောကြောင့် ဖြစ်၏။

ပရိယုဋ္ဌာနကိလေသာခေါ် ထကြွလှုပ်ရှားလာသော စိတ်ချေးညှော်ဟူ၍ ဖြစ်ပေါ်တည်ရှိလာရသည်မှာကား အနုသယကိလေသာခေါ် ကိန်းဝပ်နေသော စိတ်ချေးညှော် ဖြစ်ပေါ်တည်ရှိနေသောကြောင့်ဖြစ်၏။

ကိန်းအောင်းငြိမ်ဝပ်နေသော အရာရှိလျှင်၊ ထိုအရာသည် တကြိမ်မဟုတ်၊ တကြိမ်ကြိမ်တွင် ထကြွလာမည်သာဖြစ်၏။ ထိုထကြွလာသောအရာသည် ထကြွမှုတွင်သာ ရပ်တန့်မနေပဲ၊ တချိန်ချိန်တွင် ကျူးလွန်ဖောက်ဖျက်လာမည်သာ ဖြစ်၏။

သို့အတွက်၊ ကျူးလွန်ဖောက်ဖျက်လာသည်မှာ ဆူပူထကြွမှုရှိနေသောကြောင့်ဖြစ်၏။ ဆူပူထကြွလာရသည်မှာကား ကိန်းအောင်း ငြိမ်ဝပ်တွယ်ကပ်နေမှု ရှိသောကြောင့်ဖြစ်၏။ ယင်းသို့လျှင်၊ ဤကိန်းအောင်း ငြိမ်ဝပ်နေမှု(=အနုသယကိလေသာ)သည်ထကြွဆူပူလာမှု(=ပရိယုဋ္ဌာန)နှင့်လွန်ကျူးမှု (=ဝိတိက္ကမ) ကိလေသာတို့၏ အကြောင်းရင်း ဖြစ်နေသည်ကို တွေ့ရ၏။

လွန်ကျူးမှု, ထကြွမှုတို့ကိုမရှိစေလိုပါလျှင်၊ ဝါ–လွန်ကျူးမှု, ထကြွမှုတို့ကို ပယ်သတ်လိုပါက အကြောင်းရင်း ဖြစ်သော ကိန်းအောင်းငြိမ်ဝပ်မှုကို ပယ်သတ်ရပါမည်။

ကိန်းမအောင်းငြိမ်ဝပ်ခဲ့နမှု အနုသယကိလေသာကို ပယ်သတ်လိုပါမူ၊ ယင်း၏ဖြစ်ပေါ်လာရခြင်း အကြောင်းရင်းကို ပယ်သတ်ဖို့ လိုအပ်လာပါသည်။ အကြောင်းကိုဖြတ်မှ အကျိုးရပ်ပါမည်။ အကြောင်းကိုမဖြတ်ပဲ၊ အကျိုးကိုသာသတ်နေပါက ထိမှန်လာသော ခဲလုံးကိုသာ လိုက်ကိုက်နေပြီး၊ ခဲပေါက်သူကိုမူ ကိုက်သတ်ရမှန်း မသိတတ်သည့် သူ့ာနပဋိပဒါခေါ် ခွေးကျင့်သာ ဖြစ်ခဲ့ရာ၏။ ရောင်ရမ်းပေါက်ကွဲလာသော အနာဆိုးများ ပျောက်ကင်းချမ်းသာရေးအတွက် လိမ်းဆေးအုပ်ဆေးသောက်သာပေးပြီး၊ စားဆေး အတွင်းဆေး မပေးတတ်သည့် ဆေးသမားမိုက်မျိုးသာ ဖြစ်ခဲ့ရာ၏။

သို့မဟုတ်မူ၍၊ အကျိုးကို ငြိမ်းသတ်နိုင်ရေး အတွက် အကြောင်းကိုပယ်ဖြတ်ပါမူ၊ ထိမှန်လာသော ခဲလုံးကိုလိုက်ကိုက်မနေပဲ၊ ထိမှန်ရခြင်းအကြောင်းရင်းဖြစ်သည့် ခဲပေါက်သူကိုသာ ဟောက်သတ်ပစ်သည့် သီဟပဋိပဒါခေါ် ခြင်္သေ့ကျင့် ဖြစ်လာပါမည်။ ရောင်ရမ်းပေါက်ကွဲနေသော အနာဆိုးတို့ ပျောက်ကင်းချမ်းသာရေးအတွက် လိမ်းဆေး အုပ်ဆေးလည်းပေးသည့်အပြင် စားဆေးသောက်ဆေးပါ ပေးရမှန်း သိမြင်သော ဆေးသမားကောင်းမျိုး ဖြစ်နိုင်ပါမည်။

သို့အတွက်၊ ဝိတိက္ကမနှင့် ပရိယုဋ္ဌာနဟူသော အကျိုးတရားများ အကင်းသေ အမြစ်ပြတ်ရပ်စဲပျောက်ငြိမ်းသွားရေးအတွက် အကြောင်းရင်းဖြစ်သော အနုသယကိလေသာ ပယ်သတ်ရေးကို အလေးပြုရပါမည်။ အကြောင်းကိုသတ်မှ အကျိုးရပ်ပါမည်။ အကျိုးရပ်ဖို့ အကြောင်းသတ်ရပါမည်။

—*—

## အနုသယ၏ အကြောင်းရင်း

၃၄။ ။ကိန်းအောင်းငြိမ်ဝပ်နေမှု အနုသယကိလေသာ၏ အကြောင်းရင်းကား "အသိအမြင်အားနည်းမှု=အဝိဇ္ဇာ" ပင် ဖြစ်၏။

မှန်ပါသည်။ "အသိအမြင်အားနည်းမှု = မသိမမြင်မှု = အဝိဇ္ဇာ = မောဟ" သည် အနုသယ ကိလေသာ၏ အကြောင်းရင်း ဖြစ်နေသည်ကို လေ့လာသိမြင်နိုင်ပါသည်။

ဤတွင်၊ အဝိဇ္ဇာဟူသည်မှာ ဘာဆို ဘာကိုမှ မသိသော မသိမှုကို ဆိုလိုသည် မဟုတ်ပါ။ သိသင့်သိထိုက်ပါလျက် မသိသော မသိမှုကိုသာ ဆိုလို၏။ အရိယာတို့၏အမြင်ဖြင့် ကြည့်သော် ကလျာဏပုထုဇဉ်တို့မှာ "မသိမှု = အဝိဇ္ဇာမောဟ" ရှိနေ၏။ ရှိနေသည့်အတွက် သစ္စာလေးပါးကို မျက်မှောက်မပြုနိုင် သေးပါ။ သစ္စာတို့ကို မျက်မှောက်ပြုနိုင်သည်အထိ သိမှုက ရှိမလာ သေးသော်လည်း၊ နာမ်ရုပ်သဘောတရားတို့ကိုမူ သိမြင်နိုင်သည့် အသိကား ရှိနေပါသေးသည်။ ကလျာဏတို့တွင်နာမ်ရုပ်သဘော တို့ကို သိနိုင်သည့် အသိကား ရှိနေပါသေးသည်၊ ကလျာဏ တို့တွင် နာမ်ရုပ်သဘောတို့ကို သိနိုင်သည့် အသိရှိသော်လည်း၊ အန္ဓတို့မှာကား သစ္စာတို့ကို သိဖို့မဆိုထားနှင့်၊ နာမ်ရုပ်တို့ကို သော်မှ သိမြင်နိုင်သောအသိ မရှိပါ။ ယင်းသို့လျှင်၊ သာမန် လူ သားများသာ ဖြစ်ကြ၍ သာမန်အသိရှိကြသော်လည်း၊ နာမ် ရုပ်တရားသစ္စာများကို သိသောအသိမရှိ၍၊ ယင်းကိုရည်ညွှန်းပြီး "မသိမှု=အဝိဇ္ဇာ"ဟူ၍ ဤဥ်ဆို၏။

အကြောင်းရင်း ဟေတု ဖြစ်သည့် အသိအမြင်အား နည်းမှု, မသိမမြင်တတ်မှု, အညာဏခေါ် မောဟ ရှိနေ၍သာ အနုသယ ကိလေသာ ရှိနေနိုင်၏။ အညာဏရှိနေမှု လျော့နည်းလာပြီး "သိမှု=ဉာဏ" တိုးတက်လာသည်နှင့်အမျှ အနုသယက လျော့နည်း ပျက်ပြယ်လာမည်သာဖြစ်၏။

(က)။ ။မသိမှုအညာဏ လုံးဝ ကုန်ခန်းသွားပြီး၊ သိမှုဉာဏ တကယ်တမ်း ပြည့်စုံကုံလုံလာလျှင်၊ ဝါ–မသိမှုအဝိဇ္ဇာ လုံးဝ ချုပ်ပျောက်သွားပြီး၊ သိမှုဝိဇ္ဇာ တကယ် ပြီးပြည့်စုံလာသည်နှင့် တပြိုင်နက် အနုသယကိလေသာ လုံးဝချုပ်ပျက်သွား၏။ ဤသည်ကိုပင်လျှင်"အရဟတ္တမဂ် အရဟတ္တဖိုလ်ဉာဏ်က ကိလေသာ အားလုံးကို အနုသယပါမကျန် အကုန်အစင် ပယ်သတ်သည်"ဟု ဆိုရ၏။

အနုသယပါမကျန် ကိလေသာ မှန်သမျှကို အကုန် အစင် အကြွင်းမဲ့ ပယ်သတ် နိုင်သည်အထိ၊ စွမ်းအားသတ္တိ ကြီးမား ထက်မြက်လာသော "အသိ=ဉာဏ်=ဉာဏ"ကို "အရဟတ္တမဂ် ဖိုလ်ဉာဏ်"ဟူ၍ ခေါ်ဝေါ်သတ်မှတ် ပညတ်ကြလေသည်။

(ခ)။ ။ကိလေသာ ဆယ်ပါးစလုံးကိုမူ ပယ်သတ်နိုင်သည် အထိ စွမ်းအားသတ္တိ မထက်မြက်သေးပဲ၊ ကာမရာဂနှင့် ဗျာပါဒ ကိလေသာနှစ်ပါးတို့ကိုသာ ပယ်သတ်နိုင်သည်အထိ စွမ်းအား သတ္တိထက်မြက်သော အသိဉာဏ် ဉာဏကို "အနာဂါမိမဂ်ဖိုလ် ဉာဏ်"ဟု ခေါ်ဝေါ်သတ်မှတ်ပညတ်ကြ၏။

(ဂ)။ ။ကာမရာဂနှင့် ဗျာပါဒတို့ကိုသော်မှ ပယ်သတ်နိုင်သည်အထိ စွမ်းအားသတ္တိ မထက်မြက်သေးပဲ၊ ထိုကာမရာဂနှင့် ဗျာပါဒတို့ကို ခေါင်းပါးလျော့နည်းစေသည်အထိသာ အစွမ်းရှိသော အသိဉာဏ်ဉာဏကို "သကဒါဂါမိ မဂ်ဖိုလ်ဉာဏ်"ဟု ခေါ်ဝေါ်သတ်မှတ် ပညတ်ကြ၏။

(ဃ)။ ။ထိုကာမရာဂနှင့် ဗျာပါဒတို့ကိုသော်မှ လျော့နည်းခေါင်းပါးစေသော အစွမ်းသတ္တိမရှိသေးပဲ၊ ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာကိလေသာနှစ်ပါးတို့ကိုမူ ပယ်သတ်နိုင်သည်အထိ အစွမ်းရှိသော အသိဉာဏ်ဉာဏကိုမူ "သောတာပတ္တိမဂ်ဖိုလ်ဉာဏ်"ဟု ခေါ်ဝေါ် သတ်မှတ်ပညတ်ကြ၏။

(င)။ ။ထိုဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတို့ကို သမုစ္ဆေဒပဟာန်အားဖြင့် အပြီးအပြတ်ပယ်သတ်နိုင်သည်အထိသော်မှ အစွမ်းသတ္တိမရှိသေး ပဲ၊ ယင်းတို့ကို တဒင်္ဂပဟာန်ဖြင့် ခေတ္တခဏ, ခေတ္တခဏအားဖြင့်သာ ပယ်ရှားနိုင်သေးသည့် အသိဉာဏ်ဉာဏကိုမူ "ဝိပဿနာဉာဏ်"ဟု ခေါ်ဝေါ်သတ်မှတ် ပညတ်ကြ၏။

(စ)။ ။ထိုကိလေသာတို့ကို တဒင်္ဂပဟာန်ဖြင့် ခေတ္တခဏ, ခေတ္တခဏသော်မှ ပယ်သတ်နိုင်သည်အထိ အားမကြီးသေးပဲ၊ လူများစုကြီးတွင်ရှိတတ်သည့်အသိဉာဏ်ဉာဏကိုမူ "ဉာဏ်သာမန်"* ဟုဆိုကြရ၏။

— * —

* Common sense

## ဉာဏ်ထက်မြက်နည်း

(၃၅)။ ။ဉာဏ်သာမန်လည်းဉာဏ်ပင်ဖြစ်၍ သိတတ်၊ မြင်တတ်သော သဘော၊ သဘာဝ၊ စွမ်းအားသတ္တိရှိ၏။ အရဟတ္တမဂ်ဉာဏ်ဖိုလ်ဉာဏ်လည်း ဉာဏ်ပင်ဖြစ်၍ သိတတ် မြင်တတ်သော သဘော၊ သဘာဝ၊ စွမ်းအားသတ္တိရှိ၏။ ဉာဏ်များပင်ဖြစ်ကြ၍ သိတတ်မြင်တတ်သော သဘော၊ သဘာဝ၊ စွမ်းအား သတ္တိ အရှိချင်း တူညီကြ၏။ ဉာဏ်သာမန်သည် "သာမန်" ဟူသော အထူးပြုဝိသေသနပုဒ်က ဖော်ပြနေသည့်အတိုင်း၊ သာမန်လောက်သာ သိတတ်မြင်တတ်၏။ အစွမ်းသတ္တိ မထက်မြက် ပါပေ။ အရဟတ္တမဂ်ဖိုလ်ဉာဏ်ကား "အရဟတ္တ" ဟူသော အထူးပြုဝိသေသနပုဒ်က ဖော်ပြနေသည့်အတိုင်း၊ ထူးထူးကဲကဲ သိတတ် မြင်တတ်၏။ အစွမ်းသတ္တိ ထက်မြက်၏။

မထက်သောဓားကို မသွေးပဲထားလျှင် အလိုလို ထက်မြက် မလာနိုင်ပါ။ သွေးပေးလျှင် ထက်လာ၏။ မထက်သော ဉာဏ်ကိုလည်း မသွေးပဲထားလျှင် အလိုလိုထက်မြက် မလာနိုင်ပါ။ သွေးပေးလျှင် ထက်မြက် လာနိုင်၏။ ဉာဏ်သွေးသော အလုပ်ကား အခြား မဟုတ်ပါ။ အဖြစ်ကို အဖြစ်အတိုင်း, အရှိကိုအရှိအတိုင်း သိမြင်အောင် "ဖြစ်စဉ်ကိုက်ရှု မြင်မှု"ပင် ဖြစ်၏။ ဖြစ်စဉ်ကိုက်ရှုမြင်မှုသည် ဉာဏ်သွေးသော အလုပ်ဖြစ်သည်ကိုမူ နှလုံးနှစ်ခွဖြစ်ခြင်း မရှိပါလေနှင့်။ တခုတော့သိထားရပါမည်။ စာကျက်၍ အရမြန်ခြင်းကို ဉာဏ်ထက်မြက်ခြင်းနှင့် မယိုးမှားပါစေနှင့်။ စာကျက်၍ အရမြန်ချင်မှ မြန်လာမည်ဖြစ်၏။ သို့သော် ဉာဏ်အမြင်ကား မသိမသာ ထက်မြက်လာ

ပါမည်။ ဤအမြင်ဉာဏ် ထက်မြက်လာခြင်းကိုသာ ဉာဏ်ထက်ခြင်းဟု ဆိုလိုပါသည်။

ဉာဏ်အမြင်ထက်မြက်ဖို့အတွက် ဖြစ်စဉ်ကိုက် ရှုမြင်ရပါမည်။ ဖြစ်စဉ်ကိုက်ရှုမြင်ဖို့အတွက် ဖြစ်စဉ်ကိုက် သိချင် မြင်ချင်စိတ်၊ ဝါ—ပကတိ တည်ရှိနေသော အမှန်တရားကို သိချင်မြင်ချင်စိတ်က ပြင်းပြင်းပြပြ ရှိနေရပါမည်။ မပျင်းရ။ စိတ်မပျက်ရ။ ဆန္ဒမစောရပါ။ ယခုရေတွင်းတူး ယခုရေကြည်မသောက်ချင်ရပါ။ သီးချိန်တန်မှ သီး၊ ပွင့်ချိန်တန်မှပွင့်၊ ထက်ချိန်တန်မှ ထက်မြက်လာပါမည်။

ဖြစ်စဉ်ကိုက် သိမြင်ဖို့အတွက်၊ မိမိတို့မှာ နားများပါရှိလာကြပါသည်။ ပါရှိလာသော နားတို့ကို အသုံးချကြရပါမည်။ အသုံးချတတ်ရပါမည်။ ထိုနားတို့ဖြင့် ကြားတတ်၊ နာတတ်ကြရပါမည်။

မျက်စိများ ပါရှိလာကြပါသည်။ ပါရှိလာသော မျက်စိတို့ကို အသုံးချတတ်ရပါမည်။ ထိုမျက်စိတို့ဖြင့် ကြည့်တတ်၊ မြင်တတ်ကြရပါမည်။

အတိတ်ကံ၏ ကောင်းမှုကြောင့် စုံမိသော နားမျက်စိများ ပါရှိလာကြ၏။ ထိုအတိတ်ကံကို အမှီပြုပြီး ပစ္စုပ္ပန်ကံကောင်းအောင် ပြုသောအားဖြင့်၊ ထိုနားမျက်စိတို့ကို အသုံးချတတ်ကြရပါမည်။ အသုံးမချပဲထားခြင်းမျိုးမဖြစ်ဖို့ သတိရှိကြရပါမည်။ အသုံးမချပဲ ထားမိခဲ့သည်တို့ကိုလည်း သိတတ်မြင်တတ်ရပါမည်။

နားမျက်စိတို့ကို အသုံးချပြီး သိလာမြင်လာသည် တို့ကိုလည်း ဦးခေါင်းဖြင့် ဝေဖန်ရ၊ စိစစ်ရ၊ ဆင်ခြင် သုံးသပ်ကြရပါမည်။ သို့မဟုတ်ပါက ပါလာသော ထိုဦးခေါင်းမှာ ဘာကမှ အသုံးမကျပဲ ရှိနေပါလိမ့်မည်။ အလေးခံပြီး ရွက်ထားရသည့် ဒုက္ခပိုရုံသာ ရှိနေပါလိမ့်မည်။

ယင်းသို့လျှင်၊ ပါရှိလာသည့် နား မျက်စိနှင့် ဦးခေါင်းတို့ကို အလကားမထားပဲ၊ အသုံးချတတ်အောင် ကြောင့်ကြစိုက်၊ လေ့ကျင့်အားထုတ်မည်၊ အသုံးချတတ်မည်၊ အသုံးချကြမည် ဆိုပါက "ဖြစ်စဉ်ကိုက် အသိအမြင်=ယထာဘူတ ဉာဏဒဿန" ရရှိလာရေးအတွက် အခြေခံ အုတ်မြစ် ခိုင်ခံ့နေပါပြီ။

လောကဓမ္မမဟူ၊ အောက်ခြေမှ အထက် တက်ရောက်လာသူ၊ လူသာမန်ဘဝမှ မဟာလူသား ဘဝသို့ ရောက်ရှိလာသူ၊ ပုထုဇဉ်ဘဝမှ အရိယာဘဝသို့ ကူးပြောင်းလာသူ ဟူသမျှတို့၏ အခြေပြု မြစ်ဖျားခံလာ ကြရာကား အခြားမဟုတ်ပါ။ ဤဖြစ်စဉ်ကိုက် အသိ အမြင် ယထာဘူတ ဉာဏဒဿနပင် ဖြစ်ပါချေသည်။

— * —

## စိတ်နှင့်ရွှေ

၃၆။ ။ဉာဏ်ဟူသည်မှာ ပညိန္ဒြေ စေတသိက်ဖြစ်၏။ စေတသိက်သည် စိတ်ကိုမှီရ၏။ စိတ်ကိုမှီရသော ပညိန္ဒြေစေတသိက်ဖြစ်သည့်ဉာဏ် ထက်မြက်ဖို့အတွက် စိတ်စင်ကြယ်ဖို့ လိုအပ်၏။

စိတ်မစင်ကြယ် မသန့်စင်ပါက ဉာဏ်မထက်၊ ဉာဏ်မတက်ပါ။ ဉာဏ်ထက်ဖို့ ဉာဏ်တက်ဖို့ စိတ်စင်ကြယ်ရပါမည်။ စိတ်စင်ကြယ်ဖို့အတွက် စိတ်ချေးညှော် ကိလေသာများ ကင်းရှင်း စင်ကြယ်နေရပါမည်။

စိတ်သည် ရွှေနှင့်တူပါသည်။ ရွှေသည် တောထဲ့တောင်ထဲ့ အနည်ကျကျောက် မီးသင့်ကျောက်ထဲတွင် ရှိနေ ရစဉ်အခါ၊ ကြေးဝါစသော အခြား သတ္တုများနှင့် ရောနှောနေ၏။ ရွှေချည်းသန့်သန့်မဟုတ်။ မသန့်၊မစင်၊ မကြည်လင်၊မတောက်ပ။ အရောင်မထွက်၊ မပြောင်လက်ပါ။

ရွှေချည်းသန့်သန့် စင်လာသောအခါ၊ ဝင်းဝင်း ဝါဝါဖြင့် အရောင်ထွက်ကာ ပြောင်လက်လာ၏။ ထို့အတူ၊ စိတ်ချည်းသန့်သန့်ဆိုပါက စိတ်သည် အရောင်ထွက်အောင် ပြောင်လက်ပါသည်။ စင်ကြယ်လာပါသည်။ ထို့ကြောင့် "ရဟန်းတို့၊ ဤစိတ်သည် ပြိုးပြိုး ပြက်ပြက် အရောင်ထွက်အောင် စင်ကြယ်၏။ ထိုစိတ်သည် ဧည့်သည် အာဂန္တုဖြစ်သော အညစ်အကြေးတို့ကြောင့် ညစ်နွမ်းရ၏။ ထို့ကြောင့် ထိုစိတ်သည် အညစ်အကြေးတို့မှ လွတ်မြောက်နိုင်၏။" ဟူ၍ မြတ်ဗုဒ္ဓ ဟောတော်မူခဲ့သည့် ဒေသနာတော်ကို အင်္ဂုတ္တရနိကာယ် ဧကနိပါတ် ပဏိဟိတအစ္ဆဝဂ်တွင် မှတ်တမ်း တင်ထားတော် မူခဲ့ကြပသည်။

ဤဒေသနာတော်တွင် သတင်းကောင်း သုံးရပ်ပါရှိ နေပါသည်။

—စိတ်သည် အရောင်ထွက်အောင်ပင် စင်ကြယ်နိုင်စွမ်း ရှိ၏။

—အရောင်မထွက် မစင်ကြယ်ကြောင်း ဖြစ်သော အညစ်အကြေးတို့သည် အစဉ်ထာဝရ တည်ရှိနေနိုင်သည့် အရာများ မဟုတ်ကြ။

—စိတ်သည် ယင်း အညစ်အကြေးတို့မှ လွတ်မြောက်နိုင်စွမ်း၊ စင်ကြယ်နိုင်စွမ်း၊ အရောင် ထွက်နိုင်စွမ်း ရှိနေ၏။

"ဤသတင်း စကားတို့သည် မြတ်ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်ဖြင့် အကဲဖြတ် မိန့်ဆိုထားသည့် အမှန်တရားဖြစ်သည်" ဟု မိမိကိုယ်တိုင် အတည်ပြု လက်ခံနိုင်ရေးအတွက် စိတ်စင်ကြယ်ရေး လုပ်ထုံးလုပ်နည်းမှာ အခြား မဟုတ်ပါ။ ဉာဏ်သွေးသော အလုပ်၊ နားမျက်စိနှင့် ဦးခေါင်းတို့ကို အလကား မထားပဲ အသုံးချသော အလုပ်ပင် ဖြစ်ပါသည်။ သို့ကြောင့် ဤအလုပ်သည် တချက်ခုတ် နှစ်ချက်ပြတ်သော အလုပ် ဖြစ်ပါသည်။ စိတ်လည်း စင်ကြယ်၊ ဉာဏ်လည်း ထက်မြက်၏။

ဉာဏ်လည်းထက်မြက်, စိတ်လည်း စင်ကြယ်လာပါက စိတ်ချေးညှော် ကိလေသာများ စင်ကြယ်သန့်ရှင်း လာပါလိမ့်မည်။ နည်းနည်း ထက်မြက်စင်ကြယ်ပါက နည်းနည်း စင်ကြယ်သန့်ရှင်း လာပါလိမ့်မည်။ များများကြီး ထက်မြက် စင်ကြယ်ပါက များများကြီး စင်ကြယ်သန့်ရှင်းလာပါလိမ့်မည်။ တကယ်တမ်း

ထက်မြက် စင်ကြယ်ပါက တကယ်ပင် စင်ကြယ်သန့်ရှင်းလာပါလိမ့်မည်။ "သန့်စင်သူ = အရိယာ"ဟူ၍ ဖြစ်လာပါလိမ့်မည်။

သို့ဖြစ်၍ သန့်စင်သူ အရိယာ ဖြစ်မြောက်လာရေး၏ အဓိက အကြောင်းရင်း ဟေတုကား ပဓာနအားဖြင့် "ဉာဏ = ဉာဏ်" ပင် ဖြစ်၏။ ဉာဏ ဉာဏ် ဖြင့်ပေါ်တည်ရှိလာရေးအတွက် "မသိမမြင်မှု = အဉာဏ"ပျောက်ပျက် ချုပ်ငြိမ်းရန် လိုအပ်ပါသည်။ အဉာဏ မပျောက်ပျက် မချုပ်ငြိမ်းသေးသမျှ ကာလပတ်လုံး ဉာဏသည် မဖြစ်ပေါ်၊ မတည်ရှိနိုင်။ စိတ်ချေးညှော် မကျွတ်နိုင်ပါ။ အနုသယ မကင်းနိုင်ပါ။

ထို့ကြောင့် အသိဉာဏ် ဉာဏ ဖြစ်ပေါ်ရေး၊ စင်ကြယ်ရေး၊ စိတ်ချေးညှော် ကျွတ်ရေးနှင့် အနုသယ ကင်းစင်ရေး၏ အဓိကရန်သူကား အဉာဏ ဖြစ်၏။ အနုသယ ကိန်းဝပ်ရခြင်းအကြောင်းရင်း ဟေတုကား မသိမှု အဉာဏ ဟူသော အဇ္ဈတ္တတရားပင် ဖြစ်၏။ ဤသည်ကို ရှင်းလင်းပြတ်သားစွာ သိရှိနိုင်ကြပါပြီ။

— * —

## အပူ အပုပ်နှင့် အဉာဏ

၃၇။ ။(က)။ ။"အဉာဏ = အသိအမြင်အားနည်းမှု = မသိမမြင်မှု = တွေဝေမှု = မောဟ"သည် လူတို့၏ ဝမ်းတွင်းရှိ အပူအပုပ်နှင့် တူပါသည်။

မှန်ပါသည်။ အပူ အပုပ်ရှိနေလျှင် ညှောင်းညာ ကိုက်ခဲ တတ်၏။ နောက်ကျော်တက်၊ ဇက်ကြောထိုးတတ်၏။ ခေါင်းအုံ

ဘတ်၏။ ကိုယ်လက် ယားယံတတ်၏။ ဝဲနာပေါက်တတ်၏။ ချောင်းဆိုးတတ်၏။ ပန်းနာ စွဲတတ်၏။ တီဘီရောဂါ ဖြစ်တတ်၏။ အပူကြီး ဖျားတတ်၏။ အသက်ကို အန္တရာယ် ပြုတတ်၏။ ဤသို့လျှင် အမျိုးမျိုးသော ရောဂါဝေဒနာများ ဖြစ်ပေါ်လာရခြင်း အကြောင်းရင်းကား တနည်းမဟုတ် တနည်းဖြင့် အပူအပုပ်တွင် အကြောင်းခံနေကြောင်း တွေ့ရှိကြရပါမည်။

ထို့အတူပင် အသိအမြင် အားနည်းမှုဟူသော အဉာဏ ရှိနေလျှင် လောဘ, ဒေါသ, မောဟတို့လည်း ဖြစ်လာနိုင်၏။ မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာတို့လည်း ဖြစ်လာနိုင်၏။ ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပတို့လည်း ဖြစ်လာနိုင်၏။ ဤသည်တို့ကား စိတ်ချေးညှော် ကိလေသာများ ဖြစ်ကြ၏။ ယင်းစိတ်ချေးညှော် ကိလေသာတို့၏ ဖြစ်ပေါ်လာရခြင်း အကြောင်းကား အသိအမြင် အားနည်းမှု အဉာဏဖြစ်၏။

(ခ)။ ။မိမိ၏ အဇ္ဈတ္တမှ အသိအမြင်အားနည်းနေမှု အဉာဏသည်၊ ကိလေသာတို့၏ "ပင်မ အကြောင်းရင်း=ဟေတု" ဖြစ်၏။ ယင်းသည် ကိုယ်ခံအားနည်းပါးမှုနှင့် တူ၏။ ဗဟိဒ္ဓမှ အယောနိသော မနသိကာရ စသည်တို့ကား ကိလေသာတို့၏ "ထောက်ကူ အကြောင်း=ပစ္စယ" ဖြစ်၏။ ယင်းတို့သည် အပြင်မှ ဝင်ရောက်လာတတ်သော ရောဂါပိုးများနှင့် တူ၏။ ဤသို့လည်း လေ့လာသိရှိအပ်၏။

မှန်ပါသည်။ ကိုယ်ခံအားနည်းပါးသူသည် ပြင်ပမှ ဝင်ရောက်လာသော ရောဂါပိုးများကို ခုခံ တွန်းလှန်နိုင်စွမ်း မရှိပါ။

ရောဂါပိုးများ ဝင်ရောက်လာ၏။ ရောဂါဝေဒနာ ဖြစ်ပေါ်လာ၏။ ထို့ကြောင့် ကိုယ်ခံနည်းပါးသူသည် ကိုယ်ပူနေသူ၏ အနီးသို့ ရောက်သွားလျှင် သူလည်း ကိုယ်ပူလာ၏။ အဖျားဝင်လာ၏။ တုပ်ကွေးမိသူနေ၏ အနားသို့ သွားရောက်နေထိုင်လျှင် သူလည်း တုပ်ကွေးမိလာ၏။ ချောင်းဆိုးပန်းနာ၊ တီဘီရောဂါ စွဲကပ်နေသူနှင့် အတူတကွ နေထိုင်စားသောက်လျှင် သူလည်း ချောင်းဆိုးပန်းနာ ဖြစ်လာ၏။ တီဘီရောဂါ ကူးစက်စွဲကပ်လာ၏။ ဤသို့လျှင် ကိုယ်ခံအားနည်းပါးမှုသည် ရုပ်ခန္ဓာ၌ ဖြစ်ပေါ်လာသော ရောဂါဝေဒနာတို့၏ အကြောင်းရင်း ဟေတု ဖြစ်၏။ ရောဂါပိုးကား ထောက်ကူအကြောင်း ပစ္စယဖြစ်၏။

ထို့အတူပင် နာမ်ခန္ဓာ၌ ဖြစ်ပေါ်လာသော စိတ်ရောဂါဝေဒနာတို့၏ အကြောင်းရင်း ဟေတုကား အသိအမြင် အားနည်းမှု အဝိဇ္ဇာဖြစ်၏။ ထောက်ကူအကြောင်း ပစ္စယကား အဿာဒနီယ စသည့် ဗဟိဒ္ဓတရားဖြစ်၏။ ဤသည်ကို ဆက်လက်၍ သုံးသပ် တင်ပြသွားပါမည်။

ဤသို့ သုံးသပ်တင်ပြရာတွင် အာဂမယုတ္တိနှင့် သဘာဝယုတ္တိတို့ကို အခြေခံရပါသည်။ ယုတ္တိဟူသည်မှာ ကျိုးကြောင်းဆီလျော်မှု၊ အဖြစ်မှန်နှင့် မဆန့်ကျင်မှု၊ လိုက်လျောညီထွေရှိမှုပင် ဖြစ်၏။ အာဂမဟူသည်မှာ ပါဠိပေကျမ်းဂန်မှ ထုတ်နုတ်ထားသော အချက်အလက်၊ ရထားသောစာ၊ မှတ်ထားသော အချက်၊ အခြားသူ၏ အဆိုအမိန့် ဖြစ်၏။ သဘာဝ ဟူသည်မှာ ပင်ကိုယ်သဘာဝအတိုင်း ဖြစ်ပေါ်တည်ရှိနေသော သဘောတရားဖြစ်၏။

ထို့ကြောင့် အာဂမ ယုတ္တိဟူသည်မှာ ကျိုးကြောင်းဆီလျော်သည်ဟု မိမိက မှတ်ယူထားသည့် သူတပါးတို့၏ အမြင်ဖြစ်ပြီး၊ သဘာဝယုတ္တိ ဟူသည်မှာကား သဘာဝ ဖြစ်စဉ်နှင့် ကိုက်ညီသည်ဟု သိမြင်ထားသည့် မိမိ၏ အမြင်ဖြစ်၏။

သို့ဖြစ်၍ အာဂမ ယုတ္တိနှင့် ကိုက်ညီသော် သဘာဝယုတ္တိ၊ သဘာဝ ယုတ္တိနှင့် ကိုက်ညီသော အာဂမ ယုတ္တိတို့ဖြင့် ညှိနှိုင်းကာ သုံးသပ် တင်ပြသွားပါမည်။ အာဂမနှင့် သဘာဝ ညှိယူသွားပါမည်။ သဘာဝနှင့် ညှိယူ၍ မရလောက်အောင် ကွာဟလွန်းပြီး ယုတ္တိမရသော အာဂမကိုမူ မယူ။ ထို၏ နေရာတွင် "မိမိအမြင်=အတ္တနောမတိ=အနုဗုဒ္ဓိ=သဘာဝ ယုတ္တိ" ကိုသာ အားပြု၍ ဝေဖန်၊ သုံးသပ်၊ ဖော်ပြသွားပါမည်။ ကြိုက်သော်ယူ။ မကြိုက်သော် ပယ်စတမ်းပလေ။

— * —

## အနုသယကိုလေသာ

### လောဘ

၃၈။ ။(က)။ ။အညာဏ + အဿာဒနီယ = လောဘ*

အညာဏဟူသည်မှာ အသိအမြင် အားနည်းမှုပင် ဖြစ်၏။ အကျယ်ကို နောက်နားက စာပိုဒ်အမှတ် ၃၄—တွင် ပြန်ရှုပါ။ အညာဏဟူသည်မှု ထိုအတိုင်းယူ။

---

* အဋ္ဌသာလိနီ အဋ္ဌကထာ။

အဿာဒနီယဟူသည်မှာ သာယာအပ်သောအရာ ဟူ၏။ သာယာနှစ်သက်အပ် နှစ်သက်ဖွယ်ကောင်းသော သက်မဲ့ အရာဝတ္ထုများနှင့် ချစ်ခင်တပ်မက်အပ်, တပ်မက်ဖွယ်ကောင်းသော သက်ရှိ ပုဂ္ဂိုလ်များသည် အဿာဒနီယများဖြစ်ကြ၏။

(ခ)။ ပရိယုဋ္ဌာန။ ။ဤသာယာအပ်သောအရာ အဿာဒနီယ များနှင့် တွေ့ကြုံဆက်ဆံ လာရခြင်း ဟူသော ဗဟိဒ္ဓ အကြောင်းနှင့် ရင်ဆိုင်လာရသောအခါ၊ အရာရာတွင် ဖြစ်စဉ်ကိုက် သိမြင်မှု အားနည်းခြင်းဟူသော အဇ္ဈတ္တအကြောင်းရင်းခံ ရှိနေသူ၏ သန္တာန်တွင် လိုချင်တပ်မက်စိတ်ဖြစ်လာ၏။ လောဘကိလေသာ ပေါက်ဖွားလာ၏။ ပြင်ပမှ ဝင်ရောက်လာသော ရောဂါပိုးများကို ခုခံတော်လှန်နိုင်စွမ်းကိုယ်ခံအား နည်းပါးနေသူတွင် ရောဂါဝေဒနာ ရလာသည်နှင့် တူ၏။

ဤတွင် ဤလောဘ စေတသိက်သည် နိုးကြားသော ဝီထိစိတ်(=မနောကံ အထက်လွှာ)၌ ဖြစ်ပေါ် ဥပါဒ်လာ၏။ စိတ်က နိုးကြားသည့်အတွက် စိတ်နှင့်ယှဉ်သော လောဘ စေတသိက်လည်း နိုးကြား၏။ တက်ကြွ၏။ ထကြွသော လောဘဖြစ်လာ၏။ "ထကြွသော လောဘစိတ် ချေးညှော် = ပရိယုဋ္ဌာနကိလေသာ" ဟူ၍ဖြစ်လာ၏။ ယင်းပရိယုဋ္ဌာနကိလေသာသည် "စိတ် = မနောကံ"တွင် ဖြစ်နေသည်ကို သိရှိထားရ ပါမည်။

(ဂ)။ ။ဝီတိက္ကမ။ ။ဤထကြွလာသော စိတ်ချေးညှော် ပရိယုဋ္ဌာန ကိလေသာ၏ လှုံ့ဆော် တိုက်တွန်းမှုကြောင့် နှုတ်ပါးစပ်ဖြင့် ပြောဆိုဟောင်းယူခြင်းစသော နှုတ်မှုဝစီကံများ ဖြစ်ပေါ်လာ၏။ ကိုယ်လက်ဖြင့် လုမ်းယူခြင်းစသော ကိုယ်မှု ကာယကံများလည်း ဖြစ်ပေါ်လာ၏။

အသာတကြည် ဟောင်းယူ၍မရသောအခါ၊ အနိုင်ကျင့်၍ ပြောဆိုဟောင်းယူခြင်း စသော ဝစီကံ၊ လုယူခြင်းစသော ကာယကံများ ဖြစ်ပေါ်လာတော့၏။ ထိုအခါ စောင့်စည်းအပ်သော လုံ့စည်းကမ်းတရပ်ကို ဖောက်ဖျက်ကျူးလွန်မိသွားပါပြီ။ စိတ်ထဲတွင်သာ ထကြွရုံမကတော့ပဲ၊ ကိုယ်နှုတ်တို့ဖြင့် လွန်ကျူးမိပါပြီ။ မနောကံမျှသာ မဟုတ်တော့ပါ။ ကာယကံ ဝစီကံများဖြစ်ပေါ်လာပါပြီ။ ပရိယုဋ္ဌာန ကိလေသာမျှသာ မဟုတ်တော့ပါ။ ဝီတိက္ကမ ကိလေသာ ဖြစ်လာပါပြီ။

ထို့ကြောင့် ဝီတိက္ကမ ကိလေသာဟူသည်မှာ နှုတ်လွန် လက်ကျူး လွန်ကျူးစေသော စိတ်ချေးညှော်ဖြစ်၏။ ကာယကံ ဝစီကံဖြစ်၏။ ကာယကံဝစီကံ ဖြစ်လာသည်နှင့်တပြိုင်နက် လွန်ကျူးမှု ဝီတိက္ကမ ကိလေသာဖြစ်၏။ ဤသည်ကိုပင် "ဝီတိက္ကမ ကိလေသာသည် ကာယကံ ဝစီကံ၌ ဖြစ်သည်" ဟု ဆိုကြရ၏။

(ဃ)။ ။ပရိယုဋ္ဌာန။ ။ပရိယုဋ္ဌာနကိလေသာနှင့် အနုသယ ကိလေသာတို့ကား မနောကံ၌ ဖြစ်၏။ ကာယကံမြောက်၊ ဝစီကံ မြောက် မလွန်ကျူးရသေးမီ အခါမှာဖြစ်စေ၊ လွန်ကျူးပြီးသွား

သောအခါမှာဖြစ်စေ စိတ်ထဲတွင်သာ ထကြွဆူပူနေသော ကိုလေသာကို ပရိယုဋ္ဌာန ကိလေသာဟုဆိုရ၏။

မှန်ပါသည်။ လိုချင်မှုလောဘ ကိလေသာ ထကြွဆူပူ တွန်းထိုးလာသောကြောင့် နှုတ်လွန်လက်ကျူး ဖြစ်လာရ၏။ နှုတ်လွန်လက်ကျူး ဖြစ်လာရပြီးနောက်၊ လိုချင်မှုလောဘ ကိလေသာသည် ရုတ်ခြည်းပျောက်ပျက်မသွားသေးပါ။ အရှိန်ဖြင့် ဆက်လက်၍ ဆူပူထကြွနေသေး၏။ ပရိယုဋ္ဌာန ပြန်ဖြစ် နေသေးသည်ဟု ဆိုလို၏။ ဤသို့လျှင် နှုတ်လွန်လက်ကျူး မဖြစ်ရသေးမီမှာရော၊ ဖြစ်သွားပြီး နောက်မှာပါ စိတ်မနောကံထဲတွင် ထကြွဆူပူနေသော လောဘကို "ပရိယုဋ္ဌာနကိလေသာ"ဟု ဆိုရ၏။

(င)။ ။အနုသယ။ ။ဤသို့လျှင် လောဘ ကိလေသာ၏ အရှိန်အဟုန်သည် အမြင့်ဆုံး အဆင့်အထိ တက်သွားနိုင်၏။ ဤအထက်ဆုံးအဆင့်တွင် ရောက်ရှိနေသော လိုချင်မှု လောဘသည် လွန်ကျူးလာ၏။ "လွန်ကျူးသော လိုချင်မှု = ဝီတိက္ကမလောဘ ကိလေသာ" ဟူ၍ ဖြစ်လာ၏။

အထက်ဆုံးသွားသောအခါပြန်ကျလာ၏။ ပြန်ကျလာသော လောဘ၏ အရှိန် ရုတ်ခြည်းငြိမ်ကျမသွားပါ။ နောက်ဆက်တွဲ သဘောတမျိုးဖြင့် အရှိန်က ကျန်ရှိနေသေး၏။ ထကြွဆူပူ နေသေး၏။ "ထကြွသောလိုချင်မှု=ပရိယုဋ္ဌာနလောဘကိလေသာ" အဖြစ်ဖြင့် ပြန်ဖြစ်နေသေး၏။

ထို့နောက်၊ ထိုလောဘ၏ အရှိန်သေသွား၍ ဆူပူနေရာမှ အေးချမ်းလာ၏။ ထကြွနေရာမှ ငြိမ်ဝပ်လာ၏။ မနောကံ၏

အောက်လွှာ(=ဘဝင်စိတ်)တွင် ကိန်းအောင်းနေ၏။ ဘဝင်စိတ်နှင့် ယှဉ်လျက် ဖြစ်ပျက်အစဉ်ဖြင့် တည်ရှိနေ၏။

ဤသို့လျှင်၊ အဇ္ဈတ္တအကြောင်းနှင့် ဗဟိဒ္ဓ အကြောင်းတို့ တိုက်ဆိုင်မိလေတိုင်း လိုချင်မှုလောဘ ကိလေသာသည် ဖြစ်ပေါ်ထကြွလာ၏။ ထကြွရာမှ ငြိမ်သွားသည်လည်းရှိ၏။ ငြိမ်မသွားပဲ၊ ထကြွရာမှတဆင့် လွန်ကျူး လာသည်လည်း ရှိ၏။ လွန်ကျူးပြီးနောက် ထကြွရံ ပြန်ထကြွ၏။ ထိုမှတဆင့် ကိန်းအောင်းငြိမ်ဝပ်နေ၏။ ဤသို့ အဖန်ဖန် ကိန်းအောင်းလာသော အခါ၊ လောဘကိလေသာ၏ အငွေ့အသက်က ထုထည်ကြီးမား အားကောင်းလာ၏။ ထုထည်ကြီးမား အားကောင်း လာသော ထာမဂတလောဘ အငွေ့အသက်ကိုပင်လျှင် " အထပ်ထပ် ကိန်းဝပ်သော စိတ်ချေးညှော်=အနုသယကိလေသာ" ဟု ဆိုကြရ၏။

—*—

## အကြောင်း နှစ်ရပ်

၃၉။ ။အထက်ပါ ဖြစ်စဉ်ကို လေ့လာကြည့်သောအခါ အောက်ပါသဘောတရားကို သိမြင်လာနိုင်ပါသည်။

အနုသယ ကိလေသာဟူသည်မှာ ပရိယုဋ္ဌာန ကိလေသာ၊ ဝီတိက္ကမကိလေသာတို့၏ အငွေ့အသက် အနည် အမှုန်များဖြစ်၏။ အနည်ထိုင်နေသောရေသည် ကြည်လင်၏။ အမြေ့ အနှောက်

ခံရခြင်းစသည်တို့ကြောင့် အနည်ထလာသောအခါ ရေသည် မကြည်လင်တော့ပါ။ နောက်ကျုလာ၏။ ထို့အတူ အကြောင်း မတိုက်ဆိုင်သေးသည့်အတွက်ကြောင့်ဖြစ်စေ၊ သမထဘာဝနာ အစွမ်းကြောင့်ဖြစ်စေ ကိလေသာအနည်များ ထိုင်နေ ငြိမ်နေ သောအခါ စိတ်သည် မနောက်ကျုပါ။ ကြည်လင်နေ၏။ အကြောင်းတိုက်ဆိုင်လာ၍ဖြစ်စေ၊ သမထတန်ခိုး ပြယ်လာ၍ ဖြစ်စေ ကိလေသာအနည်များ ထကြွလာသောအခါ စိတ်သည် နောက်ကျုလာ၏။ မကြည်လင်တော့ပါ။ မအေးချမ်းတော့ပါ။ ဆူပွက် ပူပန်လာ၏။

အကင်းသေ, အမြစ်ပြတ် ပျောက်ကင်းသွားသော ရောဂါ သည် အညှော်မိခြင်းစသည်တို့ကြောင့် ပြန်မထလာတော့ပါ။ ပျောက်ကင်းမြဲ ပျောက်ကင်း ချမ်းသာနေပါသည်။ အကင်း မသေ, အမြစ်မပြတ်သောရောဂါဝေဒနာကား အညှော်မိခြင်း, အစားမှားခြင်း စသည်တို့ကြောင့် ပြန်ထလာ၏။ အသက် အန္တရာယ်ရှိလာ၏။

ရောဂါ၏ အမြစ်မပြတ်, အကင်းမသေမှုဖြစ်သော အငွေ့ အသက် ကျန်ရှိနေခြင်းသည် အနုသယ ကိလေသာနှင့် တူ၏။ ရောဂါပြန်ထလာခြင်းသည် ပရိယုဋ္ဌာန ကိလေသာနှင့် တူ၏။ ဖျားနာခြင်းသည် ဝီတိက္ကမကိလေသာနှင့် တူ၏။

အဇ္ဈတ္တအကြောင်းနှင့် ဗဟိဒ္ဓအကြောင်းတို့ တိုက်ဆိုင်မိရာမှ ပရိယုဋ္ဌာနကိလေသာ ဖြစ်ပေါ်လာ၏။ ထိုမှတဆင့် ဝီတိက္ကမ ကိလေသာ ဖြစ်ပေါ်လာ၏။ ထိုဝီတိက္ကမမှပရိယုဋ္ဌာန ပြန်ဖြစ်လာ

ပြန်၏။ ပရိယုဋ္ဌာနမှတခါ အနုသယဖြစ်လာ၏။ သို့ဖြစ်၍ အနုသယသည် ပရိယုဋ္ဌာနနှင့် ဝီတိက္ကမတို့၏ အနည်အမှုန်, အငွေ့အသက်ဖြစ်၏။

ဤအငွေ့အသက်သည် ယခုအခါ ထပ်ထပ်ကိန်းပြီး နောင်အနာဂတ်သို့ပါသွားမည်ဖြစ်၏၊ ထို့အတူ အတိတ်က အထပ်ထပ်ကိန်းလာခဲ့၍ ယခု ပစ္စုပ္ပန်သို့ ဖြစ်ပျက်အစဉ်ဖြင့် အနုသယအငွေ့အသက်များ ပါရှိလာခဲ့ခြင်းဖြစ်ပါသည်။

—*—

## အကြောင်းရင်းက အတိတ်, အဇ္ဈတ္တတရား၊ ထောက်ကူအကြောင်းက ပစ္စုပ္ပန်, ဗဟိဒ္ဓတရား

၄၀။ ။မှန်ပါသည်။ လက်ရှိအချိန်မှနေပြီးအနောက်သို့လှည့်ကြည့်၍ တွေ့ရသောအချိန်သည် အတိတ်ကာလဖြစ်ခဲ့၏။ လက်ရှိအချိန်မှနေပြီး ရှေ့သို့လှမ်းကြည့်၍ တွေ့ရသော အချိန်ကား အနာဂတ်ကာလ ဖြစ်ပါမည်။ အတိတ်ကာလမှနေပြီး ရှေ့သို့လှမ်းကြည့်၍ တွေ့ရသော အချိန်သည် အတိတ်ကာလအတွက် အနာဂတ်ကာလဖြစ်ခဲ့၏။ ယခုလက်ရှိအချိန်အတွက်မူ ပစ္စုပ္ပန်ကာလ ဖြစ်နေပါသည်။

ထို့ကြောင့် ပစ္စုပ္ပန်တွင် အကြောင်းတိုက်ဆိုင်တိုင်း အထပ်ထပ် ကိန်းနေသော အနုသယကိလေသာ အငွေ့အသက်သည်

အနာဂတ်သို့ ဖြစ်ပျက်အစဉ်ဖြင့် ပါရှိသွားမှာ သေချာနေ၏။ အတိတ်က အထပ်ထပ်ကိန်းလာခဲ့သော အနုသယကိလေသာ အငွေ့အသက်သည်လည်း ယခုပစ္စုပ္ပန်သို့တိုင် ပါရှိလာနေသည်မှာ သေချာ၏။

ဤသို့သော အနုသယကိလေသာတို့၏ ကိုယ်စားလှယ်ကား အဝိဇ္ဇာခေါ် အသိအမြင်အားနည်းမှု အညာဏပင် ဖြစ်နေ၏။ မှန်ပါသည်။ အဝိဇ္ဇာခေါ်အသိအမြင်အားနည်းမှု အညာဏသည် ကိလေသာ အားလုံးတို့၏ ကိုယ်စားလှယ်ဖြစ်ပါသည်။ ကိုယ်စားလှယ်ဖြစ်သူတို့တွင် အားလုံး၏ ယေဘုယျ သဘောထားများ ပါရှိနေ၏။ အားလုံး၏ ယေဘုယျသဘောထားကို ထင်ဟပ်ဖေါ်ပြနိုင်သူသည် ကိုယ်စားလှယ် ဖြစ်၏။

ထို့အတူပင် ကိလေသာအားလုံးတို့၏ ယေဘုယျ သဘောသဘာဝလက္ခဏာများကို အဝိဇ္ဇာခေါ် အညာဏက ထင်ဟပ်ဖေါ်ပြနေပါသည်။ ယင်းအညာဏတွင် ကိလေသာအားလုံးတို့၏ ယေဘုယျသဘောသဘာဝများပါရှိနေ၏။ ကိလေသာအားလုံးတို့တွင် အညာဏ၏ သဘောသဘာဝ လက္ခဏာကလည်း ထင်ဟပ်နေ၏။ အရိပ်ထိုးနေ၏။ အကုသိုလ်ဖြစ်သော ကိလေသာအားလုံးနှင့် အဝိဇ္ဇာခေါ် အညာဏမောဟက ယှဉ်စပ်နေ၏။ ဆက်စပ်နေ၏။ အကုသိုလ်အားလုံးနှင့်ဆက်ဆံနေ၏။ ဝါ–သဗ္ဗာကုသလ သာဓာရဏဖြစ်နေ၏။ ဤသည်မှာ အဘိဓမ္မာသင်ကြားဖူးသူတိုင်း သိရှိနားလည်ထားသော အရာဖြစ်၏။

ဤသို့လျှင် အသိအမြင်အားနည်းမှုအညာဏ ( = ကိုယ်ခံအားနည်းပါးခြင်း)က အရင်းခံအကြောင်းတရား အဖြစ်ဖြင့် ပါရှိ

လာနေသည့်အတွက် ထိုအရင်းခံအကြောင်း အညာဏနှင့် အဿာဒနီယစသော ထောက်ကူအကြောင်း (=ရောဂါပိုး)တို့ ထိတွေ့ပေါင်းဆုံမိလေတိုင်း လောဘစသောကိလေသာ (=စိတ်ရောဂါဓဝဒနာ)များ ဖြစ်ပွား ပေါ်ပေါက်လာပါတော့သည်။

တင်ပြခဲ့သည့်အတိုင်း အညာဏသည် အဿာဒနီယနှင့်ပေါင်းဆုံမိသောအခါ၊ လောဘကိလေသာဖြစ်ပေါ်လာ၏။ ထို့အတူပင်၊ အညာဏသည် "စိတ်ဆိုးစရာ = အာဃာတဝတ္ထု"*နှင့်ပေါင်းဆုံမိသောအခါ ဒေါသကိလေသာ။ "မသင့်မလျော်နှလုံးသွင်းမှု = အယောနိသောမနသိကာရ"နှင့် ပေါင်းဆုံမိသောအခါ မောဟ, ထိန,ဥဒ္ဓစ္စ,ဝိစိကိစ္ဆာ။ "အလို = လောဘ"နှင့်ပေါင်းဆုံမိသောအခါ မာန။ "အရိယာ သူတော်စင်တို့နှင့် ထိတွေ့ချဉ်းကပ်မှုမရှိခြင်း = အရိယအဒဿန"နှင့် ပေါင်းဆုံမိသောအခါ ဒိဋ္ဌိ။ "မိမိကိုယ်ကို အရေးမထားမှု=အတ္တအဂါရဝ"နှင့် ပေါင်းဆုံမိသောအခါအဟိရိက။ "သူတပါးကိုအရေးမထားမှု=ပရအဂါရဝ"နှင့် ပေါင်းဆုံမိသောအခါတွင်မူ အနောတ္တပ္ပဟူသော ကိလေသာများ ဖြစ်ပွားပေါ်ပေါက် လာပါတော့သည်။

ယင်းသို့လျှင်၊ အတိတ်မှသည် ပစ္စုပ္ပန်သို့တိုင် ဖြစ်ပျက်အစဉ်ဖြင့် ပါရှိလာသော အဇ္ဈတ္တမှ အကြောင်းရင်းခံ အညာဏက ယခုပစ္စုပ္ပန်တွင် တွေ့ကြုံလာရသည့် ပြင်ပမှ ထောက်ကူအကြောင်း

---

* ဤအာဃာတဝတ္ထုစသည့် ပဒဋ္ဌာန်များသည် အဋ္ဌသာလိနီ အဋ္ဌကထာ ကဏ္ဍလာများ ဖြစ်၏။

အဿာဒနိယ စသည်တို့နှင့် ထိတွေ့ပေါင်းဆုံမိလေတိုင်း၊ လောဘ စသော ကိလေသာတို့က ပရိယုဋ္ဌာန ကိလေသာဖြစ်လာကြ၏။ ပရိယုဋ္ဌာနမှ ဝီတိက္ကမဖြစ်မသွားပဲ၊ အနုသယဖြစ်သွားသည်လည်း ရှိ၏။ ပရိယုဋ္ဌာနမှတဆင့် ဝီတိက္ကမဖြစ်သွားပြီးမှ အနုသယဖြစ် လာသည်လည်းရှိ၏။

—*—

## အကြောင်းဟောင်းကို အကြောင်းသစ်ဖြင့် ပယ်၊ အတိတ်ကို ပစ္စုပ္ပန်ဖြင့် သတ်။

၄၁။ ။ဤစိစစ်ချက်များအရ၊ အထပ်ထပ် ကိန်းအောင်း လာသော အနုသယကိလေသာတို့၏ အကြောင်းရင်းကားအသိ အမြင်အားနည်းပါးမှု အညာဏဖြစ်နေသည်မှာ ထင်ရှားနေတော့ ၏။ ဤအညာဏဟူသော အတိတ်ကပါလာသည့် အကြောင်း ရင်းခံက အတွင်းမှရှိနေသမျှ၊ ပစ္စုပ္ပန် ထောက်ကူအကြောင်း တို့က အပြင်မှ ဝင်ရောက်ထိတွေ့ ပေါင်းဆုံလာမိတိုင်း၊ စိတ်ရော ဂါဝေဒနာ ကိလေသာများ ဖြစ်ပေါ်ပေါက်ဖွားလာမည်သာ ဖြစ်နေ၏။

သည်တော့၊ အတွင်းမှာရှိနေသည့် အကြောင်းရင်းခံ အညာဏ ကို ပယ်သတ်ရပါမည်။ အကြောင်းရင်း အညာဏ မရှိပါမှ၊ ကိလေသများ မဖြစ်ပဲရှိပါမည်။ ကိလေသာများ ဖြစ်မလာဖို့ အညာဏ မရှိဖို့လိုအပ်၏။ အညာဏမရှိဖို့ ဉာဏအသိအင်အားရှိလာဖို့

လိုအပ်၏။ ဉာဏအသိအင်အားရှိလာဖို့ ဉာဏအသိအင်အားဖြစ်ပေါ် တိုးပွားစေမည့် "ဝိပဿနာ ဘာဝနာ=အထူးရှုမြင်ရေးအလုပ်=နား, မျက်စိ, ဦးခေါင်းတို့ကို အလုပ် လုပ်ခိုင်းမှု"ကို လုပ်ဆောင်ရပါမည်။ ဝါ—ဝိပဿနာ ဘာဝနာ ပွားများအားထုတ်ရပါမည်။

သို့အတွက်၊ စိတ်နားဖြင့် ထောင်၊ စိတ်မျက်စိဖြင့် ကြည့်၊ စိတ်နှလုံးဖြင့် ဆင်ခြင်သုံးသပ် ·ဝေဖန်ရပါမည်။ စိတ္တဘာဝနာ ပွားများရပါမည်။ အထူးရှုမြင် ဆင်ခြင်ရပါမည်။

ထိုအခါ၊ မသိဖူးသည်ကို သိ၊ မမြင်ဖူးသည်ကို မြင်လာကြပါမည်။ အသိအမြင် ဖြစ်ပေါ်လာပါမည်။ မသိမမြင်မှု ပျောက်ပျက်သွားပါမည်။ မသိမှုအဉာဏအစား သိမှုဉာဏဖြစ်၍-ဖြစ်၍လာပါမည်။ ဆက်လက်၍ ကြိုးစားရပါမည်။ ဆက်လက်၍ တိုးတက်သိမြင်လာပါမည်။ သိမှုဉာဏအင်အားများ တိုးပွားလာပါမည်။ အားကောင်းလာပါမည်။ ထက်မြက်လာပါမည်။

ထက်မြက်သည့် သိမြင်မှုဉာဏက ပုံဟန်သဏ္ဌာန်နိမိတ်အရိပ်အရောင်တို့ကို ကျော်ဖောက်၍ သဘောတရားဆီသို့ ရောက်ရှိလာပါမည်။ ဝါ—ပညတ်ကို ကျော်ဖောက်၍ ပရမတ်ဆီသို့ ရောက်ရှိလာပါမည်။ ပရမတ်ပေမင့်၊ အသင်္ခတ ပရမတ်ကား မဟုတ်သေး။ သင်္ခတပရမတ် တည်းဟူသော စိတ်, စေတသိက်, ရုပ်သဘောတရားများသာဖြစ်၏။ ဖြစ်ပျက် ဖြစ်ပျက်ဖြင့် သွားနေသောလောကီတရားများသာဖြစ်၏။ဤဖြစ်ပျက်လောကီသဘော

တရားများကို သိမြင်နိုင်သည့်အထိ တိုးတက်ဖြစ်ပေါ်လာသော သိမှုဉာဏကို "ဝိပဿနာဉာဏ=ဝိပဿနာဉာဏ်"ဟု ဆိုရ၏။

တိုးမြှင့်၍ ကြိုးစားကြရပါမည်။ ဖြစ်ပျက် (=လောကီ)ကို ထွင်းဖောက်ကျော်လွန်၍၊ မဖြစ်မပျက် (=လောကုတ္တရာ)ဆီသို့ စိတ်ဖြင့်အသိဉာဏ်က ရောက်ရှိသွားပါမည်။* ယင်းသို့ရောက်ရှိသွားရာအရာသည် သဘောတရားသက်သက်မျှသာဖြစ်၏။ ယင်းသဘောတရားတွင် ဖြစ်ပေါ်လာလိုက်, ပျောက်ပျက်သွားလိုက်ဖြင့် ဖြစ်ပျက်နေသော အဖြစ်အပျက်များ မရှိပါ။ မဖြစ်မပျက်သဘောတရားသက်သက်မျှသာဖြစ်၏။ သဘောတရားသန့်သန့်မျှသာဖြစ်၏။ အကောင်အထည် မဟုတ်ပါ။ အကောင်အထည်မရှိပါ။ ဤမဖြစ်မပျက်သော သဘောတရားအထိ၊ ထိုးဖောက်ရောက်ရှိသွားနိုင်လောက်အောင် ထက်မြက်ကြီးမားလာသောသိမှုဉာဏကိုမူ "မဂ္ဂဖလဉာဏ=မဂ်ဖိုလ်ဉာဏ်"ဟူ၍ ဆိုရ၏။

ဤသို့ မဖြစ်မပျက်သော သဘောတရား သက်သက်မျှကို သိမြင်နိုင်သည့်အထိ ကြီးမားရင့်ကျက် ထက်မြက်လာသော အသိအမြင်ကို"ပြီးပြည့်စုံသောအမြင်=ဒဿနသမ္ပဒါ"ဟု ဆိုရ၏။

— * —

---

* သန္တိံ ပပ္ပုယျ စေတသာ ဟူသော ယက္ခသံယုတ် သုဒတ္တသုတ်အလာကို ထောက်။

## အထင်ကို အမြင်ဖြင့် ပယ်။

၄၂။ ။ဤပြီးပြည့်စုံသော အမြင်ရလာသည်နှင့် တပြိုင်နက်၊ ဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ ဟူသော သံယောဇဉ်တရား ၃–ခုကို ပယ်ပစ်နိုင်၏။

မှန်ပါသည်။ မဖြစ်မပျက် သဘောတရားကို သိမြင်လာသည်နှင့်တပြိုင်နက် "မဖြစ်မပျက် တည်ရှိသောအရာမှာ သဘောတရားမျှသာဖြစ်၏။ အကောင်အထည်မဟုတ်။ အကောင်အထည် အဖြစ်ဖြင့် 'မဖြစ်မပျက်=မသေမပျောက်=ထာဝရရှင်သန်တည်ရှိသောအရာ=အတ္တအမြဲတေ=ငါဟူသောအရာ'ရှိသည်ဟူသည်မှာ 'အထင်=သညာ'၏ လှည့်စားမှု သညာဝိပ္ပလ္လာသမျှသာဖြစ်၏။ ကိုယ်ပိုင်ဉာဏ်မျက်စိဖြင့် သိရှိ တွေ့မြင် ရသော 'အမြင်=ပညာ'၏ ခြေရာခြေကြောင်းမဟုတ်။ အမြင်ပညာဖြင့် တွေ့မြင်သိရှိရသော အရာကား မဖြစ်မပျက်တည်ရှိသောသဘောတရားမျှသာဖြစ်၏။ အကောင်အထည်,အသက်လိပ်ပြာ, ဝိညာဉ် မဟုတ်။ မရှိ" ဟူ၍ အသိပညာမှ ပေါက်ဖွားလာသော ယုံကြည်ချက်သဒ္ဓါတရားမှာ အခိုင်အမာ တည်ရှိလာတော့၏။

သို့ဖြစ်၍၊ ငါရှိသည်ဟူသော အထင်သညာ၏ နေရာတွင်၊ ငါမရှိဟူသော အမြင်ပညာက ဝင်ရောက်နေရာ ယူလိုက်၏။ အထင်ကို အမြင်က ဖယ်ရှားပစ်လိုက်၏။ အထင်အတွက် နေရာမရှိတော့ပါပြီ။အထင်၏ အကျိုးဆက်ဖြစ်သော "ငါစွဲအယူ = သက္ကာယဒိဋ္ဌိ"ကို ပယ်ရှားခြင်း ကိစ္စမှာလည်း အလိုအလျောက်ပြီးစီးသွားတော့၏။ အရင်းလဲ၍ အဖျား ထင်း ဖြစ်သွား

တော့၏။အရင်းကားသညာဝိပ္ပလ္လာသ။အဖျားကားသက္ကာယဒိဋ္ဌိ ပါတည်း။ —၁။

ထို့အတူ၊ ဤအတိုင်းကျင့်လာ၍ ဤသို့ သိမြင်လာရသည်မှာ ကိုယ်တွေ့မျက်မြင် ဖြစ်လာပါပြီ။ ယင်းသည်နှင့် တပြိုင်နက် "ဒီလိုကျင့်ယင် ဒီလိုဖြစ်တယ်ဆိုတာ ဟုတ်မှ ဟုတ်ပါ့မလား" ဟူသော သံသယ၊ "ဒီလိုဖြစ်တယ်ဆိုလို့သာ ဒီလိုကျင့်နေတယ်။ ဖြစ်မှဖြစ်ပါ့မလား" ဟူသော ဝိစိကိစ္ဆာတို့ကို ပယ်ခြင်းကိစ္စ မှာလည်း အလိုအလျောက် ပြီးသွားတော့၏။

—၂။

တခါ၊ ဤသို့ဖြစ်စေသော အကျင့်မှာ အခြားမဟုတ်။ ဤ"အင်္ဂါရှစ်ရပ်လမ်းစဉ်မြတ်=မဂ္ဂင်ရှစ်ပါးအကျင့်တရား=မဇ္ဈိမ ပဋိပဒါ"ပင် ဖြစ်နေသည်မှာကိုယ်တွေ့ဖြစ်နေပြီဖြစ်သည့်အတွက် ဤအကျင့်မှတပါး အခြားအကျင့်များ (=အလေ့များ အကျင့် များ=သီလဗ္ဗတပရာမာသ)ကို ပယ်စွန့်ခြင်း ကိစ္စမှာလည်း အလိုလို ပြီးနေပြီဖြစ်၏။

—၃။

—+—

## ဉာဏပညာက အညာဏမောဟကို ပယ်

၄၃။ ။အမြင်ဒဿန ပြီးပြည့်စုံလာသည်နှင့်တပြိုင်နက်၊ ဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသဟူသော အမှား သဘောတရား သုံးခု ပယ်နိုင်ပုံကိုအထက်ပါအတိုင်း လေ့လာ သိရှိနိုင်ပါသည်။

တဖန်၊ "အမြင်=ဒဿန" ဟူသောစကားနှင့် "အသိ=ဉာဏ" ဟူသော စကားတို့မှာ စကားလုံး သဒ္ဒါမျှသာ ကွဲပြားခြားနားကြ၏။ အနက်အဓိပ္ပာယ်ကား မကွဲပြား၊ မခြားနား၊ တခုတည်းပင် ဖြစ်၏။ ပညိန္ဒြေစေတသိက်ကိုချည်း ကောက်ကြရ၏။ ပညိန္ဒြေဟူသောပညာနှင့် ဉာဏ်ဟူသော ဉာဏတို့မှာ အတူတူပင်။ "ဉာဏ်ပညာ" ဟု သုံးကြသည်မှာ ဤသဘောပင် ဖြစ်၏။

သို့ဖြစ်၍ "ဉာဏ=ဒဿန=ပညာ" ဟူသော ဤစကား လုံးသုံးလုံးကို အဓိပ္ပာယ်တူဟူ၍ မှတ်ပါ။ ထို့ကြောင့် "ဒဿနေန ပဟာတဗ္ဗာ ဓမ္မာ" ဟူသော ဓမ္မသင်္ဂဏီမာတိကာပါဠိတော်ကို "သောတာပတ္တိမဂ်[ဉာဏ်]သည်ပယ်အပ်ကုန်သောသဘောတရားများ" ဟူ၍ အနက်ပေးကာ ဘာသာပြန်ကြရပါသည်။

တဖန်၊ "ထိုထိုမဂ်ဉာဏ်ဖိုလ်ဉာဏ်တို့သည်ကား ထိုထိုကိလေသာတို့ကို ကုန်ခန်းစေလျက်၊ ချုပ်စေလျက်၊ ငြိမ်းစေလျက်၊ အေးစေလျက်၊ မဖြစ်မပျက်စေလျက် ဖြစ်ကုန်၏။ ထို့ကြောင့် မဖြစ်ရာနိဗ္ဗာန်၌ ဖြစ်ရှိသော ဉာဏ်မည်သည်ဖြစ်ပေါ်လာ၏။" † ဟူသောစကားကို ထောက်ဆသော်၊ ကိလေသာပယ်သောတရားမှာ အခြားမဟုတ် "ဉာဏ်" ဖြစ်၏။

---

† တံတံ မဂ္ဂဖလဉာဏံ ပန တေသံ တေသံ ကိလေသာနံ ခီဏန္တေ, နိရုဒ္ဓန္တေ, ဥပသန္တေ, ပဋိပဿဒ္ဓန္တေ, အနုပ္ပာဒန္တေ, အပ္ပဝတ္တန္တေ ဥပ္ပဇ္ဇန္တီတိ, အနုပ္ပာဒေဉာဏံ နာမ ဇာတံ။

—အဋ္ဌသာလိနီ၊ နိက္ခေပကဏ္ဍ။

မှန်ပါသည်။ "ဉာဏ=ဉာဏ်"က "အညာဏ=မောဟ=အဝိဇ္ဇာ"ကိုပယ်၏။ ဝါ–သိသော် မသိမှု မရှိ။ သိမှုက မသိမှုကို ပယ်၏။ မသိသော် သိမှု မရှိ၊ မသိမှုက သိမှုကို ပယ်၏။ ဤသည်ကို သဘော ပေါက်ရပါမည်။ သဘောပေါက်ပါက "ကိလေသာကို ပယ်သောအရာမှာ အခြားမဟုတ်။ ဉာဏ်ပင် ဖြစ်၏။"ဟူသောစကားကို သဘော ပေါက်နိုင်ပါမည်။

တဖန်၊ "မဂ်က ကိလေသာကို ပယ်သည်"ဟူသောစကားနှင့် "ဉာဏ်က ကိလေသာကို ပယ်သည်" ဟူသောစကားမှာ ဆိုလိုချက် အတူတူဖြစ်သည်ဟု မှတ်ပါ။ မှန်ပါသည်။ "မဂ်"ဟူသည်မှာ အခြားမဟုတ်။ ဉာဏ်ပညာ ဦးစီးသော ဝိတက်, ဝီရိယ, သတိ, သမာဓိ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝဟူသော မဂ္ဂင်တရားကိုယ် ရှစ်ပါးပင်ဖြစ်၏။

ထို့ကြောင့်"မဂ်က ကိလေသာကို ပယ်သည်" ဟူသည်မှာ "ဉာဏ်ပညာ, ဝိတက်, ဝီရိယ, သတိ, သမာဓိ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ဟူသော မဂ္ဂင်တရားကိုယ် ရှစ်ပါးတို့က ကိလေသာကို ပယ်သည်" ဟု ဆိုလို၏။ ဤစကားအရ မဂ်ဟူသည်မှာ မဂ္ဂင်တရားကိုယ် ရှစ်ပါးပင် ဖြစ်ကြောင်းကောင်းစွာ သိမြင်နိုင်ပါသည်။

"မဂ်က ကိလေသာကို ပယ်သည်"ဟုဆိုခြင်းသည် အပေါင်းကို ပဓာနပြု၍ ဆိုခြင်းဖြစ်၏။ "ဉာဏ်က ကိလေသာကို ပယ်သည်" ဟု ဆိုခြင်းကား အစိတ်ကိုပဓာနပြု၍ ဆိုခြင်းဖြစ်၏။ ဤသို့အစိတ်ဖြစ်သောဉာဏ်ကို ဦးစားပေး၍ ဆိုရလောက်အောင်

ဉာဏ်ကလည်း အရေးပါအရာရောက်လှ၏။ အချုပ် ပဓာန ကျလှ၏။

မှန်ပါသည်။ "သမ္မာဒိဋ္ဌိ ပုရေစရံ=သမ္မာဒိဋ္ဌိ ဟူသော ဉာဏ်ပညာက ရှေ့သွားရှိသည်။ စါ—ခေါင်းဆောင်သည်" ဟူသော စကားကိုထောက်သော်၊ ဉာဏ်ပညာဟူသော မဂ္ဂင်တရားကိုယ်က ခေါင်းဆောင်ဖြစ်ပြီး၊ ကြွင်းမဂ္ဂင်တရားကိုယ် ခုနစ်ပါး တို့ကား နောက်လိုက်ဖြစ်သည်ကို သိမြင်နိုင်၏။ နောက်လိုက် မဂ္ဂင်တရားကိုယ် ခုနစ်ပါးတို့ ဖြစ်မှု မဖြစ်မှုသည် ခေါင်းဆောင်မဂ္ဂင်တရားကိုယ် ဉာဏ်ပညာ ဖြစ်မှု မဖြစ်မှုပေါ်တွင် မူတည်နေ၏။ ခေါင်းဆောင်ဉာဏ်ပညာ ဖြစ်ပေါ်လာလျှင် နောက်လိုက်တို့ ဖြစ် ပေါ် လာ ကြ၏။ ခေါင်းဆောင်ဉာဏ်ပညာ မဖြစ်ပေါ်လာလျှင် နောက်လိုက်တို့ မဖြစ်ပေါ်ကြတော့ပါ။

သို့ဖြစ်၍ အပေါင်းမဂ္ဂင်တရားကိုယ် ရှစ်ပါးစလုံး ပါဝင်အောင် "မဂ္ဂေါ ကိလေသေကို ပယ်၏"ဟူ၍ ဆိုသောစကားနှင့် အစိတ်ဉာဏ်ပညာ မဂ္ဂင်တရားကိုယ် တပါးကိုသာ ပဓာနပြု၍ "ဉာဏ်က ကိလေသာကို ပယ်၏"ဟူ၍ ဆိုသော စကားသည် အတူတူပင်ဖြစ်၏။ ပဓာနအစိတ် မဂ္ဂင်တရားကိုယ်ကို ဆိုလိုက်ခြင်းဖြင့် အပဓာနအစိတ် မဂ္ဂင်တရားကိုယ်များကိုလည်း ဆိုခြင်းကိစ္စမှာ ပါဝင်ပြီးမြောက်သွားပါသည်။ ဥပမာ "ရာဇာ အာဂတော=ဘုရင်မင်းတရားကြီး ကြွချီလာပြီ" ဟူသော စကားမျိုးပင် ဖြစ်၏။ "ဘုရင်မင်းတရားကြီး ကြွချီလာပြီ"ဟု ဆိုခြင်းဖြင့် မှူးကြီးမတ်ရာ သေနာပတိတို့လည်း လိုက်ပါလာကြသည် ဟူသော အဓိပ္ပာယ်ကို သိနိုင်ခြင်းကိစ္စမှာ ပြီးစီးသွားတော့၏။

၌တွင်လည်း ပဓာနဖြစ်သော မဂ္ဂင်တရားကိုယ်က ကိလေသာ ပယ်သတ်မှုကိုရည်ညွှန်း၍ "ဉာဏ်က ကိလေသာကို ပယ်သတ်၏" ဟု ဆိုခြင်းဖြင့် အပဓာန နောက်လိုက်မဂ္ဂင်တရားကိုယ်များ ကလည်း ပဓာနမဂ္ဂင်တရားကိုယ်နှင့်အတူ ကိလေသာကို ပယ်သတ် ကြသည်ဟူ၍ သိမြင်နိုင်ခြင်းကိစ္စမှာ ပြီးသွားတော့သည်ဟူလို။

တနည်းဆိုသော် "ဉာဏ်က ကိလေသာကို ပယ်သတ်၏"ဟု ဆိုခြင်းဖြင့်ဉာဏ်နှင့်အတူ ဝိတက်, ဝီရိယ, သတိ, သမာဓိ, သမ္မာ ဝါစာ, သမ္မာကမ္မန္တ,သမ္မာအာဇီဝ တို့ကလည်း ကိလေသာ ပယ် သတ်မှု၌ ပါဝင်ကြသည်ဟူသော အဓိပ္ပာယ်ကို သိမြင်နိုင်ကြ သည်ဟု ဆိုလို၏။

၌သို့လျှင် ပယ်သတ်တတ်သော မဂ် (=မဂ္ဂင် တရားကိုယ် ရှစ်ပါး)တွင် ဉာဏ်ပညာက ခေါင်းဆောင်ဖြစ်နေ၏။ အပယ် အသတ်ခံရသော ကိလေသာ ဆယ်ပါးတွင်ကား အဉာဏခေါ် မောဟက ခေါင်းဆောင်ဖြစ်နေ၏။ တကယ်တော့ "ဉာဏ=ဉာဏ် =ပညာ"ဟူသော ခေါင်းဆောင် ပဓာနမဂ္ဂင်က "အဉာဏ= မောဟ"ဟူသော ခေါင်းဆောင် ကိလေသာကို ပယ်သတ်နေ ခြင်းပင် ဖြစ်၏။ ဗိုလ်ဗိုလ်ချင်း စီးချင်းပြိုင် အနိုင်ကျသည့် ဗိုလ်လုပွဲပင်ဖြစ်၏။ အားကြီးသူ အနိုင်ရစတမ်းပင်။

ဉာဏက အားနည်း၍ အဉာဏက အားကြီးနေလျှင် တင်ပြ လာခဲ့သည့်အတိုင်း တိုက်ဆိုင်လာသည့် အကြောင်းနှင့်လျော်ညီ စွာ လောဘစသော ကိလေသာတို့က ပရိယုဋ္ဌာန, ဝီတိက္ကမ, ပရိ

ယုဋ္ဌာန်, အနုသယဟူသော ဓမ္မဖြစ်စဉ်ဖြင့် အတောမသတ်အောင် လည်ပတ်ဖြစ်ပေါ်နေမည်၊ သံသရာလည်နေမည်သာ ဖြစ်၏။

ဤသည်ကို သဘောပေါက်ပါက အညာဏဟူသော မောဟ အင်အား လျော့နည်းသွားရေး, ဉာဏဟူသော အမောဟပညာ အင်အားတိုးပွားလာရေးကို အလေးပြုကြရပါမည်။ ကြိုးစား အားထုတ်ကြရပါမည်။ ကြိုးစားအားထုတ်ပါက အမောဟပညာ ဟူသောဉာဏအင်အား တိုးပွားလာပါလိမ့်မည်။ အညာဏမောဟ အင်အားလျော့နည်းဆုတ်ယုတ်သွားပါလိမ့်မည်။ ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာ ကိလေသာတို့ကိုပယ်သတ်နိုင်သည်အထိ အညာဏအင်အားလျော့ နည်းသွားပါလိမ့်မည်။ သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်စသည် ဖြင့် ခေါ်ဝေါ် သတ်မှတ်လာနိုင်သည်အထိ အသိဉာဏ်ပညာ အင်အား တိုးတက်ပြီး ရင့်ကျက်ထက်မြက်လာကြပါလိမ့်မည်။ ရင့်ကျက်ထက်မြက်လာကြပါစေ။

—*—

## မဂ်ခဏ

၄၄။ ။"မဂ်ခဏ" ဟူသည်မှာ "ပညာ, ဝိတက်, ဝီရိယ, သတိ, သမာဓိ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ဟူသော မဂ္ဂင်တရားကိုယ် စေတသိက် ရှစ်ပါးတို့က တပြိုင်နက် တည်း ဖြစ်ပေါ်ဥပါဒ်ချိန်၊ ဤစေတသိက်တို့က မိမိတို့နှင့် သက် ဆိုင်ရာ လုပ်ငန်းများကို ပြီးပြည့်စုံအောင်, အထွတ်အထိပ် ရောက်အောင် လုပ်ဆောင်ပြီးမြောက်လာချိန်"ပင် ဖြစ်ပါသည်။ မဂ်ကျချိန်, မဂ်ဇောစောချိန် ဟူ၍လည်း ဆိုကြရ၏။

ထို့ကြောင့်"မဂ်စိတ်" ဟူသည်မှာလည်း "မိမိတို့နှင့် သက်ဆိုင်ရာ အလုပ်ကိစ္စများကို ပြီးပြည့်စုံအောင် လုပ်ဆောင်လာနိုင်သည့် ဤစေတသိက်များနှင့် ယှဉ်သောစိတ်"ပင် ဖြစ်ပါသည်။ သို့ဖြစ်၍ ဤမဂ်စိတ်ဟူသည်မှာ သာမန်ဖြစ်ရိုး ဖြစ်စဉ်စိတ်မျိုးမဟုတ်။ သာမန်စိတ်မျိုးနှင့်မတူ၊ တမူခြားနားသောစိတ်ထူး စိတ်မြတ်ဖြစ်၏။ ဤထူးမြတ်သော မဂ်စိတ် ဖြစ်ပေါ်လာချိန်ကို အရှင်မဟာဗုဒ္ဓဃောသက ဤသို့ ဖော်ပြခဲ့ပါသည်—

*၄၅။ ။"ထိုမဂ်လေးပါးတို့အနက်၊ ပထမသောတာပတ္တိမဂ်ဉာဏ်ကို ဖြစ်ပေါ်စေလိုသူအဖို့၊ တခြားတစုံတခုသော ပြုဖွယ်ကိစ္စဟူ၍မရှိ။ ပြုဖွယ်ကိစ္စရှိသမျှကို အနုလောမ အဆုံးရှိသော ဝိပဿနာကို ဖြစ်ပေါ်စေသောအားဖြင့် ပြုလုပ် ဆောင်ရွက်ပြီး ဖြစ်သောကြောင့်ပင်။

"ဤသို့လျှင်၊ အနုလောမဉာဏ် ဖြစ်ပေါ်လာပြီး ဖြစ်သူ၏ စိတ်သည် မိမိစွမ်းအားအလျောက် ထိုအနုလောမဉာဏ်သုံးပါးတို့ ဖြင့်လည်း ရုန့်လည်းရုန့်ရင်း, အမှန်တရားသစ္စာများကိုလည်း ဖုံးကွယ်တတ်သော မောဟ အမှောင်ထုကို ဖျောက်ဖျက်ပစ်ပြီးသောအခါ၊သင်္ခါရတရား အားလုံးတို့တွင် စိတ်က မပြေးဝင်၊

---

* ဤစာပိုဒ်အမှတ် ၄၅-အတွက်၊ မဟာစည်ဆရာတော်၏ ဝိသုဒ္ဓိမဂ်ဘာသာပြန်၊အရှင်ဉာဏမောဠိ၏The Path of Purification တို့ကို နိဿယအဖြစ်ထား၊ ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာပါဠိကို ကြည့်၊ ပရိယတ္တိဉာဏ်နှင့် ညှိပြီး ပြန်ဆိုထားပါသည်။ -စာရေးသူ။

မတည်နေ၊ နစ်မနေတော့ပါပြီ။ မကပ်၊ မငြိ၊ မဖွဲ့တော့ပါပြီ။ ကြာဖက်ပေါ်မှ ရေပေါက်ကဲ့သို့ တွန့်နေ၊ ရှုံ့နေ၊ ပြန်ဆုတ်နေ၏။ နိမိတ်အားလုံး, ဖြစ်ပျက် အာရုံအားလုံးသည် ကြောင့်ကြဖွယ်ကြီးတခုအဖြစ် ပေါ်ထင်နေတော့၏။

"ယင်းသို့ နိမိတ်အာရုံ, ဖြစ်ပျက်အာရုံတို့က ကြောင့်ကြဖွယ်ကြီးတခုအဖြစ် ထင်ပေါ်နေခိုက်၊ ၃—ကြိမ်တိုင်တိုင်ဖြစ်ပေါ်လာသော အနုလောမဉာဏ်ကို အာသေဝနပစ္စည်း ရရှိလာသည့်အဆုံးတွင်၊ ဂေါတြဘုဉာဏ်သည် ဖြစ်ပေါ်လာ၏။ ယင်းဂေါတြဘုဉာဏ်သည် နိမိတ်အာရုံလည်းမရှိ, အဖြစ်အပျက်လည်းမရှိ, သင်္ခါရတရားတို့မှလည်း ကင်းရှင်း, ချုပ်လည်း ချုပ်ငြိမ်းသည့် နိဗ္ဗာန်အာရုံကို အာရုံပြု၏။ ပုထုဇဉ်အနွယ်, ပုထုဇဉ်အမည်, ပုထုဇဉ်အရာကိုလွန်မြောက်၏။ အရိယာအနွယ်, အရိယာအမည်, အရိယာအရာသို့ သက်ရောက်လာ၏။ ယင်းသည် နိဗ္ဗာန်အာရုံ၌ ပထမဦးစွာလည်းခြင်း, နှလုံးသွင်းခြင်း, ဆင်ခြင်ခြင်းဖြစ်၏။ မဂ်ဉာဏ်အား အနန္တရ, သမနန္တရ, အာသေဝန, ဥပနိဿယ, နတ္ထိ,ဝိဂတဟူသော ၆—ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ အထွတ်အထိပ်သို့ရောက်၏။ ဝိပဿနာဉာဏ်၏ ဦးခေါင်းဖြစ်၏။ တဖန်ပြန်လည်ခြင်းမရှိ။

"ထိုတွင်၊ ဤသည်ကား အာဝဇ္ဇန်းတခုတည်းဖြင့် တဝီထိတည်း၌ အတူတူဖြစ်ကြသော်လည်း၊ အနုလုံနှင့် ဂေါတြဘုတို့ အာရုံချင်းမတူ၊ ကွဲပြား၊ ခြားနားပုံကို ပြဆိုသည့် ဥပမာစကားပေတည်း။

"ရေမြောင်းကြီးတခုကို ခုန်ကျော်၍တဘက်ကမ်း၌ ရပ်တည်လိုသူသည် အရှိန်ဖြင့်ပြေးလာ၍' ဤဘက်ကမ်းရှိ သစ်ကိုင်း၌ နှောင်ဖွဲ့နေပြီး၊ တွဲလောင်းကျနေသည့် နွယ်ကြိုးကိုဖြစ်စေ၊ တုတ်ချောင်းကိုဖြစ်စေ ကိုင်စွဲလျက်၊ ခုန်ကျော်၍၊ ကိုယ်ကာယက တဘက်ကမ်းသို့ ညွတ်ကိုင်းလျက်ရှိနေစဉ်၊ တဘက်ကမ်းပေါ်သို့ ရောက်သွားသည်ရှိသော်၊ ထိုကြိုးကိုဖြစ်စေ၊ တုတ်ကိုဖြစ်စေ လွှတ်ပစ်လိုက်၏။ တဘက်ကမ်းပေါ်သို့ ကျသွား၏။ [ကျစဉ်းတွင်] တုန်လှုပ်နေသေး၏။ နောက်မှ တဖြည်းဖြည်း တည်တံ့သွားနိုင်၏။

ထို့အတူပင်၊ တရားအားထုတ်သူ ယောဂီသည်လည်း ဘဝယောနိဂတိဋ္ဌိတိသတ္တာဝါသတို့၏ တဘက်ကမ်းဖြစ်သည့် နိဗ္ဗာန်၌ ရပ်တည်လိုသည့်အတွက်၊ အဖြစ်အပျက်ကို ရှုမြင်ဆင်ခြင်သုံးသပ်ခြင်းစသော အဟုန်ဖြင့်ပြေးလာ၍၊ အတ္တဘောတည်း ဟူသော သစ်ပင်၏အကိုင်း၌ ချည်နှောင်၍ တွဲလောင်းကျနေသည့် ရုပ်ကြိုးကိုဖြစ်စေ၊ ဝေဒနာ စသည်တို့အနက် တခုခုသောနာမ်တုတ်ချောင်းကိုဖြစ်စေ၊ မတည်မြဲဟူ၍ သော်လည်းကောင်း, ဆင်းရဲ၏ ဟူ၍သော်လည်းကောင်း, အစိုးမရ ဟူ၍သော်လည်းကောင်း [ရှုမြင်သော] အနုလောမဉာဏ်၏ အာဝဇ္ဇန်းဖြင့်ကိုင်စွဲထားပြီး၊ ယင်းကိုမလွှတ်ပဲ၊ ပထမအနုလုံစိတ်(=ပရိကမ်)ဖြင့် ခုန်၍၊ ဒုတိယအနုလုံစိတ်(=ဥပစာ)ဖြင့် ကိုယ်ကာယက တဘက်ကမ်းသို့ ညွတ်ကိုင်းရှိုင်းဘိသကဲ့သို့ စိတ်ဓာတ်က နိဗ္ဗာန်သို့ညွတ်ကိုင်းရှိုင်းလျက်၊ တတိယ အနုလုံစိတ်ဖြင့် တဘက်ကမ်းပေါ်သို့ ကျရောက်သွားသည့်နှယ်၊ ယခုပင်ရောက်ရှိရတော့မည့် နိဗ္ဗာန်သို့ ကပ်နေပြီဖြစ်၍၊ ထိုတတိယအနုလုံစိတ်ချုပ်ခြင်းဖြင့် ထိုသင်္ခါရ

အာရုံကို လွှတ်ပစ်လိုက်၏။ နောက် ဂေါ်တြဘူစိတ်ဖြင့် သင်္ခါရ တရားများလည်း ကင်းမဲ့၊[သံသရာ]တဘက်ကမ်းလည်းဖြစ်သော နိဗ္ဗာန်သို့ ကျရောက်သွား၏။ သို့သော် [ယင်း ဂေါ်တြဘူစိတ် သည်] အာရုံတူဆိမှ အာသေဝန ပစ္စည်းမရသည့်အတွက် တုန် လှုပ်၏။ မြောင်းခုန်သူသည်[ကျလာစဉ်းတွင်] ကောင်းစွာ မရပ် တည်နိုင်သေးပဲ တုန်လှုပ်သည်နှင့်တူ၏။ နောက်မှ မဂ်ဉာဏ်ဖြင့် [နိဗ္ဗာန်တည်းဟူသော တဘက်ကမ်း၌] ကောင်းစွာ ရပ်တည် နိုင်၏''*။

၄၆။ ။အထက်ပါ အရှင်မဟာ ဗုဒ္ဓဃောသ၏ အဆို အမိန့်ကို ပို၍ နားလည် သဘောပေါက်စေရန်၊ အောက်ပါ မဂ္ဂဝီထိကို လေ့လာ သိရှိအပ်၏။




ဇော ၇-ကြိမ်။

* ဝိသုဒ္ဓိမဂ္ဂ၊ ဉာဏဒဿန ဝိသုဒ္ဓိနိဒ္ဒေသ၊ ပထမ မဂ္ဂဉာဏကထား စာပိုဒ် အမှတ် ၁၀၆၊ ၁၀၇။

ဘ=အတီတဘဝင်၊ န=ဘဝင်္ဂစလနာ၊ ဒ=ဘဝင်္ဂုပစ္ဆေဒ၊ မ=မနောဒွါရာဝဇ္ဇန်း၊ ပ=ပရိကမ်၊ ဥ=ဥပစာ၊ နု=အနုလုံ၊ ဂေါ=ဂေါတြဘူ၊ မ=မဂ်၊ ဖ=ဖိုလ်၊ ဘ=ဘဝင်။

ပရိကမ်, ဥပစာ, အနုလုံဟူသော ဤဇောစိတ်သုံးကြိမ်ကို "အနုလောမဉာဏ်သုံးပါး"ဟု အရှင်ဗုဒ္ဓဃောသက သာမန်အားဖြင့် သုံးထား၏။ ဤဇောစိတ်သုံးချက်တို့သည် ဖြစ်ပျက်လောကီကို အာရုံပြုကြ၏။ ဝါ—ယင်းအသိစိတ် သုံးပါး၏ သိစရာ အသိခံ အာရုံများသည် ဖြစ်ပြီးပျက်, ပေါ်လာပြီး ပျောက်ပျောက်သွားနေ၏။ ယင်းသည့် အားလျော်စွာ၊ ဤစိတ်သုံးပါးနှင့် ယှဉ်နေသည့် ဉာဏ်, ပညာ, ပညိန္ဒြေစေတသိက်ကလည်း သိနေရသည့် သိစရာ အသိခံအာရုံများကို ယထာဘူတကျကျ ဖြစ်စဉ်ကိုက် အသိအမှတ်ပြုသောအားဖြင့် "မတည်မြဲသောတရား=အနိစ္စ" ဟူ၍သော်လည်း ရှုမြင်၏။ "ဆင်းရဲသောတရား=ဒုက္ခ"ဟူ၍သော်လည်း ရှုမြင်၏။ "အစိုးမရသောတရား=အနတ္တ" ဟူ၍သော်လည်း ရှုမြင်၏။

— * —

## အနုလောမ

၄၇။ ။ဤ ပရိကမ်, ဥပစာ, အနုလုံဟူသော အနုလောမဉာဏ် သုံးပါး သည် လောကီစိတ်များအနက် အရင့်ကျက်၊ အထက်မြက်ဆုံးများဖြစ်ကြ၏။ အသိမ်မွေ့ဆုံးများလည်း ဖြစ်ကြ၏။

အသိမ်မွေ့ဆုံးသော အသိစိတ်များ ဖြစ်ကြသည့် အတွက် အသိမ်မွေ့ဆုံးသော အသိခံအာရုံနှင့်သာ လိုက်လျောစပ်ဖက်၏။ အသိမ်မွေ့ဆုံးသော အသိခံအာရုံကိုသာ လက်ခံ အာရုံပြုနိုင်၏။ မသိမ်မွေ့သော အာရုံနှင့် မစပ်၊ မဖက်၊ လက်ခံအာရုံ မပြုနိုင်ပါ။ ဥပမာအားဖြင့်၊ အသွားချင်းတူသော်လည်း ခြေဖဝါးသားသည် ကပ်ငြိလာသော စပါးခွံကြောင့် မည်သို့မျှမထူးခြား၊ အနှောင့်အယှက်မဖြစ်၊ လက်ခံထားရသည်မှာ တာဝန်မကြီးပါ။ သို့သော် အသွားပင်ဖြစ်သော မျက်လုံးထဲသို့ စပါးခွံတချပ်လုံးကိုမဆိုထားနှင့် နှမ်းစေ့မျှသော စပါးခွံအစကလေးတခု ကပ်ငြိလာပါက မနေတတ်၊ မထိုင်တတ်၊ မနေနိုင်၊ မထိုင်နိုင် ဖြစ်လာ၏။ လက်ခံထားရသည်မှာ ကြောင့်ကြဖွယ်ကြီးတခု၊ မဟာဒုက္ခကြီးတမျိုး ဖြစ်နေတော့၏။ သို့အတွက် ဖြစ်သည့်နည်းဖြင့် ယင်းစပါးခွံကို ပယ်ထုတ်ပစ်မည်သာ ဖြစ်၏။ ပယ်ထုတ်ပစ်ကြ၏။ ပယ်ထုတ်ပစ်မှသာ ချမ်းသာရ၏။ ချမ်းသာရဖို့အတွက် ပယ်ထုတ်ပစ်ကြရ၏။

ယခုလည်း မျက်လုံးသားနှင့်တူသော အနုလောမဉာဏ်တို့က စပါးခွံစကလေးနှင့်တူသော ဖြစ်ပျက် လောကီအာရုံကို လက်ခံထားရ၊ သိနေရ၊ အာရုံပြုနေရသည်မှာ ဒုက္ခကြီးတမျိုး၊ ကြောင့်ကြဖွယ်ကြီးတခု ဖြစ်နေ၏။ သို့အတွက် စွန့်ပစ်လို၏။ စွန့်ပစ်လိုက်၏။

စွန့်ပစ်လိုက်သည်နှင့် တပြိုင်နက် ထိုဖြစ်ပျက်အာရုံမှ လွတ်မြောက်လာ၏။ ထို ဖြစ်ပျက်အာရုံ ပျောက်သွား၏။ ဖြစ်ပျက်အာရုံ ပျောက်သွားသည်နှင့်တပြိုင်နက် မဖြစ်မပျက်သောအာရုံ၊

မဖြစ်မပျက် ထာဝရတည်ရှိနေသော သိစရာ, အသိခံအာရုံဟု ဆိုအပ်သော သဘောတရားတခုက ဘွားကနဲ ပေါ်လာ တော့၏။

ဥပမာ၊ ရုပ်ရှင်ပိတ်ကားပေါ်တွင် ဖြစ်လိုက်ပျက်လိုက်,ပေါ်လာလိုက်, ပျောက်သွားလိုက်ဖြင့် ကြည့်မြင်နေရသည့် ဓာတ်လမ်းဆုံးသွားသောအခါ၊ မည်သည့်ဓာတ်လမ်း,မည်သည့်အရိပ် အရောင် အကောင်အထည်မျှ မတွေ့ရသော ပိတ်ကားက ဘွားကနဲ ပေါ်လာသည်နှင့် တူပါသည်။

ပိတ်ကားပေါ်တွင် တွေ့မြင်နေရသော လှုပ်ရှား သွားလာနေသည့် ဓာတ်လမ်းဓာတ်ကွက်သည် ဖြစ်ပျက်အာရုံနှင့် တူ၏။ ပိတ်ကားသည် မဖြစ်မပျက် အာရုံနှင့်တူ၏။ ဓာတ်လမ်းကို ကြည့်နေစဉ် ပိတ်ကားကို သတိမပြုမိခြင်းသည် ဖြစ်ပျက်အာရုံကို အာရုံပြုနေစဉ် မဖြစ်မပျက်အာရုံကို သတိမပြုမိ၊ အာရုံမပြုမိ၊ အာရုံပြုရကောင်းမှန်းမသိ၊ အာရုံမပြုတတ်ခြင်း၊ အာရုံပြုတတ်သော မဂ်ပညာ,ဖိုလ်ပညာ ရမလာသေးခြင်းနှင့် တူ၏။

ဓာတ်လမ်းသည် ဖြစ်ပျက်အာရုံ။ ပိတ်ကားသည် မဖြစ်မပျက်အာရုံနှင့်တူ၏။ ဓာတ်လမ်းက ပိတ်ကားကို ဖုံးကွယ်ထားသကဲ့သို့၊ ဖြစ်ပျက်သင်္ခတအာရုံကမဖြစ်မပျက် အသင်္ခတအာရုံကို ဖုံးကွယ်ထား၏။ ဓာတ်လမ်းဆုံးလျှင်ပိတ်ကား ပေါ်လာသကဲ့သို့ ဖြစ်ပျက်အာရုံဆုံးလျှင်၊ ဆုံးအောင်စွန့်ပစ်၍ ဆုံးသွားသော် မဖြစ်မပျက်အာရုံက ဘွားကနဲ ပေါ်လာပါတော့သည်။

## ဂေါတြဘူ

၄၀။ ။ဘဝ်ဘွားကနဲ့ပေါ်လာသောမဖြစ်မပျက်အာရုံကို ဖမ်း၍ သိမြင်လိုက်ရသော အသိအမြင်သည် သိနေကျမြင်နေကျ သိစရာ အာရုံမဟုတ်၍၊ အသိစိတ်နှင့် သိစရာအာရုံတို့ စိမ်းနေကြ၏။ အသိစိတ်က သိစရာအာရုံကိုပိုင်ပိုင်နိုင်နိုင်မဖမ်းမိ၊မသိရှိသေးပါ။ ယင်း၏ သဘော သဘာဝကို ပိုင်ပိုင်နိုင်နိုင် မသိသေး။ အသိ အမြင် မပိုင်နိုင်၊ မသန့်စင်သေးပါ။ ဝါ—ဉာဏဒဿန ဝိသုဒ္ဓိ မဖြစ်သေးပါ။ အယူအဆ မပြတ်သား၊မရဲရင့်၊ ဝေသာရဇ္ဇပတ္တ မဖြစ်သေးပါ။ ပယ်ရမည်ကို မပယ်နိုင်သေး၊ လုပ်ရမည်ကို မလုပ်နိုင်သေးပါ။

သို့သော်၊ ဤအသိအမြင် ပေါ်လာသည်နှင့် တပြိုင်နက်၊ ဖြစ်လာခဲ့သော သာမန်အဆင့်ကတခန်းရပ်သွား၏။အဆင့်သစ်သို့ တိုးတက်ရောက်ရှိလာ၏။ သူလိုငါလို သာမန်အသိမှ ထူးမြတ် သော အသိထူး အမြင်ထူးကို ရရှိပိုင်ဆိုင်လာ၏။ ကိလေသာ စင်ကြယ်သည့် အရိယာအဖြစ်ဘဝက စတင်လာ၏။ ထို့ကြောင့် ဤအသိအမြင်ကို“ပုထုဇဉ်အဖြစ် ဘဝကို လွှမ်းမိုး ဖျက်ဆီး၍ အရိယာအဖြစ်ဘဝကို ဖြစ်ပေါ် တိုးတက် စေသောစိတ်= ဂေါတြဘူ” ဟူ၍ ယင်း၏ သဘောသဘာဝနှင့် လိုက်လျော ညီစွာ ခေါ်ဝေါ် သတ်မှတ်ကြရလေသည်။

— * —

## မဂ်

၄၉။ ။ဂေါ်တြဘုစိတ် ဖြစ်ပေါ်လာပြီး ပျက်အပြီးတွင် စိတ်တစိတ်ဆက်လက်ဖြစ်ပေါ်လာ၏။ ယင်းစိတ်ကား ဂေါ်တြဘု စိတ်က သိခဲ့၊ အာရုံပြုခဲ့သည့် မဖြစ်မပျက်အာရုံကို ဆက်ခံ၍ သိ၏။ အာရုံပြု၏။

အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတဟူသော ၆–ပစ္စယသတ္တိ တို့ဖြင့် ကျေးဇူးပြု ခဲ့သည့် ဂေါ်တြဘု၏ ကျေးဇူးကြောင့်၊ ဤစိတ်ကား မဖြစ်မပျက် အာရုံ နှင့် စိမ်းမနေတော့ပါ။ ယဉ်ပါးသွားပါပြီ။ ယင်း သိစရာ အာရုံကို ကောင်းစွာ ဖမ်းမိပါပြီ။ ယင်း အာရုံ၏ သဘော သဘာဝကို ပိုင်ပိုင်နိုင်နိုင် သိပါပြီ။ အသိအမြင် ပိုင်နိုင်ပါပြီ။ သန့်စင်ပါပြီ။ ဝါ–ဉာဏဒဿနဝိသုဒ္ဓိဖြစ်ပါပြီ။ ဉာဏဒဿန ဝိသုဒ္ဓိဟူသည်မှာ အသိအမြင် ပိုင်နိုင်သန့်စင်သော ဤအသိ (=ဉာဏ)နှင့် အမြင်(=ဒဿန)တို့ပင် ဖြစ်ပါသည်။

ဤအသိစိတ်ကသိနေသည့်အရာသည် ဖြစ်ပြီး ပျက်သွားသော အရာမဟုတ်။ မဖြစ်မပျက် အမှန်တကယ် တည်ရှိနေပြီး၊ ဉာဏ် မျက်စိဖြင့် တပ်အပ်သေချာ မြင်နေရသော၊ ဝါ–မျက်မှောက် ပြုနေရသောအရာဖြစ်၏။ ပုဂ္ဂိုလ်သတ္တဝါ အကောင် အထည် ဒြပ်ဝတ္ထုမဟုတ်။ သဘောတရား သက်သက်မျှသာဖြစ်၏။

သို့အတွက်၊ သူ၏ဉာဏ်မျက်စိဖြင့် တပ်အပ်သေချာ မြင်နေရ သောအရာမှာ မဖြစ်မပျက် တည်ရှိနေသော အကောင်အထည် မဟုတ်။ မဖြစ်မပျက်တည်ရှိနေသော သဘောတရားမျှသာဖြစ်

၏။ ငါ သူ လူ ပုဂ္ဂိုလ် သတ္တဝါဟူသော အကောင်အထည်သည် အရှိတရားဖြစ်သည်ဟူ၍ ထင်မှားထားခဲ့သော အထင်(=သညာဝိပ္ပလ္လာသ=သက္ကာယဒိဋ္ဌိ) ပျောက်သွား၏။ သဘောတရားသည်သာ မဖြစ်မပျက် တည်ရှိနေသောအရှိတရား ဖြစ်သည်ဟူ၍ ဉာဏ်မျက်စိဖြင့် မြင်နေရသောအမြင်(=ဒဿန=သမ္မာဒိဋ္ဌိမဂ္ဂင်) ဖြစ်ပေါ်လာ၏။

ခေါင်းဆောင်ဖြစ်သော အမြင် ဒဿနပညာခေါ် သမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်ပေါ်လာသည်နှင့် တပြိုင်နက်၊ ဝိတက် ခေါ် သမ္မာသင်္ကပ္ပ, ဝီရိယခေါ် သမ္မာဝါယာမ, သတိ ခေါ် သမ္မာသတိ, ဧကဂ္ဂတာ ခေါ် သမ္မာသမာဓိ, သမ္မာဝါစာ, သမ္မာကမ္မန္တနှင့် သမ္မာအာဇီဝဟူသော နောက်လိုက်မဂ္ဂင်ခုနစ်ပါးတို့ပါ ဖြစ်ပေါ်လာသဖြင့် မဂ္ဂင်ရှစ်ပါးစလုံး ဖြစ်ပေါ်ဥပါဒ်နေပါပြီ။ တပြိုင်နက် စုံညီစွာဖြစ်ပေါ်နေသော ဤမဂ္ဂင်တရားကိုယ်ရှစ်ပါးစလုံးကို ပေါင်းရုံး၍ "မဂ္ဂ=မဂ်"ဟူ၍ ခေါ်ဆိုရ၏။ အကြောင်းမူ ဤမဂ္ဂင်တရားကိုယ် ရှစ်ပါးတို့သည် သက္ကာယဒိဋ္ဌိ စသော ကိလေသာများကို ပယ်သတ်၍ မဖြစ်မပျက်နိဗ္ဗာန်သို့ အရောက်သွားတတ်သောကြောင့် မဂ်ဟုခေါ်ရ၏။ ထို့ကြောင့်* မဂ်ဟူသည်မှာ "ကိလေသာကို ပယ်သတ်၍ နိဗ္ဗာန်သို့ သွားရောက်တတ်သောတရား(=မဂ္ဂင်တရားကိုယ် ရှစ်ပါး)"ဖြစ်၏။

---

* ကိလေသေ မာရေန္တော [နိဗ္ဗာနံ] ဂစ္ဆတိ ပဝတ္တတီတိ မဂ္ဂေါ။
—ပဋိသမ္ဘိဒါ မဂ္ဂဉာဏ ကထာဝဏ္ဏနာ။

"ယခုအခါ 'အင်္ဂါရှစ်ပါးမျှသာ မဂ်ဖြစ်၏။ အင်္ဂါမှ လွတ်သောမဂ်ဟူသည်မရှိ' ဟူ၍ပြဆိုလိုတော်မူသောဗုဒ္ဓသည် သမ္မာဒိဋ္ဌိ၊ ပ၊ သမ္မာသမာဓိဟူ၍ ဟောတော်မူ၏။"* ဤအဆိုကို ထောက်ဆသော် "မဂ္ဂင်တရားကိုယ် ရှစ်ပါးသည်ပင်လျှင် မဂ်။ မဂ်ဟူသည်မှာ မဂ္ဂင်တရားကိုယ် ရှစ်ပါးပင်ဖြစ်၏။ ဤမဂ္ဂင်တရားကိုယ် ရှစ်ပါးမှ တပါး မဂ်ဟူ၍ အသီးအခြားဘာကမှမရှိ" ဟူသော အဓိပ္ပာယ်မှာ ပေါ်လွင်ထင်ရှားနေပါပြီ။

ဤမဂ္ဂင်တရားကိုယ် ရှစ်ပါး စေတသိက်များနှင့် ယှဉ်သော စိတ်ကိုမူ မဂ်စိတ်ဟူ၍ ခေါ်ဆိုရ၏။

—*—

## ဖိုလ်

၅၀။ ။မဂ်စိတ်သည် ဖြစ်ပေါ်လာပြီး ပျက်သွား၏။ မဂ်စိတ်ပျက်အသွားတွင် စိတ်နှစ်ကြိမ် ဆက်လက်ဖြစ်ပေါ်လာ၏။ ဤစိတ်နှစ်ကြိမ်ကား မဂ်စိတ်ဆီမှ ဆက်ခံယူထားသည့် မဖြစ်မပျက်အာရုံ၏ သန္တိသုခ ဝိမုတ္တိရသကို လွတ်လွတ်ကျွတ်ကျွတ် ခံစားရ၏။

---

* ဣဒါနိ အင်္ဂမတ္တမေဝ မဂ္ဂေါ ဟောတိ။ အင်္ဂဝိနိမုတ္တော နတ္ထီတိ ဒဿေန္တော သမ္မာဒိဋ္ဌိ၊ပ၊ သမ္မာသမာဓီတိ အာဟ။ -သမ္မောဟဝိနောဒနီအဋ္ဌကထာ မဂ္ဂသစ္စ နိဒ္ဒေသ။ နှာ ၁၀၇။

မဂ်စိတ်က ဟင်းလျာကို ချက်ပြုတ်သူနှင့်တူ၏။ ဖိုလ်စိတ်ကား ဟင်းလျာကို စားသုံးသူနှင့်တူ၏။ ချက်ရပြုတ်ရနှင့် ကြောင့်ကြဗျာပါရများနေသောချက်ပြုတ်နေဆဲအခါတွင်၊ ဟင်းလျာ၏အရသာကို ကောင်းမွန်စွာ မခံစားနိုင်သေးပါ။ မြည်းကြည့်ရုံသာ မြည်းစမ်းခွင့်ရ၏။ ချက်ပြုတ်ပြီးစီးလာသော ဟင်းလျာကို စားသုံးသောအခါကျမှသာ ဟင်းလျာ၏အရသာကို အပြည့်အဝ လွတ်လွတ်ကျွတ်ကျွတ် ခံစားခွင့်ရ၏။

တို့အတူပင်၊ ကိလေသာပယ်သတ်ခြင်း စသော အလုပ်ကိစ္စတို့ဖြင့် ကြောင့်ကြဗျာပါရများနေရသည့် မဂ်စိတ်သည် နိဗ္ဗာန်၏ သန္တိသုခ ဝိမုတ္တိရသကို အပြည့်အဝမခံစားနိုင်သေးပါ။အလုပ်ကိစ္စ ကြောင့်ကြဗျာပါရ မများရတော့သည့် ဖိုလ်စိတ်ကျမှ သန္တိသုခဝိမုတ္တိရသကို အပြည့် အဝ လွတ်လွတ်လပ်လပ် ခံစားလာနိုင်၏။

ထို့ကြောင့်၊ သန္တိသုခဝိမုတ္တိရသကို ခံစားလိုကြသော အရိယာသခင် သူတော်စင်တို့သည် ဖိုလ်စိတ်များ ထပ်မံဖြစ်ပွားအောင် နိဗ္ဗာန်အာရုံကို ထပ်မံ၍ အာရုံပြုသောအားဖြင့် ဖလသမာပတ်ဝင်စားတော်မူကြ၏။ ဖလသမာပတ် ဝင်စားနေချိန်တချိန်လုံး တွင် ဖိုလ်စိတ်ချည်းဖြစ်နေကြ၍၊ ဝိမုတ္တိရသကို ကောင်းကောင်းကြီး ခံစားနိုင်ကြလေသည်။

ယင်းသို့လျှင်၊ နိဗ္ဗာန်၏အရသာကို ခံစားရသော ဖိုလ်စိတ်သည် အကျိုးတရားတခုဖြစ်၏။ ယင်း၏အကြောင်းကား မဂ်စိတ်ပင်ဖြစ်၏။ မှန်ပါသည်။ မဂ်စိတ်က ကိလေသာကို ပယ်သတ်၍ နိဗ္ဗာန်အာရုံကို အရယူပေးခဲ့သောကြောင့် ဖိုလ်စိတ်သည်

ကိလေသာ ပယ်သတ်ခြင်းဟူသော ကြောင့်ကြ ဗျာပါရမရှိပဲ၊ ဝိမုတ္တိရသကို လွတ်လွတ်လပ်လပ် ခံစားနိုင်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် မဂ်စိတ်က အကြောင်းတရား၊ ဖိုလ်စိတ်က အကျိုးတရားဖြစ်၏။ အကျိုးတရားဖြစ်၍ "ဖလ=ဖိုလ်"ဟူ၍ ဝေါဆိုရ၏။ ဖိုလ်ဟူသော ဖလ၏အဓိပ္ပာယ်မှာ "အသီး"ဟူ၍ဖြစ်၏။ ခံစားလာရသော အသီးအပွင့်ကို အကျိုးတရားဟု ဆိုကြရ၏။

မဂ်စိတ်၏နောက် ဖိုလ်ဇောနှစ်ကြိမ် (တိက္ခပုဂ္ဂိုလ်အတွက် သုံးကြိမ်)အကျတွင်၊ဇောစိတ် ခုနစ်ကြိမ်ပြည့်လာပြီဖြစ်၍ ဘဝင်ကျသွားတော့၏။ ဇောခုနစ်ကြိမ်တို့ကား ပရိကမ်,ဥပစာ,အနုလုံ, ဂေါတြဘူ,မဂ်,ဖိုလ်, ဖိုလ်တို့ပင်ဖြစ်ကြ၏။ ဝီထိပုံစံကိုပြန်ကြည့်ပါ။

## မဂ္ဂဝီထိတွင် သိ မသိ။

၅၁။ ။မဂ္ဂဝီထိကို ကြည့်ပါ။ အတီတဘဝင်, ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒနှင့် ဖိုလ်ဇောနောင်ကျသော ဘဝင်များကို တွေ့ရပါမည်။ ယင်းဘဝင်စိတ်တို့သည် အိပ်ပျော်နေခိုက် ကျသော ဘဝင်စိတ်မျိုးပင်ဖြစ်၏။ ဤဝီထိမုတ် ဘဝင်စိတ်များ ဖြစ်ခိုက်တွင်၊ ဘာမှန်းညာမှန်း သဲသဲကွဲကွဲ မသိဟု ဆိုရပါမည်။ သို့သော် ယင်းတို့သည်လည်း ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ဟု ဆိုအပ်သည့် သိစရာ အသိခံများကို အာရုံပြုနေ, သိနေကြ သောကြောင့် သူ့အထွာနှင့်သူကား သိကြမည်သာဖြစ်၏။ ဤသို့ဆိုပါမှ ယထာဘူတဆိုက်၍ ဖြစ်စဉ်ကိုက်ကျပါမည်။မည်သို့ပင်ရှိစေ။ ဝီထိမုတ်ဖြစ်သော ဤဘဝင်စိတ်များ ဖြစ်ခိုက်တွင် မသိဟုပင် ထားပါတော့။ ဝီထိစိတ်ဖြစ်သည့် မဂ်ဇော, ဖိုလ်ဇောများ စောနေ

ချိန်တွင်ကား သိကို သိနေရပါမည်။ သိနေပါသည်။ "သိစိတ်=ဝိညာဏ်စိတ်" * ဖြစ်နေသောကြောင့်ပင် ဖြစ်၏။

သို့ဖြစ်ပါလျက် "မဂ်ဇောကျ၍၊ နိဗ္ဗာန်ကို မျက်မှောက်ပြုနေသည့်အခိုက်တွင်၊ အိပ်ပိုက်သလို လစ်သွားသည်။ မသိပဲ ဖြစ်သွားသည်။ သိစရာ(=အာရုံ)ရော အသိစိတ် (=သိတာ) ပါ ချုပ်ငြိမ်းသွားသည်" ဟူသော အယူဝါဒတရပ် ရှိနေပါသည်။ ဤအယူဝါဒသည် မှန်ကန်သောအယူဝါဒ ဟုတ်မဟုတ် တကယ်ပင် စိစစ်သင့်ပါသည်။ အမှန်ပင် ဝေဖန်သုံးသပ်ထိုက်ပါသည်။ မှန်ပါသည်။ ဗုဒ္ဓဝါဒီတဦးအဖို့ ဤအရေးထက်ပို၍ အရေးကြီးသော အခြားအရေးကိစ္စများ ရှိပါသေးသလား။ ဤအရေးသည် ဗုဒ္ဓဝါဒီတဦးအဖို့ သေရေးရှင်ရေးမကအရေးကြီးသည်ကို ပညာရှင်များ သိမြင်တော်မူကြပါလိမ့်မည်။ ပေါ့ပေါ့တန်တန် သဘောမထားသင့်ပါ။မထားတော်မူကြပါရန်—။

—*—

## မဂ်ကျခိုက်တွင် သိ၏။

၅၂။ ။"မဂ်ကျခိုက်၊ ဝါ—မဂ်ဇော ဖိုလ်ဇော စောခိုက်၊ ဝါ—နိဗ္ဗာန်ကို မျက်မှောက်ပြုခိုက်၊ ဝါ—မဖြစ်မပျက်တည်ရှိနေသော သဘောတရားကို ဉာဏ်မျက်စိဖြင့် တပ်အပ်သေချာ မြင်နေရသည့်အခိုက်တွင် မသိမရှိ၊ သိ၏။ သိသမှ ထင်ထင်ရှားရှား,

---

* Conscious mind

ထူးထူးခြားခြားကြီးသိနေပါသည်။ လစ်မသွားပါ။ မေ့မသွား ပါ၊မေ့မနေပါ။အိပ်ငိုက်သလို ဖြစ်မသွားပါ။" ဤအမြင်သည် သာ ပရိယတ်နှင့်ကိုက်ညီသော ပဋိပတ်အမြင်၊ ပဋိပတ်နှင့်ကိုက် ညီသော ပရိယတ်အမြင် ဖြစ်ပါသည်။

မဂ္ဂဝီထိပုံစံကိုကြည့်ပါ။ ဤဝီထိပုံစံသည် ဤစာရေးသူက ထွင်ထားသော ပုံစံမဟုတ်ရပါ။ ဝီထိနှင့် သုံးချက်စုံသော ထိုထိုအဘိဓမ္မာကျမ်းကြီး များတွင်၊ မှန်ကန်ကြောင်း တညီ တညွတ်တည်း အသိအမှတ်ပြုကာ၊ လေ့လာကျက်မှတ်၊ ပြုစု ဖော်ပြထားကြသော ဝီထိပုံစံဖြစ်ပါသည်။

ဤဝီထိပုံစံတွင် တွေ့ရသည့် အတီတဘဝင်, ဘဝင်စလန, ဘဝင်္ဂုပစ္ဆေဒနှင့် ဇောနောင်ကျသော ဘဝင်များ ဖြစ်ခိုက်တွင် ဘာမှန်းညာမှန်း သဲသဲကွဲကွဲ မသိပါ။ ဘဝင်္ဂုပစ္ဆေဒနောက်ရှိ မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်ပေါ် ဥပါဒ်လာချိန်တွင်မူ၊ ပေါ် လာသောအာရုံကို သိနေပါပြီ။

မနောဒွါရာဝဇ္ဇန်း၏ နောက်တွင် ပရိကမ်, ဥပစာ, အနုလုံ, ဂေါတြဘူ, မဂ်, ဖိုလ်, ဖိုလ်တို့ကို တွေ့ကြရပါမည်။ ဤခုနစ် ပါးသောစိတ်တို့သည် ဝီထိစိတ်များဖြစ်ကြ၏။ ဝီထိမုတ်ဘဝင် စိတ်များ မဟုတ်ကြပါ။ ဘဝင်စိတ်များ မဟုတ်ကြ၍၊ ဤစိတ် များ ဖြစ်ပေါ်ဥပါဒ်နေချိန်တွင် မသိခြင်း, လစ်ခြင်း, မေ့သွား ခြင်းများ မရှိပါ။ ဝီထိစိတ်များဖြစ်ကြ၍၊ဤစိတ်များဖြစ်ပေါ် ဥပါဒ်နေချိန်တွင် သိနေသည်သာ ဖြစ်၏။ ဝီထိသော်မှ သာမန် ဝီထိမဟုတ်ပါ။ ဇောကိစ္စတပ်သော ဝီထိများဖြစ်ကြ၏။ ဇော

ဝီထိများဖြစ်ကြ၍၊ ထင်ပေါ်လာသော အာရုံ၏ အရသာကို လျင်မြန်သောအဟုန်ဖြင့် သိရှိခံစားတတ်သော စွမ်းအားသတ္တိများ ရှိကြ၏။ အသိလျင်မြန်၏။ အသိထင်ရှား၏။ အသိစိတ် (=သိဘာ=သိတဲ့အရာ) ရှိနေ၏။ ချုပ်ပျောက် မသွားပါ။ ဤအဓိပ္ပာယ်မှာ ပေါ်လွင်နေပါသည်။

တခါ၊ ဤမဂ်ဇောဖိုလ်ဇောများသည် အပ္ပနာဇောစင်စစ်ဖြစ်ကြ၏။ အပ္ပနာဇောကျလာ၍ ထင်လာသော မဂ်ဖြစ်မပျက်နိဗ္ဗာန်မှာ အဝိဘူတာရုံ မဖြစ်စကောင်းပါ။ အဝိဘူတာရုံ မဟုတ်၍ မထင်ရှားသော အာရုံမဟုတ်ပါ။ "မထင်ရှားသော အဝိဘူတာရုံဖြစ်၍ အသိမထင်ရှား၊ အသိမထင်ရှား၍ လစ်ကနဲ့ မေ့ကနဲ့လို ဖြစ်သွားရပါသည်" ဟူ၍ ဆိုခွင့်မရှိပါပြီ။

"အပ္ပနာဇောဝါရတွင် ဝိဘူတာရုံ, အဝိဘူတာရုံဟူ၍နှစ်မျိုး မကွဲပြားပါ။ ဝိဘူတာရုံတမျိုးတည်းသာရှိ၏။"* ဟူသော အရှင်အနုရုဒ္ဓါ၏ အဆိုအမိန့်ကို အများတကာက အငြင်းမပွားပဲ အမှန်တရားဟု တညီတညွတ်တည်း လက်ခံထားကြ၏။

သို့ဖြစ်၍၊ မဂ်ဖိုလ်ဘည်းဟူသော အပ္ပနာဇော ကျလာချိန်တွင် ထင်လာသော နိဗ္ဗာန်အာရုံသည် ထင်ရှားသော ဝိဘူတာရုံသာ ဖြစ်၏။ ဤသို့လျင် ပေါ်လာသော နိဗ္ဗာန်အာရုံကလည်း ထင်

---

* အပ္ပနာဇဝနေ ဝါရေ ပန ဝိဘူတာဝိဘူတာဘေဒေါ နတ္ထိ။-အဘိဓမ္မတ္ထ ဝိဘာဝိနီဋီကာ။

ရှားခြင်း၊ အာရုံပြုသော အပ္ပနာဇောစိတ်တို့ကလည်း လျင်မြန်ထက်မြက်သော ဇောစိတ်များဖြစ်ခြင်း ဟူသော အကြောင်းရင်းနှစ်ရပ်ကြောင့် "နိဗ္ဗာန်အာရုံ ထင်လာသည့်အခိုက်၊ မဂ်ဇောဖိုလ်ဇောကျလာသည့်အချိန်တွင် ထင်ရှားစွာ သိ၏။ အသိထင်ရှား၏။ မသိမရှိ။ သိ၏။ လင်းကနဲ ဖြစ်မသွား၊ မှေ့ကနဲ ဖြစ်မသွားပါ။ ဝါ—သိတာ(=သိစိတ်–မဂ်ဇော ဖိုလ်ဇော)လည်းမချုပ်။ သိစရာ(=ပေါ်နေဆဲနိဗ္ဗာန်အာရုံ)လည်း မချုပ်ပါချေ။ သိတာဟု ဆိုအပ်သော မဂ်ဇောဖိုလ်ဇောများဖြစ်ပေါ် ဥပါဒ်နေဆဲဖြစ်၍၊ မချုပ်။ သိစရာဟုဆိုအပ်သော နိဗ္ဗာန်အာရုံကလည်းပေါ်နေဆဲဖြစ်၍၊မချုပ်၊မပျက်၊ရှိနေ၏။"ဟူသောအမိပ္ပာယ်မှာထင်းထင်းကြီး ပေါ်နေပါပြီ။ ဤအမိပ္ပာယ်ကို ပုံပျက်ပန်းပျက်ဖြစ်အောင် လုပ်၍မရပါ။ ရှောင်လွှဲ၍ မရပါ။ လက်မခံလို့၍မရပါ။လက်မခံလိုပါက သစ္စာတရားကို သွေဖည်ရာရောက်သွားပါလိမ့်မည်။ သစ္စာတရားကို လက်မခံရဲရာ ကျပါတော့မည်။ တကယ်တော့ သစ္စာသည်သာ မြတ်နိုးရာ၊ သစ္စာသည်သာ ကိုးကွယ်ရာပါလေ။

—*—

## အစမကောင်း၍၊ အနှောင်း မသေချာ။

၃၃။ ။အရင်းလဲလျှင် အဖျား ထင်းဖြစ်၏။ အစကောင်းမှအနှောင်း သေချာ၏။ ဗီဇမှန်မှ အပင်သန်၏ အကြောင်းစစ်မှအကျိုးမှန်၏။ အစ မကောင်း၍ အနှောင်း မသေချာ။ ဗီဇမမှန်တော့ အပင်မသန်။ အကြောင်းမစစ်တော့ အကျိုးမမှန်။

အကျိုးမမှန်က အကြောင်းမစစ် ဟူသော ဤနိဂုံးကို မဆွဲချင်သော်လည်း ဆွဲရပါတော့မည်။

သို့အတွက်၊ သက်ရောက်လာသည့် အကျိုးက ပရိယတ္တိစာပေ မှတ်ကျောက် အတင်မခံနိုင်လျှင်၊ ဤအကျိုးမျိုးကို သက်ရောက်စေသော အကြောင်း (=နည်းစနစ်=လုပ်ထုံး လုပ်နည်း)ကတော့ မှန်ပါမည်လော။ ဤအတွက် အကြီးအကျယ် သံသယ ပွားစရာဖြစ်၏။ အလေးအနက် ဝေဖန်သုံးသပ် ကြရပါမည်။ အကျိုးမှန်ကို ရရှိခံစား နိုင်ရေးအတွက်၊ လုပ်ထုံး လုပ်နည်း နည်းစံနစ် ကျင့်စဉ်မှန်ဖို့၊ စာပေနှင့်လည်း ကိုက်၊ ဗုဒ္ဓ (=ပါဠိတော်) အာဘော်ကျလည်း ဖြစ်ဖို့ တကယ်ပင် အရေးကြီးလှပါသည်။

တကယ်တော့၊ မိမိ၏ အကျိုးစီးပွားကို မိမိကသာ သယ်ပိုးနိုင်ပါသည်။ "မိမိသည်သာ မိမိကိုးကွယ်ရာ=အတ္တာ ဟိ အတ္တနော နာထော" ဟု ခံယူထားသူအဖို့၊ သေရေး ရှင်ရေးမက အရေးကြီးသော ဤအရေး ကိစ္စတွင်၊ မိမိတို့၏ ကံကြမ္မာကို သူတပါးတို့၏ လက်တွင် ဝကွက်၍ မအပ်နှံမိဖို့ အမှန်တကယ်ပင် လိုအပ်ပါသည်။ ဤသည်ကို ဝေဖန်ရှင် ပညာရှိများကား သဘော ပေါက်ထားကြပြီး ဖြစ်ပါလိမ့်မည်။ ဖြစ်ပါစေ။ ဖြစ်စေလို၍သာ တင်ပြနေရခြင်းပါ။ အပြစ် ရှာလို၍ကား လားလားမျှ မဟုတ်ရပါ၊ သူတို့၏ စေတနာနှင့် ဝီရိယများကို လေးစားရပါသည်။ ပညာအမြင်ကို စိစစ်နေခြင်းသာ ဖြစ်ပါသည်။

စိတ်ကောင်း စေတနာ ရှိရုံမျှဖြင့် အမှန်တရားကို မရရှိနိုင်ပါ။ ဖြစ်စဉ်ကိုက် ပညာအမြင် ပါရှိပါမှ အမှန်တရားကို ရရှိမျက်မှောက် ပြုနိုင်ပါမည်။ ဤသည်ကို အလေးအနက် သဘောပေါက် ထားကြရမည်။

—*—

## အသိထူးပါသည်

၃၄။ ။(က)။ ။မဂ္ဂဝိထိပုံစံကို ကြည့်ပါ။ ဇော ခုနစ်ကြိမ် ရှိသည့်အနက်၊ ပရိကမ်, ဥပစာ, အနုလုံတို့သည် လောကီ ဥပစာ ဇောများ ဖြစ်ကြ၏။ ဤစိတ်တို့သည် လောကီကို အာရုံပြုကြ၏။ ဝါ—ဖြစ်ပြီး ပျက်သွားသော သဘောတရား (=အကောင်အထည် မဟုတ်သော အရာ)ကို သိနေကြ၏။ ဝါ—ဤအသိတို့က သိနေကြသော အသိခံတို့မှာ ဉာဏ်မျက်စိ အောက်ရှိ ရှုကွက်ထဲတွင် ပေါ်လာပြီး ပျောက်–ပျောက်သွားကြ၏။ အကြောင်းဆုံလျှင် ဖြစ်ပေါ်လာကြပြီး၊ အကြောင်း ကုန်လျှင် ပျောက်ပျက်သွားကြသော သဘောတရား၊ ဝါ— သင်္ခတ တရားများ ဖြစ်ကြ၏။ ယင်းသင်္ခတ တရားများမှာ မတည်မြဲသော တရား, ဆင်းရဲသော တရား, အစိုးမရသော တရားများ ဖြစ်ကြ၏။ သို့အတွက် ယင်းတို့ကို မတည်မြဲ, ဆင်းရဲ, အစိုးမရဟူ၍ ဤဇောစိတ်တို့နှင့် ယှဉ်သော ပညိန္ဒြေ

စေတသိက် (=ဝိပဿနာ ဉာဏ်ပညာ)က ဖြစ်စဉ်ကိုက် ရှုမြင်၏။ သဘောထား၏။ အသိအမှတ်ပြု၏။

ဤပညာနှင့် ယှဉ်သောစိတ်, ဤစိတ်နှင့် ယှဉ်သော ပညာတို့သည် ဤအခြေအနေ,ဤအဆင့်အတန်းသို့ ရောက်ရှိလာအောင်၊ အလွန်ထက်မြက်, သိမ်မွေ့, နူးညံ့သော စိတ်စေတသိက်များ ဖြစ်နေကြ၏။ အလွန်ထက်မြက် သိမ်မွေ့ နူးညံ့နေသည့်အတွက်၊ ဖြစ်လိုက် ပျက်လိုက်ဖြင့် မတည်မငြိမ် ရှိနေသော သဘောတရားကို အာရုံပြုနေရ (=သိနေရ =လက်ခံထားရ)သည်မှာ တာဝန်ကြီးတရပ်၊ ကြောင့်ကြကြီး တခု ဖြစ်နေ၏။ ဆင်းရဲနေ၏။ မျက်လုံးထဲတွင် စပါးခွံစ ကလေး ကပ်နေသည်နှင့် တူ၏။

သည်တော့၊ တာဝန်ပေါ့လို၏။ ကြောင့်ကြမဲ့လို၏။ ချမ်းသာလို၏။ သို့အတွက် ယင်းဖြစ်ပျက် အာရုံတို့ကို စွဲယူမထားတော့ (နစ ကိဉ္စိ လောကေ ဥပါဒိယတိ)။* စွဲယူမထားသော် ယင်းဖြစ်ပျက်အာရုံတို့မှ စိတ်က လွှတ်သွား၏။ ဝါ=ဝိမုတ္တိ ဖြစ်သွား၏။ လွှတ်သော် လွှတ်မှန်းသိ၏။ မသိမရှိ၊ ကောင်းကောင်းကြီးသိ၏။ သိတာသည် မချုပ်မပျက် ရှိနေ၏။ ဝါ—ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံဟောတိ** ဖြစ်နေ၏။

လောကီအာရုံခေါ် ဖြစ်ပြီး ပျက်သော သိစရာ အသိခံတရားမှ စိတ်က လွှတ်မြောက်လာသည်နှင့် လောကုတ္တရာ

---

* မဟာသတိပဋ္ဌာနသုတ် အာနာပါနပဗ္ဗအဆုံးပိုင်းရှိ ဝါကျ။
** အနတ္တ လက္ခဏသုတ် စသည်တို့၏ နိဂုံးပိုင်းရှိ ဝါကျ။

အာရုံခေါ် ဖြစ်ပျက်နယ်လွန်ရှိ သိစရာ အသိခံတရား (=မဖြစ် မပျက် တည်ရှိသော သဘောတရား)က ဘွားကနဲ ပေါ်လာ၏။ ဇာတ်လမ်း ဆုံးသွားသည်နှင့် တပြိုင်နက်၊ ပိတ်ကားက ဘွားကနဲ ပေါ်လာသည်နှင့် တူ၏။

ဤသို့ပေါ်လာသည်ကို မသိမရှိပါ။ မျက်စိရှေ့ တည့်တည့် တွင် ရောက်နေသော အရာတခုကို မမြင်မရှိ မြင်ကြသည်နှင့် တူပါသည်။ မျက်စိရှေ့ တည့်တည့်တွင် မြင်စရာတခုခုက ရောက်ရှိနေပါလျက် မမြင်ဟုဆိုပါလျှင် ကန်းကွယ်နေ၍သာ ဖြစ်ရပါမည်။ မကန်းမကွယ်ပါပဲလျက် မမြင်ရဟု ဆိုပါလျှင် လည်း မြင်စရာအာရုံက ပေါ်မလာ၍သာ ဖြစ်ရပါမည်။ သို့မဟုတ်ပါက မြင်ကို မြင်ရပါမည်။ မြင်လျှင် သိရပါမည်။ အသိရှိရပါမည်။ သိတာ မချုပ်ပဲ ရှိနေရပါမည်။

ရေထဲတွင် ကျက်စား သွားလာနေကြသော ငါးများ သည် ရေကို မမြင်ကြရဟု ဆိုကြ၏။ ဟုတ်မဟုတ်တော့ ကျေနပ် မသိပါ။ လေထဲတွင် ကျက်စား သွားလာနေကြသော လူတို့ကား လေကို မမြင်ကြရသည်မှာ ဟုတ်မှန်၏။ ထို့အတူ၊ နိဗ္ဗာနဓာတ် အကြားတွင် သွားလာကျက်စား နေကြသော ငါတို့ ပုထုဇဉ် များလည်း နိဗ္ဗာနဓာတ်ကို မမြင်ကြရပါ။

ဆက်ဦးအံ့။ မမြင်ကြရသည်မှာ မကြည့်သောကြောင့် ဖြစ်၏။ ဝါ—မကြည့်တတ်သောကြောင့်၊ ဝါ—ကြည့်တတ်သော အတတ် ပညာခေါ် မဂ်ပညာ ဖိုလ်ပညာကိုမရရှိကြသောကြောင့်ဖြစ်၏။ မှန်ပါသည်။ မဂ်ပညာ ဖိုလ်ပညာသည် နိဗ္ဗာန်ကို ကြည့်တတ် သောပညာဖြစ်၏။ ထိုပညာကို ရရှိလာသော် နိဗ္ဗာန်ကို

ကြည့်တတ်၏။ ကြည့်တတ်သော် ကြည့်၏။ ကြည့်သော် မမြင်မရှိ၊ မြင်၏။ မသိမရှိ၊ သိ၏။

ဖြစ်ပျက်အာရုံက စိတ်ထဲမှလွတ်အသွား၊ သွားကန်ပေါ်လာသော မဖြစ်မပျက်အာရုံကို ဖမ်းယူလိုက်ရသောစိတ်သည် အနည်းငယ် တုန်လှုပ်သွား၏။ ရေမြောင်း၏ ဤဘက်ကမ်းမှနေ၍ ခုန်ကျော်လိုက်ရာ ဟိုဘက်ကမ်းပေါ်သို့အရောက်တွင် ဟန်ချက်မရသေးခင်၊ မိမိကိုယ်မိမိ မထိန်းနိုင်သေးမီ တုန်လှုပ်သည်နှင့်တူ၏။ အရာဝတ္ထုက လက်ထဲမှလွတ်အသွား၊ သွားကန်ရုတ်ခြည်းရောက်လာသော အခြားအရာတခုကို ဖမ်းယူလိုက်သောအခါ၊ မတည်မငြိမ်ဖြစ်သွားရသည်နှင့်လည်း တူ၏။ မဖြစ်မပျက်အာရုံသစ်ကို စစဦး ဖမ်းယူသိမြင်လိုက်ရသောစိတ်ကား ဂေါတြဘုစိတ်ပင်ဖြစ်၏။ ဂေါတြဘုစိတ်၏နောက် ဆက်လက်ဖြစ်ပေါ်လာသော မဂ်နှင့်ဖိုလ် နှစ်ကြိမ်တို့ကလည်း ဂေါတြဘုက ဖမ်းယူသိမြင်ထားသော မဖြစ်မပျက် နိဗ္ဗာန်အာရုံကိုပင် ဆက်ခံ၍ အာရုံပြုကြ၊ သိမြင်ကြ၏။

သို့ဖြစ်၍ပရိကမ်အစဒုတိယဖိုလ်အဆုံး ခုနစ်လုံးသောဇောစိတ်တို့အနက် ရှေ့ပိုင်းဇောစိတ် သုံးခုတို့က ဖြစ်ပျက်ကိုအာရုံပြုကြ၏။ ဖြစ်ပျက်ကို သိနေကြ၏။ နောက်ပိုင်းဇောစိတ် လေးခုတို့ကား မဖြစ်မပျက်ကို အာရုံပြုကြ၏။ မဖြစ်မပျက်ကို သိနေကြ၏။ မဖြစ်မပျက်အာရုံက ထိုဇောစိတ် လေးခုတို့တွင် ရှိနေကြ၏။

ဤသို့လျှင် ရှေ့စိတ်တို့က ဖြစ်ပျက်ကိုအာရုံပြုကြ၏။ နောက်စိတ်တို့က မဖြစ်မပျက်ကို အာရုံပြုကြ၏။ ရှေ့စိတ်တို့၏ သိစရာအာရုံတို့က ဖြစ်ပြီးပျက်, ဖြစ်ပြီးပျက်ဖြင့်မတည်မငြိမ်လှုပ်ရှား၏။ နောက်စိတ်တို့၏ သိစရာအာရုံကား မဖြစ်မပျက် တည်ငြိမ်၏။

ဤသို့လျှင်၊ ရှေ့အာရုံနှင့် နောက်အာရုံတို့သည် မတူညီကြပါ။ ကွဲပြားခြားနားကြ၏။ ဤသို့ မတူကွဲပြား ခြားနားကြသော အာရုံများပေါ်လာသည်မှာ အလွန်ပင် သိသာထင်ရှားခြားနားရပါမည်။

အနီးစပ်ဆုံး ဥပမာတခုဖြင့် ပြဆိုပါမည်။ အမှောင်ခန်းထဲတွင် မျက်စိမှိတ်လျက် ရှေ့တူရူသို့ အာရုံပြုနေသည့်ခိုက်၊ ဖြတ်ကနဲမီးလင်းလာသူ၏ အတွေ့အကြုံနှင့် တူသည်ဟု ဆိုရပါမည်။ မီးမလင်းခင် ရှေ့တူရူသို့ အာရုံပြုနေခိုက်တွင် သူ့အာရုံနှင့်သူရှိနေ၏။ သူ့ပမာဏနှင့်သူ စိတ်ထဲတွင် သိနေ၊ မြင်နေ၏။ သို့သော် ထိုအသိ ထိုအမြင်နှင့် ဖြတ်ကနဲ မီးလင်းလာသောအခါပေါ်လာသောအသိအမြင်တို့သည် လုံးဝကို မတူပါ။ မလင်းပဲရှိနေရာက ဖြတ်ကနဲလင်းလာသောအခါ စိတ်အာရုံထဲတွင် လင်းကနဲဖြစ်သွားသည်ကို သူသည်အလွန် သိသာခြားနားစွာ သိမြင်နိုင်ပါသည်။

ထို့အတူပင်၊ ဖြင်ပျက်အာရုံကို အာရုံပြုနေစဉ် ထိုဖြစ်ပျက်အာရုံ ပျောက်အသွား၊ မဖြစ် မပျက်အာရုံက ဘွားကနဲပေါ်လာသည်ကို အလွန်သိသာခြားနားစွာ သိမြင်နိုင်ကြပါသည်။

ထို့ကြောင့်၊ မဖြစ်မပျက် နိဗ္ဗာန်အာရုံပေါ်သည့်အခိုက်၊ မဂ်ကျသည့်အချိန်တွင် တကယ်အသိထူးသည်မှာ အမှန်တရားပင်ဖြစ်၏။

(ခ)။ ။စိတ်တို့မည်သည် အာရုံနှင့်ကင်းကွာ၍ မနေနိုင်ပါ။ တခုမဟုတ် တခုခုသောအာရုံနှင့် စိတ်သည် ယှဉ်တွဲနေသည်သာ

ဖြစ်၏။ ယှဉ်တွဲနေရမှသာ စိတ်သည် ဖြစ်ပေ၏၊ ရှင်သန်၊ တည်ရှိနိုင်၏။ မသာနံစွမ်းသူ လူမမာသည် တောင်ဝှေးချိုင်းထောက်ကို ဖြစ်စေ, ကြိုးတန်းကိုဖြစ်စေ ကိုင်စွဲရပါမှ ရပ်တည်နိုင်သည်နှင့် တူပါသည်။

ထို့အတူက်၊ အာရုံတို့မည်သည် စိတ်ကို ရှင်သန်စေနိုင်စွမ်းသတ္တိ, ဆွဲဆောင်နိုင်စွမ်းသတ္တိ, တက်ကြွစေနိုင်စွမ်းသတ္တိများရှိနေပါသည်။ ဤစွမ်းရည်သတ္တိများ သာမန်မျှသာ ပါရှိသော အာရုံနှင့် ထူးထူးကဲကဲပါရှိသောအာရုံဟူ၍ကား ကွဲပြားခြားနားရှိ၏။ ဤစွမ်းရည်သတ္တိများ ထူးထူးကဲကဲ ပါရှိသော အာရုံကို "အာရမ္မဏာဓိပတိပစ္စည်း တပ်သောအာရုံ" ဟူ၍ စာပေက သတ်မှတ်ထား၏။ "အသိစိတ်ကို ကျေးကျွန်သဖွယ် နိုင်နင်းစွာ ခြယ်လှယ်အကျိုးပြုသောသိစရာ, အသိခံဟူသော အရှင်သခင်" ဟူသော အဓိပ္ပာယ်ရှိ၏။ "စိတ်ဟူသောကျေးကျွန်ကို မိမိအလိုကျ ဆွဲဆောင်နိုင်စွမ်းသတ္တိရှိသောအာရုံဟု ဆိုအပ်သည့်အရှင်သခင်" ဟူ၍ ဆိုလို၏။ စိတ်(=အသိ)က ကျေးကျွန်။ အာရုံ(=သိစရာ=အသိခံ)က အရှင်သခင်နှင့်တူသည်ကို သိမြင်နိုင်ကြပါသည်။ ဤသို့သောအာရုံတို့သည် စိတ်ကိုအလွန်ပင် ရှင်သန်, တက်ကြွစေနိုင်စွမ်း သတ္တိရှိကြ၏။ —၁။

ဥပမာ၊ တယောက်သောလုလင်ပျိုသည် အတန်ငယ်ပန်းလျသည်နှင့် တခုသောချောင်တွင် နံရံကိုမှီလျက်ထိုင်နေ၏။ နောက်၊ မျက်စိကိုမှိတ်ထားလိုက်၏။ အာရုံကြောများကို ဖြေလွှတ်လိုက်၏။ စိတ်ကိုလျှော့လိုက်၏။ ထို့အတူက် သူ၏စိတ်ထဲတွင် ပစ္စုပ္ပန်အာရုံများ ကင်းရှင်းသွား၏။ တက်ကြွနေသော စိတ်အစဉ်သည်

ငြိမ်ကျသွား၏။ ဝိထိစိတ် အဖြစ်ကျဲသွား၏။ ဘဝင်စိတ် အကျ စိပ်လာသည်။ ပြင်ပလောကကို မသိတချက် သိတချက်ဖြင့် မှေးကနဲဖြစ်သွားသည်။

ထိုအခိုက်တွင် ခြေသံလိုလို တဖျပ်ဖျပ် လျှောက်လှမ်းသံကို ကြားလိုက်ရ၏။ သို့ဖြင့် နားစွင့်လိုက်၏။ တဆက်တည်းမှာပင် တခစ်ခစ် ရယ်သွမ်းသွေးသံတို့ကို ကြားလိုက်ရ၏။ မျက်စိတို့က ပွင့်လျက်သားဖြစ်သွားကြ၏။ တွေ့ဖူးသလိုလို ထင်ရသည့် မိန်းကလေးနှစ်ဦးနှင့်အတူ၊ လှလွန်းဆွေကလေးတဦးကိုပါ တွေ့လိုက်ရ၏။ "လှလိုက်သည့်ဖြစ်ခြင်း" ဟု စိတ်ထဲက ရေရွတ်လိုက်၏။ လှောင်ပြုံးကလေးများပြုံးလျက်က ထွက်ခွာသွားကြသော နတ်မိမယ်ကလေးများကို အငမ်းမရကြည့်ယင်း ရင်ထဲကခုန်နေကြသည်ကို သူသတိပြုမိလိုက်၏။ —၂။

ဤအခိုက်ဝယ်၊ သူ့တွင် ဖြစ်ပေါ်နေသော စိတ်တို့သည် ဇောဇောကလို မှိန်ပျပျမဟုတ်။ ရှင်သန်လှ၏။ ငြိမ်ငြိမ်ကလေး တည်မနေ။ တက်ကြွလှုပ်ရှားလှ၏။ မှုန်ဝါးဝါးမဟုတ်။ ရှင်းလင်းပြတ်သားလှ၏။ ဤသို့ဖြစ်ရသည့်မှာ ကပ်မက်ခြင်းရာဂနှင့် ယှဉ်သော လောဘစိတ်က ရင်ထဲတွင် ဇောဇောလျက်ရှိသောကြောင့်ဖြစ်၏။ ဤရာဂ လောဘစိတ်က ဤမျှဘက်ကြွရှင်သန်နေရသည်မှာ လှလွန်းဆွေဟူသော အာရမ္မဏာဓိပတိပစ္စည်းတပ်သည့် ရူပါရုံမြင်ကွင်းကြောင့်ဖြစ်ရပါသည်။

ဤသို့လျှင်၊ အာရမ္မဏာဓိပတိ ပစ္စည်းတပ်သော အာရုံတို့သည် စိတ်ကို အလွန်တက်ကြွ၊ ရှင်သန်စေနိုင်စွမ်း သတ္တိရှိကြသည်မှာ စိတ္တနိယာမ ဖြစ်စဉ်တရပ်ပင် ဖြစ်ပါသည်။ —၃။

ဤ၌တွင်လည်း “နိဗ္ဗာန်သည် ဝေါကြဘူ, ဝေါဒါနိ, မဂ်, ဖိုလ်တို့အား အာရမ္မဏာ ဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏”* ဟူသော မြတ်ဗုဒ္ဓ၏ မိန့်ဆိုချက်အရ၊ နိဗ္ဗာန်တွင် အာရမ္မဏာ ဓိပတိပစ္စယသတ္တိရှိကြောင်း ကောင်းစွာသိရှိ နိုင်ကြပါသည်။

ထို့ကြောင့်၊ နိဗ္ဗာန်တည်းဟူသော အာရုံထူးသည် စိတ်ကို ရှင်သန်စေနိုင်စွမ်းသတ္တိ, ဆွဲဆောင်နိုင်စွမ်းသတ္တိ, တက်ကြွစေနိုင်စွမ်းသတ္တိများ ထူးထူးကဲကဲ ပါရှိနေသည်မှာ အမှန်တရားဖြစ်ကြောင်း ကိုယ်တွေ့ကြုံဖူးသူတို့က သက်သေခံကြရပါလိမ့်မည်။

“သိစရာ, အသိခံ, အာရုံက ထူးကဲ ထင်ရှားလျှင်၊ သိတတ်သော အသိ,စိတ်ကလည်း ထူးကဲ ထင်ရှားရမည်။ ထူးကဲ ထင်ရှားသည်။ ထူးထူးကဲကဲ ထင်ထင်ရှားရှား သိသည်။ အသိ ထင်ရှားသည်” ဟူသည်မှာ မျက်ကွယ်ပြုလို၍ မရသော သစ္စာတရားသာ ဖြစ်ပါချေသည်။

ထို့ကြောင့် “မဂ်ကျသည့်အခိုက်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုသည့် အချိန်တွင် အသိ ထင်ရှားသည်။ ထင်ထင် ရှားရှား သိနေသည်။ ဝါ–သိဘာလည်း မချုပ်။ သိစရာလည်း မချုပ်ပါ”ဟူသော ဤအမြင်သည်သာလျှင် သဘာဝ ယုတ္တိရော အာဂမယုတ္တိပါရပြီး၊ ယထာဘူတဆိုက်၍ ဖြစ်စဉ် ကိုက်ကျသော အမှန်တရား ဖြစ်ပါသည်။ =၄။

—*—

---

* နိဗ္ဗာနံ ဂေါတြဘုဿ.... ဝေါဒါနဿ.... မဂ္ဂဿ— ဖလဿ အဓိပတိပစ္စယေန ပစ္စယော–ပဋ္ဌာန်းပါဠိတော် ပထမတွဲ၊နှာ ၁၃၇ ပဒ ၄၁၆။ ။

## အသိသုံးဆင့်

၅၅။ ။(က)။ ။အကောင် အထည်ကိုသာ သိမြင်သော အသိ၊ ဖြစ်ပျက်ပါရှိသော သဘောတရားကို သိမြင်သောအသိ၊ ဖြစ်ပျက်မပါရှိသော သဘောတရားကို သိမြင်သော အသိဟူ၍ အသိသုံးမျိုးရှိ၏။

ယင်းတို့အနက်၊ ပုံဟန်သဏ္ဌာန် နိမိတ် အရိပ်အရောင် အကောင် အထည်ကို သိမြင်နေသော အသိ အမြင်၊ ဝါ— ပုံဟန်သဏ္ဌာန် နိမိတ် အရိပ်အရောင် အကောင်အထည်ကိုသာ အရှိတရားအဖြစ် သိမြင်နေသော အသိအမြင်သည် အန္ဓပုထုဇဉ်တို့၏ အသိဖြစ်၏။ —၁။

ပုံဟန်သဏ္ဌာန် နိမိတ် အရိပ်အရောင် အကောင်အထည်ကို ဖောက်ထွင်း ကျော်လွန်၍၊ ဖြစ်ပျက် ဖြစ်ပျက်ဖြင့် သွားနေသော သဘောတရားကို သိမြင်လာသော အသိအမြင်၊ ဝါ—ပုံဟန်သဏ္ဌာန် နိမိတ် အရိပ်အရောင် အကောင်အထည်ကို ဖောက်ထွင်း ကျော်လွန်၍၊ ဖြစ်ပျက် ဖြစ်ပျက်ဖြင့် သွားနေသော သဘောတရားကို အရှိတရားအဖြစ် သိမြင်လာအောင် တိုးတက် ထက်မြက်လာသော အသိအမြင်ကား ကလျာဏပုထုဇဉ်၏ အသိအမြင် ဖြစ်၏။ —၂။

ပုံဟန်သဏ္ဌာန်နိမိတ် အရိပ်အရောင်အကောင် အထည်ကိုရော ဖြစ်ပျက်ပါသော သဘောတရားကိုပါ ဖောက်ထွင်း ကျော်လွန်ပြီး၊ ဖြစ်ပျက်မပါသော သဘောတရားကို သိမြင်လာသော

အသိအမြင်၊ ဝါ=ပုံဟန်သဏ္ဌာန် နိမိတ် အရိပ်အရောင်အကောင် အထည်ကိုရော ဖြစ်ပျက်ပါသော သဘောတရားကိုပါ ဖောက် ထွင်း ကျော်လွန်ပြီး ဖြစ်ပျက်မှုပါသော သဘောတရားကို အရှိတရားအဖြစ် သိမြင်လာလောက်အောင် တိုးတက် ထက်မြက် လာသော အသိအမြင်ကား အရိယာတို့၏ အသိဖြစ်၏။ —၃။

ဤအသိ သုံးဆင့်အနက် ပထမဆင့်နှင့် ဒုတိယဆင့်ရှိ အသိ စိတ်တို့၏ သိစရာ အာရုံတို့ကား သင်္ခတတရားများ ဖြစ်ကြ၏။ တတိယဆင့်ရှိ အသိစိတ်၏ သိစရာ အာရုံကား အသင်္ခတတရား ဖြစ်၏။ သင်္ခတတရားသည် စဉ်ဆက်မပြတ် ဖြစ်ပြီးပျက်နေသော "ပဝတ္တဓမ္မ"ဖြစ်၏။ အသင်္ခတတရားကား စဉ်ဆက်မပြတ် ဖြစ် ပျက်ခြင်း ကင်းမဲ့သော"အပဝတ္တဓမ္မ" ဖြစ်၏။

ပဝတ္တဓမ္မတို့ နှစ်မျိုးရှိကြ၏။ ပညတ်နှင့် ပရမတ်တို့ ဖြစ်ကြ၏။ ပညတ်ကား ပုံဟန်သဏ္ဌာန် နိမိတ် အရိပ်အရာင်ဖြစ်၏။ ပရမတ် ကား ဖြစ်ပျက်သဘောတရား ဖြစ်၏။ အပဝတ္တဓမ္မကား ပညတ် မရှိ။ ပရမတ် တမျိုးသာရှိ၏။ မဖြစ်မပျက်သော သဘောတရား ပင် ဖြစ်၏။

(ခ)။ ။ဤတွင် မဂ္ဂဝီထိပါ ဇောစနှစ်ကြိမ်တို့ အနက် ပရိကမ်,ဥပစာ,အနုလုံဟူသော ရှေ့ပိုင်း ဇောစိတ် သုံးပါးတို့ သည် ပဝတ္တပရမတ်ခေါ် ဖြစ်ပျက် သဘောတရားကို သိရှိနေကြ၊ ရှုမြင်နေကြ၊ အာရုံပြုနေကြ၏။ ဂေါတြဘူ,မဂ်, ဖိုလ်, ဖိုလ် ဟူသော နောက်ပိုင်းဇောစိတ်လေးပါးတို့အားအပဝတ္တဓမ္မခေါ် မဖြစ် မပျက် သော သဘောတရားကို သိရှိနေကြ၊ ရှုမြင်နေကြ၊ အာရုံပြုနေကြ၏။

ဤသို့လျှင် ဘဝင်မခြားပဲ ဆက်တိုက်ဖြစ်ပေါ်လာသည့် ဇောစိတ် ခုနစ်ကြိမ်တို့၏ တခုတည်းသော ဝီထိတွင် ပေါ်ရိုးပေါ်စဉ်အတိုင်း တအာရုံတည်း မပေါ်၊ နှစ်အာရုံ ပေါ်လာ၏။ ပဝတ္တ ပရမတ် အာရုံနှင့် အပဝတ္တ ပရမတ် အာရုံတို့တည်း။

ပဝတ္တ ပရမတ်အာရုံ ပေါ်နေစဉ် ယင်းပဝတ္တ ပရမတ်ကို ဇောစိတ်တို့က အာရုံပြုနေကြ၊ သိနေ မြင်နေကြ၏။ ပဝတ္တ ပရမတ်အာရုံပျောက်သွားပြီး အပဝတ္တ ပရမတ်အာရုံ ပေါ်လာသည့်အခါ ယင်းအပဝတ္တ ပရမတ်အာရုံကို ဇောစိတ်တို့က ဖမ်း၍ အာရုံပြုနေကြ၊ သိနေ မြင်နေကြလေသည်။

ပဝတ္တ ပရမတ်အာရုံ ပျောက်သွားပြီး အပဝတ္တ ပရမတ် အာရုံ ပေါ်လာခြင်းကိုပင်လျှင် ''အသိစိတ်တို့က ဖြစ်ပျက် ပဝတ္တကို ဖောက်ထွင်း ကျော်လွန်သွားပြီး မဖြစ်မပျက် အပဝတ္တသို့ သက်ရောက်လာသည်''ဟု ဆိုရ၏။

ထို့ကြောင့် ''မင်းကြီး၊ ထိုသူ၏ ထိုအသိစိတ်က ထိုထို ဤဤ (=တခုခုသော သင်္ခါရ တရား၏ အနိစ္စ သဘာဝကို ဖြစ်စေ၊ ဒုက္ခ သဘာဝကို ဖြစ်စေ၊ အနတ္တ သဘာဝကို ဖြစ်စေ)နှလုံးသွင်း (=ရှုမြင်=ဆင်ခြင်=သိရှိ=အာရုံပြု)နေစဉ် ဖြစ်ပျက် ပဝတ္တကို ဖောက်ထွင်း ကျော်လွန်သွားပြီး မဖြစ်မပျက် အပဝတ္တသို့ သက်ရောက်လာ၏။ မင်းကြီး မဖြစ်မပျက် အပဝတ္တသို့ [ထိုသူ၏ ထိုစိတ်က]အစဉ် ရောက်ရှိသွားသော် ကောင်းမွန်စွာ ကျင့်ကြံ အားထုတ်လာသူကို 'နိဗ္ဗာန်ကို မျက်မှောက်ပြု၏'ဟု ဆိုအပ်

ပေးသည်’* ဟူ၍ အရှင်နာဂသေနက ဆိုထား၏။ ဤအဆို အမိန့်သည် ယထာဘူတ ဆိုက်၏။ ဖြစ်စဉ်ကိုက် ကျ၏။ အမှန်တရားကို ထင်ဟပ် ပေါ်လွင်စေသည့် အရှုအမြင် တရပ်ပင် ဖြစ်၏။

ဤတွင် “အသိစိတ်က ဖြစ်ပျက် ပဝတ္တကို ကျော်လွန်သွားပြီး မဖြစ်မပျက် အပဝတ္တသို့ သက်ရောက်လာ၏။ သက်ရောက်လာသော် နိဗ္ဗာန်ကို မျက်မှောက်ပြုသည် မည်၏” ဟူသည်မှာ ဆိုလိုရင်းစကား ဖြစ်၏။

ဤစကားက “အသိစိတ်က ဖြစ်ပျက် သဘောကို သိမြင်နေရာမှ ယင်းဖြစ်ပျက် သဘောကို ကျော်လွန်သွားပြီး မဖြစ်မပျက် သဘောကို သိမြင်လာ၏။ ဤသို့ သိမြင်လာသော် နိဗ္ဗာန်ကို မျက်မှောက် ပြုလျက်သား ဖြစ်သွားတော့၏” ဟု ဆိုလို၏။

တနည်းဆိုသော် “အသိထဲတွင် ဖြစ်ပျက်အာရုံ ပေါ်နေရာမှ ယင်းအာရုံ ပျောက်သွားပြီး မဖြစ်မပျက်အာရုံ ပေါ်လာခြင်းသည် နိဗ္ဗာန်ကို မျက်မှောက်ပြုသည် မည်၏” ဟု ဆိုနိုင်၏။

ထို့ကြောင့် အနှစ်ချုပ် ဆိုလိုက်သော် “နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း ဟူသည်မှာ မဖြစ်မပျက်သော အာရုံသစ်ကို ရရှိလာခြင်းပင် ဖြစ်သည်” ဟူ၏။

(ဂ)။ ။မှန်ပါသည်။ နိဗ္ဗာန် ဟူသည်မှာ တွေ့ခဲ့၊ မြင်ခဲ့၊ သိရှိခဲ့ဖူးသော အာရုံ တွေ့နေကျ၊ မြင်နေကျ၊ သိရှိနေကျ ဖြစ်

---

* မိလိန္ဒပဥှာပါဠိ၊ နိဗ္ဗာနသစ္ဆိကရဏပဥှာ၏ နောက်ဆုံး စာပိုဒ်။

သော အာရုံဟောင်း မဟုတ်ပါ။ မတွေ့ခဲ့၊ မမြင်ခဲ့၊ မသိရှိခဲ့ဖူးသော အာရုံသစ်၊ ယခုမှ တွေ့လာ၊ မြင်လာ၊ သိရှိလာရသော အာရုံသစ်, အာရုံထူးတခု ဖြစ်၏။

အာရုံဟု ဆိုသော်လည်း အာရုံမည်ကာ မတ္တ မဟုတ်။ ထူးကဲသော အာရုံ(=အဓိပတိအာရုံ=အာရမ္မဏာဓိပတိ) ဖြစ်၏။ စာပေ စကားဖြင့် ဆိုသော် "အာရမ္မဏာဓိပတိ ပစ္စည်းတပ်သော အာရုံ"ဟု ဆိုရ၏။

ဤသို့လျှင် ထူးကဲသော အာရုံဟု ဆိုအပ်သည့် အာရမ္မဏာဓိပတိပစ္စည်း တပ်သောတရား အဖြစ်ဖြင့် နိဗ္ဗာန်သည် အမှန်တကယ် ရှိနေပါသည်။ ဤသို့ တကယ်ရှိနေသော နိဗ္ဗာန်က လူသတ္တဝါတို့ကို အဘယ်သို့ အကျိုးပြုပါသနည်း။ "သတ္တဝါတို့ သန္တာန်ရှိ ကိလေသာများကို ပယ်သတ်သောအားဖြင့် လူသတ္တဝါတို့အား အကျိုးပြု၏"ဟူ၍ မှတ်ပါလေ။

မှန်ပါသည်။ ကမ္ဘာ့ လောကထဲတွင် ကိလေသာကို ထကြွတိုးပွားစေသော အာရုံ၊ ကိလေသာကို ငြိမ်ဝပ်စေသော အာရုံ၊ ကိလေသာကို ညှင်းပန်းတတ်သော အာရုံနှင့် ကိလေသာကို ပယ်တတ်သော အာရုံဟူ၍ အာရုံ လေးမျိုး ရှိနေပါသည်။

၁။ ။လောကီအာရုံ ကာမဂုဏ်ငါးပါးတို့သည် ကိလေသာကို ထကြွ တိုးပွားစေသော အာရုံများဖြစ်ကြ၏။

၂။ ။သမထအာရုံတို့သည် ကိလေသာကို ငြိမ်ဝပ်စေသော အာရုံများဖြစ်ကြ၏။

၃။ ။ဝိပဿနာအာရုံတို့သည် ကိလေသာကို ညှဉ်းပန်းတတ်သော အာရုံများဖြစ်ကြ၏။

၄။ ။နိဗ္ဗာန်အာရုံကား ကိလေသာကို ပယ်သတ်တတ်သော အာရုံဖြစ်၏။

"ကိလေသာ ထကြွ တိုးပွားစေသော လောကီအာရုံ ကာမဂုဏ်ငါးပါးတို့သည် အမှန်တကယ် ရှိနေကြသည်။ ယင်းတို့သည် အရှိတရားများ ဖြစ်ကြသည်"ဟု သိမြင် လက်ခံထားပါက "ကိလေသာပယ်သတ်သော နိဗ္ဗာန်အာရုံသည်လည်းအမှန်တကယ် ရှိနေသည်။ ယင်းသည်လည်း အရှိတရားစင်စစ်ဖြစ်ဘိသည်" ဟူ၍ လက်မခံလိုပဲ ရှောင်လွှဲ၍ မရပါချေ။

ရှောင်လွှဲပါက မိမိသည် အတွေးအခေါ် အလွန်"တိမ်"နေသေးသူသာ ဖြစ်ခဲ့လေရာ၏။ အကြောင်းမူ အပူဓာတ်ရှိသကဲ့သို့ အအေးဓာတ်ရှိ၏။ အဖျက်စွမ်းအားရှိသလို၊ အပြုစွမ်းအား ရှိ၏။ နိဗ္ဗာန်သည် အအေးဓာတ်, အပြုစွမ်းအား အဖြစ်ဖြင့် အမှန်တကယ်ရှိနေကြောင်း ကောင်းစွာ သိမြင်နိုင်လောက်ပြီဟု ထင်မြင်ရသောကြောင့် ဖြစ်၏။

တကယ်တော့ "နိဗ္ဗာန်ဟူသည်မှာ လူသားတို့က မသိနိုင်၊ မမြင်နိုင်သောတရား။ မသိကောင်း၊ မမြင်ကောင်းသောတရား" ဟူ၍ မြတ်ဗုဒ္ဓက ဘယ်သောအခါကမှ မဟောကြားခဲ့၊ မမိန့်ဆိုခဲ့ပါချေ။ "သုဒုဒ္ဒသ= အလွန်မြင်နိုင်ခဲသောတရား= မြင်ရဖို့ မလွယ်ကူသော တရား= အလွယ်တကူ မမြင်ရသောတရား=

ခက်ခက်ခဲခဲဖြင့် သိမြင်ရသောတရား=ခက်ခက်ခဲခဲကြိုးစားအားထုတ်လျှင် မြင်လာနိုင်သောတရား*”ဟူ၍သာ ဟောကြားမိန့်ဆိုတော်မူခဲ့ပါသည်။

သို့ဖြစ်သည့်တိုင် ကြိုးကြိုးကုတ်ကုတ် အားမထုတ်သေးသည့်အတွက်၊ မမြင်ရသည်ကို အကြောင်းပြု၍သာ၊ ကျားကျားမီးယပ်သဘောမျိုးဖြင့် “နိဗ္ဗာန်ဆိုတာ စိတ်ကူးယဉ် အိပ်မက်တခုပါ” ဟူ၍သာ ဆိုလာနေငြားအံ့။ ဆိုလာမည့်သူ ထိုသူ့အား အခြားဆိုစရာ စကားမရှိတော့ပါပြီ။ ဤစကားတခွန်းသာ ဆိုစရာကျန်ရှိပါချိမ့်မည်–“ငါ့ညီရယ်၊ ဖိုးသုတ ရာ။ မင်းနုလှပါသေးတယ်ကွာ” ဟူသတတ်။

—*—

---

* ဣဒမ္ပိခေါ ဌာနံ သုဒုဒ္ဒသံ၊ ယဒိဒံ သဗ္ဗသင်္ခါရသမထော, သဗ္ဗူပဓိပဋိနိဿဂ္ဂေါ, တဏှက္ခယော, ဝိရာဂေါ, နိရောဓော နိဗ္ဗာနံ။
—ဝိနယ ပိဋက မဟာဝဂ္ဂပါဠိ ဗြဟ္မယာစနကထာ၊

# "နိဗ္ဗာန်ဟော ပရိယာယ်ပုဒ်များ"

ကမ္ဘာလောကကြီးတွင်သဘောတရားနှစ်ခုသာရှိ၏။ ဖြစ်ပျက်တတ်သောသဘောတရားနှင့် မဖြစ်မပျက်တတ်သော သဘောတရားတို့ဖြစ်ကြ၏။

ဖြစ် ပျက် တတ် သော သဘောတရားကို နာမ်တရား၊ ရုပ်တရားဟူ၍ ခေါ်ဆိုကြရ၏။ ယင်းနာမ်တရား, ရုပ်တရား တို့၏ အစုအစည်းကို လူဟူ၍လည်း ခေါ်ကြ၏။ နတ်ဗြဟ္မာဟူ၍လည်း ခေါ်ဆိုကြ၏။ တိရစ္ဆာန်ဟူ၍လည်း ခေါ်ဆိုကြ၏။

လူဟူသောသက်ရှိသတ္တဝါတမျိုးတည်းကိုပင်လျှင်ယောကျ်ားဟူ၍လည်း ခေါ်ဆိုကြ၏။ မိန်းမဟူ၍လည်း ခေါ်ဆိုကြ၏။ ထိုလူသတ္တဝါကိုပင်လျှင် မျိုးနွယ် အားဖြင့် ခွဲခြား၍ ကရင်၊

ဗမာ၊ တရုတ်၊ ကုလား စသောအမည်များဖြင့် ခေါ်ဆိုကြ၏။ အသက်မွေးဝမ်းကျောင်း အလုပ်အားဖြင့် ခွဲခြား၍ တောင်သူလယ်သမား ဟူ၍လည်း ခေါ်ဆိုကြ၏။ အလုပ်သမား ဟူ၍လည်း ခေါ်ဆိုကြ၏။ အလုပ်သမားကိုပင်လျှင် ပညာအရည်အချင်းနှင့် ထမ်းဆောင် ရသည့် တာဝန် အားဖြင့် ခွဲခြား၍ စာရေး, စာချီ, ရုံးအုပ်, ဌာနမှူး, ညွှန်ကြားရေးမှူး၊ ဝန်ကြီး, သမ္မတ စသည်ဖြင့် ခေါ်ဆိုကြ၏။

စာရေး စာချီ တမျိုးတည်း ကိုပင်လျှင်၊ ပုဂ္ဂိုလ်အားဖြင့် ခွဲခြား၍ မောင်ဘ, မောင်မြ, မောင်လှ, မောင်သောင်း, မောင်သိန်း, မောင်သန်း, မမြ, မလှ, မသောင်း, မသိန်း, မသန်း စသောအမည်နာမများဖြင့် ခေါ်ဝေါ်ကြ၏။ ဤသို့ ခေါ်ဝေါ်ကြသော အမည်နာမများမှာ မရေမတွက်နိုင်လောက်အောင် များပြားလှပါသည်။

သက်မဲ့ ရုပ်ဝတ္ထုတို့၏ အဖွဲ့အစည်းများကိုလည်း သစ်ပင်, တော, တောင်, ရေ, မြေ စသောအမည်နာမများဖြင့် ခေါ်ဆိုကြ၏။ ယင်းတို့အနက် သစ်ပင်တမျိုးတည်းကိုပင်လျှင်၊ သရက်ပင်, ကုက္ကိုပင်, ထန်းပင်, ဝါးပင် စသည်ဖြင့် ခေါ်ဝေါ်ကြသော အမည်နာမများမှာ ရေတွက်ပြ၍ မကုန်နိုင်အောင် များပြားလှပါသည်။

မဖြစ် မပျက်တတ်သော သဘောတရား၏ အမည်နာမများမှာလည်း နိဗ္ဗာန, မောက္ခ, နိရောဓ စသောအားဖြင့် ရှစ်ဆယ်ကျော်ရှိ၏။ ယင်းတို့ကို သင်္ခါရဟနာ၀ဂ္ဂအသင်္ခတသံယုတ်ပါဠိ

တော်၊ ယင်း၏ အဋ္ဌကထာဋီကာ၊ သမ္မောဟဝိနောဒနီ အဋ္ဌကထာ၊ အဘိဓာနပ္ပဒီပိကာ သူစိနှင့် ဣတိဝုတ္တကစသော ထိုထို ပါဠိတော် အဋ္ဌကထာ ဋီကာများ၌ တွေ့ရှိကြရ၏။

ယင်းတို့ကား ၁—နိဗ္ဗာန။ ၂—မောက္ခ။ ၃—နိရောဓ။ ၄—ဒီပ။ ၅—တဏှက္ခယ။ ၆—ပရ။ ၇—တာဏ။ ၈—လေဏ။ ၉—အရူပ။ ၁၀—သန္တ။ ၁၁—သစ္စ။ ၁၂—အနာလယ။ ၁၃—အသင်္ခတ။ ၁၄—သိဝ။ ၁၅—အမတ။ ၁၆—သုဒုဒ္ဒသ။ ၁၇—ပရာယဏ။ ၁၈—သရဏ။ ၁၉— အနီတိက။ ၂၀—အနာသဝ။ ၂၁—ဓုဝ။ ၂၂—အနိဒဿန။ ၂၃—အကတ။ ၂၄—အပလောကိတ။ ၂၅—နိပုဏ။ ၂၆—အနန္တ။ ၂၇—အက္ခရ။ ၂၈—ဒုက္ခက္ခယ။ ၂၉—အဗျာပဇ္ဇ။ ၃၀—ဝိဝဋ္ဋ။ ၃၁—ခေမ။ ၃၂—ကေဝလ။ ၃၃—အပဝဂ္ဂ။ ၃၄—ဝိရာဂ။ ၃၅—ပဏီတ။ ၃၆—အစ္စုတ။ ၃၇—ပဒ။ ၃၈—ယောဂက္ခေမ။ ၃၉—ပါရ။ ၄၀—မုတ္တိ။ ၄၁—သန္တိ။ ၄၂—ဝိသုဒ္ဓိ။ ၄၃—ဝိမုတ္တိ။ ၄၄—အသင်္ခတဓာတု။ ၄၅—သုဒ္ဓိ။ ၄၆—နိဗ္ဗုတိ။ ၄၇—အသေသဝိရာဂ။ ၄၈—အသေသနိရောဓ။ ၄၉—စာဂ။ ၅၀—ပဋိနိဿဂ္ဂ။ ၅၁—ရာဂက္ခယ။ ၅၂—ဒေါသက္ခယ။ ၅၃—မောဟက္ခယ။ ၅၄—အနုပ္ပါဒ။ ၅၅—အပဝတ္တ။ ၅၆—သုညတ။ ၅၇—အနိမိတ္တ။ ၅၈—အပ္ပဏိဟိတ။ ၅၉—အနာယူဟ။ ၆၀—အပ္ပဋိသန္ဓိ။ ၆၁—အနုပပတ္တိ။ ၆၂—အဂတိ။ ၆၃—အဇာတ။ ၆၄—အဘူတ။ ၆၅—အဇရ။ ၆၆—အဗျာမိ။ ၆၇—အသောက။ ၆၈—အပရိဒေဝ။ ၆၉—အနုပါယာသ။ ၇၀—အသံကိလိဋ္ဌ။ ၇၁—အစလ။ ၇၂—ပရမတ္ထ။ ၇၃—အနတ။

၇၄—အဇ္ဇဝ။ ၇၅—နိပ္ပပဥ္စ။ ။ ၇၆—အစ္စုရိယ။ ၇၇—အဗ္ဘုတ။ ၇၈—အနီတိကဓမ္မ။ ၇၉—နိရူပဓိ။ ၈၀—သဗ္ဗသင်္ခါရသမထ။ ၈၁—သဗ္ဗုပဓိပဋိနိဿဂ္ဂ စသည်တို့ပင် ဖြစ်ကြ၏။

အထက်ပါ ၈၀ ကျော်တို့အနက် ပုဒ်ပေါင်း ၂၀ တို့ကို ထုတ်နုတ်၍ အဓိပ္ပာယ်နှင့်တကွ ဖော်ပြပါမည်။ ယင်းသို့ ဖော်ပြရာတွင် (က) အမှတ်ဖြင့် သက်ဆိုင်ရာ ကျမ်းဂန်လာ အဓိပ္ပာယ်ကို ဖော်ပြပါမည်။ (ခ) အမှတ်ဖြင့် ဤစာရေးသူ သိရှိ သဘောပေါက်ထားသော အဓိပ္ပာယ်များကို ဖော်ပြပါမည်။

—*—

[ ၁ ]

*(က)။ ။နိဗ္ဗာန=အငြိမ်းခတ်။
ရာဂမီး စသည်တို့ ငြိမ်းကြောင်းတရား။ ဝါနခေါ် တဏှာ ရာဂမှ ထွက်မြောက်တတ်သောကြောင့် တည်း။

(ခ)။ ။နိဗ္ဗာန်၏ မူရင်းဖြစ်သည့် "နိဗ္ဗာန"ဟူသည်မှာ ပါဠိ စကားဖြစ်၏။ မြန်မာ ဘာသာအားဖြင့်မူ "အငြိမ်းခတ်"ဟူသော အဓိပ္ပာယ်ရှိ၏။

---

* ဘိ - အဘိဓာနပ္ပဒီပိကာသူစိ။

တောက်လောင်နေသော မီး (=ဥက္ကာတေဇော=ရုပ်=ဖြစ်ပျက် သဘောတရား)သည် ပူ၏။ လောင်ကျွမ်းတတ်၏။ အပူဓာတ်ဖြစ်၏။ အလောင်ဓာတ်လည်း ဖြစ်၏။ ကိုယ်တိုင်ကလည်း ပူ၏။ သူတပါးကိုလည်း ပူလောင်စေ၏။

တောက်လောင်နေသော မီး ငြိမ်းသွားမှု ( = နိဗ္ဗာန)ကား အေး၏။ ငြိမ်း၏။ အအေးဓာတ်, အငြိမ်းဓာတ် ဖြစ်၏။ ကိုယ်တိုင်ကလည်း အေးငြိမ်း၏။ သူတပါးကိုလည်း အေးငြိမ်းစေ၏။

ဒေါသကို သိသိကလေးသော်မှပယ်ရသေးသော သောတာပန်သည် စိတ်ဆိုးစရာ အာဃာတ ဝတ္ထုနှင့် တွေ့ကြုံလာရသောအခါ စိတ်ဆိုး၏။ ဒေါသထွက်၏။ ရင်ထဲ, စိတ်ထဲ, နှလုံးသားထဲတွင် ပူနေ၏။ လောင်နေ၏။ ပုထုဇဉ်နည်းတူပင် သောတာပန်လည်း စိတ်ဆိုးတတ်သေးသည်သာ။ သို့သော် ပုထုဇဉ်နှင့် မတူ၊ တမူထူးခြားသည်မှာကား စိတ်ဆိုးလျှင် စိတ်ဆိုးမှန်း ပြန်လည်၍ သတိပြု၊ ဆင်ခြင်၊ သိမြင်တတ်ခြင်းပင် ဖြစ်၏။

ဤသို့ ပြန်လည်၍ သတိပြု၊ ဆင်ခြင်၊ သိမြင်လာသည်နှင့် တပြိုင်နက် စိတ်ဆိုးစရာ အာဃာတ ဝတ္ထုကို အာရုံပြုနေရာမှ စိတ်နာမ် ပရမတ်ကို အာရုံပြုမိလာ၏။ ရုပ်ပရမတ်ကို ဖြစ်စေ အာရုံပြုလာ၏။ စိတ်ထဲတွင် အာဃာတဝတ္ထု ပေါ်နေရာမှ ရုပ်နာမ် ပရမတ် ပေါ်လာပါမည်။ ထိုအခါ ယထာဘူတဉာဏ်, ဝိပဿနာဉာဏ် ဝင်လာပါသည်။ ဒေါသ ပြယ်သွားပါသည်။ ရင်ထဲတွင် လောင်နေသော အပူမီး၏ အရှိန်က လျော့ကျလာပါမည်။

ထိုမှတဆင့် နိဗ္ဗာန်ခေါ် မဖြစ်မပျက် သဘောတရားကို အာရုံပြုလိုက်မည် ဆိုပါက ရုပ်နာမ် ပရမတ် (=ဖြစ်ပျက်အာရုံ)ပေါ်

နေရာမှ နိဗ္ဗာန ပရမတ် (=မဖြစ်မပျက်အာရုံ=အငြိမ်းဓာတ်) ပေါ်လာ၏။ ယင်းသည်နှင့် တပြိုင်နက် ရင်ထဲ လောင်နေသော အပူမီး ဒေါသ(=ဒေါသဂ္ဂိ)က ရုတ်ခြည်း ပျောက်သွား၏။ ပူရာမှ အေးသွား၏။ လောင်နေရာမှ ငြိမ်းသွား၏။

ဤသို့ ငြိမ်းအေးသွားရသည်မှာ အငြိမ်းဓာတ် ပေါ်လာသောကြောင့် ဖြစ်၏။ ပေါ်လာသော အငြိမ်းဓာတ်က အေးသွားအောင် ပြုလိုက်၏။ ငြိမ်းအေးသွားစေ၏။ ငြိမ်းအေးသွားစေသော အစွမ်းသတ္တိသည် မဖြစ်မပျက် အာရုံ နိဗ္ဗာန်တွင် ရှိနေ၏။

ဤသို့လျှင် မဖြစ်မပျက်သော သဘောတရားတွင် မိမိကိုယ်ကိုင်ကလည်း ငြိမ်းအေးနေသည့် ဂုဏ်ထူး သတ္တိရှိ၏။ မိမိကို အာရုံ ပြုလာသည့် စိတ်ကိုလည်း ငြိမ်းအေးစေနိုင်စွမ်း ဂုဏ်ထူး သတ္တိရှိ၏။ ထို့ကြောင့် ယင်းမဖြစ်မပျက်သော သဘောတရားကို "အငြိမ်းဓာတ်=နိဗ္ဗာန=နိဗ္ဗာန်" ဟု ဆိုရ၏။

—*—

[၂]

‡(က)။ ။မောက္ခ = လွတ်မြောက်ရာ။
ရာဂ စသည်တို့မှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း ဖြစ်သောတရား။[အမြတ်သဘော စင်စစ်ဖြစ်နေသောကြောင့်] အယုတ် အညတ်တို့မှ လွတ်သောတရား။

---

‡ ဘိ။

(ခ)။ ။မောက္ခ ဟူသော ပါဠိမှာ မြန်မာဘာသာ အားဖြင့် "လွတ်မြောက်ရာ လွတ်မြောက်ကြောင်း"ဟူသော အဓိပ္ပာယ် ရှိ၏။

"လွတ်မြောက်ရာ"ဟူသည်မှာ "လွတ်မြောက်သောနေရာ= ဒေသ=အရပ်"ဟူ၍ ဆိုလို၏။ အင်္ဂုတ္တရနိကာယ–ပဉ္စကနိပါတ– တတိယပဏ္ဏာသက–ရာဇဝဂ်–သောတသုတ်လာ "ဣမ ဘိက္ခဝေ ဘိက္ခု ယာ သာ ဒိသာ အဂတပုဗ္ဗာ" စသော ပါဠိတော်ကို ထောက်ရှု၍ မဖြစ် မပျက်သဘောတရားကို "လွတ်မြောက်ရာ အရပ်"ဟု ဆိုရ၏။

"မဖြစ် မပျက် သဘော= နိဗ္ဗာန်= လွတ်မြောက်ရာ အရပ် ဒေသ"သို့ "အာရုံပြု=ရောက်ရှိ= သမာပတ် ဝင်စားနေသော စိတ်"တွင် လောဘခေါ် ရာဂနှင့် ဒေါသ မောဟတို့မရှိကြပါ။ မလိုက်ပါ နိုင်ကြတော့ပါ။ ကျန်ရစ်နေကြရ၏။ ဖမ်းချုပ်မထား နိုင်ကြတော့ပါ။ လက်လွှတ်ခံကြရ၏။

ရှေးအခါက၊ အချို့သော ရေကန်ကြီးများတွင် ရက္ခိုသ် ဘီလူးမျိုးနွယ်ဝင် သတ္တဝါတမျိုး ရှိတတ်ကြသတဲ့။ ထို ရက္ခိုသ် ဘီလူးတို့သည် ရေကန်ထဲသို့ သက်ဆင်းလာသူ လူသား များကို ဖမ်း ဆီး သတ်ဖြတ်၊ စားသောက် ပစ်တတ်ကြ၏။ ထို့ကြောင့် ထို ရေကန်တွင်းသို့ သက်ဆင်းမိလာသော လူများ အနက်၊ အချို့က သက်ရောက် လာ တတ် သည့် အန္တရာယ်ကို ကြိုတင်သိမြင်တတ်သည့် သတိ ပညာ ဝီရိယ ချို့တဲ့တတ်ကြ၏။ သူတို့သည် ထိုရက္ခိုသ် ဘီလူးတို့၏ ဖမ်းဆီး၊ သတ်ဖြတ်၊ စား

သောက်ခြင်း ခံကြရ၏။ သေကြပျက်စီးကြရ၏။ အချို့ကား သက်ရောက်လာမည့် အန္တရာယ်ကို ကြိုတင် သိမြင် တတ်သည့် သတိ ပညာ ဝီရိယနှင့် ပြည့်စုံကြ၏။ ရေကန် တွင်းမှ အချိန်မီ လွတ်မြောက်ထွက်ပြေးနိုင်ကြ၏။ ရေကန် အပြင်ဘက်ဟူသော လွတ်မြောက်ရာအရပ်သို့ ရောက်ရှိ သွားကြ၏။ သူတို့သည် ရက္ခိုဠ်ဘီလူးတို့၏ အန္တရာယ်မှ လွတ်မြောက်ကြ၏။

ဤတွင်၊ ရက္ခိုဠ်ဘီလူးသည် ရာဂ ဒေါသ မောဟ တို့နှင့် တူ၏။ ရေကန် တွင်းသည် ဖြစ်ပျက် လောကီ နယ်နှင့် တူ၏။ ရေကန်အပြင်ဘက်ကား မဖြစ်မပျက် လောကုတ္တရာနယ် လွတ်မြောက်ရာ အရပ်ဒေသနှင့်တူ၏။

ရာဂ ဒေါသ မောဟတို့၏ လက်တွင်းသို့ သက်ဆင်း ကျရောက်ရသော နယ်ပယ်ကား ဖြစ်ပျက် သဘောခေါ် လောကီ နယ်မြေဖြစ်၏။ ယင်းတို့၏ လက်တွင်းမှ လွတ်မြောက်ရာအရပ်ကား မဖြစ်မပျက် သဘောခေါ် လောကုတ္တရာ နယ်ဖြစ်၏။

ထို့ကြောင့် မဖြစ် မပျက် သဘောတရားခေါ် လောကုတ္တရာ နယ်ပယ်ကား ရာဂ ဒေါသ မောဟ လက်တွင်းမှ "လွတ်မြောက်သော အရပ်ဒေသ=မောက္ခ" ဖြစ်၏။

တဖန်၊ ထိုရာဂ ဒေါသ မောဟတို့မှ လွတ် မြောက် ရာတွင် မပါလျှင် မပြီး အရေးကြီးသော ကရိုဏ်းအဖြစ် ကျေးဇူးပြုသောကြောင့်၊ ထိုမဖြစ်မပျက် သဘောတရားကို "လွတ်မြောက်ကြောင်း"ဟူ၍လည်း ဆိုရ၏။ ဤသည်နှင့်ပတ်သက်၍ မဂ်ဉာဏ်

အခန်းတွင် အကျယ်ဖွင့်ဆိုတင်ပြခဲ့သည်ကို ပြန်လည်၍ လေ့လာနိုင်ကြပါသည်။

—*—

[ ၇ ]

*(က)။ ။နိရောဓ=ချုပ်ငြိမ်းရာ။
ရာဂ ဒေါသ မောဟတို့ ချုပ်ငြိမ်းရာ ချုပ်ငြိမ်းကြောင်းဖြစ်သော တရား။

(ခ)။ ။ရာဂ ဒေါသ မောဟတို့ချုပ်ရာ ဟူသည်မှာ ရာဂ ဒေါသ မောဟတို့ မဖြစ်ပေါ်ရာ၊ မတည်ရှိရာပင် ဖြစ်၏။ "ချုပ်" ဟူသောစကားနှင့် "မဖြစ်ပေါ်, မတည်ရှိ" ဟူသော စကားတို့မှာ အဓိပ္ပာယ်တူ ပရိယာယ်ပုဒ်များ ဖြစ်ကြ၏။

တခါ "ချုပ်" ဟူသော စကားမှာ "ပျက်" ဟူသောစကားနှင့် အဓိပ္ပာယ်တူမဟုတ်၍ "ချုပ်ပျက်" ဟု မဆိုရ၊ "ငြိမ်း" ဟူသောစကားနှင့်သာ အဓိပ္ပာယ်တူ ဖြစ်သည်ဟု သိစေလို၍ "ချုပ်ငြိမ်း" ဟု ဆိုရ၏။

ထို့ကြောင့်၊ ရာဂ ဒေါသ မောဟတို့ မဖြစ်ပေါ်ရာ, မတည်ရှိရာ, ချုပ်ငြိမ်းရာ, ချုပ်ငြိမ်းကြောင်း ဖြစ်သောကြောင့် မဖြစ်မပျက်သဘောတရားကို "ချုပ်ငြိမ်းရာ=နိရောဓ" ဟု ဆိုရ၏။

—+—

---

*ဘိ

[၄]

*(က)။ ။ဒိပ=ကျွန်း,ဆိမီးနှင့် တူသောတရား။

[မြစ်,ပင်လယ်,သမုဒ္ဒရာတွင်းရှိ] ကျွန်းသည် ရေအလျဉ်ဖြင့် အလွှမ်းမိုး ခံရသူတို့အဖို့ ထောက်တည်ရာဖြစ်၏။ ထို့အတူပင် သံသရာ ရေအလျဉ်ကြောတွင် မျောပါ လွှမ်းမိုးခြင်း ခံနေရသူ သတ္တဝါများအဖို့ နိဗ္ဗာန်သည် ထောက်တည်ရာ ဖြစ်၏။ ထို့ကြောင့် "ကျွန်းနှင့်တူသော အရာ=ဒိပ"ဟု ဆိုရ၏။ —၁။

[ဆိမီးသည် အမှောင်တွင်း ကျရောက်နေသူအား အလင်းခတ် ရရှိစေသကဲ့သို့] အရိယာတို့၏ ဉာဏ်မျက်စိကို [မမှောင်ပဲ အလင်းခတ်ရအောင်] ထွန်းပြတတ်သောကြောင့် "ဆိမီးနှင့် တူသောအရာ=ဒိပ"ဟူ၍လည်း ဆိုရ၏။ —၂။

(ခ)။ ။ဉာဏ်မျက်စိ မရှိသူ အန္ဓ ပုထုဇဉ်သည် ပကတိ မျက်စိကို မှိတ်လိုက်သောအခါ မှောင်မိုက်နေ၏။ ဘာကိုမှ မမြင်ရပါ။ ဘာကိုမှ မကြည့်တတ်ကြောင့် ဖြစ်၏။

ဝိပဿနာ ဉာဏ်မျက်စိ ရရှိလာသူ ကလျာဏ ပုထုဇဉ်သည် ပကတိ မျက်စိကို မှိတ်လိုက်သော်လည်း မှောင်နှင့် မည်းမည်းကြီး ဖြစ်မနေတော့ပါ။ ဝိုးတဝါး လင်းနေ၏။ ဖြစ်ပျက် သဘော တရားကို ကြည့်နိုင်၊ မြင်နိုင်၊ ကြည့်နေ၊ မြင်နေသောကြောင့်ပင်။

---

* ဤ။

မဂ်ဖိုလ် တည်းဟူသော ဉာဏ်မျက်စိ ရရှိလာပြီးသူ အရိယာ သခင် သူတော်စင်တို့ကား ပကတိ မျက်စိကို မှိတ်ထားသော် လည်း မှောင်မိုက်မနေတော့ပါ။ သူ၏ ဉာဏ်အမြင့်,စိတ်အစဉ် တွင် ကြည်လင်နေ၏။ မဖြစ်မပျက် သဘောတရားကို ကြည့်မြင် နေနိုင်သောကြောင့် ဖြစ်၏။

ဤသို့လျှင် မဖြစ်မပျက် သဘောတရားသည် အရိယာတို့၏ ဉာဏ်မျက်စိကို အလင်းရအောင် ထွန်းပြတတ်သောကြောင့် "ဆီမီးနှင့် တူသော အရာ=ဒီပ"ဟု ဆိုရ၏။

— * —

[ ၁ ]

*(က)။ ။တာဏ = စောင့်ရှောက်တတ်သော တရား။ အပါယ်ဘေး စသည်တို့မှ စောင့်ရှောက်တတ်သော ကြောင့် တာဏမည်၏။

(ခ )။ ။ပစ္စက္ခ သိဒ္ဓိအားဖြင့် မျက်ဝါးထင်ထင် တွေ့မြင် မျက်မှောက်ပြုနိုင်သူ အရိယာတို့ကို နိဗ္ဗာန်က အပါယ်ဘေး စသည်မှ ကယ်တင် စောင့်ရှောက်နိုင်စွမ်း ရှိသည်ကို မဆိုထားနှင့်၊ အနုမာနသိဒ္ဓိ အားဖြင့် နိဗ္ဗာန်ကို ရေ်ရမ်း မှန်းဆလာသူ ကလျာဏ ပုထုဇဉ်များကိုသော်မှ အပါယ် စသည်သို့ မကျရောက် ရလေအောင် နိဗ္ဗာန်က စောင့်ရှောက် ကယ်တင်တတ်၏။

* ဘိ။

မှန်ပါသည်။ နိဗ္ဗာန်ကို ရှော်ရမ်း မှန်းဆလာသူ ကလျာဏ ပုထုဇဉ်သည် သီလကို စောင့်၊ သမာဓိကို ဖြည့်၊ ပညာကို ပွားများလာတော့၏။ သီလကို စောင့်သုံးသောအားဖြင့် ဒုစရိုက်တို့မှ ရှောင်ကြဉ်၏။ ဒုစရိုက်မှုတို့ကို မပြုတော့ပါ။ ဒုစရိုက်မှု မပြုသူကား အဘယ်သို့လျှင် အပါယ် ကျပါတော့အံ့နည်း။ အပါယ် မကျတော့ပါ။ ရာဇဝတ်မှု တစုံတခုကို လွန်ကျူး မထားသူ တဦးတယောက်သည် အဘယ်မည်သော အကျဉ်း ထောင်သို့မျှ မကျရောက်ရသည်နှင့် တူပါသည်။

ဤသို့လျှင် ပစ္စက္ခသိဒ္ဓိ, အနုမာန သိဒ္ဓိမဟူ မိမိကို အာရုံပြုသော အားဖြင့် ကိုးကွယ် အားထားလာသူ မည်သူ့ကိုမဆို အပါယ်ကျခြင်း စသည်တို့မှ "ကာကွယ်စောင့်ရှောက်တတ်သော တရား=တာဏ" ဟု ဆိုရ၏။

— * —

[ ၆ ]

*(က)။ ။လေဏ=ပုန်းအောင်းရာ။
သံသရာ ဘေးဒုက္ခကို ကြောက်ရွံ့သူတို့ ခိုလှုံ ပုန်းအောင်းရာ။

(ခ)။ ။အိုခြင်း, နာခြင်း, သေခြင်းများသည် သံသရာ ဒုက္ခများ ဖြစ်သည့်နည်းတူ သွားရ,လာရ,ပြောဆိုရနှင့် တွေ့ကြုံ

---

* ဘိ။

ဆက်ဆံရခြင်းများသည်လည်း သံသရာ့ ဘေးဒုက္ခများပင် ဖြစ်ကြ၏။

ဤဘေးဒုက္ခများနှင့် တွေ့ကြုံရမည့် အရေးကို တွေးတွေးပြီး ကြောက်ရွံ့နေတတ်သည့် အရိယာသခင် သူတော်စင်များသည် ထိုဘေးဒုက္ခများမှ တအောင့် တခဏ တဆိတ်တပေါက်ပင်ဖြစ်စေ လွတ်မြောက်အေးငြိမ်းရပါစေတော့ ဟူသော ရည်ရွယ်ချက်ဖြင့် သမာပတ် ဝင်စားတော် မူကြ၏။ ဝါ-မဖြစ်မပျက် နိဗ္ဗာန်ကို ကြည့်နေတော် မူကြ၏။ ဝါ-နိဗ္ဗာန်ဆီသို့ စိတ်ရောက်နေအောင် ပို့ဆောင်ထားကြ၏။ နိဗ္ဗာန်သို့ စိတ်ရောက်နေကြသည့် အခိုက်အခါတွင်၊ သွားရ၊ လာရ၊ ပြောဆိုရနှင့် တွေ့ကြုံ ဆက်ဆံရသော လူမှု ဒုက္ခများ၊ စိတ်ဆင်းရဲခြင်းများမှ လွတ်မြောက်နေတော် မူကြ၏။ ဤသံသရာ့ ဒုက္ခများ၏ မမြင်ကွယ်ရာ နိဗ္ဗာန်သို့ ရောက်ရှိ ပုန်းအောင်းနေကြ၏။

ထို့ကြောင့် မဖြစ်မပျက် သဘောတရားကို "ပုန်းအောင်းရာ=လေဏ" ဟု ဆိုရ၏။

— * —

[၃]

*(က)။ ။အသင်္ခတ=မပြုအပ်သော တရား။
အကြောင်းတရားတို့ မပြုအပ်သော တရား။

(ခ)။ ။စေ့စေ့စပ်စပ် နှိုက်နှိုက်ကျွတ်ကျွတ်, ဖုဖုဆစ်ဆစ် စိစစ်သုံးသပ်ကြည့်လျှင် ဖြစ်ပျက် လောကီနယ်တွင်းရှိ သက်ရှိ သက်မဲ့ မှန်သမျှတို့သည် တခုမဟုတ် တခုခုသောအကြောင်းတရား ကြောင့် ဖြစ်ပေါ်လာကြရသည်ကိုချည်း တွေ့ကြရ၏။ ကံစိတ် ဥတု အာဟာရ ဟူသော အကြောင်းတရားတို့နှင့် တနည်းမဟုတ် တနည်းနည်းဖြင့် ပတ်သက် ဆက်စပ်နေကြသည်သာ ဖြစ်၏။

အကြင်အရာသည် ကံကြောင့်ဖြစ်လာသောအရာ မဟုတ်အံ့။ ထိုအရာသည် စိတ်ဥတုအာဟာရတို့အနက်တခုခုသောအကြောင်း ကြောင့် ဖြစ်လာရသော အရာသာဖြစ်ရပါမည်။ နှစ်ခုသုံးခုသော အကြောင်းကြောင့်ဖြစ်စေ ဖြင်လာရပါမည်။

အကြင်အရာသည် စိတ်ကြောင့် ဖြစ်လာ ရသောအရာ မဟုတ်အံ့။ ထိုအရာသည်ကံဥတု အာဟာရတို့အနက် တခုခုသော အကြောင်းကြောင့် ဖြစ်လာရသောအရာသာ ဖြစ်ရပါမည်။ နှစ်ခုသုံးခုသော အကြောင်းကြောင့်ဖြစ်စေ ဖြစ်လာရပါမည်။

ဤသို့လျှင်၊ ဖြစ်ပျက်လောကီနယ်ဟု ဆိုအပ်သော ၃၁-ဘုံ အတွင်း ရှိရှိသမျှသော သက်ရှိသက်မဲ့မှန်သမျှတို့သည် အကြောင်း တရားကြောင့် ဖြစ်လာရသည်ချည်းဖြစ်၏။ ဝါ- အကြောင်း တရားတို့က ပြုအပ်, ဖန်တီးအပ်, ဖန်ဆင်းထားအပ်သော အရာ ချည်းသာ ဖြစ်ကြ၏။

သို့ဖြစ်၍၊ ရှိရှိသမျှသော သက်ရှိသက်မဲ့တို့ ဖြစ်ပေါ် လာ အောင် ပြုလုပ်ဖန်တီးသူ, ဝါ–ဖန်ဆင်းသူ အစစ်မှာ နတ်ဒေ

ဝတာဝစသော တန်ခိုးရှင် တဦးဦး မဟုတ်ပါချေ။ ကံ စိတ် ဥတု အာဟာရဟူသော အကြောင်းတရားတို့သည်သာ ဖန်ဆင်းသူ အစစ်ဖြစ်ကြ၏။ ဤသို့ သိမြင်နိုင်ရေးအတွက်ကား ဝေဖန် စိစစ်သော ဉာဏ်အမြင်တွင် အယူ, အမှတ်, အစွဲကင်းရှင်းဖို့ လို အပ်လှပါသည်။ ဓမ္မဝိဋ္ဌ ကျကျ ဖြစ်စဉ်ကိုက် ရှုမြင်နိုင်ဖို့ လို အပ်လှပါသည်။ မိမိ၏ ဉာဏ်အမြင်ကို မိမိယုံကြည်အားကိုးဖို့ လိုအပ်လှပါသည်။ ဤသည်မှာ မိမိတို့အတွက် သေရေးရှင်ရေး မက အရေးကြီးလှသော ဤအရေးကို မိမိမှတပါး အခြား သူတို့၏ လက်ထဲသို့ ဝကွက်၍ အပ်မထားဝံ့သူ တွေးခေါ်ရှင် ပညာရှိတို့အတွက်သာ ဖြစ်နိုင်ပါ လိမ့်မည်။ လူတိုင်းအတွက် ဖြစ်နိုင်မည်ဟု မျှော်လင့်ပါက ဉာဏ်အမြော်အမြင် နည်းပါး ကြောင်း သက်သေခံရာ ရောက်သွားပါလိမ့်မည်။

မဖြစ်မပျက်သဘောတရား ဟူသည်မှာ ဖြစ်လည်း မဖြစ်, ပျက်လည်းမပျက်သော သဘောတရားဖြစ်၏။ မဖြစ်သည်မှာ မပြုအပ်သောကြောင့်ဖြစ်၏။ မပြုအပ်သောကြောင့် မဖြစ်။ မဖြစ်သောကြောင့် မပျက်ရပါ။ ဖြစ်လျှင်ကား ပျက်ရမည်သာ။ မဖြစ်လျှင် မပျက်ရပါ။

မပျက်ရသည်မှာ မဖြစ်ရသောကြောင့်ဖြစ်၏။ မဖြစ်သည်မှာ မပြုအပ်သောကြောင့် ဖြစ်၏၊ မပြုအပ်သောကြောင့် "မပြု အပ်သောတရား=အသင်္ခတ"ဟု ဆိုရ၏။

— * —

[ ၈ ]

*(က)။ ။အမတ=မသေရာ။

သေခြင်းတရား မရှိရာအရပ်။

(ခ)။ ။ယာ သာ ဒိသာ အဂတပုဗ္ဗာ စသော သောတ သုတ်လာ ပါဠိတော်ဖြင့်၊ မဖြစ်မပျက်သဘောတရားကို သံသရာ တခွင် ကျင်လည်လာကြသော သတ္တဝါမှန်သမျှတို့ တရံတဆစ်မျှ မရောက်စဖူးသော အရပ်ဒေသတခုအဖြစ် မြတ်ဗုဒ္ဓက ရည်ညွှန်း သတ်မှတ်တော်မူကြောင်း သိရှိကြရပြီ ဖြစ်ပါသည်။

ဤမဖြစ်မပျက် သဘောတရားဟု ဆိုအပ်သည့် အရပ်ဒေသ တွင် သေခြင်းတရား မရှိပေ။ မသေရပါ။ မသေရသောအရပ် ဒေသ၊ ဝါ-မသေရာအရပ်ဖြစ်၏။

မသေရာဖြစ်၍ မသေရပါ။ မသေရ၍ မရှင်ရပါ။ ရှင်ရလျှင် သေရပါမည်။ သေရလျှင် ရှင်ရပါမည်။ သေခြင်းပျက်ခြင်း၌ ရှင်ခြင်းဖြစ်ခြင်းမျိုးစေ့ပါရှိနေပါသည်။ ရှင်ခြင်းဖြစ်ခြင်း၌လည်း သေခြင်းပျက်ခြင်းမျိုးစေ့က ပါရှိနေပါသည်။

သို့ဖြစ်၍၊ မြတ်ဗုဒ္ဓကသူ၏သဗ္ဗညုတရွှေဉာဏ်တော်ဖြင့်ကြည့်ရှု တော်မူသောအခါ၊ ထာဝရအသက်ဟု ခေါ်ဆိုသော ထာဝရ ရှင်သန်မှုဟူ၍မတွေ့ရပါ။ မတွေ့ရသည်မှာ မရှိသောကြောင့်သာ ဖြစ်၏။ ရှိလျှင်မူ တွေ့မြင်တော်မူမည်သာ ဖြစ်၏။ တွေ့မြင်တော်

---

*ဘိ။

မှုသည်မှာကား အလွန့်အလွန် ရှည်လျားကြာညောင်းသော ရှင်သန်နေခြင်းသာဖြစ်၏။ အလွန့်အလွန် ရှည်လျား ကြာညောင်းအောင် ရှင်သန်နေသူတို့ကား အရူပဗြဟ္မာကြီးများ ဖြစ်ကြ၏။ ယင်းတို့အနက် "နေဝသညာ နာသညာယတနဘုံသားဗြဟ္မာကြီးများသည် မဟာကပ်ပေါင်း ရှစ်သောင်းလေးထောင် အထိ အသက်ရှည်ကြ၏။"* ဟူ၍ မြတ်ဗုဒ္ဓကိုယ်တော်တိုင် ဟောကြားတော်မူခဲ့ပါသည်။

ထိုမျှလောက် တမေ့တမောကြီး အသက်ရှင်တည်ရှိနေရကား ထိုအရူပဗြဟ္မာကြီးများအဖို့ မဆိုထားနှင့်၊ ဗကဗြဟ္မာစသော ရူပဗြဟ္မာကြီးများအဖို့ပင်လျှင်၊ ရှင်သန်တည်ရှိနေခြင်းသာလျှင် လက်တွေ့အမှန်တရား ဖြစ်နေကြ၏။ သေပျောက်ခြင်းဟူသည်ကို မည်သို့မျှ နားမလည်နိုင်ကြပဲ ရှိနေကြ၏။ သည်တော့ သူတို့အဖို့ မသေမပျောက် ထာဝရအသက်ရှင်သန်နေခြင်းသည်သာ လက်တွေ့ အမှန်တရားဖြစ်သည်ဟု ထင်မြင်ယုံမှတ်စရာဖြစ်နေတော့၏။ ဤထင်မြင်ယုံမှတ်ခြင်းမှသည် "ထာဝရ အသက်ရှင်သန်ခြင်း" ဟူသော အယုံအကြည်, အပြောအဟော, အယူဝါဒတရပ် ပေါက်ဖွားလာခဲ့ခြင်းဖြစ်ပါသည်။

အမှန်အားဖြင့်၊ ရှည်လျားကြာညောင်းသော ရှင်သန်မှု၏ အဆုံးသတ်ဝယ်၊ သေပျောက်မှုက ရှိနေကြောင်းကို တွေ့မြင်နိုင်လောက်အောင် မည်သူကမျှ ဉာဏ်ပညာမကြီးမား ခဲ့ပါ။

---

* အဘိဓမ္မာပိဋက ဝိဘင်္ဂပါဠိတော်၊ နှာ ၄၄၁။

တွေ့မြင်နိုင်လောက်အောင် ဉာဏ်ပညာကြီးမားသူကားရှာမှရှား၊ မြတ်ဗုဒ္ဓ ဘုရားတဆူသာပေါ်ပေါက်ခဲ့၏။ သို့ဖြစ်၍ ထာဝရ ရှင်သန်မှုကို ယုံကြည်လက်ခံသူတို့က အများစုကြီး ဖြစ်နေပြီး၊ ထာဝရရှင်သန်မှုမရှိဟု သိမြင်လက်ခံသူတို့က လူနည်းစု ဖြစ်နေသည်မှာ အလွန်သဘာဝ ကျလှပါသည်။

ဤသည်မှာ အဘယ်မည်သော ရှင်သန်မှုမျိုးမဆို၊ သေပျက်မှုကို ရှောင်လွှဲ၍ မရနိုင်ကြောင်း ထောက်ထားစရာ သက်သေခံဖြစ်၏။ သို့ဖြစ်၍ ဖြစ်ပေါ် ရှင်သန်သောတရားသည် ပျောက်ပျက်သေကြေသောတရားဖြစ်၏။ မဖြစ်ပေါ် မရှင်သန်သော တရားသည် မပျောက်ပျက် မသေကြေရသောတရားဖြစ်၏။

ထို့ကြောင့်၊ မဖြစ်၍ မပျက်ရသော မဖြစ်မပျက်သဘောတရားသည် "မသေသောတရား = မသေရာအရပ် = အမတ" ဖြစ်၏။ ဤအမတဟူသောပါဠိမှ ဆင်းသက်လာသည့် "အမြိုက်" ဟူသည်မှာ "မသေရာ=နိဗ္ဗာန်" ဟူသော အဓိပ္ပာယ်ရှိ၏။

—*—

## [ ၉ ]

*(က)။ ။သုဒုဒ္ဒသ=အလွန်မြင်နိုင်ခဲသောတရား။
တွေ့မြင်ရဖို့ အလွန်ခက်ခဲသည့် အတွက်ကြောင့်
အလွန်မြင်နိုင်ခဲသောတရား။

* ဘိ။

(ခ)။ ။ "အလွန်မြင်နိုင်ခဲသောတရား=သုဒုဒ္ဒသ" ဟူသော ဤစကားသည် မဖြစ်မပျက် တည်ရှိသော နိဗ္ဗာန်ကို မျက်ဝါး ထင်ထင် တွေ့မြင်တော်မူခဲ့သော မြတ်ဗုဒ္ဓက နိဗ္ဗာန်၏ သဘော သဘာဝကို အမှန်အတိုင်း အကဲဖြတ်ကာ မိန့်ဆိုတော်မူခဲ့သည့် မြတ်ဗုဒ္ဓ၏နှုတ်တော်ထွက် သာမုက္ကံသိကာ ဒေသနာတော် တခွန်း ဖြစ်၏။

ဤဒေသနာတော်၌ အောက်ပါ သတင်းကောင်း စကား ငါးရပ် ပါရှိ၏။

—နိဗ္ဗာန်သည် မမြင်ကောင်းသောတရားမဟုတ်၊ မြင်နိုင် ကောင်းသော တရားသာဖြစ်၏။

—အလွယ်တကူဖြင့်သော်ကား မမြင်နိုင်၊ ကြိုးကြိုးစားစား အားထုတ်မှသာ တွေ့မြင်နိုင်မည် ဖြစ်၏။

—ပျင်းရိသူများ မြင်ကောင်းသော တရားမဟုတ်။ ကြိုးစား သူတို့သာ မြင်ကောင်းသောတရားဖြစ်၏။

—ဉာဏ်ပညာကင်းမဲ့သူ လူမိုက်များ မြင်ကောင်းသောတရား မဟုတ်။ဉာဏ်ပညာရှိသူ ပညာရှင်တို့သာမြင်ကောင်းသော တရား ဖြစ်၏။

—ဉာဏ်မျက်စိရှိပြီး၊ ကြိုးစားမှု ရှိသူတို့အား နိဗ္ဗာန်က စောင့်စားကြိုဆိုလျက် ရှိနေပါသည်။

—*—

[၁၀]

*(က)။ ။သရဏ=ကိလေသာ ညှဉ်းဆဲ ပယ်သတ်ကြောင်း တရား။

မဂ်လေးပါးတို့က ကိလေသာများကို တဖို့စီ တဖို့စီ ပယ်သတ်ကြောင်း ဖြစ်သောတရား။

(ခ)။ ။သောတာပတ္တိမဂ် တည်းဟူသော ပထမထင်းသမား က နိဗ္ဗာန်တည်းဟူသော ဓားကို အာရုံပြုသောအားဖြင့် ကိုင်စွဲ လျက်၊ ဒိဋ္ဌိဝိစိကိစ္ဆာဟူသော ထင်းချောင်းတို့ကို အကြွင်းမဲ့ ပယ် သတ်သောအားဖြင့် ခုတ်ဖြတ်၏။

—သကဒါဂါမိမဂ်ဟူသော ဒုတိယထင်းသမားက နိဗ္ဗာန် ဓားကို ကိုင်စွဲလျက်- ကာမရာဂနှင့် ဗျာပါဒ ထင်းချောင်းတို့ကို ခေါင်းပါးစေသောအားဖြင့် ခုတ်၏။

—အနာဂါမိမဂ်ဟူသော တတိယထင်းသမားကနိဗ္ဗာန်ဓားကို ကိုင်စွဲလျက်၊ ကာမရာဂနှင့် ဗျာပါဒထင်းချောင်းတို့ကိုအကြွင်းမဲ့ ပယ်သတ်သောအားဖြင့် အပြတ်ခုတ်၏။

—အရဟတ္တမဂ်တည်းဟူသော စတုတ္ထထင်းသမားက နိဗ္ဗာန် ဓားကို ကိုင်စွဲလျက်၊ ကြွင်းကိလေသာ ထင်းချောင်းတို့ကို အ ကြွင်းမဲ့ ပယ်သတ်သောအားဖြင့် အပြတ်ခုတ်ဖြတ်၏။

ထင်းသမားတို့က ထင်းချောင်းများကို ခုတ်ဖြတ်ကြရာတွင်၊ ဓားမပါလျှင်မပြီး၊ ဓားမပါလျှင် မဖြတ်နိုင်။ ဓားပါမှသာ ခုတ်

---

* ဘိ။

ဖြတ်နိုင်၏။ ထို့အတူ၊ မဂ်လေးပါးတို့က ကိလေသာ များကို ပယ်သတ်ကြရာတွင်၊ နိဗ္ဗာန်ကို အာရုံမပြုရလျှင် မပယ်သတ်နိုင်။ အာရုံပြုရမှသာ ပယ်သတ်နိုင်၏။

ဤသို့လျှင်၊ မဂ်လေးပါးတို့က ကိလေသာတို့ကိုပယ်သတ်ကြရာတွင်၊ နိဗ္ဗာန်ဟူသော မဖြစ်မပျက်အာရုံမပါလျှင် မဖြစ်နိုင်။ ပါမှသာ ဖြစ်နိုင်၏။

ထို့ကြောင့် နိဗ္ဗာန် တည်းဟူသော မဖြစ်မပျက် သဘောတရားကို "ကိလေသာ ပယ်သတ်ကြောင်း တရား=သရဏ"ဟု ဆိုရ၏။သကဒါဂါမိမဂ်က ကာမရာဂ ဗျာပါဒ တို့ကို ခေါင်းပါး စေခြင်းကို ရည်ညွှန်း၍ "ကိလေသာ ညှဉ်းဆဲကြောင်း တရား= သရဏ"ဟူ၍လည်း ဆိုရ၏။

— * —

## [ ၁၁ ]

*(က)။ ။အနာဿဝ=အာသဝတို့ အာရုံ မဟုတ်သော တရား။
အာသဝတို့၏ အာရုံမဟုတ်သည့်အတွက်ကြောင့်၊ အာသဝအာရုံ မဟုတ်သောတရား။ ဝါ-အာသဝ မရှိရာ။

---

* ဘိ။

(ခ)။ ။အာသဝ ဟူသည်မှာ ဘုံအားဖြင့် ဘဝဂ်တိုင် ယိုစီးပြီး၊ ဓမ္မအားဖြင့် မဂ်၏ ရှေ့နားရှိ ဂေါတြဘူတိုင်အောင် ယိုစီးတတ်သော သဘောတရား ဖြစ်၏။ ယိုစီးမှု ဟူသည်မှာ လိုက်ပါ ဖြစ်ပေါ်မှုပင် ဖြစ်၏။

ဤသို့ လိုက်ပါဖြစ်ပေါ်သောအားဖြင့် ယိုစီးတတ်သော အာသဝတရား လေးပါးရှိ၏။ ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ နှင့် အဝိဇ္ဇာသဝ တို့ပင်။

- ကာမာသဝ ဟူသည်မှာ အလိုကာမဟူသော လိုက်ပါ ဖြစ်ပေါ် ယိုစီးတတ်သော တရား။ တရားကိုယ်အားဖြင့် လောဘစေတသိက်ဖြစ်၏။
- ဘဝါသဝ ဟူသည်မှာ အဖြစ်ဘဝ ဟူသော လိုက်ပါ ယိုစီးတတ်သော တရား။ တရားကိုယ်အားဖြင့် လောဘ စေတသိက်ပင် ဖြစ်၏။
- ဒိဋ္ဌာသဝ ဟူသည်မှာ အယူအစွဲဟူသော လိုက်ပါ ယိုစီး တတ်သော တရား။ တရားကိုယ်အားဖြင့် ဒိဋ္ဌိ စေတသိက် ပင် ဖြစ်၏။
- အဝိဇ္ဇာသဝ ဟူသည်မှာ မသိမှုဟူသော လိုက်ပါ ယိုစီး တတ်သော တရား။ တရားကိုယ်အားဖြင့် မောဟ စေတသိက်ဖြစ်၏။

ဤလောဘ ဒိဋ္ဌိမောဟဟူသော စေတသိက်သုံးပါး သဘော တရားတို့သည် ဝေဟပ္ပိုလ်ဘုံ၊ နေဝသညာနာသညာယတနဘုံ၊ အကနိဋ္ဌဘုံ ဟူသော ဘဝဂ်ဘုံများရှိ ဗြဟ္မာကြီးများ၏ စိတ်တွင် လိုက်ပါ၊ ဖြစ်ပေါ်၊ ယှိုစီးသောအားဖြင့် ထိုစိတ်များတွင် ရှိနေကြ၊ ယှဉ်နေကြ၏။ ဤဘဝဂ်ဘုံများအထိ လိုက်ပါဖြစ်ပေါ်ကြ၏။ လိုက်ပါ အာရုံ ပြုနိုင်ကြ၏။ လောကုတ္တရာ အာဝတ္ထာဘုံ ဟူသော နိဗ္ဗာန်အထိသော်ကား ဤစေတသိက်တို့က မလိုက်ပါ၊ မဖြစ်ပေါ်၊ မယှိုစီးနိုင်ကြပါ။ သို့အတွက် နိဗ္ဗာန်တွင်မူ ထိုလောဘ ဒိဋ္ဌိမောဟဟူသော အာသဝတရားတို့ မရှိကြ၊ မယှဉ်နိုင်ကြတော့ပါ။

ထို့ကြောင့် နိဗ္ဗာန်ခေါ် မဖြစ်မပျက် သဘောတရားသည် အာသဝတို့ မရှိရာဖြစ်၏။

ရူပါရုံသည်သာလျှင် စက္ခုဝိညာဏ်စိတ်၏ အာရုံဖြစ်သော တရားဖြစ်၏။ သဒ္ဒါရုံကား စက္ခုဝိညာဏ်စိတ်၏ အာရုံမဟုတ် သောတရားဖြစ်၏။ ထို့အတူ၊ လောကီတရားတို့သည်သာ အာသဝတို့၏ အာရုံများဖြစ်ကြ၏။ လောကုတ္တရာဖြစ်သော နိဗ္ဗာန် ကား အာသဝတို့၏ အာရုံမဟုတ်သောတရားဖြစ်၏။

ထို့ကြောင့်၊ နိဗ္ဗာန်ခေါ် မဖြစ်မပျက် သဘောတရားသည် "အာသဝတို့ အာရုံမဟုတ်သောတရား=အနာသဝ"ဖြစ်၏။

— * —

# [၁၂]

*(က)။ ။ဒုက္ခက္ခယ=ဆင်းရဲခြင်းဒုက္ခကုန်ခန်းရာ။
ဒုက္ခအားလုံး ကုန်ဆုံးချုပ်ငြိမ်းအောင် ပြုတတ်သောကြောင့် ဆင်းရဲခြင်းဒုက္ခကုန်ခန်းရာ ဖြစ်သောတရား။

(ခ)။ ။ရှိရှိသမျှသော လောကီအာရုံတို့အနက်၊ မည်သည့်အာရုံမဆို၊ အာရုံပြုလာသည့် စိတ်စေတသိက်နှင့် ယင်းတို့မှီရာ ရုပ်တို့အား ဆင်းရဲဒုက္ခဖြစ်ပေါ် တိုးပွားလာအောင် ပြုတတ်သည်ချည်းဖြစ်ပါသည်။

ရုပ်ရှင်ကို နမူနာအဖြစ် လေ့လာစိစစ် ကြည့်နိုင်ပါသည်။ ကြည့်ခါစတွင် ပျော်ရွှင်ချမ်းသာသည်ဟု ထင်ရသော်လည်း၊ ကြာမြင့်လာသည်နှင့်အမျှ ကိုယ်လက်ညောင်းညာခြင်း, မျက်စိကျိန်းစပ်ခြင်းတို့ဖြင့် ကိုယ်ဆင်းရဲခြင်း ဒုက္ခများ တစတစဖြစ်ပေါ် တိုးပွားလာ၏။ ထိုမှတဆင့် စိတ်ဆင်းရဲခြင်းဒုက္ခများပါ ဖြစ်ပေါ်တိုးပွားလာ၏။

ဆန့်ကျင်ဘက်အားဖြင့်မူ၊ လောကုတ္တရာအာရုံဖြစ်သည့် နိဗ္ဗာန်ကို အာရုံပြုလာသည့် စိတ်စေတသိက်နှင့် ယင်းတို့၏မှီရာ ရုပ်တို့အား ဆင်းရဲခြင်းဒုက္ခများ လျော့နည်းလာအောင်၊ ထိုအာရုံက ပြုတတ်၏။

---

* ဘိ။

နိဗ္ဗာန်ကို မှန်းဆ အာရုံပြု၍ တရားအားထုတ်မှုကို နမူနာအဖြစ် လေ့လာစိစစ်ကြည့်ပါ။ အားထုတ်ခါစတွင် ညောင်းညာကိုက်ခဲခြင်းများကို ခံစားရသည်မှာ အမှန်ဖြစ်၏။ သို့သော် ကြာမြင့်လာသည်နှင့်အမျှ ထိုဒုက္ခများ တိုးပွားလာရမည့်အစား၊ တစတစလျော့နည်းလာသည်ကို ကိုယ်တွေ့ကြုံကြရပါလိမ့်မည်။ "မပျောက်ကင်းနိုင်တော့ပါ။ ဤရောဂါဝေဒနာတို့ဖြင့်ပင် သေဆုံးရပါလိမ့်မည်" ဟု ဆေးသမားတို့ကသတ်မှတ်ထားသော အချို့ရောဂါဝေဒနာများသော်မှ ပျောက်ကင်းချမ်းသာသူများရှိကြပါသည်။

ကိုယ်ကာယကျန်းမာ၍ စိတ်ချမ်းသာလာကြပါသည်။ ကိုယ်ဆင်းရဲမှုစိတ်ဆင်းရဲမှုများ လျော့နည်းလာအောင် နိဗ္ဗာန်တည်းဟူသော လောကုတ္တရာအာရုံက ပြုနိုင်စွမ်းသတ္တိရှိပါသည်။ ထို့ကြောင့်ပင်လျှင်၊ လက်ကျန် ဒုက္ခဟောင်းများကို ခံစားနေကြရသေးသည့်အရိယာသခင် သူတော်စင်များသည် ဆင်းရဲခြင်းဒုက္ခများလျော့နည်းသွားအောင် ဖလသမာပတ်ဝင်စားသောအားဖြင့် ဆင်းရဲခြင်းဒုက္ခများကို လျော့ပစ်တော်မူကြပါသည်၊ ထိုအခါ၊ ဆင်းရဲခြင်းဒုက္ခများ လျော့နည်းလာကြ၏။ ဤမှတဆင့်၊ လက်ကျန်ဒုက္ခများ ခံစား၍ ကုန်ဆုံးသွားသောအခါ၊ ထပ်မံခံစားကြရမည့်ဒုက္ခများ တိုးပွားမလာတော့ပဲ၊ ဆင်းရဲခြင်းဒုက္ခများကုန်ခန်းချုပ်ငြိမ်းသွားကြ၏။

ဤသို့လျှင်၊ မိမိကို အာရုံပြု, ကိုးကွယ်, အားထားလာသော်၊ ဆင်းရဲခြင်းဒုက္ခများကို လျော့နည်း ကုန်ခန်းအောင် ပြုတတ်သောကြောင့်၊ မဖြစ်မပျက်နိဗ္ဗာန်ကို "ဆင်းရဲခြင်း ဒုက္ခကုန်ခန်း

အောင်ပြုတတ်သောတရား=ဆင်းရဲခြင်း ကုန်ခန်းရာ=ဒုက္ခက္ခယ” ဟု ဆိုရ၏။

—*—

[၁၃]

*(က)။ ။ဝိသုဒ္ဓိ=စင်ကြယ်ကြောင်းတရား။
ရာဂစသော အညစ်အကြေးတို့မှ သတ္တဝါတို့စင်ကြယ်ကြောင်းတရား။

(ခ)။ ။မစင်အစရှိသော အညစ်အကြေးတို့ဖြင့် ပေရေလိမ်းကျံနေသောအခါ၊ မသန့်မရှင်း၊ ညစ်ပတ်ပေရေနေကြ၏။ ရေစင်ရေကောင်းဖြင့် သုတ်သင်ပစ်ကြရ၏။ ထိုအခါ၊ မိမိတို့ရုပ်ခန္ဓာသည် သန့်ရှင်းစင်ကြယ်လာ၏။ သို့ဖြစ်၍ ပကတိ ရေစင်ရေကောင်းသည် ရုပ်ခန္ဓာ စင်ကြယ်ကြောင်းဖြစ်၏။

ထို့အတူ၊ အမြိုက်နိဗ္ဗာန်တည်းဟူသောရေစင်ရေကောင်းသည် စိတ်သန္တာန် သန့်ရှင်းစင်ကြယ်ကြောင်း ဖြစ်၏။ ရာဂ ဒေါသစသော ကိလေသာများကစိတ်အစဉ်တွင် ခိုဝင်ကိန်းအောင်းလာသောအခါ၊ စိတ်အစဉ်သည် မသန့်မရှင်း ညစ်ပေလာ၏။ ထို့ကြောင့် ယင်းကိလေသာများကို “အညစ်အကြေး=မလ”ဟု

* ဘိ။

မြတ်ဗုဒ္ဓက ခေါ်ဝေါ်သတ်မှတ်တော်မူခဲ့၏။ "စိတ်ချေးညှော်" ဟု ဆိုလို၏။

ရာဂဒေါသ မောဟစသည့် ကိလေသာ စိတ်ချေးညှော်တို့ဖြင့် ညစ်ပေနေသောစိတ်အစဉ်ကိုမူ ပကတိရေစင်ဖြင့် ဆေးကြောသုတ်သင်၍ မရပါ။ အမြိုက်ရေစင်ဖြင့်သာ ဆေးကြောသုတ်သင်ပစ်ကြရ၏။ ဆေးကြောသုတ်သင်ပစ်ဖို့အတွက်၊ စိတ်ကို အမြိုက်နိဗ္ဗာန်ဆီသို့ ပို့ပို့ပေးပြီး အမှန်းအဆ အနုမာနသိဒ္ဓိဖြင့်ဖြစ်စေ၊ တိုက်ရိုက်ပစ္စက္ခသိဒ္ဓိဖြင့် ဖြစ်စေ အာရုံပြု–ပြုပေးကြရပါမည်။

နိဗ္ဗာန်ကို တိုက်ရိုက်အာရုံ မပြုနိုင်သေးမီ၊ အမှန်းအဆဖြင့် အာရုံပြုကြရ၏။ ဤသို့အာရုံပြုနေလျက်က၊ သီလသိက္ခာကို ဆောက်တည် ကျင့်သုံးကြရပါသည်။ ဤသို့ ဆောက်တည် ကျင့်သုံးခြင်းသည် "အကြမ်းစား စိတ်ချေးညှော်=ဝီတိက္ကမကိလေသာ" ကို ဆေးကြော သုတ်သင်ပစ်ခြင်းဖြစ်၏။

တဆင့်တက်၍၊ သမာဓိသိက္ခာကို ဖြည့်ကျင့်ပွားများကြရပါမည်။ ဤသို့ဖြည့်ကျင့် ပွားများခြင်းသည် "အလတ်စား စိတ်ချေးညှော်=ပရိယုဋ္ဌာန ကိလေသာ"ကို ဆေးကြော သုတ်သင်ပစ်ခြင်းပင် ဖြစ်၏။

ဤမျှဖြင့်မရပ်နားပဲ၊ နောက်ဆုံးအဆင့်အနေဖြင့် ပညာသိက္ခာကို ဖြည့်ကျင့်အားထုတ် ကြရပါမည်။ ဤသို့ ဖြည့်ကျင့်အားထုတ်ခြင်းသည် "အနုစားစိတ်ချေးညှော်= အနုသယကိလေသာ"ကို ဆေးကြော သုတ်သင်ပစ်ခြင်းပင် ဖြစ်၏။

ဤသို့လျှင်၊ သိက္ခာတို့ကို ဖြည့်ကျင့်နေလျက်က၊ နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် နိဗ္ဗာန်သို့ ရောက်ရောက်နေသော စိတ်အစဉ်တွင် စွဲထင်ပေရေနေသော စိတ်ချေးညှော် ကိလေသာများ တစတစ သန့်စင်လာကြပါမည်။ နောက်ဆုံးတွင် လုံးဝ ဖြူစင်လာကြမည်သာဖြစ်၏။ ဤသို့ ဖြူစင်သန့်ရှင်းလာကြရာတွင် နိဗ္ဗာန်သည် ရေစင်ရေကောင်းသဖွယ် အကျိုးပြု သောကြောင့် မဖြစ်မပျက်နိဗ္ဗာန်ကို "စင်ကြယ်ကြောင်းတရား=ဝိသုဒ္ဓိ"ဟု ဆိုရ၏။

—*—

[ ၁၄ ]

¶(က)။ ။ဝိမုတ္တိ=လွတ်မြောက်သောတရား။
သင်္ခါရတရား အားလုံးတို့မှ လွတ်မြောက်သောကြောင့်၊ လွတ်မြောက်သောတရား။

(ခ)။ ။ဖြစ်ပျက်သဘောတရားတို့သည် သင်္ခါရတရားတွင် အကျုံးဝင်နေသောကြောင့်၊ သင်္ခါရတို့မှ မလွတ်မြောက်သောတရား သင်္ခတနယ်ပယ်၏ အကျဉ်းကျတရားတို့ဖြစ်ကြ၏။ မဖြစ်

¶ ဘိ။

မပျက်သဘောတရားကား ယင်းသို့မဟုတ်။ ယင်းသဘောတရားသည် သင်္ခါရတရားတို့တွင် အကျုံးမဝင်၊ မပါရှိသောကြောင့် သင်္ခတနယ်ပယ်မှ "လွတ်မြောက်သောတရား=ဝိမုတ္တိ" ဖြစ်သည်ဟု ဆိုရ၏။

—*—

# [ ၁၅ ]

*(က)။ ။အသင်္ခတဓာတု=အသင်္ခတဓာတ်။
အသင်္ခတခေါ် အကြောင်းတရားတို့ မပြုအပ်သော သဘောတရားသည်ပင်လျှင်၊ သတ္တဝါလည်း မဟုတ်, အသက်ဇီဝလည်း မဟုတ်သဖြင့် ငြိမ်းချမ်းသောလက္ခဏာကိုဆောင်သောကြောင့် အသင်္ခတဓာတ်မည်၏။

(ခ)။ ။မဖြစ်မပျက်သဘောတရားဟု ဆိုအပ်သော မပြုအပ်သော သဘောတရား အသင်္ခတသည် ဓာတ်တမျိုးဖြစ်၏။ သူ့သဘောနှင့်သူ ရှိနေသောကြောင့်ပင်။ သူ့သဘောနှင့်သူ ရှိနေသော သဘော, သူ့သဘောသူဆောင်နေသော သဘောတရား

---

* ဘိ။

ကို "ခေတ်" ဟု ဆိုရ၏။ အတယ်သဘောလက္ခဏာကို ဆောင်သနည်းဟူမူ "ငြိမ်းအေးခြင်း" သဘောလက္ခဏာကို ဆောင်နေ၏။ ငြိမ်းအေးခြင်းသည်ပင်လျှင် မဖြစ်မပျက်သော သဘောတရား၏ အမှတ်တံဆိပ် လက္ခဏာဖြစ်သည်ဟု ဆိုလို၏။

ဤသို့လျှင်၊ အကြောင်းတရားတို့ မပြုအပ်သော အသင်္ခတ သဘောတရားဖြစ်သည့် နည်းတူ၊ ငြိမ်းအေးခြင်း လက္ခဏာကို ဆောင်နေသော ခေတ်လည်းဖြစ်၍၊ မဖြစ်မပျက် သဘောကို "အသင်္ခတခေတ်" ဟု ဆိုရလေသည်။

"ရုပ်ခေတ်, နာမ်ခေတ်, နိရောဓ(=အသင်္ခတ) ခေတ်ဟူ၍ သုံးသဘော သုံးဆောင်နေသောတရား ခေတ်သုံးပါးရှိ၏"¶။ ဟူ၍ မြတ်ဗုဒ္ဓ ဟောတော်မူခဲ့ပါသည်။

ဤခေတ်သုံးပါးတို့အနက် "ရုပ်ခေတ်ထက် နာမ်ခေတ်ကပို၍ သိမ်မွေ့ငြိမ်သက်၏။ နာမ်ခေတ်ထက် အသင်္ခတနိရောဓခေတ်က ပို၍ သိမ်မွေ့ငြိမ်သက်၏။ ဝါ-အသိမ်မွေ့အငြိမ်သက်ဆုံးသော ခေတ်ဖြစ်၏။"§ ဟူ၍လည်း ဟောတော်မူခဲ့ပါသည်။

အငြိမ်သက်ဆုံးဖြစ်၍ အသိမ်မွေ့ဆုံးဖြစ်၏။ အသိမ်မွေ့ဆုံးဖြစ်၍ အနက်ရှိုင်းဆုံးဖြစ်၏။ အနက်ရှိုင်းဆုံးဖြစ်သောကြောင့် "အသိရအမြင်ရ အခက်ဆုံးသောတရား=သုဒ္ဒသ" ဖြစ်သည်

---

¶ ဣတိဝုတ္တက၊ တိကနိပါတ၊ ပထမဝဂ္ဂ၊ ခေတုသုတ္တ။
§ ဣတိဝုတ္တက၊ တိကနိပါတ၊ တတိယဝဂ္ဂ၊ သန္တတရသုတ္တ။

ဟူ၍လည်း မြတ်ဗုဒ္ဓက အကဲဖြတ် ဟောတော်မူခဲ့သည်ကို သိရှိခဲ့ရပါပြီ။

— * —

[ ၁၆ ]

*(က)။ ။အပလောကိတ=မပျက်စီးသောတရား။
ပျက်စီးခြင်းအဖြစ်သို့ရောက်မသွားသောကြောင့် မပျက်စီးသောတရား။ ဝါ- အပလောကိတ။ အပျက်သဘောဖြင့် သိအပ်သော တရားများ မရှိ သောကြောင့်လည်း အပလောကိတ။

(ခ)။ ။ဖြစ်လျှင် ပျက်၏။ မဖြစ်လျှင် မပျက်။ ဖြစ်ပေါ်လာသော သဘောတရားသာ ပျက်ရ၏။ မဖြစ်ပေါ်လာသော သဘောတရားကား မပျက်ရပါ။ မပျက်ရသော သဘောတရားမှာ "မဖြစ်ပေါ်သောတရား=အကြောင်းတရားတို့ မပြုအပ်သော တရား=အသင်္ခတဓမ္မ"ဖြစ်၏။

ထို့ကြောင့် အသင်္ခတဓမ္မခေါ် မပြုအပ်သောတရား၊ မဖြစ်သော တရားသည် "မပျက်စီးသောတရား=အပလောကိတ"ဖြစ်သည်ဟု ဆိုရ၏။

—*—

---

* ဘိ။

# [ ၁၇ ]

*(က)။ ။အပဝတ္တ=အနုပ္ပာဒ=မဖြစ်ပေါ်သော တရား။

(ခ)။ ။ကံ စိတ် ဥတု အာဟာရ ဟူသော အကြောင်းတရားတို့က ပြုအပ်သော သဘောတရားသည် "ပြုအပ်သော တရား=သင်္ခတ" ဖြစ်၏။ ပြုအပ်သော သင်္ခတဓမ္မသည် "ဖြစ်ပေါ်သော တရား=ဥပ္ပာဒ=ပဝတ္တ" ဖြစ်၏။

ကံ စိတ် ဥတု အာဟာရဟူသော အကြောင်းတရားတို့က မပြုအပ်သောသဘောတရားကား "မပြုအပ်သောတရား=အသင်္ခတ" ဖြစ်၏။ မပြုအပ်သော အသင်္ခတ နိဗ္ဗာန်သည် "မဖြစ်ပေါ်သော တရား=အနုပ္ပာဒ=အပဝတ္တ" ဖြစ်၏။

အကြောင်းတရားတို့က ပြုအပ်သောတရား မဟုတ်၍ မဖြစ်ပေါ်ရ။ မဖြစ်ပေါ်ရ၍ မပျက်ရ။ မဖြစ်မပျက်ရ၍ ဖြစ်ပေါ်လာပုံ, ပျောက်ပျက်သွားပုံတို့ကို နိဗ္ဗာန်၌ မတွေ့ရှိရကြောင်း "ဖြစ်ပေါ်လာပုံလည်း မထင်၊ ပျောက်ပျက်သွားပုံလည်း မထင်။ တည်ရှိနေမှု၏ တမျိုးတမည် ပြောင်းလဲပုံလည်း မထင်" ဟူ၍ ဟောတော်မူခဲ့သည့် မြတ်ဗုဒ္ဓ၏ အဆိုအမိန့်ကို အင်္ဂုတ္တရနိကာယ် တတိယနိပါတ အသင်္ခတ လက္ခဏာသုတ်တွင် သင်္ဂါယနာတင်ထားတော် မူကြ၏။

[ ၁၈ ]

*(က)။ ။အသံကိလိဋ္ဌ=မညစ်ညူးသော တရား။

( ခ )။ ။ညစ်ညူးခြင်း ဟူသည်မှာ လောဘ ဒေါသ စသော ကိလေသာများ ဖြစ်ကြောင်း သိရှိခဲ့ကြရပါပြီ။ ဤကိလေသာများသည် ဖြစ်ပျက်လောကီ တရားမှာသာ ရှိနိုင်ကြ၏။ မဖြစ်မပျက် လောကုတ္တရာတွင်ကား မရှိနိုင်ကြ၊ မရှိကြပါပေ။

ထို့ကြောင့် လောကုတ္တရာဖြစ်သော မဖြစ်မပျက် သဘော တရားသည် ညစ်ညူးခြင်း မရှိသော "မညစ်ညူးသောတရား= အသံကိလိဋ္ဌ" ဖြစ်၏။ မညစ်ညူးသော အသံကိလိဋ္ဌဖြစ်၍ သန့်ရှင်းစင်ကြယ်သောကြောင့်လည်း "စင်ကြယ်သောတရား= ဝိသုဒ္ဓိ"ဖြစ်ကြောင်း သိရှိခဲ့ကြရပါပြီ။

ဤသို့ မညစ်ညူးပဲ စင်ကြယ်သောကြောင့်လည်း ကြည်လင် သောတရား ဖြစ်၏။ ကြည်လင်သော အရာကို ကြည့်မြင်နေရ သော စိတ်အစဉ်သည် မနောက်ကျူပေ။ စင်ကြယ်၏။ အလင်း ရောင်ကို ကြည့်မြင်နေရသည်နှင့် တူ၏။ ထို့ကြောင့်"ကြည့်မြင် နေသူအဖို့ [နိဗ္ဗာန်သည်]အလင်းရောင်နှင့် တူ၏=အာလောကော ပဿတာမိဝ"ဟူ၍ မြတ်ဗုဒ္ဓ ဟောတော်မူခဲ့သော စကားတော် သည် မဟာဝဂ္ဂသံယုတ် ရူပါရာမသုတ်တွင် ရှိနေပါသည်။

—*—

* သမ္မောဟဝိနောဒနီ အဋ္ဌကထာ။

[ ၁၉ ]

*(က)။ ။သုညတ = ဆိတ်သုဥ်းသော တရား။
သင်္ခါရတရား အားလုံးမှ ဆိတ်သုဉ်းသောကြောင့်
ဆိတ်သုဉ်းသော တရား။

(ခ)။ ။သာမန်အားဖြင့်ဆိုသော် "အာကာသကောင်းကင်တွင် ဘာကမှ မရှိ။ ဘာကမှ မရှိသော ကောင်းကင်သည်ရှိ၏" ဟု ဆိုကြရ၏။ သို့သော် ဘာကမှ မရှိပါဟု ဆိုသော ကောင်းကင်ထဲတွင် မမြင်ရသော ဝါယောရုပ်ဓာတ်ဟု ဆိုအပ်သည့် လေထု၊ တေဇောရုပ်ဓာတ်ဟု ဆိုအပ်သည့် ပူမှု, အေးမှု၊ အာပေါရုပ်ဓာတ်ဟု ဆိုအပ်သည့် ရေခိုး ရေငွေ့၊ ပထဝီရုပ်ဓာတ်ဟု ဆိုအပ်သည့် ခက်မာမှုများ အများအပြား ရှိနေသည့် အပြင်၊ မြင်ရသော နေလ နက္ခတ်တာရာ ကြယ်တကာဟု ဆိုအပ်သည့် ရုပ်ဓာတ်အဖွဲ့အစည်းများနှင့် မမြင်ရသော နာမ်တရား အဖွဲ့အစည်းများ ဖြစ်သည့် အရူပဗြဟ္မာ စသော သင်္ခါရတရားများနှင့် ပြည့်နှက်နေအောင် ရှိနေ၏။

မဖြစ်မပျက်သဘော နိဗ္ဗာန်ဓာတ်မှကား အဆိုပါ မြင်ကောင်းသော သင်္ခါရ တရားများရော၊ မမြင်ကောင်းသော သင်္ခါရ တရားများပါ၊ သင်္ခါရဟူ၍ တတိုတစမျှ မရှိပါချေ။ ဤသို့ မရှိကြောင်းကို ဥဒါနပါဠိ ဗောဓိဝဂ္ဂ ဗာဟိယသုတ်လာ ယတ္ထ

---

* အဘိဓမ္မတ္ထဝိဘာဝိနီ၊ နိဗ္ဗာနဝဏ္ဏနာ။

အာပေါစ ပထဝီ စသော စကား၊ ဒီဃနိကာယ သီလက္ခန္ဓဝဂ္ဂ ကေဝဋ္ဋသုတ်လာ ဝိညာဏံအနိဒဿနံစသော စကားတို့ဖြင့်မြတ်ဗုဒ္ဓ ကိုယ်တော်တိုင် မိန့်ဆိုတော် မူခဲ့ကြောင်း ရှင်းပြခဲ့ပါပြီ။

ဤသို့ သင်္ခါရတရားများ မရှိခြင်းကိုပင်လျှင် သင်္ခါရတရား တို့မှဆိတ်သုဉ်းကင်းမဲ့နေသည်ဟု ဆိုရ၏။ ထို့ကြောင့် မဖြစ်မ ပျက်သောသဘောတရားကို "ဆိတ်သုဉ်းသောတရား=သုညတ" ဟု ဆိုရ၏။

—*—

[၂၀]

§(က)။ ။အစ္ဆရိယ=အံ့သြဖွယ်။

(ခ)။ ။ဖြစ်ရိုးဖြစ်စဉ်ထက် ထူးခြားလွန်ကဲစွာ ဖြစ်ပျက် လာသော် အံ့သြဖွယ်ဟု ဆိုကြရ၏။ ဥပမာဆိုသော်—ဆယ်နှစ် အရွယ် အမျိုးသမီးငယ်များက ကိုယ်ဝန်ဆောင်ကြရိုး ထုံးစံ မရှိပါ။ သို့ပါလျက်၊ ဖြစ်ရိုးဖြစ်စဉ်ထက် ထူးကဲပြီး ဆယ်နှစ်ရွယ် အမျိုးသမီးငယ်တယောက်က ကိုယ်ဝန်ဆောင်လာသည်ကို တွေ့

---

§ အသင်္ခတသံယုတ်။

ကြရပါအံ့။ အံ့ဖွယ်ဟုဆိုကြရ၏။ တိရစ္ဆာန်များက လူစကား ပြောဘတ်ရိုး ထုံးစံမရှိပါ။ သို့ပါလျက်၊ တကောင်ကောင်သော တိရစ္ဆာန်က လူသားလိုစကားပြောကြားလာသော်၊ အံ့ဖွယ်ဟု ဆိုကြရ၏။

တယောက်ယောက်သောသူက တခုခုသော ဘွဲ့မည်ရည်ကို ရရှိလာသည်မှာ မဆန်း။ ဖြစ်ရိုးဖြစ်စဉ် သဘောပင်။ နှစ်ခု သုံးခုသော ဘွဲ့မည်ရည်တို့ကို ရရှိလာသည်မှာလည်း မထူးဆန်း လှပါ။ အံ့ဖွယ်ဟု မဆိုနိုင်သေးပါ။ လေးငါး ခြောက်ခုသော ဘွဲ့မည်ရည်တို့ကို ရရှိလာလျှင်ကား အံ့သြချီးကျူးစရာ ဖြစ်လာ ကြရ၏။ ထို့ထက်ပိုမို ရရှိလာပါမူ ရှာမှရှား၊ အံ့တပါးဟု ဆို လာကြရတော့၏။

ပရမတ္ထတရား လေးပါးတို့အနက်၊ ရုပ်ပရမတ်သည် "ရူပ" ဟူသော အမည်တခုသာ ရ၏။ စိတ်ပရမတ်ကား "စိတ္တ၊ မန၊ ဝိညာဏ" ဟူသော အမည်သုံးခုရ၏။ စေတသိက်ပရမတ်များ လည်း "ဖဿ၊ ဝေဒနာ" စသော အမည်တခုစီသာ ရရှိကြ၏။ ထိုမျှသော အမည်များသာ ရရှိစေနိုင်သည့် ဂုဏ်သတ္တိများ ရှိကြ၏။

နိဗ္ဗာန်ပရမတ်ကား ယင်းသို့မဟုတ်။ အမည်နာမပေါင်း ရှစ်ဆယ်ကျော်မျှ ရရှိသည်အထိ ဂုဏ်ထူးသတ္တိ ဝိသေသ စွမ်းရည် များ ရှိနေ၏။ ရှိနေကြောင်းကိုလည်း ကောက်နုတ်ဖော်ပြခဲ့ သည့် နိဗ္ဗာန်ဟောပရိယာယ်ပုဒ်ပေါင်း နှစ်ဆယ်တို့ကသက်သေခံ နေပါပြီ။

မှန်ပါသည်။ ဤအမည်နာမ နှစ်ဆယ်တို့အနက်၊ တခုခု သော အမည်နာမကို ရရှိစေသည့် အသီးသီးသော ဂုဏ်ထူးသတ္တိ ဝိသေသစွမ်းရည်များက အသီးသီးသော အမည် နာမများ အတွက်ရှိနေကြောင်းတွေ့ရှိကြရပါပြီ။ ထို့အတူပင် ကြွင်းခြောက် ဆယ်ကျော်သော အမည် နာမများကို ရရှိစေသည့် အသီးသီး သော ဂုဏ်ထူးသတ္တိ ဝိသေသ စွမ်းရည်များသည်လည်း အသီးသီး သော အမည် နာမများအတွက် ရှိနေကြသည်သာ ဖြစ်ကြောင်း သိရှိနိုင်ကြပါပြီ။

ယင်းသို့လျှင် မဖြစ်မပျက်သော ဤအသင်္ခတဓာတ် သဘော သည် ဤမျှလောက် များပြားလှသော အမည် နာမများကို ရရှိစေနိုင်သည့် ဂုဏ်ထူးသတ္တိ ဝိသေသ စွမ်းရည်တို့နှင့် ပြည့်နှက် နေသည်မှာ ဖြစ်ရိုး ဖြစ်စဉ်ထက် တကယ်ပင် ထူးခြား လွန်ကဲ နေပါသည်။ မဖြစ်စဖူး အံ့ဖွယ် ထူးပါတိသည်။ လေးလေး နက်နက် စဉ်းစားကြည့်လေ၊ အံ့သြရလေ ဖြစ်နေပါသည်။

ထို့ကြောင့် မဖြစ်မပျက်သဘော နိဗ္ဗာန်ကို "အံ့ဖွယ်တရား= အစ္ဆရိယ" ဟု ဆိုရလေသည်။

— * —

ဤသို့ အံ့ဖွယ်ရာ ဂုဏ်ထူးသတ္တိ ဝိသေသ စွမ်းရည်များနှင့် ပြည့်နှက်နေသော နိဗ္ဗာန် ဟူသည်မှာ အရှိတရား စင်စစ် ဖြစ်ကြောင်း ကောင်းစွာ သိမြင်နိုင်ကြပါပြီ။ အကယ်၍ အရှိတရား မဟုတ်ပဲ မရှိတရား ဖြစ်နေခဲ့ပါမူ၊ ဤသို့ ဂုဏ်တင်၍လည်း ရမည်မဟုတ်၊ ရေးသား ပြောဟော၍လည်း ရမည် မဟုတ်ပါ။ ယခုမူ ဤသို့ ဂုဏ်တင်၍လည်းရ၊ ရေးသား ပြောဟော၍လည်း ရနေသည်မှာ "နိဗ္ဗာန်ဟူသော သဘောတရား တခုက ပရမတ္ထ အားဖြင့် အထင်အရှား ရှိနေကြောင်း" အကောင်းဆုံးသော ထောက်ထားစရာပင် မဟုတ်ပါလော။

မြင်စရာ ရူပါရုံသည် အရှိတရားဖြစ်ကြောင်း မကန်းမကွယ် ပကတိ ကောင်းမွန်နေသော မျက်စိက သက်သေခံ၏။ ကန်းကွယ် နေသော မျက်စိကား သက်သေမခံနိုင်ပါ။ ကန်းကွယ်နေသော မျက်စိက သက်သေမခံနိုင်သည့်အတွက် အရှိတရားဖြစ်သော ရူပါရုံက မရှိတရား ဖြစ်မသွားပါ။ အရှိတရား ဖြစ်မြဲ ဖြစ်နေ သည်သာပင်။

ထို့အတူပင် နိဗ္ဗာန်သည် အရှိတရားဖြစ်ကြောင်း အရိယာ တို့၏ ဉာဏ်မျက်စိတို့က သက်သေခံထားကြ၏။ ပုထုဇဉ်တို့၏ ပကတိ မျက်စိခေါ် မံသစက္ခုတို့ကား သက်သေမခံနိုင်ကြပါ။ မံသစက္ခုတို့က သက်သေ မခံနိုင်ကြသည့်အတွက် အရှိတရား ဖြစ်သော နိဗ္ဗာန်က မရှိတရား ဖြစ်မသွားပါ။ အရှိတရား ဖြစ်မြဲ ဖြစ်နေသည်သာ။

အရှိတရားဖြစ်သော နိဗ္ဗာန်ကို သိမြင်ရဖို့အတွက် "ဉာဏ်မျက်စိ=ဉာဏစက္ခု=ဓမ္မစက္ခု" ရရှိပိုင်ဆိုင်ဖို့ လိုအပ်လာပါသည်။ ဥပမာ၊ အရှိတရား ဖြစ်သော ရူပါရုံကို သိမြင်ရဖို့အတွက် မကန်းမကွယ်သော ပကတိ မျက်စိခေါ် မံသစက္ခု ရှိထားနှင့်ဖို့ လိုအပ်သည်နှင့် တူပါသည်။

သမားကောင်းထံ ချဉ်းကပ်ပြီး စနစ်ကကျ ကုသပါလျှင် ကန်းကွယ်နေသော မျက်စိများ အလင်းရလာနိုင်ပါသည်။ ထို့အတူ ဆရာကောင်းထံ ဆည်းကပ်ပြီး စနစ်တကျ ကျင့်ကြံကြိုးကုတ် အားထုတ်ပါလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ဟု ဆိုအပ်သည့် ဉာဏ်မျက်စိများ ဖြစ်ပေါ်ရရှိလာနိုင်ပါသည်။

မဂ်ဉာဏ် ဖိုလ်ဉာဏ်ဟု ဆိုအပ်သည့် ဉာဏ်မျက်စိများ ရရှိလာရေးအတွက် လက်တွေ့ကျင့်ကြံ ကြိုးကုတ် အားထုတ်ရပါမည်။ ဖတ်ရှုလေ့လာရုံ၊ တွေးခေါ်ကြံဆရုံမျှတို့ဖြင့် ဉာဏ်မျက်စိများကို ရရှိမလာနိုင်ကြပါ။ ဖတ်ရှုလေ့လာမှု့ တွေးခေါ်ကြံဆမှုတို့သည် စာတွေ့ပရိယတ်များသာ ဖြစ်ကြပါသေးသည်။ ကျင့်ကြံ အားထုတ်မှုတို့သာ လက်တွေ့ပဋိပတ်များ ဖြစ်ကြ၏။

လက်တွေ့ အားထုတ်ပါမှ ဖြစ်ပေါ်ရရှိနိုင်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ခေါ် ဉာဏ်မျက်စိများကို စာတွေ့လေ့လာမှုတို့ဖြင့်မရနိုင်ပါ။ ဥပမာ အရပ်ဒေသ တခုခုနှင့် ပတ်သက်သော အကြောင်းအရာ စာပေကို ဖတ်ရှု လေ့လာနေရုံမျှဖြင့် ထိုအရပ်ဒေသသို့ အလိုအလျောက် ရောက်ရှိ မသွားနိုင်ပါ။ ထိုအရပ်ဒေသသို့

ခြေလျင် ခရီးဖြင့် ဖြစ်စေ၊ ယာဉ်ရထားစီး၍ ဖြစ်စေ သွားပါမှ ရောက်ရှိကြရသည်နှင့် တူပါသည်။ ထို့အတူပင် နိဗ္ဗာန်နှင့် ပတ်သက်သော အကြောင်းအရာ စာပေများကို ဖတ်ရှု လေ့လာနေရုံမျှဖြင့်ကား နိဗ္ဗာန်ကို မျက်မှောက်ပြု မလာနိုင်ပါ။ "နိဗ္ဗာန်ရှိသည်" ဟူသော ယုံကြည်မှု သဒ္ဓါတရား မျှလောက်ကိုသာ အများဆုံး ရရှိနိုင်ပါမည်။

မိမိကိုယ်တိုင် မျက်မှောက်ပြုရခြင်းမှ ဖြစ်ပေါ်လာသော ကိုယ်တွေ့ အသိအမြင် ဉာဏ်ပညာကိုကား မရရှိနိုင်သေးပါ။ ယုံကြည်သလို သိမြင်သော အဆင့်သို့ မရောက်ရှိလာနိုင်သေးပါ။

ယုံကြည်သလို သိမြင်ပြီး၊ သိမြင်သလို ယုံကြည်သော အဆင့်သို့ တက်လှမ်းရောက်ရှိဖို့ လိုအပ်နေပါသေးသည်။ ဤအဆင့်သို့ တက်လှမ်းနိုင်ရေးအတွက် ရှိသည်ဟု ယုံကြည်ထားသော နိဗ္ဗာန်ကို ကိုယ်တိုင် မျက်မှောက်ပြုရဖို့ လိုအပ်ပါသည်။

ကိုယ်တိုင် မျက်မှောက်ပြုရဖို့အတွက် စာတွေ့မှ တဆင့်တက်၍ လက်တွေ့ကျင့်ကြံ ကြိုးကုတ်အားထုတ်ကြရပါမည်။ အားထုတ်သော် မျက်မှောက်ပြုကြရပါလိမ့်မည်။ မျက်မှောက်ပြုရသော် ကိုယ်တွေ့ အသိအမြင် ဉာဏ်ပညာများ ရရှိလာပါလိမ့်မည်။

ယုံကြည်သလို သိမြင်လာပါလိမ့်မည်။ သိမြင် သလိုလည်း ယုံကြည်လာပါလိမ့်မည်။ ဤသို့ သိမြင်သလို ယုံကြည်လာသော ယုံကြည်မှု သဒ္ဓါကား ခိုင်မြဲသွားပါပြီ။ မတုန်လှုပ်တော့ပါပြီ။

"နိဗ္ဗာန်ဟူသည် စိတ်ကူးယဉ် အိပ်မက်ပါ"စသော အပြော အဟောအယူအဆများကြောင့် မချောက်ချား မယိမ်းယိုင်တော့ ပါပြီ။ "မယိမ်းယိုင် မတုန်လှုပ်သော ယုံကြည်မှု=အစလ သဒ္ဓါ" ဖြစ်ပေါ်လာပါပြီ။ ဤသို့သော အစလ သဒ္ဓါမျိုး မိမိတို့ သန္တာန်မှာ ဖြစ်ပေါ် ပေါက်ဖွားလာအောင် စာတွေ ဖတ်ရှု လေ့လာမှုမှတဆင့်တက်၍ လက်တွေ့ကျင့်ကြံ ကြိုးကုတ်အားထုတ် နိုင်ကြပါစေဟု ဆန္ဒပြုပါသတည်း။

## နိဂုံး

"အမြိုက်နိဗ္ဗာန်"ကား ဤမျှဖြင့် ပြီးဆုံးသွားပါပြီ။

"ပြီးမြောက်အောင် မလုပ်ဆောင်ရသေးလျှင် အသေဖြောင့် ဖွယ် မရှိ။ သေလို့ မဖြစ်သေး။ မသေခင် ပြီးမြောက်အောင် လုပ်ဆောင်သွားနိုင်ပါရစေ"ဟု စိတ်ထဲတွင် တကြောင့်ကြကြ ရှိနေရသော အလုပ်တခု ပြီးမြောက်အောင်မြင် လာပြန်ပါပြီ။ ကံကောင်းထောက်မလေစွ။

## ပူဇော်မှု

ဤအမြိုက်နိဗ္ဗာန်ကို ရေးသားပြုစုသောအားဖြင့် ဘုရား, တရား, သံဃာနှင့် ဆရာ မိဘတို့အား အမြတ်ဆုံး ပူဇော်ခြင်းဖြင့် ဂုဏ်ပြု ပူဇော်ပါသည်။

# ဆန္ဒမှန်

- နိဗ္ဗာန်၏ သဘော သဘာဝကို လေ့လာ သိရှိလိုသူ သုတေသီတို့၏ လိုအင်ဆန္ဒကို ဖြည့်စွမ်းနိုင်ပါစေ။
- နိဗ္ဗာန်ကို ဘဝ လွတ်မြောက်ရေး ရည်မှန်းချက်အဖြစ် ထားရှိကြသူ ဗုဒ္ဓဝါဒီတို့၏ အဆုံးသတ် ဦးတည်ချက်ကို ပို၍ ပေါ်လွင် ပီပြင်နိုင်ပါစေ။
- စာတွေမျှဖြင့် ရောင့်ရဲမနေကြပဲ၊ လက်တွေ့ အားထုတ် လုပ်ဆောင် လာကြဖို့ အရေး သွေးဆောင်ပေးသော တွန်းအား တရပ် အဖြစ်ဖြင့် အကျိုး ပြုနိုင်ပါစေ သတည်း။

ကရင်ပရိယတ္တိကျောင်းတိုက် — အရှင်အာစိဏ္ဏ။
ဗဟန်း၊ ရန်ကုန်။

အမြိုက်နိဗ္ဗာန် ပြီးပါပြီ။

# "ဓမ္မဒါန ပါရမီကုသိုလ်"

မိမိအတွက် မည်သည့်အကျိုးကျေးဇူးကိုမျှ ရယူခံစားမှုမပြုပဲ၊ ဆရာတော်သည် ဤကျမ်းစာအုပ်ကို ရေးသား ပြုစုသောအားဖြင့် ဓမ္မဒါန ပြုပါသည်။

ဆရာတော်၏ ညွှန်ကြားချက်အရ၊ ရိုက်နှိပ် ထုတ်ဝေသူတို့ကလည်း လုပ်ငန်းဆက်လက် လည်ပတ်နိုင်ရေးအတွက်၊ မယူမဖြစ်သော အမြတ်အစွန်းမျှကိုသာ ယူပြီး၊ လူများစု ဝယ်ယူ ဖတ်ရှုနိုင်အောင် ဈေးနှုန်းကို လျှော့နိုင်သမျှ လျှော့ထားသောအားဖြင့်၊ ဆရာတော်၏ ဓမ္မဒါန ပါရမီကောင်းမှုတွင် ဓမ္မဒါနပြု ကုသိုလ်ပါဝင်ကြပါသည်။

ထို့အတူ စာရှုသူတို့ကိုလည်း တိုက်တွန်းနှိုးဆော်လိုပါသည်။ ဤစာအုပ်သည် သင့်အား ဗဟုသုတ တိုးပွားစေသည်၊ အကျိုးများစေသည်ဟု ထင်မြင်ယူဆပါလျှင်၊ မိမိ၏ စေတနာ ရောက်ရသူလည်း ဗဟုသုတတိုးပွား အကျိုးများရလေအောင် ငှားရမ်း ဖတ်ရှုစေသောအားဖြင့် ဓမ္မဒါနပြု ကုသိုလ်ပါဝင်စေချင်ပါသည်။

သို့မဟုတ် တတ်နိုင်ပါက၊ ဓမ္မလက်ဆောင်အဖြစ် **စာတအုပ်** ဝယ်ယူပေးလှူသောအားဖြင့် ဆရာတော်တို့၏ ဓမ္မဒါန ပါရမီ ဖြည့်ကျင့်မှုတွင် ဓမ္မဒါနပြု ကုသိုလ်ပါဝင်စေချင်ပါသည်။

**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။**

**ဒါနတကာတို့တွင် ဓမ္မဒါနသည် အမြတ်ဆုံး။**

**—ဆရာတော်**

## စာတွေသမားသုတေသီများအတွက်

# ဗုဒ္ဓဝါဒီ ဒဿန

ဘဝရှိမရှိ အစရှိသည့် ဗုဒ္ဓဝါဒီတို့၏ အခြေခံအကျဆုံး ပြဿနာတို့အတွက် မမြင်ဖူး၊ မတွေ့ဖူး၊ မတွေးဖူး ကြသော အတွေး အမြင် အတင်အပြများကို အတွေးနက်နက် အရေး ညက်ညက်ဖြင့် ဤစာအုပ်ထဲတွင် ခြေခြေမြစ်မြစ် ခိုင်ခိုင်လုံလုံ ဖတ်ရှု လေ့လာကြရပါမည်။

# ထွက်နေပါပြီ

ဖြန့်ချိရေး
ဦးဝင်းဆွေ - ဒေါ်ခင်စန်းရီ
ဓမ္မဂုဏ်ရည် စာအုပ်ဆိုင်
၃၉၊ ရွှေတိဂုံတောင်ဘက်မုခ်၊ ရန်ကုန်မြို့ နှင့်
အခြားစာအုပ်ဆိုင်များတွင် မေးဝယ်ပါ။

# လက်တွေ့သမားယောဂီများအတွက်

# မဇ္ဈိမပဋိပဒါ

အဋ္ဌကထာလာ ဘာဝနာလုပ်ထုံးမဟုတ်၊ ပါဠိတော်လာ ဝိပဿနာ ရှုနည်း၊ ဗုဒ္ဓအာဘော်ကျ ဘာဝနာကျင့်ထုံးကို သုတ္တန် ပါဠိတော်ကြီးများမှ လာရှိသော ညွှန်ကြားချက်များနှင့်အညီ၊ ဘုရားအလိုတော်ကျ လုပ်တတ်၊ ကိုင်တတ်၊ ပွားများ အားထုတ် တတ်အောင် ဤစာအုပ်ထဲတွင် ရှင်းရှင်းလင်းလင်း၊ ပီပီပြင်ပြင် ခြေခြေမြစ်မြစ်၊ အခိုင်အလုံ၊ အစုံအလင် ဖွင့်ဆိုရှင်းပြထား၏။

**များမကြာမီတွင် ပေါ်ထွက်လာပါမည်။**

# အမြတ်ဆုံး ဓမ္မဒါနပါရမီ

"အမြိုက်နိဗ္ဗာန်" ဟူသော ဤကျမ်းစာအုပ်ကို ရန်ကုန်မြို့၊ ရွှေဘုံသာလမ်း၊ အမှတ် ၁၃၄-နေ၊ ဦးကျော်ခင်မြင့်-ဒေါ်ခင်ခင်စိန်၊ သား ဇော်ဇော်သိန်း၊ နိုင်စိုးသိန်း၊ မင်းသူအောင်တို့ မိသားစု မှ တည်စိုက် ထုတ်ထားသော အလှူငွေဖြင့် ရိုက်နှိပ်ထုတ်ဝေထားပြီး ဤစာအုပ်မှ ဖြစ်ပေါ်လာမည့် ဓမ္မပူဇာများကို

တွံတေးမြို့

**အမြိုက်ကျောင်းသင်္ခမ်း**

သို့

ပါဝင်လှူဒါန်းကြမည် ဖြစ်ပါကြောင်း။